
www.burmeseclassic.com

# ယုဝတီ ခင်စိန်လှိုင်

## မဒ္ဒီ... ဝေဿန်




www.burmeseclassic.com

www.burmeseclassic.com

# ယုဝတီခင်စိန်လှိုင်

မြဝေဝေသန်း

စာမူခွင့်ပြုချက်အမှတ် - ၁၃၅၇/၉၀(၁၀)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၄၆၅/၉၀(၁၀)

၂၀၀၀ ပြည့်နှစ် နိုဝင်ဘာလ

ပထမအကြိမ်

တန်ဖိုး - ၃၀/-

အုပ်ရေ - ၁၀၀၀

ထုတ်ဝေသူ - ဒေါ်ခင်စိန်စိန်(၀၁၈၀၉) ချစ်မင်္ဂလာစာပေ

အမှတ်-၄၃/ ... မြို့နယ်၊

ရန်ကုန်တိုင်း။

ပုံနှိပ်သူ - ဦးနေကျော်လှိုင်(၁၁၁၉) ... OFFSET

အမှတ်(၁၉) (၁၉)လမ်း ရန်ကုန်။

စာပေ

# ယုဝတီခင်စိန်လှိုင်

မြ - ဝေဝေသန်း

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊



# ၁

ဒေါ်ချောသည် ဖက်ဖြူလိပ်ကို ခပ်မြှင်းမြှင်းဖွာရင်း မျက်လုံးများက မကြာခဏ ခင်ပွန်းနှင့် သမီးလေးတို့ အိပ်မောကျနေပုံကို ကြည့်နေမိသည်။

ကြည့်ပါဦး ... မွန်းတည့်နေပြီ။ အိပ်ကြတုန်းနော် ဟင်း ... ကိုသောင်းတို့များ ဟောက်တောင်နေလိုက်သေးတယ်။ အင်း ... ညက ပဋ္ဌာစာရီဇာတ်ကြီးကလည်း ရှည်လွန်းပါတယ်။ ပဲပြုတ်သည်လာမှ ပွဲသိမ်းရတာလေ။

ဒါပေမဲ့ ကိုသောင်းက လေနာရှိတယ်။ သိပ်အဆာလွန်လို့လည်း မရဘူး။ နိုးမှပဲ မီးဖိုပေါ်တွင် ငါးချဉ်ရေကလေးပွက်နေပုံကို လှမ်းကြည့်ရင်း ... သူသမီးလေးကို စ၍ နိုးသည်။

"ဟဲ့ ... ချွေးပုမ ထတော့ ... ထတော့ နေမြင့်လှပြီး အား အဖေတွေ ထမင်းလည်းဆာကြရော့ပေါ့။ ကိုသောင်း လေနာလည်း သတိရဦးလေ ... "

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ချောက သမီးနိုးပြီး၍ ဦးသောင်းစိန် ခြုံထားသော ချည်စောင်အနီကို ဆွဲယူလိုက်သည်။ ဦးသောင်းက ချည်စောင်အနီကို အသားနှင့်ကပ်နေမှ အိပ်တတ်သည် ယခု စောင်ဆွဲယူလိုက်၍ သူမည်သို့မှ ဆက်အိပ်တော့မည်မဟုတ်ပေ။

"မချော ... ငါးချဉ်ရေကတော့ နှာခေါင်းကို လာကလိနေပြီဟေ့ ... ထမင်းတောင် ဆာလာသလိုပဲ ... "

ဦးသောင်းစိန် ပြုံးဖြဲဖြဲကလေးပြော၍ သစ်သားကုတင်ပေါ်မှ လူးလဲထလိုက်သည်။

"ဟွန်း ... မင်းရဲ့သမီး ခွေးပုမကတော့လေ ညက ငိုချင်းနဲ့ အပြိုင် မျက်ရည်ဖြိုင်ဖြိုင်ပဲဟေ့ ... "

(၁၄)နှစ်အရွယ် အသားဝင်းစိမ်းစိမ်းနှင့် သူ့သမီးကို လှမ်းပြောရင်း နောက်ဖေးဘက်သို့ သွားလေသည်။

ခွေးပုမ ဟူသော ကလေးမသည် ရှက်ပြုံးကလေးနှင့် စောင်တွေခေါက်၍ အိပ်ရာတွေသိမ်းရင်း ...

"အစ်ကို ဝေဿန်ကြီးက လွမ်းလည်းလွမ်းနိုင်ပါပေ့ အမေရယ် ... "

ဆံရစ်ဝိုင်းကလေးတွင် အိပ်နိုးစ အလှကလေးနှင့် ခွေးပုမသည် ညက ရုပ်စုံစင်နံဘေးရှိ အဖီတဲလေးတွင် ညလုံးပေါက်ကြည့်ခဲ့သည်မဟုတ်ပါလား။

မျက်ရည်ကလည်း လွယ်တတ်လွန်း၍ မနက်အထိ ရိုက်သံသွဲ့သွဲ့ကလေးပင် ပွဲတင်ထပ်ကျန်ခဲ့ရသည်။



"ကြိုးဆွဲ (မင်းသားကြွမ်း)သောင်းစိန်ရဲ့သမီးဆိုတာများလည်း အမှတ်ထားပါဦး သမီးရယ် ... "

မျက်နှာသုတ်ပဝါ ခပ်ညစ်ညစ်တစ်ထည်နှင့် ခေါင်းတွေ မျက်နှာသုတ်ရင်း မျက်နှာသစ်ရာမှ ပြန်လာသူ ဖခင်ကြီးက ပြောလိုက်သဖြင့် ...

"ဟင် ... ညကတော့ အဖေလည်း မျက်ရည်ဝဲတာပဲ ... "

"အေးဟ ... ညကတော့ ပဋ္ဌာစာရီကိုးကွ။ ရင်ထဲကကို လှိုက်လှိုက်လာတာဟေ့ ... "

ဒေါ်ချောက ထမင်းပြင်ရင်း ...

"ခွေးပုမရေ ... ညည်းအဖေနဲ့မကလည်း ဇာတ်မင်းသမီးပဲကွဲ့။ နာမည်က ရွှေကူစန္ဒာတဲ့။ အဆိုအငို ဘာမှ ပြောစရာမရှိပါဘူးကွယ်။ အဲ ... သူခမျာ ကျန်းမာရေးမကောင်းရှာဘူးလေ။ သူ့ခေတ်ကတော့ ထိပ်ထိပ်ကြဲပေါ့။ ကဲ ... လာကြ လာကြ သားအဖတွေ တစ်ခါတည်း စားလိုက်ကြ ..."

"မချောရေ ချည်ရေဟင်းများလားဟေ့ ... "

"ဘာလုပ်မလိုလဲ ဝေဿန့်ကို ပေးချင်ပြန်ပြီလား ... "

"အေးကွာ ... ကောင်လေး ညက အတော်ပန်းတာကွ"

"အေးပါ။ ကျုပ်သိပါတယ်နော် ... ဟင်းတွေလည်း များပါတယ်။ ရော့ ... ရော့ ခွေးပုမသွားပေးလိုက်ဦးကွယ်"

ပခုက္ကူမြို့ရှိ ပေါင်းလောင်းရှင် ရုပ်ကွက်ကြီးသည် သူဌေးများ၊ ဂုဏ်သရေရှိလူကြီးများ၊ ဘုရားဂေါပကလူကြီးများ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



အနေများကြသည်။ တိုက်တာများကလည်း ကောင်းလှပါသည်။

ဤရပ်ကွက်တွင် ရုပ်သေးကြိုးဆွဲပညာရှင် ဦးသောင်းစိန်နှင့် မင်းသမီးအဆို (ကြိုးဆွဲဝေသန်)တို့ နေကြသည်။ သူတို့ကား ငွေကြေးတော့ မချမ်းသာကြပါ။ အနုပညာသူဌေးတွေ ဟုတော့ တင်စားနိုင်ပါသည်။

မှန်ပါသည်။ သူတို့ ဤသူဌေးရပ်ကွက်ကြီး၌ မိမွေ တမွေ အိမ်များရှိနေရသောကြောင့်ထင်၏။ တစ်ခုတော့ရှိသည် တိုက်တွေ၊ ကားတွေ၊ စိန်ရွှေတွေနှင့် လူတန်းစားတွေကို မသိကျိုးကျွန်ပြုသည့် ပုံစံနှင့်တိုက်တန်းများကို ကျော်ခိုင်း၍ ရေဝတီမြစ်ကို မျက်နှာပြုထားကြသည်။

အိမ်ကလေးတွေက ကျားကန်ခြင်းလည်း မပြုနိုင်၍ အိုကုန်ကြရှာပါပြီ။ သူတို့အနုပညာသမားများကတော့ ရရစားစားနှင့်သာ အချိန်ကုန်ကြရသည် မဟုတ်ပါလား။ သူတို့နှင့် နှစ်လမ်းကျော်မှ ဝေသန်တို့ အိမ်ကလေးပေါ်သို့ ခွေးပုမတက်လာရင်း အဖုံးပါသော သတ္တုချိုင့်ကလေးနှင့် ချဉ်ရေဟင်းကို ဖမ်းသာအားရပြ၍ မင်းသမီးအရုပ်ကြိုးပြင်နေသော ကိုဝေသန်ရှေ့၌ ပုံ့ပုံ့ကလေး ထိုင်ချလိုက်သည်။

"အစ်ကိုဝေသန် ငါးချဉ်ရေဟင်း လာပို့တာ ... "

"ဟာ ... အရီးချော လက်ရာ ထမင်းမြိန်ဦးတော့မှာပဲ။ ဘာ မှမချက်ရသေးဘူးလား ... "

"ဟောဒီမှာ ... ငါ့မင်းသမီးလေး ညက မယ်ပဋ္ဌာလုပ်ရတယ်



မဟုတ်လား။ ဝတ်လစ်စလစ်တစ်ပိုင်းတွေဖြစ်ကုန်တာ ပြန်လုပ်နေရတာ ခွေးပုမရေ ... "

"ဟုတ်ပါရဲ့နော် ... ရုပ်စုံမင်းသမီးလေက မီးရောင်တွေ၊ ဆိုင်းသံတွေ အထူးသဖြင့် အစ်ကိုအသံကလည်း ကောင်းလွန်းအားကြီးတော့ ... ပြီးတော့ ပဋ္ဌာစာရီ ထမိန်က တစ်ပတ်ကျွတ်သွားတာကိုး အစ်ကိုဝေသန်ရဲ့ ... လူတွေဆိုတာ ဟယ် ... ခနဲ ဖြစ်ကြ တဖွီးဖွီး ရယ်ကြနဲ့ ပွဲခင်းကြီး တစ်ခုလုံး တအုန်းအုန်းနဲ့ နေတာပဲ ... "

"အင်း ... ခွေးပုမရေ နင်ပြောလိုက်တာ ဝက်သားဘီစဘတ်တုံးကြီးနဲ့ ထမင်းစားရသလိုပဲကွာ ... "

"အဟင်း ... အစ်ကိုဝေသန်ကြီးက စကားကလည်းတတ်ပါ့။ ကဲ ထမင်းစားလိုက်တော့လေ ... "

"ဘယ်မလဲ ထမင်း ... "

"ဟောတော့ ... ထမင်းမချက်ရသေးဘူး? "

ခွေးပုလသည် မြန်လိုက်သည့်ဖြစ်ခြင်း ခြေတစ်လှမ်း၊ နှစ်လှမ်းစာမျှဝေးသော မီးဖိုထဲသို့ ဝင်သွားခဲ့သည်။ ကိုဝေသန်သည် ရှင်းစပြုသော ရုပ်စုံကြိုးများ ဆက်ပြင်ရင်း ...

မီးဖိုလေးထဲမှ ဆန်ဆေးသံ၊ ရေနံချေးဖတ်ကလေးနှင့် မီးမွှေးနံ့တွေ ကြားသိနေရသည်။

"အစ်ကိုဝေသန် ညမနက်စာ ဆန်လေးလုံး တစ်ခါတည်း ချက်လိုက်ပြီ ... "

www.burmeseclassic.com

www.burmeseclassic.com



"အေး … အေး ကျေးဇူးပဲ ခွေးပုမရေ … "

မှန်သည်။ ဤရုပ်စုံပညာရှင်မင်းသမီးအဆိုကြိုးဆွဲဆရာလေးသည် တစ်နေ့တစ်နေ့ ဘာသာရေစာမျှ မစားဖြစ်ရှာပါ။ သို့သော် တစ်ခါစား နို့ဆီနှစ်လုံးချက်ကတော့ မြိုက်ခန့်ပါပေ၏။

"ဟော့ … ဘာထောင်းနေတာလဲ … "

"ဒီပြင့် ဘာဟင်းမှမရှိတာ … ငရုတ်သီးဆားထောင်းလေးပါ … "

ကိုဝေသန်သည် အမှန်တော့ ဗိုက်ထဲတွင် အူတကြွတ်ကြွတ်ဖြစ်နေပါပြီ။ ခွေးပုမကို ကျေးဇူးတင်စွာ လှမ်း၍ကြည့်မိသည်။

"အေးဟာ … ငါ့အမေ ဒေါ်နှင်းမှုံက ခွေးပုမလို ညီမလေးတစ်ယောက်များ မွေးခဲ့ပါတော့ဟာ … "

"အခုလည်း ပုမကို ခိုင်းနိုင်ပါတယ်တော့ … "

ခွေးပုမက သူ့အမေ ဒေါ်ချော ပြောပုံလေသံလေးနှင့် လှမ်းပြောလိုက်သဖြင့် ကိုဝေသန်မေးကလေးချိုင့်သွားအောင်ရယ်ရင်း သဲဘောကျသွားရသည်။

"အစ်ကိုဝေသန် … ပုမ ထမင်းမစားရသေးဘူး။ သွားပြီနော် … "

သွက်လိုက်သည်ဖြစ်ခြင်း လျင်နေအောင် ပြေးဆင်းသွားပါတော့သည်။ ရှင်မီးအင်္ကျီပန်းရောင်သရက်ထည်လုံးချည်ကလေးနှင့် ခွေးပုမကို ကြည့်၍ အူနံ့ရစ်ပါတော့သည်။



"ဟွန်း … ခွေးပုမတဲ့ … မှည့်ထားလိုက်တဲ့နာမည် ရုပ်ကလေးမှ အားမနာဘူး … "

ခွေးပုမ … ဟု ဒီနာမည်ကို ခေါ်လိုက်ရတိုင်း နက်ပြောင်နေသော စရစ်ဝိုင်းလေးနှင့် ဖြူဖြူဝဝ ချစ်စရာကောင်းမလေး၏ ရုပ်ရည်ကို အားနာသလိုလို လျှာတွန့်သွားရစမြဲပါ။

သူ့တုန်းကတော့ ကံကောင်းချင်တော့ သူ့အဖေ ရုပ်သေးကြိုးဆွဲဆရာကြီး ဦးဘဖြူသည် ရုပ်သေးစင်၌ ဝေသန္တရာ ဇာတ်ခင်းရန် …

သူက ဝေသန္တရာမင်းကြီးအဖြစ် (အသံ) သရုပ်ဆောင်ရင်း မိုးခေါင်ရေရှားဖြစ်နေသော ပုဏ္ဏားတို့ ဌာနေသို့ မင်္ဂလာဆင်ဖြူတော်ကြီး ပေးလှူ၍ ရေစက်ချနေစဉ် ဖြစ်ပါ၏။

ဆိုင်းဝိုင်းထဲမှ နဲ့ ဦးသော်က နဲ့သံမှုတ်ရင်း …

"ဘဖြူ ××× ရေ မင်းတော့ သားလေးရပြီ။ မနှင်းမှုံ ××× သားဦးလေး မွေးတယ် ××× ဟဲ့ဟဲ့ ××× ဟယ် ×××"

ဟူ၍ ဇာတ်ခင်းနေချိန်ဖြစ်၍ ဂီတာသင်္ကေတာနှင့် နဲ့သံ တေးသံတို့နှင့် သတင်းပို့လိုက်ခြင်းဖြစ်တည်း။

ထိုအခါ ရုပ်စုံဇာတ်စင်အထာကျွမ်းသူ ကိုဘဖြူက ချက်ခြင်း သဘောပေါက်လိုက်သည်။ မနှင်းမှုံ ညနေက သရိုး သရီနှင့် (ဗိုက်) ပဏာမ နာနေခဲ့သည် မဟုတ်ပါလား။

"ယခုတော့ မွေးပတဲ့ဗျာ … ယောက်ျားလေးတဲ့သားဦးလေးတဲ့ဗျာ … ကောင်းလိုက်တဲ့ အချိန်သမယပါလား ဝေ

www.burmeseclassic.com



သန္တရာမင်းကြီး ဆင်ဖြူတော်ကြီး လှူပြီးရေစက်ချနေချိန်မှ တိုက်ဆိုင်လိုက်တဲ့မင်္ဂလာပါဗျာ ... ”

“ငါ ... သားလေးကို ငါ ... သားကြီးကို ဝေဿန်လို့ မှည့်မယ် ... ”

“ဝေဿန် ... ဝေဿန် ... ”

ထိုစဉ်က သူ့ဖခင်က ဦးဘဖြူသည် ရှုးသွတ်လုလု ဖမ်းသားလုံးဆိုကာ သူ့ကို ဝေဿန်ဟု မှည့်ခဲ့သည် မဟုတ်ပါ ... လား။

“အဟင်း ... ”

သူ့ လှုပြည်ရောက်လာပုံလေးတွေးရင်း ငါးချဉ်ရေ ကောင်းကောင်း ငရုပ်သီးဆားထောင်းနှင့် ထမင်းတွေ ပလုပ်ပလောင်း စားလိုက်မိပါတော့သတည်း။



# ၂

ပခုက္ကူမြို့တွင် သီဟိုဠ်ရှင် ဘုရားပွဲသည် နယုန်လတွင်ကျင်းပ၍ အလွန်ကြီးကျယ်စည်ကားလှသည်။ မြန်မာပြည်အရပ်ရပ်မှ ဈေးသည်ပေါင်းစုံလာကြ၍ ပွဲဈေးတန်းကလည်း မျက်စိတစ်ဆုံးပါ ရွာနီးချုပ်စပ်မှ ဘုရားပွဲလာကြသော လှည်းတန်းကြီးလာ မျက်စိတစ်ဆုံးဝင်လာကြပြီး မြေကွက်လပ်ကြီးတွင် လှည်းတွေ နားကြ၊ နွားတွေကို အစားကျွေးရေတိုက်ရန် နေရာများ စနစ်တကျ လုပ်ပေးထားသည်။

တောင်သူလယ်သမားများက ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ အာပြဲခြောက်၊ ငါးပုတ်ပြားများ၊ ငါးရှင်ငါးပိ၊ ငါးမြင်းငါးပိ ဒါတွေ ... အောက်ပြည်အောက်ရွာက တကူးတက လာရောင်း၍သာ မြင်ကြစားကြရသည်။ စဉ်အိုးဈေးတန်းကြီးကလည်း မျက်စိတစ်ဆုံး ထွက်ပြူစ နေမင်းအောင်တွင် အရောင်တွေ တလက်လက်နှင့် ပျော်စရာ ရှုခင်းကြီးပါတကား။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ... ကြားပြီးကြပလား ... ဒီရောမ ရွက်ထည်ဖာတ် ရုံကြီးက ဖိုးစိန်ကြီးဇာတ်တဲ့ဗျာ ... "

"ဖိုးစိန်ကြီး? "

"ဟုတ်ပါဗျား ဦးဖိုးစတို့ ရုပ်စုံ(ရုပ်သေး)ပွဲကလည်း ဟိုမှာလေ အမိုးကြဲကြဲ ရုံဖက်ပြန့် ဝင်နွဲကြဦးမှာလေ ... အံ့ရော ဗျာ ... "

"ဟုတ်ပါဗျာ ... ဇာတ်မင်းသားကြီး ဦးဖိုးစိန်ကို မင်းသား ထိပ်ထိပ်ကြဲတွေကတောင် အံ့မတုရဲတာဗျာ ... "

"အဟင်း ... ဖားတုလို့ ခရုခုန် အိုင်ပျက်ရုံရှိမှာပေါ ... ဗျာ"

"အံမယ် ... ဦးဖိုစက ခါးပုံစ တစ်ခါခါနှင့် ပြောသေးတယ် ဗျာ ... "

"အို ... သူက ဘာတဲ့လဲ ... "

"ဝေဿန်ပရိသတ်ကတော့ ရှိနေမှာပဲတဲ့ ... "

သောနားက လူကြီးတစ်ချို့က ...

"ဦးဖိုးစိန်ကြီးဓာာ့ လျှော့တွက်လို့မရဘူးဗျို့ ... အမျိုးသမီး ပရိသတ်တွေက ဆေးလိပ်ထဲတောင် ရွှေဒင်္ဂါးထည့် ပေးတာလေ ... ခင်ဗျားတို့လည်း ကြားဖူးမှာပေ့ါ ... "

တဲ့ ပြောလိုက်တာနဲ့ ဦးဖိုးစ ခေါင်းထောင်လာပြီး "သိပ်လည်း စိတ်မပူကြပါနဲ့ ... ကျောင်းဒကာရယ် ... ဟို ကလည်း ဖိုးစိန်၊ ကျုပ်ကလည်း ဖိုးစ ပွဲခွင်ညမှ တွေ့ကြ တာပေ့ါ ... "



တဲ့ လူကြီးတွေလည်း တအုန်းအုန်း ရယ်ကျန်ခဲ့ကြ တာပေ့ါဗျာ ...

ဤသို့ ပရိသတ်က ဝေဖန်သုံးသပ်နေချိန်တွင် ဦးဖိုး စကလည်း သူ့အဖွဲ့တွေအားလုံး စည်းဝေးခေါ်သည်။ ရုပ်သေးမင်း သမီး ဝေဿန်က ထိပ်ဆုံးကပါ။ ဝေဿန်က အသားဖြူသည်။ အရုပ်ပြတ်ပြတ် မရှည်လှပေ။ မျက်ခုံးစိမ်းစိမ်းနှင့် မျက်နှာလေးက လှသည်။ သို့သော် အရုပ်ပု၍ အသက်ကမှန်းရခက်သည်။ တချို့က ပြောကြတော့ ကြီးလှပြီတဲ့။ တချို့ကလည်း ဘယ်ကကြီးရဦးမှာလဲ နှင့် သူ့အသက်က ပဟေဠိ ဖြစ်နေရသည်။

နောက်တစ်ယောက်က ... (ရုပ်သေးမင်းသား) ကို စော ဖြစ်သည်။ သူ့ကို ကွယ်ရာ၌ ကိုစောကို ကိုခေါ်ဟု ခေါ်ကြ သည်။ အဘယ်ကြောင့်ဆိုရသော် အသားမဲသည်။ ဘွားခေါ်သည်။ သို့သော် မင်းသားသံ ဟစ်လိုက်ပုံက ကောင်းလွန်းပေစွတကား ဟူ၍ ချီးကျူးရပါတော့မည်။ နောက်တစ်ယောက်ကတော့ ဦးတိုး ကြည် ရှင်ဘုရင် ဝန်စိမ်း၊ ဝန်နီ၊ သိကြား၊ ဖြဟ္မာ၊ ရသေ့ ဘာလုပ်ရ လုပ်ရ စကားစွယ်စုံ၊ အသံအဖုံဖုံနှင့် ပြောတတ်သူပါ။ ပုဏ္ဏား၊ လူဆိုး၊ ဓားမြ၊ သူခိုး၊ လူသတ်ကောင် အားလုံး လျှာဖျားလေးနှင့် ပြောနိုင် သူ ဦးသောင်းစိန် (ခွေးပုမအဖေ) စသော အသံမင်းသားမင်းသမီး အစုံတို့အပြင်၊ မဟာစင်တော်ကြီးများ တီးခတ်ကြသူများ ပညာ သည်စုံလှပါတော့သည်။

ဖျဉ်းချင်း၊ ဖျဉ်းဖြတ်ဖြတ်၊ ကပီ၊ ချွတ်၊ ကနောင်း။

www.burmeseclassic.com

ဒူးမောင်း၊ တေးမောင်း၊ ဗိန်းမောင်း၊ လေပြေထုံး၊ ဆောင်း၊ ငှက်ညည်း၊ လေတိုက်၊ မိုးရွာ၊ ငိုချင်းဆိုင်း၊ ဝေလာ၊ ပတ်ဆစ်ချိုး၊ ပတ်ယိုင်၊ တျာယိုင်၊ ပလို့ချက်၊ စည်တော်၊ စုံတော်၊ ရေကင်းသံ၊ ငါးဆိုင်းသံ၊ ထွက်တော်မူကြီးများ စသော ... စသော အသံစုံတို့ပြင် ရုပ်သေးပွဲ (ညလုံးပေါက်) အတွက် တာဝန်ရှိ တူရိယာရှင် ပညာသည်တို့လည်း အားလုံးရောက်လာကြပါသည်။

ဒီအထဲ၌ လူကြမ်းမင်းသားကြီး ဦးသောင်းစိန်လက်ကို ကျစ်ကျစ်ပါအောင်ဆွဲ၍ ပါလာသော ခွေးပုမလည်း ပါ၍လာသည်။ ဦးဖိုးစသည် လူတွေအားလုံးကို လိုက်ကြည့်ရင်း ပတ်ဝိုင်းဆရာ ဦးချစ်တင်ကလွဲ၍ အားလုံးရောက်ရှိနေကြ၍ ...

"အေး ... ဗျာ လူလည်းစုံသလောက်ပါပဲ မြို့ထဲမှာ ဘာတွေပြောနေကြသလဲ? ... ပြောကြပါဦး ... "

"မနေ့ညနေက ဖိုးစိန်ကြီးဇာတ်အဖွဲ့ကို ဗြိတိသျှအစိုးရပိုင်သင်္ဘောကြီးနဲ့ ရောက်လာကြပါပြီ ဦးလေးစ ... "

"ပိုင်လှချည်းလား ... လူတွေက ဘာပြောကြလဲ? "

"ပခုက္ကူဆိပ်ကမ်း ညွတ်မတတ်လာကြည့်ကြပါတယ်"

"အေး ... ဟုတ်ပြီ ... "

"ဖိုးစိန်ကြီးရဲ့ ဆိုင်းဝိုင်းတွေ၊ ဇာတ်သေတ္တာတွေ၊ ကားလိပ်တွေက သင်္ဘောကြီးတောင် တစ်ဘက်စောင်းယူရလောက်အောင် များပါတယ် ... "

"ဖိုးစိန်ပဲကွာ ... ဒီလောက်တော့ ရှိမှာပေါ့ ... "



"ပြီး ... တော့ ... "

"ပြီးတော့ ... ဘာဖြစ်လဲ ... ကိုသောင်းစိန် ကြားခဲ့တာတွေ အကုန်ပြောဗျာ ... "

"အဟဲ ... ပြောရမှာတော့ အားနာပါရဲ့ဆရာရယ် ... ကြားခဲ့ရတာကတော့ ရှံချင်းလည်းယှဉ်လို့မရ၊ ဝှက်ချင်းလည်းနိုင်းလို့မမီ၊ ရတီမှန်စိန်မင်းသားကို စရဲ့ယ် တုရက်လေးအားတဲ့ခင်ဗျာ ... "

အားလုံး ... အုံးခနဲ ရယ်လိုက်ရာ ...

ဦးဖိုးစက မျက်လုံးပြူးကြီးနှင့် လှမ်းကြည့်လိုက်မှ အားလုံးရယ်သံကို ဘရိတ်အုပ်ပစ်လိုက်ကြပါသည်။

"ဟုတ်ပြီ ... ကိုသောင်းစိန် အပြောကောင်းလှသဗျာ ... အဲလေ ... ကျုပ်ပြောချင်တာကတော့ ခရုကမှာလည်း အဆံနဲ့၊ လူမှာလည်း အကြံနဲ့ပါ ... "

"အဲ ... ဒီနေ့ည စပြတဲ့နေ့မှာ သာမည မဟုတ်တဲ့ ရာမဇာတ်တော်ကြီးနဲ့ ဖွင့်ပါမယ်ဗျာ ... "

ဦးဖိုးစက အားရပါးရ ပြောလိုက်ရာ ရုပ်စုံအဖွဲ့တစ်ခုလုံး မျက်နှာများ ဝင်းထိန်သွားရပါတော့သတည်း။

www.burmeseclassic.com



## ၂

ယနေ့ ဝေသန် အိမ်ကလေးသို့ ခွေးပုမ ရောက်လာသည်။ သူ့ရာ လူသာ ငယ်သည်။ ပုံစံကလေးက လူကြီးပုံစံ။

"အစ်ကိုဝေသန် ... ရုပ်စုံတွေ အဝတ်လဲရမှာ အများကြီးပဲ ... လုပ်စရာရှိတာ လုပ်တော့လေ ... ပုမ ထမင်းချက်ပေးမယ် ဈေးလည်း ဝယ်လာတယ် ... "

"ဟာ ... အောက်အီးအီးအွတ် အသား မစားရတာကြာပြီးပေါ့ ... "

"အဖေက ... သွားချက်ပေးလိုက်တဲ့ ကြက်သား ထန်းသမားဟင်းချက်မယ်၊ ငါးဝိထောင်း သံပုရာရည်ညှစ်မယ် ... အစ်ကိုကောင်းကောင်းစားပြီး ကောင်းကောင်းဆိုတော့နော်"

"အေးပါကွာ ... ခုလောက်ကူညီတာ ကျေးဇူးတင်လို့ မဆုံးပါဘူး။ အမှန်က ရာမ+လက္ခဏာ ဇာတ်တော်ကြီးဆိုတာ စကားပြောရတာ မဟုတ်ဘူးကွဲ့။ ဇာတ်လမ်းအတိုင်း စိတ်



ထဲဖြစ်ပေါ်တာတွေကို (ဟန်ရေး) ပြပြီးဇာတ်လမ်းကို ဖော်သွားရတာကွဲ့။ ဒါပေမယ့် ဦးလေးစကတော့ တချို့နယ်တွေမှာ ရာမဇာတ်တော်ကြီးအကြောင်း သိသူတွေ ရှိသလို မသိသူတွေက များတယ်လေ။ ဒါကြောင့် အင်မတန် နက်ရှိုင်းကျယ်ပြန့်တဲ့ ရာမဇာတ်တော်ကြီးကို အရုပ်ကလေးတွေက စကားမပြောဘဲ ဟန်ရေးပြနေလို့ကတော့ ပွဲကြည့်ပရိသတ်က သဘောပေါက်လွယ်မှာ မဟုတ်ဘူးတဲ့ ... "

"ဒါကတော့ ဦးလေးစ မှုပေါ့နော် ကျွန်တော်တို့ ကြိုးဆွဲများက ရာမ၊ လက္ခဏာ၊ သီတာ၊ ဒသဂီရိစတဲ့ သရုပ်ဆောင်တွေအတိုင်း ရုပ်စုံစင်(ရှင်းတား)နောက် ... က ဟစ်ကြေးရှိုးမှာ ပုမရဲ့ ... "

"အစ်ကို့လို ... တက်ချင်လိုက်တာ ဘယ်လိုသင်လဲ ဟင်?"

"ဘဘ ဇာတ်တွေအားလုံး စာနဲ့ရေးထားတာလေ အစ်ကိုကို တစ်အုပ်ခြင်း အကျက်ခိုင်းတာ ... "

"ဟင် ... အစ်ကိုက ဉာဏ်သိပ်ကောင်းတာပဲနော် ... "

"မထင်နဲ့ ပုမရေ ... စိတ်မပါခင်ကတော့ အလွန်ကျက်ရခက်တဲ့စာတွေပဲ ... အဲ ... သစ်သားရှင်မ လပိုင်း ရှင်မတို့ မကပ်ခင်တုန်းကတော့ ကျက်ရတာ ပိန်လိန်နေတာပေါ့ ပုမရာ ... ခုတော့လား ဘဘ လက်ရေး (စာရွက်လေး တစ်ခြမ်းတစ်ပွဲ)အောက်များ ကျနေရင်တောင် စိုးရိမ်တကြီး ပြန်ကောက်သိမ်းရတာအမောသားဗျာ ... "

www.burmeseclassic.com



ပုမက ဟင်းချက်ရင်း ဝေသန်က ရုပ်စုံများကို ယွန်းသေတ္တာထဲ၌ ရှိသေစွာ သိမ်းထားသောရာမ ဇာတ်တွဲဝတ်စုံများ လဲလှယ်ပေးနေရင်း စကားပြောကြခြင်းပါ။

"ပုမ အဲဒီစာတွေ ကျက်ချင်လိုက်တာ ... ဒါမှ အစ်ကိုဝေသန် ကြိုးဆွဲရင်း ရှေ့ကဆိုပုမ နောက်ကလိုက်ဆိုနိုင်တာပေါ့ ... "

"ဓာကယ်လား ... "

"တကယ်ကျက်မှာပါ အစ်ကို ဝေသန်ရဲ့ ... "

"ကောင်းပြီး ... ငါ ဘာဘာစာတွေပေးဖတ်မယ် မစုတ်စေရဘူးနော် ... "

ပုမ ခေါင်းညိတ်ပြရင်း ... သဘောတွေကျနေသည်။

"ဟယ် ... အစ်ကိုဝေသန်ရယ် လှလိုက်တာ(မြ)မျက်နှာ (ရွှေ)မျက်နှာလေးတွေနဲ့ ... "

ခွေးပုမ ... ထမင်းတားပွဲလေး၌ ထမင်းပြင်ပြီးသည်နှင့် ကိုဝေသန်ကလည်း ရုပ်စုံတွေ အဝတ်အစားလဲပြီး ကုန်ကြပြီ

"အို ... ကြိုးတန်းက အဝတ်တွေ ဘာလုပ်မလိုလဲ ... "

"အိမ်ယူသွားမယ်လေ ... မီးပူထိုးပြီး လာပို့မယ် ... "

"ပုမရယ် ... ရေနွှေးသပ်ပြီး ခေါင်းအုံအောက်ထားခဲ့လေ ... ညနေ သွားခါနီးကျတော့ ပြန့်သွားမှာပေါ့ကွဲ့ ... "

"ဟွန်း ... ဒါက ပွဲကြီးပွဲကောင်းနော် ဦးဖိုးစိန်နဲ့ ရုံခြင်းယှဉ်ကရမှာ အစ်ကိုရဲ့ ... "



"ဟား ဟား ဟား ...ဘာဆိုင်လိုလဲကွာ (ရုပ်သေးမှာအသံ) (ဇာတ်မှာဟန်တဲ့) ဒို့အစွမ်းပြရမှာက (၂)မျိုး အသံနဲ့ ကြိုးဆွဲလေ။ ပုမ သွားတော့မလိုလား ... "

"ကျေးဇူးပဲဟာ ... "

"ဒါပဲနော် အစ်ကို ... ပုမကို ဘာဘာဇာတ်စာတွေ ပေးဖတ်နော် ... "

"ပုမရယ် ငါက ညာဘူးလို့လား ... "

ပုမက ဘာမှ မပြောဘဲ ပြုံးရင်း သမင်လည်ပြန်ကလေး ကြည့်၍ ပြန်ပြေးပါတော့သည်။

ဝေသန်သည် လက်ထဲမှ သီတာဒေဝီရုပ်ကလေးကို ကြိုးရှင်းရင်းက သီတာဒေဝီမျက်နှာကလေးသည် ခွေးပုမ၏ သမင်လည်ပြန် အပြုံးကလေးပုံစံ ဖြစ်သွားရပါတော့သတည်း။

ထိုနေ့ညက ဘုရားပွဲခင်းကြီးသည် ခါတိုင်းထက် နှစ်ဆလောက် စည်ကားနေရသည်။

အထူးသဖြင့် ဖိုးစိန်ကြိုးပွဲရုံကြီးနားတွင် ကြိတ်ကြိတ်တိုး နေပေတော့သည်။

"ဖျာတစ်ချပ် ငါးမူးတဲ့ များလိုက်တာ ..."

"များရော ဘာဖြစ်လဲ အမေရယ် ... ဖိုးစိန်ဆိုတာ မြင်ဖူးရှတာပေါ့ အမေရယ် ... "

တချို့ကလည်း ဖိုးစိန်ကို မသေခင် မြင်ချင်ဘူးပါ့တော် ... ဒါပေမဲ့ ကြေးကကြီးလှတယ်။ ဟုဆိုကာ ဖျာတစ်ချပ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ပဲသာပေးရသော ရုပ်သေးရုံသို့ တိုးတိုးဝှေ့ဝှေ့ ဝင်နေကြသည်။ ပွဲကြည့်ပရိသတ်ကို စာရင်းချုပ်ရသော် အားလုံးကတော့ အစိုးရသဘော်ကြီးနှင့် လာနိုင်သော သူဌေးကြီး တစ်ဘက်စောင်းအောင် အခမ်းအနား စက်တင်များ ကောင်းလှသော ဖိုးစိန်ကြီးကို ကြည့်ချင်ရကြိုးအမှန်ပါ။ သို့သော် ဈေးကြီးသည် အသပြာက စကားပြောလာတော့ ရာမဇာတ်တော်ကြီးပြမည့် ဝေသန်တို့ရုံထဲ စု၍လာကြပါတော့သည်။ တစ်နည်းဆိုရသော် နှစ်ရုံလုံးပြည့်ပါသည်။

ဘုရားဒါယကာ ဦးဖိုးစိန်ကြီးက သာသနာရောင်ဝါ ထွန်းလှပသော ပခုက္ကူမြို့အတွက် ဝိဓူရဇာတ်တော်ကြီးကို ပြသည်။ ရှာရားဟောခန်းကို ပြချင်၍ပါပင်။ မင်းသမီး(လေးလက်)နှင့် နှစ်ပါးခွင်တွင် ဖိုးစိန်ကြီး၏ စိန်လက်စွပ်ကြီး တလက်လက်တော့ မြင်ကြရပါသည်။ ဇာတ်က(လေး) ညောင်းသွားရသည်။ မင်းသီးဇာတ်စင်ကြီးကို ကြည့်၍ တချို့ငိုက်မြည်းနေကြစဉ် ... ဒီဘက်ရုပ်စုံ သဘင်၌ ခုနှစ်တိုင်း၊ ခုနှစ်ပြည်ကမင်းသားများ လေးတော်တင်ခန်းကလည်း အားလုံး ရင်တဖိုဖို သမင်လိုက်ခန်းကလည်း အလှအပ ကြိုးဆွဲပညာကို အထွတ်အထိပ် ရောက်ခဲ့စေပါသည်။ ဒသဂီရိနှင့် သီတာဒေဝီတို့၏ ပဝါက ကလည်း အရိုင်းနှင့် အယဉ် ကြည့်ရသူတို့ပင် တက်ကြွစေရှခြင်း၊ မိုစေခြင်း စသော ဒ္သီတာဒေဝီကို ပန်းရထားများဖြင့် ခိုးပြေးအခန်းကလည်း ပရိသတ်ကို ဖမ်းစားနိုင်ခဲ့ပါတော့သည်။ ဝီရ ရသ၊ ရုဒ္ဒ ရသတို့ စုံနှဖာစီ သွားရပါတော့သည်။



နောက်တစ်နေ့ ...

လှက်ရည်ဆိုင်များနှင့် ပွဲခင်းတစ်လျှောက် ပခုက္ကူ ဈေးကြီးထဲတွင် ဖိုးစိန်ကြီး ဝတ်သည့်ဖက်ထုပ်၊ လက်စွပ်အကြောင်း ပြောကြတော့သည်။

"သူ့လက်စွပ်ကြီးက ကြီးရတဲ့အထဲ ဘေးစွယ် စိန်လုံးကြီးတွေကကို တော်တော်ကြီးတာတဲ့။ ပြီးတော့ လက်ကလေးကော့ပြီး ကလိုက်ရင် မျက်စိကျိန်းသတဲ့။ ဖျတ်ဖျတ်ခါ သွားတာတဲ့။ ကောလိပ်စိန်ဆိုတာကလည်း အသံကလေးက ကောင်းလိုက်တာ ကွမ်းလေးငုံပြီ ဆိုနေသလိုပဲတဲ့ ... "

"နေပါဦး ... ရှင်ပြောပုံက တဲ့ ... တဲ့ ဆိုတော့ ရှင်ပွဲမကြည့်ခဲ့ရဘူးလား? "

"ဟင့်အင်း ... မကြည့်ခဲ့ရပါဘူး။ မိသားစုအုပ်ကြီးက နည်းတာမှ မဟုတ်တာ ဖျာဖိုးလည်း မတတ်နိုင်ပါဘူးတော်"

"မယ်သီတာကို ဒသဂီရိ ပန်းရထားနဲ့ တင်ပြေးတာပဲ ဝင်ကြည့်ခဲ့တယ်။ ကောင်းလိုက်တာများ မပြောပါနဲ့တော့ မယ်သီတာ သစ္စာဆိုခန်းလေ ... ဝေသန်တို့ နှိပ်စပ်လိုက်တာ မျက်ရည်ကို ဖြိုင်ဖြိုင်ကျပါလေရောတော် ... "

ထို အမျိုးသမီး၏ ပွဲတရားကို နာရသူများက တဟားဟားရယ်၍ သဘောကျကုန်ကြရပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးဖိုးစိန်ကြီး ပြန်မည့်နေ့၌ လာတုန်းကထက်ပင် စည်ကားကာ တမ်းလုံးပြည့်မျှ လိုက်ပို့ကြပါသည်။ ဇာတ်မင်းသား ကြီးကို အထင်ကြီးရာက ပွဲကြည့်လိုက်ရ၍ ပို၍ရင်းနှီးသွားရသည်။ ဖိုးစိန်ကြီးကား အုပ်ပေါင်းခေါင်းပေါင်းပန်းရောင် ကြက်ဥနှစ်ရောင်၊ တိုက်ပုံအင်္ကျီ၊ တောင်ရှည်ပုဆိုးပန်းရောင် ပြောင်လက်နေသော ရွှေ အိနပ်နှင့် ဖျတ်ဖျတ်ခါနေသော စိန်လက်စွပ် ခပ်သေးသေးတစ် ကွင်းကို ဝတ်ဆင်၍ ဂေါပကအဖွဲ့များအားလည်းကောင်း၊ မျက်လုံး ပြာ ထင်းနေသော ရာဇဝတ်ဝန်ကိုလည်း တစ်လှည့်စီ နှုတ်ဆက် စကား၊ ကျေးဇူးတင်စကားများ ပြောကြားနေသည်။ လိုက်ပို့ ကြသည့်အထဲတွင် ဦးဖိုးစ၊ ကိုသောင်းစိန်၊ ဝေဿန်နှင့် ပုမတို့ လည်းပါကြသည်။ သူတို့က ရိုးရိုးလိုက်ပို့ရုံမက ပုမကို ပန်းဆက်ပြီး နှုတ်ဆက်ရန် ဖြစ်သည်။ ဒါကလည်း ဦးဖိုးစ၏ စိတ်ကူးဖြစ်သည်။

"ဝေဿန် … ခွေးပုမကို မင်းကြီးဆွဲရုပ်ကလေးလို့ ပြင်ပြီး ခေါ်ခဲ့ ပန်းဆက်တာ ဒီအရွယ်တွေ အလှဆုံးကွ … အဲ အလှ ဆုံး မပြင်နိုင်ရင် ဝေဿန်ညံ့ရာကျမယ်နော် … ဒါပဲ … ဒါပဲ … "

ဦးဖိုးစက သူ့အနသုစုမ ရုပ်စုံအဖွဲ့ကြီးကို နိုင်းချင် လျှင် ဤသို့ပင် စကားနှင့်(ချည်၍)(တုတ်၍) နိုင်းတတ်သည်။

ထို့ကြောင့်လည်း ဝေဿန်သည် သူ့အချစ်တော်



မင်းသမီးလေးကို ရှေ့ကချ၍ ခွေးပုမကို စိတ်တိုင်းကျ ခြယ်ပေးခဲ့ သည် မဟုတ်ပါလား။ ဆံထုံးအတုကို တင်လိုက်၍ တကယ့်မင်း သမီးကြီးပုံပါ။

မနှစ်က ဦးဖိုးစတို့၏ သားရှင်ပြု၊ သမီးနားသထဲ သူက ဝင်ပါလိုက်တော့လည်း ထိုင်မသိမ်းဝတ်စုံကလေးက အရန် သင့် … ယခုကြည့်ပါတော့ သင်္ဘောဆိပ်တွင် မင်းသားကြီး ဦးဖိုး စိန်နှင့် လူတွေက အပြိုင်အကြည့်ခံနေရသူကတော့ ခွေးပုမ ဖြစ်၍ နေပါတော့၏။ ဆယ်ကျော်သက်မလေးကို တကယ့်မင်းသမီးကြီး ပုံစံနှင့် ပန်းစည်းကလေးကိုင်၍ ရပ်နေသည်။

သူတို့ရှေ့တည့်တည့်သို့ မင်းသားကြီးရောက်လာမှ ဦးဖိုးစ၊ ဦးသောင်းစိန်၊ ဝေဿန်နှင့် ခွေးပုမတို့ ရှေ့သို့တန်းစီလိုက် ကြသည်။

"ဘုရားဒါကာ မင်းသာကြီးခင်ဗျား … ကျွန်တော်တို့ ရုပ်စုံ အဖွဲ့ကလေး ဆင်ဖြူတော်မီပြီး ကြံစုပ်ခွင့်ရရှိလိုက်ပါတယ် ခင်ဗျား … သမီးလေး ပန်းဆက်ပြီး ဂုဏ်ပြုနှုတ်ဆက်ခွင့် ပြုပါခင် … ဗျား … "

အမှန်စင်စစ် ဂေါပကအဖွဲ့ကြီးမှ ဤသို့ ခရေးခရာ အနုပညာ ဆန်ဆန်ကလေး ဂုဏ်ပြုချင်ရှာပါသည်။ သို့သော် အပွန် ရိုးသားကြသော ဘုရားလူကြီးများဖြစ်၍ မစီစဉ်တတ်ကြရှာပါ။ ဦး

www.burmeseclassic.com

www.burmeseclassic.com



ဖိုးစကြီးက ယခုကဲ့သို့ သူ့အကြံ သူစေတနာနှင့် ခွေးပုမကို မင်းသမီးလေးပုံနှင့် ပွဲလယ်တင့်တင့်စွင့်စွင့်ကလေး ပန်းစည်းကိုင်၍ ဦးဖိုးစိန်ကြီးအား ရိုရိုသေသေကလေး ကမ်းလင့်နေသဖြင့် များစွာကျေနပ်သွားရသည်။ ရာဇဝတ်ဝန်ကို ဘေးနားက အိုင်စီဗုတ်စ်ဦးက ဆင်ဖြူတော်မီ၍ ကြံစုတ်သည်ဟူသော အဓိပ္ပါယ်ကို ရှင်းပြနေသည်။

သူက သဘောပေါက်ကာ ခေါင်းတငြိမ့်ငြိမ့်နှင့်
ဦးဖိုးစကို ကြည့်လိုက် ခွေးပုမကို ကြည့်လိုက်

" Good ..... Good, Very Good Girl "

ဟူ၍ပင် သဘောမနောတွေ ပေါက်သွားရပါတော့၏။ ဦးဖိုးစိန်ကြီး၏ မျက်နှာသည် ဝင်းထိန်သွားရပြီး ဦးဖိုးစနှင့် ခွေးပုမကို တန်းစီကြည့်၍ ...

"ကျေးဇူးတင်လှပါတယ်ဗျာ ... ကျေးဇူးတင်ပါတယ် ... "

"အဟဲ ... အဟဲ ဦးဖိုးစကြီးရေ ... ဦးဖိုးစိန်ကြီးက ပွဲစနဲ့နာကောင်းတယ်နော့ ကြားပြီးပါပြီဗျာ ... ကြားပြီးပါပြီ"

"ဘာ ... တဲ့ ဟိုကလည်း ဖိုးစိန်၊ ကျုပ်ကလည်း ဖိုးစ ပွဲခွင်ညမှာတွေ့ကြတာပေါ့ ... ဆိုဟုတ်စ? ဟား ... ဟား ... ဟား ... "

ဟူ၍ လွန်စွာ သဘောကျဟန်နှင့် မေးလည်းမေး၊ ရယ်လည်းရယ်၍ ဦးဖိုးစက ရင်ခွင်လက်ယှက်ရင်း ...



"စိတ်မရှိပါနဲ့ ဘုရားဒါကာရယ် ... ဒီတုန်းကတော့ မချိုတင်ကဲ ထွက်သွားရတာ အမှန်ပါခင်ဗျာ ... ဒါပေမဲ့ အဲ့ဒီညစရာက ဘုရားဒါကာရဲ့ ရုံကြီးက ပရိသတ်တွေ လှုံ့နေသလို ကျုပ်ရုံကလေးလည်း လှုံ့လို့ပါခင်ဗျား လှူလိုပါ။ ဒါကြောင့် ဆင်ဖြူတော်မီပြီး ကြံစုပ်ခဲ့ရတယ်ကို ပြောတာပါ ... "

"သြော် ... သာဓုဗျာ ... သာဓု ... သာဓု အလွန်ကောင်းတဲ့ ဒသနာလေးပါပဲဗျာ ... "

"ကဲ ... ကဲ မောင်ဖိုးစိန်ကလည်း တို့ပြန့်မေတ္တာပြုခဲ့ပါရဲ့ဗျ ... ဟော ဆုတော်ငွေတစ်ထောင် ဒါကတော့ ဦးဖိုးစတို့ ရုပ်စုံအဖွဲ့အတွက်ပါ ... "

"သမီးလေး ... အဲ ... နာမည် ... နာမည် ... "

"ဟို ... ဟို ... ပုမပါခင်ဗျာ ... "

"သြော် ... သြော် ပုမတဲ့လား? လှကာ မပု ... နာမည်က ပုနေရှာသကို ... သမီးလေးအတွက် မုန့်ဖိုးပါဗျာ ... ငွေငါးရာ ... "

"ဟာ ... ပွတာပဲကွာ ... "

"ကျွတ် ... ကျွတ် ... ငွေငါးရာ ... "

အသံမတိုးမကျယ်များမှ လက်ခုပ်တွေ ဝိုင်းတီးကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပုမကလည်း လှမ္မရေးမခေပါချေ။ လူကြီးများက ညွှန်ကြားစရာမလို ပျတ်ဝတ်ချပ်ချပ် ဒူးတုတ်ထိုင်ချလိုက်ပြီး ဦးသုံးကြိမ်ချလိုက်သည်။ ဦးဖိုးစိန်က ဆံထုံးကို မထိတထိ လက်ဝါးဖြန့်ကာ ဆုတွေပေးနေသည်။

" Oh! Wonderful."

ရာဇဝတ်ဝန်ကြီးသည် ဓာတ်မင်းသားကြီး ဦးဖိုးစိန်ကို မင်းသမီးကဲ့သို့ ပြင်ဆင်ထားသော ဆယ်ကျော်သက် ကလေးမလေးက ထိုင်ကန်တော့နေဟန်သည် ဤအင်္ဂလိပ်ကြီး ချီးကျူးသကဲ့သို့ပါပင် တကယ်ခန့်ညားသော ရှုခင်းကလေး မဟုတ်ပါလား။

✻✻✻✻✻



၄

"အရီးချော၊ ချွေးပုမ ... ဘာလုပ်တာလဲဗျာ ... "

"မနေ့က ... သဘော်ဆိပ်ဆင်းဖို့ ခင်းပဲ ပြင်ဆင်ပေးတာလေ ... ကျုပ်သမီးကို တကယ့်မင်းသမီးကြီးကျနေတာပဲတော် ...အဲဒါကြောင့် ငွေတစ်ရာအကန့်တော့ခိုင်းတာဟေ့"

"ဟာ ... "

ပန်းကန်ပြားပေါ်တွင် ငွေဒင်္ဂါးများတင်၍ သူအား ဘုန်းကြီးများ ကန်တော့သကဲ့သို့ ကန်တော့နေသဖြင့် ဝေသန့်က အလန့်တကြားပုံစံနှင့် ...

"အရီးချောရယ် ... သူကသိုလ်နဲ့သူရတာရှိစမ်းပါစေဗျာ ... ပုမ ... နင်ဘဝမှာ ငွေငါးရာ ရဖူးရဲ့လား ... "

"တင့်အင်း ငါးကျပ်တောင် မရဘူးပါဘူး ... ဒါကတော့ အစ်ကိုဝေသန် ကျေးဇူးကြောင့် မဟုတ်လား? "

www.burmeseclassic.com

www.burmeseclassic.com



"ကြဲကြဲဖန်ဖန်ကွာ ... ငါညီမလေးကို ငါကတောင် ပေးရဦးမှာ ... "

"ဒီမှာ ... အရီး အလှူတစ်ခုလုပ်ပေးပါဗျာ ... "

"အေ ... ဒါလည်း လုပ်ချင်ပါရဲ့ကွယ် ... "

"ဒီလိုလုပ် ... မြန်မာစကားပုံမှာ တစ်ချက်ခုတ်နှစ်ချက်ပြတ်တဲ့ ... လာမဲ့သောကြာနေ့ မြင်းခြံက ရွှေနေကြီး ဦးလှိုင်အိမ်လှူကို သွားရမယ် မဟုတ်လား? "

"အေးလေး ... ဦးလေးစတို့ ကိုသောင်းတို့ အဲဒီအတွက် ပြင်နေကြတာပေါ့ကွဲ့ ... "

"မနေ့ကသဘော်ဆိပ်မှာ မင်းသားကြီးက ပန်းစည်းကလေးနဲ့ ဂါရဝပြုချင်ရှာတဲ့ ကလေးမလေးလှလှကို နာမည်မေးတယ်လေ ... ဦးလေးစက ပါးစပ်တပြင်ပြင်နဲ့ 'ခွေးပုမ' လို့ပြောမဲ့ဆဲဆဲ ကျွန်တော်က 'ပုမ' ပါလို့ ဝင်ပြောတာဗျာ့"

"အေးဟယ် ... ကြားပါတယ် ... "

"အဲ့တော့ ... ဒီကလေးမ နာမည် မပြောင်းသင့်ဘူးလား? အရီး ... "

"အေးကွယ် ... မင်းသားကြီးက 'ပုမ' ဆိုတာတောင် ခေါ်ရက်ပုံမရ ... ဘူး။ ဘာတဲ့ လူက မ ပု နာမည်က မပု ဆိုလား ပြောသွားသေးတယ် ... "



"ဟုတ်တယ် ... ညက ကျွန်တော် တစ်ညလုံး စဉ်းစားတယ်။ဦးလေးသောင်းကလည်း ရုပ်စုံစကားတွေထဲမှာ ဖရုသဝါစာတွေသာ ပြောနေရတော့ 'ခွေးပုမ' ဆိုတာလောက်တော့ ခေါ်နေကျအတိုင်း လျှာကြားတောင်ညှပ်မှာ မဟုတ်ဘူးဗျာ့ ... အဲ ... အရီးချောကလည်း အရိုးတကာ့ ထိပ်ခေါင်လေ ... ဒီနာမည်ကို တစ်သက်လုံးခေါ်သွားမဲ့ပုံပါ။ ဒါကြောင့် 'ပုမ' ကို ကျွန်တော်နာမည်ပြောင်းပေးချင်တယ်"

"ဟင် ... နာမည် ပြောင်းချင်းတယ် ... "

"ဟုတ်ပါတယ် ... အရီး ... "

"ခွေးပုမက လျှာ အရိုးကျိုးနေပါပြီကွယ် ... "

"ကျွန်တော်က ဘုန်းကြီးကျောင်းမှာ နေခဲ့တာကြာတော့ အင်္ဂါရုပ်ကျမ်းဗေဒင်ကျမ်းကို နည်းနည်းပါးပါး နားလည်နေတာပါ ... အရီးချောရဲ့ ... ပုမဟာ အောင်မြင်ကျော်ကြားဦးမှာဗျာ့ ... "

"အဲ ... ဟုတ်တယ် ... ဖောင်တော်ဦး ကိုယ်တော်ကြီးကလည်း ဟောဖူးတယ်။ ဒကာ့မကြီးသမီး ကောင်းကောင်းမွေးတဲ့ ... မိဘကို ကျေးဇူးပြုမှာတဲ့ ... "

"အရီးချောတို့ ငယ်ငယ်ကစ ချစ်စနိုးမှည့်ထားခဲ့တဲ့ ခွေးပုမကြီး စွန့်လိုက်ကြစို့ဗျာ ... "

www.burmeseclassic.com

www.burmeseclassic.com



"အေးပါဟယ် ... နင်ကတော့ လူသာငယ်တယ် ... အမြော်အမြင်ရှိတာပဲ ... "

"ပြောင်း ... ပြောင်း မင်းကြိုက်တဲ့ နာမည်ပြောင်း ... "

ခွေးပုမသည် မျက်လုံးဝိုင်းဝိုင်းနက်နက်ကလေး တလည်လည်နှင့် ဝေသန်အား တိုးသွားရင်း ...

"အစ်ကိုဝေသန် ... နာမည်လှလှလေး ပေးနော် ... အမေတို့များ ရက်ရက်စက်စက် ပေးထားလိုက်တာ ခွေးမှ ရိုးရိုးမဟုတ်ဘူး ... (ပု)ရသေးတယ် ... "

"အေးဟ ... ဟုတ်ပါရဲ့။ ခု ငါပေးမဲ့ နာမည်ကလေးက သိပ်လှတယ် နင်က ကြာသာပတေးသမီးမဟုတ်လား? အဲဒီ ... တော့ ... မဒ္ဒီ ... "

"မကြိုက်ဘူးလား? "

"မဒ္ဒီဒေဝီဆိုတာ မိဖုရားကြီးနာမည်ပဲ မှည့်ကောင်းရဲ့လား?"

"ဟား ... ပုမ ... နင့် အတွေးအခေါ်တွေ မြင့်တယ်ဟာ ငါ့ နာမည်ကလည်း ဇာတ်တော်ကြီးထဲက နာမည် ... "

"အင်း ... မဒ္ဒီ + ဝေသန် ဆိုတာ စုံတွဲ ... နာမည် ... "

သူက စကားကို မဆက်တော့ပဲ ... ရှက်စနိုးကလေး ရယ်ပစ်လိုက်ရင်း ...

"ပတ် တီး ဘဘကြီးက အတွေးခေါင်နေဦးမယ် ... "



ဒေါ်ချောက ဆေးရိုးတောင်းကလေးနှင့် တိုးလာရင်း ဖက်ဖြူလိပ် လိပ်ရင်းက ...

"ဦးချစ်တင်က ဘာပြောမှာလဲ? သမီးရဲ့ ... "

"အို ... အမေကလည်း သိရဲ့သားနဲ့ ... မမြနုနဲ့ အစ်ကို ဝေသန်ကို သဘောတူထားတာဆို ... "

"ဟာ ... မြန်မာစကား ပြည့်ပြည့်စုံစုံ ပြောစမ်းပါဟာ ... သဘောတူ(ထား)တာ မဟုတ်ပါဘူး ... သူတို့ဘက်က သဘောတူနေတာလို့ ပြောပါ။ ဒို့ဘက်က မလှုပ်ရှားချ မလှုပ်ပါဗျာ ... "

"သူတို့က သူဌေးတွေပဲ ... ဘဘဦးချစ်တင်က ဝါသနာပါလို့ ပတ် တီးဆရာလုပ်နေတာဟဲ့ ... မမနုက ရွှေတွေ၊ စိန်တွေ သီးနေတာ ... "

"ဒါကြောင့် ... နင်သဘောတူတယ်ပေါ့ ... "

"အွန်း ... "

ခွေးပုမက ခေါင်းညိတ်ပြသဖြင့် ...

"ငါ ... မယုံဘူး ... နင့် ... 'အင်း' ဆိုတဲ့အသံက 'အွန်း' သံထွက်နေတယ်။ ကဲပါသူတို့အကြောင်း မပြောဘဲ ... အရိုးချောသမီးနာမည်ကို 'မဒ္ဒီ' လို့ မှည့်မယ် အရိုးချော ကြိုက်လား ... "

www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွယ် ... အလှူလုပ်ရတာတော့ ဝမ်းသာပါတယ်"

" မဒ္ဒီလို့ ပြောင်းလိုက်တာလည်း မကောင်းဘူးလား ... အရီးချောရယ် ... "

"အဲကွယ် ... အားလုံးကောင်းပေါ့နော ... ဟိုမှာ ကိုသောင်းလာပြီ ... သမီးပြောပြလိုက် ... ပြောပြလိုက် ... "

အရီးချောကား မိန်းမရိုးကြီး မဟုတ်ပါလား။ ကိုယ့်သမီးလှလှကလေးမှ နာမည်ကောင်းကောင်းမပေးတတ်ရှာချေ။ ယခုတော့ဖြင့် ...

*****



# ၆

မြင်းခြံမြို့သို့ သွားသည့်နေ့ ...

"အဟုတ် ... အဟုတ် ... ခွေးပုမ နာမည်ကို 'မဒ္ဒီ' လို့ ပြောင်းလိုက်တာလား ... "

သဘော်ပေါ်ရှိ ကုလားထမင်းဆိုင်တွင် သံစားပွဲ၊ သံကုလားထိုင်များတွင် ဦးဖိုးစနှင့် ဦးချစ်တင်ရှပ်စုံအဖွဲ့ ထမင်းစားရန် ရောက်ရှိနေကြပါသည်။

"ဟုတ်ကဲ့ပါ ... ဘဘမင်းသားကြီး ပေးခဲ့တဲ့ငွေစတွေနဲ့ ထောနေကြတယ်လေ ... အဖွဲ့ကို အလှူလုပ်ရင်း 'မဒ္ဒီ'ဆိုတဲ့ နာမည်ပြောင်းအစီအစဉ်ကလေး လုပ်လိုက်တာပါ ... ကိုစောက မဆလာနံ့သင်းသော ဆိတ်သားပန်းကန်ကို တစ်ချက် လှမ်းကြည့်ရင်း ပြောလိုက်သည်။

"အခါတော်ပေးတာ ... ဝေဿန်မှ ဟုတ်ပါမလားပို့ပါကွယ်..."

www.burmeseclassic.com

ထမင်းကျူပြင်နေသော ဝေသန်က ဦးချစ်တင်ကို အရိအသေပေးသည့် ပုံစံကလေးနှင့်ပါ။

"ဟုတ်ကဲ့ပါ ... ဘာဘာ အရီးချောတို့ ရိုးပုံရိုးလက်နဲ့ ကောင်မလေးကို အတန်းကျောင်းလည်း မထား၊ နာမည်ပေးထားပုံကလည်း လူရှေ့သူရှေ့ ခေါ်လို့မကောင်းလို့ပါ ခင်ဗျာ ..."

"ဟ ... မြန်မာလူမျိုးဆိုတာ ကိုယ်သားသမီးကို ချစ်လွန်းလို့ ချွေးသိုး၊ ဝက်မ၊ ဖိုးတော၊ ငှက်ကြီး အဲလို ချစ်စနိုးခေါ် ကြမြ…ွယ်။ ဘာဆန်းလို့လဲ? ..."

တစ်ဖွဲ့လုံး ပဲဟင်း၊ ဆိတ်သားဟင်း၊ ပုစွန်၊ ငပိချက်၊ မုန့်လာချဉ်သုပ်နှင့် ခေါင်းမဖော်နိုင်အောင် ကုန်း၍စားနေကြစဉ် ဦးချစ်တင်ကတော့ ထမင်းကို မစားချင် စားချင်စားရင်း ခေတ်နောက်ဆွဲစကားတွေ ပြောနေသဖြင့် ...

"ဟင် ... သူသမီးတော့ မှည့်ထားလိုက်တာ မမြနုတဲ့ (ပုတ်ညို)လို့ မှည့်ပါတော့လား ..."

ဟူ၍ ကိုစောက လှမ်းပြောလိုက်သည်။ သို့သော် အသံကတော့ မထွက်ပါ။

ဦးချစ်တင်က တိုက်နှင့်နေသော ပတ်တီးဝိုင်းဆရာကြီးပါ။ ကြည့်လေ့ ... သူ့ ရွှေလက်ပတ်ကြိုးကြီးကိုက ရွှေငါးကျပ်သားလောက်ရှိတယ်။ ပြီးတော့ သူ့သမီးကို စန္ဒားတစ်လုံးနဲ့ မှုံကျော့နေအောင်ထားတာ။ ချွေးပုမကို မဒ္ဒီမှည့်လို့တဲ့ ပြဿနာတက်နေသေးတယ်။ ကိုစောက အသားကမည်းသည်။ သွားသာခေါသည်။



ဆင်းရဲတဲ့ ရုပ်စုံအဖွဲ့ကို နှိမ်တာတော့ နည်းနည်းမှမကြိုက် စိတ်ကောင်းရှိလှသည်။

"ဝေသန် ... မင်း ... ဆရာကြီးလုပ်တာကတော့ ဟုတ်ပါပြီ။ အဲ ... တနံရာ ... တ္တန့်ရာတော့ လုပ်သင့်တာပေါ့ကွာ..."

ဦးချစ်တင်အနားသို့ ဟင်းပန်းကန် ထပ်အလိုက်တွင် ဦးချစ်တင်က ပြောမိအောင်ပြောလိုက်သည်။

ဖြစ်ချင်တော့ ပန်းကန်အဟောင်းကို …မှ လှမ်းယူနေသော မဒ္ဒီ ကြားသွားရသည်။

သူ အလှူအတန်းလုပ်၍ နာမည်သစ်ကလေး ကင်းပွန်းတပ်နေစဉ် စောစောက ဝမ်းသာကြည်နူးနေသမျှ မျက်နှာကလေး မဲ့၍သွားရပါတော့သည်။

သူသည် ထမင်းကျွေးသည့်နားတွင် မနေတော့ဘဲ... ပစ္စည်းတွေထားသည့်အနား ပြန်လာခဲ့သည်။ ပခုက္ကူနှင့်မြင်းခြံမဝေးဘူးဟု ထင်ရသော်လည်း ... ချင်းတွင်းမြစ်နှင့် ဧရာဝတီ ပူးပေါင်းရာနေရာဘက်တွင် တချို့သောင်ထွန်းနေ၍ ကွေ့ပတ်နေရသဖြင့် ဝေးသကဲ့သို့ ဖြစ်နေရသည်။

လူတွေ ထမင်းစားပြီး၍ အားလုံးမြန်လာကြသည်။ အားလုံး သူ့ထံ မျက်နှာမူလာကြပြီး ...

"ထမင်းစားလို့ မြိန်လိုက်လေဗျာ ... ကျေးဇူးပဲ မဒ္ဒီရေ..."

www.burmeseclassic.com



"ဆိတ်သားဟင်း ကောင်းမှကောင်းပါ ... မဒ္ဒီ ခင်ဗျား ..."

ဗုံတိုတီးသည်သူကအစ ဓော်ဆွဲ ဦးကြည် အစ ကိုစော(မင်းသား)အလယ်၊ လင်ကွင်းဆရာလေးများအဆုံး မဒ္ဒီ ဟူသော နာမည်လေးကို စတင်ခေါ်သည့်အနေနှင့် လာ၍လာ၍ နှုတ်ဆက်ဂုဏ်ပြုကြသည်။ ဦးချစ်တင်က လာရောက်ချီးကျူးရမှ ဦး စိုး၍ ကုလားထမင်းဆိုင်တွင် စကားတဖောင်ဖောင် ပြောကျန် ခဲ့သည်။ တော်တော်လေးကြာမှ ထလာသည်။ ဖြစ်ချင်တော့လည်း ဦး[illegible]လေးစကာ ...

"ကိုချစ် ... ဖိတ်စာဖတ်ပြီးပလား? ..."

ဟု လှမ်းမေးနေသဖြင့် ...

"မဖတ်ရသေးပါဘူး ... ကိုကြီးစ ..."

"ဒီမှာ ... ဒီမှာ ဖတ်ကြည့်ပါဦးဗျာ ... ရှင်လောင်းနဲ့ နားသ နာမည်တွေက ဘုန်းတင့်စံပျော်နဲ့ အုန်းတင့်ဇာနော်တဲ့ ကြက်သီးတောင်ထပါရဲ့ ဗျာ..."

ဟု ပြောလိုက်သည်။

"အဟဲ ... အဟဲ ... မင်းက လူဆင်းရဲပေမဲ့ အနုပညာ သူဌေးပဲကွဲ့ ..."

"ကျွန်တော်တော့ မထင်ပါဘူးဗျာ ..."

"ဒီလိုရှိတယ် ဝေဿန်ရဲ့ ... လူ့တန်ဖိုးကို ဆန်းစစ်တဲ့အခါ ဆန်ဖြူ၊ ဆန်ကောင်း ထောင်းမှသိ၊ လူဖြူ၊ လူကောင်း ပေါင်းမှ သိတဲ့ကွဲ့ ... ငါတူ တန်ဖိုးကိုတော့ သိတဲ့လူတွေက



သိနေကြတာပေါ့ကွယ် ..."

ဦးချစ်တင်ကြီး မမြင်ရန် သူ့ကိုမေးငေါ့ကြ နှာခေါင်း ရှုံ့ကြသည်။ တချို့က ကျိတ်ပြုံးကြသည်။ အမှန်တော့ ဝေဿန်ကို ဦးချစ်တင်ကိုယ်တိုင်က သမက်တော်ချင်နေသူ မဟုတ်ပါလား။

သဘော်ကြီး မြင်းခြံဆိပ်သို့ ဝင်ပြီဖြစ်၍ ပစ္စည်းများ သိမ်း၍ အာရုံကို စုစည်းလိုက်ကြပါသည်။

ဝေဿန်ကမူ မျက်နှာမကောင်းရှာသော မဒ္ဒီ နောက်သို့ ပြေးလိုက်ရင်း ...

"မဒ္ဒီ ... ငါပေးတဲ့ နာမည်လေး ... ဒါ ... စခေါ်တာနော်... ထူးလေ ..."

"ဩော် ... ဟုတ် ... ဟုတ်ကဲ့ ..."

"မဒ္ဒီ ... နင် ဘာမှအားမငယ်နဲ့ ... ကြားလား ... ဘဘချစ် ပြောသလိုပဲ ... မဒ္ဒီလည်း တန်ဖိုးရှိတဲ့ မိန်းကလေးဆိုတာ ငါ အသိဆုံးပဲ သိလား ... သိလား ..."

သူသည် အပြေးကလေးလိုက်၍ ပြောမိအောင် ပြောလိုက်ပါတော့၏။ ဝေဿန်စိတ်များ တကယ့်ပင် ပေ့ါပါးသွား ရပါတော့၏။

www.burmeseclassic.com

www.burmeseclassic.com



# ၆

'ယောကျ်ား ထန်း၊ မိန်းမ နှမ်း' ဟူ၍ အကြီးအထွား မြန်သော မိန်းကလေး၊ ယောကျ်ားလေးများ တင်စားသကဲ့သို့ မဒ္ဒီကိုဖြင့် နှမ်းပင်များနှင့် နှိုင်းရပေတော့မည်။

သင်္ဘောပေါ်တွင် ရုပ်စုံအဖွဲ့အား ထမင်းကျွေးသည့်အပြင် ပခုက္ကူတောင်ပေါ်ဘုရားပွဲတွင် ထမနဲဆွမ်းကပ်၍ အရုပ်ထဲလည်း ဝေသည်။ 'ခွေးပုမ' လို့ မခေါ်ကြပါနဲ့တော့ 'မဒ္ဒီ' အမည်လေးနဲ့ ဆက်ဆံကြပါရန် ပြောကြားခဲ့သည်။

သူ့ကို မင်းသားကြီးပေးခဲ့သော ငွေနှင့်ရွှေလက်ကောက် သုံးရံ၊ ခြောက်ဖက် အစ်ကိုဝေသာန် လိုက်ဝယ်ပေးသည်။ ဆွဲကြိုးလေးက တစ်ကုံး၊ တစ်သက်လုံး ရွှေမဝတ်ဘူးရှာသော မဒ္ဒီသည် ရွှေလက်ကောက်ကလေး တပင့်ပင့်နှင့် အရောင်ထွက်လော့ရှိလို လူကလည်း မဒ္ဒီ ဟူသော နာမည်ကလေးနှင့် ဘုန်းကံလျှံထပ်၍ ကံစပ်သည့်လား မသိ။ ဖြုန်းခနဲ နေ့ခြင်း၊ ညခြင်း အပျိုကြီးများသဖွယ် ဖွံ့ဖွံ့စိုစို အလှပို၍ လာရပါတော့သတည်း။



ထိုနေ့ကလည်း မဒ္ဒီသည် သူ့မေမေနှင့် တိုင်ပင်၍ ဝယ်ထားသော ယောစိုးပုဆိုး နီညိုရောင်အခံတွင် ပုလဲပေါက်ကလေးကွက်ကြဲဆင်ထားသော ပုဆိုးနှင့် ဖြူဆွတ်နေသော ကတ္တီးကော်လာရှပ်အင်္ကျီတို့ကို ဖတ်၍ထွက်လာသည်။

သူ့အမေ ဒေါ်ချောက ခေါင်းလျှော်မည့်တန်းလန်းသရော်၊ ကင်ပွန်းသီးကို နယ်ဖတ်နေသည်။

"အမေ ... ဒါလေး သွားပေးလိုက်တော့မယ်နော် ... "

ဒေါ်ချောက အထုပ်ကို မြင်လိုက်သည် ... သိနေသည်။

"အမေပါ လိုက်လာမလို့ပဲလို့ ပြောလိုက်နော် ... "

"ဟုတ်ကဲ့ ... အမေ ..."

ငယ်စဉ်ကလို ... ခုန်ပျံ့ကျော်လွှား မသွားတော့ပေ၊ ကြွရွရကလေး လျှောက်ထားသည်။

"အမယ် ... ဘယ်သူများလဲလို့ မဒ္ဒီကိုး ... ကြီးလာလိုက်တာဟယ် ... နောက်ကကြည့်နေတာ ... အဒေါ်ဖြင့် မမှတ်မိဘူးကွယ် ... "

အရုပ်ထဲမှ အဒေါ်ကြီးတစ်ဦးက နှုတ်ဆက်သည်။

ပြီးတော့ စက်ဘီးနှင့် ကောင်လေးသုံးလေးဦး လှမ်းတကြည့်ကြည့်နှင့် ပြုလုပ်သွားကြသည်။

အရုပ်ထဲမှ ကျောင်းဆရာမကြီးကိုလည်း ပြန်နှုတ်ဆက်ရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုး … လွန်ခဲ့သည့် နှစ်များဆီက ဒီလမ်းတစ်လျှောက်လုံး ကလေးပမာ ရှင်မီးအင်္ကျီလေးနှင့် ပြေးလွှားသွားလာစမြဲပါ။ နှုတ်ဆက်မည့် သူလည်းမရှိ၊ စကားပြောမည့်သူလည်း မရှိခဲ့ပါ။

“ဟော … မဒ္ဒီ ရွှေလက်ကောက်ကလေး မြောက်တပင့်ပင့်နဲ့ တစ်လမ်းလုံးလည်း စန်းပွင့်လာလိုက်တာ … နှုတ်ဆက်ရတာ … မောလို့မဟုတ်လား? … ”

ကိုဝေဿန်က ဝမ်းသာအားရ ထွက်ကြိုသည်။

“ဟင် … အစ်ကို … ဘယ်လိုသိလဲ? … ”

“ထုပ်ခိုးလေးမှာ စာဖတ်နေတာ … မဒ္ဒီကို ညောင်ပင်ကြီးအောက်ကတည်းက လှမ်းမြင်နေတာ … ”

“ဟုတ်ပါရဲ့ အစ်ကိုရယ် … ငယ်ငယ်ကလည်း ဒီအရပ်က ဖြတ်သန်းသွားလာနေကျပါ။ ခုမှလိုက်ပြီး စကားတွေပြောလိုက်ကြတာ … ”

“အစ်ကို့ကို … လာကန်တော့တာ … ”

“ဘာကိစ္စ … ”

“ဟို … မင်းသားကြီးကို ပန်းစည်းနဲ့ ကန်တော့ဖို့ အစ်ကိုက ပြင်ဆင်ပေးရမှာမဟုတ်လား? … ”

“ဒါများ … ဟာ … ”

“မဒ္ဒီလို့ နာမည်ပြောင်းပေးတာလေ … ”

“သြော် … ဒါလေးများ … ”



“အစ်ကို … နောက်မနေနဲ့နော် … လက်ဆောင်ပေးရင် စိတ်ဆိုမှာစိုးလို့ အောင့်နေရတာ … ဘာလိုလိုနဲ့ တစ်နှစ်ကျော်ပြီ … ”

“အစ်ကို တင်ပျဉ်ခွေထိုင် … မဒ္ဒီ ကန်တော့ပြီ … ”

သူက ပုဆိုး၊ အင်္ကျီထုပ်ကို ခုံလေးနှင့်တင်၍ ရိုရို သေသေ ကန်တော့သည်။

“အဟမ်း … အဟမ်း သာဓုဗျာ … သာဓု သာဓု ကျန်းမာပါစေ … ချမ်းသာပါစေ … အောင်မြင်ပါစေ … ကောင်း သားကောင်းလည်း ရပါစေ … ”

“ဟာ … အစ်ကိုကလည်း အဲဒီ နောက်ဆုံးဆုကြီး မလိုချင်ဘူး … ”

“ဟား … မိန်းကလေးတစ်ယောက်မှာ ဒီဆုက အရေးကြီးဆုံးဗျ … ”

“ဟင့် … အင်း မဒ္ဒီက အစ်ကိုပေးတဲ့ ရုပ်သေးစင်တော်ကြီး ရာဇဝင် အနိမ့်သဘင်၊ အမြင့်သဘင်၊ အတီးသဘင် ရုပ်သေး၊ ရုပ်ကလေး ရှေးခေတ်က သုံးဆယ်ကျော်ရှိခဲ့တာ နောက်ပိုင်း ရုပ်စုံပေါင်း(၂၈)လောက်နဲ့ ရောမဓာတ်တော်ကြီး ညလုံးပေါက် ကပြခဲ့ကြတာ အကုန်ကူးယူထားပြီးမှ ကျက်ထားတာ အစ်ကိုရဲ့… ကဲ … မဒ္ဒီ ကန်တော့တဲ့ ပုဆိုးလေး ထုတ်ကြည့်ပါဦး … ”

ကိုဝေဿန်က ထုတ်ကြည့်လိုက်ရာ ယောပုဆိုးဖြစ်

www.burmeseclassic.com



နေ၍ သူ့ရင်ကိုဖိရင်း ...

"ယောပုဆိုးကြီးပါလား ... မဒ္ဒီရာ ... ဒီလောက် အဖိုးတန်ကြီး ဘာလို့ ပေးရတာလဲဗျာ ... "

"အစ်ကို့ကို ခင်လို့ပေါ့ ... "

"ခင် ... လို့ ... "

"ချစ်လို့ မဟုတ်ဘူးလား ... "

"အစ်ကိုကလည်း ချစ်တာနဲ့ ... ခင်တာနဲ့ အတူတူပေါ့ ... နေပါဦး ... အစ်ကို့ကို မေးစရာရှိတယ် မှန်မှန်ပြောနော်"

"ဘာမေးမလို့လဲ မဒ္ဒီရဲ့ ... "

"ဘဘချစ် လာတယ်ဆို ... "

"လမ်းကြုံလို့ဝင်လာရင်း ... သူ့မွေးနေ့ ဘုန်းကြီးဆွမ်းကျွေးသတဲ့ ... လာစားဖို့ ဖိတ်သွားတာပါ ... "

"အစ်ကိုကလည်း သွားတယ် မဟုတ်လား ... "

"မကောင်းတတ်လို့ပါ ... မဒ္ဒီရယ် ... "

"မမနုက ဟင်းတွေ ပန်းကန်ထဲ ထည့်ပေးတယ်ဆို ... "

"အောက်သကန်ထဲမှာ ဆောက်ပြီးစ တိုက်မှာ အစောင့်မရှိလို့ အကူအညီတောင်းတာပါကွာ ... ဘိလပ်မြေအိတ်တွေက အများကြီးကိုး ... သူ့ငွေးဆိုတော့ အခိုးခံရမှာကြောက်တာပေါ့ကွာ ... တစ်ပတ်လောက် သွားစောင့်ပေးတာပါ ... "

"ဟွန်း ... မမနုက ထမင်းလာပို့တာဆို? ... "



"ဟာ ... မဒ္ဒီ ... "

"အစ်ကိုရယ် ... မဒ္ဒီ စဉ်းစားတယ်လေ ... အစ်ကို အိမ်မဲကလေးပေါ်ကနေပြီး တိုက်ကြီးပေါ်ရောက်ပြီး ဆပ်ပြာလုပ်ငန်းကြီးကို ဦးစီးရမှာမဟုတ်လား? ... မဒ္ဒီ မနာလိုဖြစ်နေမိတာ လုံးဝမတရားပါဘူး ... မဒ္ဒီကို ခွင့်လွှတ်ပါ ... "

မဒ္ဒီသည် ပြောသင့်၊ မပြောသင့်များကို ပြောမိလေပြီ ... ဟူသော အသိဖြင့် ပြန်ပြေးရန်ဖိနပ်ကို စီးလိုက်သည်။ ထိုစဉ် သူ့ကိုယ်လေးကို ဆွဲ့ခနဲ ပွေ့၍ ...

"ကိုစော... ကိုစောလာနေလို့အထဲဝင်နေနော်... မဒ္ဒီစိတ်... စိတ်မဆိုးနဲ့နော် ... "

အားရပါးရကြီး ပွေ့ချီခဲ့၍ မဒ္ဒီကို လွှန်ရှာ အားနာသွားရသည်။

သို့သော် အိမ်ရှေ့မှ ကိုစော အသံကြားနေ၍ အသံမထွက်ရန် လက်ဟန်ခြေဟန်နှင့် စိုးရိမ်တကြီးမှာရင်း ထွက်ခဲ့သည်။

"ဟား ... ဘဘချစ် သမက်လောင်းကလေး ရှိမှရှိပါ့မလားလို့ ... ဗျာ"

"ကိုစော ဘာတွေ လျှောက်ပြောနေတာလဲဗျာ ... "

"ခင်ဗျားနဲ့ ကျွန်တော်နဲ့ ရုပ်စုံစင်မှာ အမြဲနစ်ပါးသွားနေရတဲ့ ရုပ်စုံညီအစ်ကိုတွေပါဗျာ ဖုံးဖိမနေပါနဲ့ ... "

"ခုလည်း ... ဘဘက ခင်ဗျားနဲ့ မမြနုကို အမြန်ဆုံး ယူလာဆောင်ပေးချင်နေတာ မဟုတ်လား ... "

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ... ဒီလောက်ချမ်းသာတဲ့ လူတွေနဲ့ လက်မတွဲတက်ပါဘူးဗျာ ... "

"ဟေး ... လူ ... တွေးမနေနဲ့ ငေးမနေနဲ့နော် ခင်ဗျားက အောင်ကျော်ခေါ်တုန်း ဗျာမထူးရင် ... မယ်တော်ကြီးက ဘိလပ်ပြန်ဝတ်လုံကြီးနဲ့ ပေးစားမှာတဲ့ခင်ဗျ ... "

"ကောင်းတာပေါ့ ... မမြနု ပိုဂုဏ်ရှိသွားတာပေါ့ဗျာ ..."

"ဘဘချစ်က မရဘူးလေ ... သူ့ သမီးကို ခင်ဗျားလို စာ[illegible]င်ရှာတဲ့ ထိုးသွင်းဉာဏ်ရှိတဲ့လူနဲ့မှ ပေးစားချင်တာတဲ့ ..." သူ့သမီးကို ... ကျုပ်က အဆင့်မီမီ ဘယ်ထားနိုင်ပါ့မလဲဗျာ ... ပြီတော့ ... "

"ပြီတော့ ... ဘာဖြစ်လဲဟင်? ... "

"ကျုပ် ... မမြနုကို မောင်နှမလိုပဲ ချစ်ပါတယ်ဗျာ"

"ဘဘချစ် ... ကြားရင်တော့ ရင်ကျိုးမှာပဲဗျို့ ..."

"နေပါဦး ... ခင်ဗျားက ... ဘဘချစ်ကို ကြည့်မရဘူးဆိုပြီး... ခုတော့ အောင်သွယ်လုပ်နေပါလား ... "

"ဟုတ်တယ် ... ဘဘက ငါ့ကို ရင်ဖွင့်ပြတော့ သနားသွားတယ်... မမြနုက ဒီလောက်လှတာ ... ခင်ဗျားက ဘာကြောင့် မချစ်တာလဲ? ... "

"မင်းလည်းရုပ်စုံ(ပါးစပ်မင်းသား)ပဲ ... အချစ်ဆိုတာ ဖန်တီးယူလို့ရသလားဟင်? ကိုစောကို ရွှန်သိုက်ရုပ်ထဲက မခင်သိန်းနဲ့ ပေးစားတားတာပဲ ... မခင်သိန်းတို့က ဖိနပ်ဆိုင်ကြီးဖွင့်နေတာပဲ၊ ဘာကြောင့် ကိုစောက အောက်ကျင်းရုပ်ထဲက ရင်ရင်ကိုယူရတာလဲ ခင်ဗျ? ... "



ကိုစော ငိုင်သွားရသည်။

"ဒါကတော့ မခင်သိန်းတို့ဘက်က စကားမတတ်တာလည်းပါတာပေါ့ဗျာ၊ ကိုစောက အသားကမဲမဲ ... သွားက ခေါခေါ... တစ်သက်လုံးခိုင်းစားပေတော့ ... တဲ့၊ ကျုပ်ပြန်ကြားတော့ ဒေါသဘယ်လောက်ဖြစ်သလဲဆိုတော့ အဲဒီညပဲ ရင်ရင်ကို ခိုးသွားတာဗျို့... အဟီးဟီး ... "

"နတ်ရေးတဲ့ဖူးစာ လူပြင်ရာ မခံဘူးပေါ့ဗျာ [illegible] ခင်ဗျားသဘောပေါက်ပေါ့ ... "

ကိုစောသည် မကျေမနပ် စောင်းငန်းငန်းနှင့် ပြန်သွားပါပြီ၊

ကိုစော ... ကိုယ်ရောင်ဝေးပြီးပျောက်သွား[illegible]အခန်းထဲသို့ အသာဝင်ခဲ့သည်။

"ဟင် ... မဒွီ တစ်ခန်းလုံးရှင်းထားလိုက်တာကိုး ... "

မဒွီက လျှော့ရဲရဲကြိုးတန်းကြီးကို ခပ်တင်းတင်းမြင်လုပ်ရင်း ...

"အစ်ကိုပြောဖူးတဲ့စကားပဲလေ ... လူ့ဘဝမှာ ဒီရေဆိုတာ... တစ်သက်မှာတစ်ခါပဲ လာတယ်ဆို! ... "

"ဘာ ဒီရေလဲ ... မဒွီရဲ့ ... "

"မမနုကို ယူလိုက်ရင် မကြာခင် ဦးဝေသာနီကြီးဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့ အစ်ကိုရဲ့ ... ”

“အဟင်း ... တို့ကိုကျောပေး မပြောပါနဲ့ တည့်တည့်ကြည့်ပြီး ပြောစမ်းပါဟာ ... ”

မဒ္ဒီက ကြိုးတန်းမှတစ်ပတ်နွမ်း၊ နှစ်ပတ်နွမ်း အဝတ်များကို စုချယူကာ အပြင်သို့ ထွက်နှင့်သည်။

“ဒီအဝတ်တွေ ဘာလုပ်မလို့လဲ? ... ”

“အိမ်ယူသွားမယ် ... လျှော်ပေးမလို့ ... ”

ယခုထိ သူ့အား မျက်နှာချင်းမဆိုင်သော မဒ္ဒီကို အားမလိုအားမရ ဖြစ်ရလွန်း၍ မဒ္ဒီ၏ပခုံးကို ခပ်ကျစ်ကျစ် ဆုပ်ကိုင်ရင်း သူနှင့်မျက်နှာချင်းဆိုင် လှည့်ယူလိုက်သည်။

“ကြည့်စမ်း ... မျက်ရည်တွေနဲ့ ... ဒါကြောင့် ကျောကြီးမှုပေးပြီး ပြောနေတာကိုး ... ”

မဒ္ဒီသည် လက်ဖမိုးနှင့် သုတ်ပစ်ရင်း ... သူ့ပခုံးနှစ်ဖက်ကို ညှစ်ကိုင်ထားရာသို့ ကြည့်လိုက်သဖြင့် ... ဝေဿန်သည် အသိနှင့် သတိကလေးဝင်လာကာ ဖြည်းညင်းစွာ လွှတ်ပေးလိုက်သည်။

“ဒီမှာ ... မဒ္ဒီ ... ငါ ... ဘယ်တော့မှ မမြနုကို မယူဘူး ... သိလား ... ဘာဖြစ်လို့လဲဆိုတော့ အရီးချောက အင်မတန်ရိုးတယ် ... သူ့သမီး ပျိုလှလှကလေးကို ထိန်းတတ်မှာမဟုတ်ဘူး ... ဦးလေးသောင်းကလည်း ရပ်စုံမှာ ကြွက်စရာကောင်းအောင် ဟိန်းလိုက်၊ဟောက်လိုက်နဲ့ မုန်းစရာ



ကောင်းသလောက် အပြင်မှာတော့ ရေမြှုပ်ပဲဟေ့ ... ”

“ကာလသားအုပ်က ရမယ်ရှာပြီး အိမ်ရှေ့က ရေအိုးစင်မှာ ရေလာသောက်နေတာကိုလည်း သူက တပြုံးပြုံးဗျာ့ ... ”

“အဲဒါနဲ့ ... အစ်ကို မမနုကို မယူတာနဲ့ ဘာဆိုင်လို့လဲ?”

“ဆိုင်တယ် မဒ္ဒီ ... ဆိုင်တယ် ... မမြနုကိုယူရင် အစ်ကို မဒ္ဒီကို မစောင့်ရှောက်နိုင်တော့ဘူးပေါ့ကွယ် ... ”

ဝေဿန်သည် မဒ္ဒီမျက်နှာမှ မခြောက်တတ်သေးသော မျက်ရည်များကို သုတ်ပေးလိုက်သည်။

“ကဲ ... မဒ္ဒီ စိတ်ချလက်ချ ပြန်ပေတော့ ... ကိုစောအောင် သွယ်တော်လေးကိုပြောလိုက်ပြီလေ ... မမြနုကို မောင်နှမလိုပဲ ချစ်တာပါလို့ ... ”

မဒ္ဒီ ... သူ့အဝတ်ဟောင်းတွေ ယူသွားသည်ကို သူ ဘာကြောင့် မကန့်ကွက်မိလိုက်ပါလိမ့် ... ။

သူသည် မဒ္ဒီ ခင်းပေးထားခဲ့သော အိပ်ရာပြန့်ပြန့် တင်းတင်းလေးပေါ်၌ လှဲအိပ်ချလိုက်ပါသည်။

ပြီးတော့ သူ့အတွေးတိမ် ... ပင်လယ်ကြီးကား ကောင်းကင်အနှံ့ အဲတွေးကမ္ဘာဆန့်၍ မဆုံးတော့ပါတကား ... ။

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



# ၇

နောက်တစ်နေ့တွင် ဝေသာန် မျှော်မိသည်။ မဒ္ဒီကိုပါ။

သူမနေ့က အဝတ်တွေ ပြန်လာပို့မည်။ သူလေးကိုပေါ့။

မိုးကလည်း တဖွဲဖွဲ ... ပခုက္ကူမိုးက ကြောက်စရာကောင်းသည်။ မရွာသေးရင်နေရော ... ရွာလိုက် ... မည်ဆိုတော့လည်း ကျိုးကျိုးကျွံကျွံ မိုးခြိမ်းသံတွေ လာပေတော့မည်။

ဝေသာန်သည် မိုးလေမှောင်လာတော့လည်း မနေနိုင်။ တကျိမ်းကျိမ်းနှင့် လျှပ်စီးလက်နေသည်။ ဝေသာန်ခြေလှမ်းများသည် တသုတ်သုတ်ဖြင့် မဒ္ဒီတို့အိမ် ရောက်လာသည်။

"ဟော ... အစ်ကိုဝေသာန် ... မဒ္ဒီလည်း လာမဲ့ဆဲဆဲ မိုးတွေခြိမ်းနေလို့ ... ပြီးတော့ ... ပြီးတော့ မန္တလေးက ဒေါ်လေးမဒါ ရောက်နေတယ် ... "



"ဩော် ... ဦးလေးသောင်းနှမဆိုတာလား ... "

"ဟုတ်တယ်ဟေ့ ... ဝေသာန် ... လာလာ ... ထိုင်ဦး ... မိုးတွေလည်း ရွာတော့မယ် မချောရေ ... မဒါ ယူလာတဲ့ မန္တလေးက မုန့်တွေ ကျွေးပါဦးကွယ် ... "

"ဩော် ... (မင်းသမီးဝေသာန် ဆိုတာလား)"

ညိုညိုမြင့်မြင့် အမျိုးသမီးတစ်ဦး ပိုလိုအဖြူကလေးကို ခဲ၍ ဒေါ်ဒါ ထွက်လာသည်။ ဝေသာန်အား စိတ်ဝင်စားစွာ ကြည့်သည်။ ဘေးနားတွင် ဝင်ထိုင်သည်။

"နေ့လယ်တုန်းက ... မဒ္ဒီလေးက တေးထပ်တွေ ဆိုပြလိုက်တာ ... လေးငါးပုဒ်ပဲကွဲ့ ... မင်းအဘရေးတဲ့ စာတွေတဲ့... ငါ့တူမကလည်း ဉာဏ်ကောင်းသားကွဲ့ ... အဟင်း... ခုတော့ မန္တလေး ခေါ်သွားမယ်ဆိုတော့ ... "

"ဗျာ ... မဒ္ဒီ ... ကို ... "

"ဟုတ်တယ် ... ဝေသာန် ... မဒါက အကြံရတာ ကွဲ့ ... "

"အစ်ကိုကြီးသမီးလို ချောတာမျိုး ... မန္တလေးမှာ တောင်ခပ်ရှားရှားရှင့် ... အက စွယ်စုံရအောင် ... မဒါက သင်ရမှာပေါ့ ... "

ဝေသာန်မျက်လုံးများ မဒ္ဒီထံသို့ စွေစွေဝေ့ဝေ့ကလေး လှမ်း၍ ကြည့်လိုက်မိသည်။

မဒ္ဒီကလည်း သူ့ကို ကြည့်နေပါလား ...

မျက်စိလေးလုံးအဓိပ္ပာယ်တွေနှင့် ဆုံမိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ... သွားတော့မှာပေါ့နော် ... "

"ဟုတ်ကဲ့ပါ ... အစ်ကို ဝေသန်ရယ် ... မဒ္ဒီကို ခေါ်သွားတော့မယ်တဲ့ ... "

"ငါ ... လွမ်းနေခဲ့ရပြီပေါ့ ... "

"မဒ္ဒီလည်း ... လွမ်းတာပဲ ... "

"အကြာကြီးတော့ မနေပါနဲ့ကွယ် ... "

"ဒေါ်လေးမဒါ ပြောပုံကတော့နှစ်အကန့်အသတ် မရှိဘူးတဲ့ ... "

"ငါ့နားကို မယုံဘူးကွယ် ... "

"မဒ္ဒီလည်း အစ်ကို့နားက မုန်တိုင်းလို လွင့်သွားလိမ့်မယ်လို့ နည်းနည်းမှမတွေးမိပါဘူး ... "

ညှို့ခန်းငယ်ငယ်ကလေးဖြစ်၍ အဖေ၊ အမေ၊ အဒေါ် အားလုံး နီးကပ်စွာ ထိုင်နေကြခြင်းဖြစ်၍ ရင်ထဲမှ သံယောဇဉ်တစ်တွေးကြီးနှင့် ဖြစ်နေကြရသော သူတို့နှစ်ဦးသည် အဘယ်မှာ အထက်ပါစကားစုတို့ကို အသံထွက်၍ ပြောရဲကြမည်နည်း။

တစ်ဦးနှင့်တစ်ဦး လေးနက်စွာကြည့်ရင်း မျက်လုံးများနှင့်သာ မေတ္တာမော်ကွန်းတိုင်၍ နေကြသည့်နှယ်ပါတကား ...

"မောင်ဝေသန်ကို ... ဒေါ်လေးမဒါ တစ်ခါလာတုန်းက ရုပ်သေးကြည့်ဖူးပါတယ် ... အသံက တကယ့်မင်းသမီးအသံပဲနော် ... စီးပြီးလွင်နေတာပဲ ... "

"ဟုတ်ကဲ့ ခင်ဗျာ ... ယောကျ်ားဖြစ်ပြီး မိန်းမအသံနဲ့မှ



လာအကျိုးပေးရတာ အကျိုးပေးတစ်မျိုးကြီးပေါ့ခင်ဗျာ ... "

"အို ... ဒီလိုလည်း ဘယ်ဟုတ်ပါမလဲကွဲ့ ... ရုပ်သေးမင်းသမီးကြီး ဦးပုဆိုတာ မင်းလည်းကြားဖူးမှာပေါ့ ... သီပေါမင်း ကို မီလိုက်တယ်လေ ... သူ့အရည်အချင်းတွေက တကယ် မိန်းမသံပါတယ် အသံလုံတယ် ... အသံရတယ်... အဆိုကောင်းတယ် ... အပြောကောင်း၊ အဆိုကောင်း၊ အငိုကောင်းကွဲ့ ... "

"သူ့ အသက်(၄၀)လောက်က ရုပ်သေးမင်းသမီး လုပ်ခဲ့တဲ့ အသံဟာ ... အသက်(၂၀)အရွယ် မိန်းမပျိုကလေး နှဲ့မှုနေတာနဲ့ တူသတဲ့ ... မင်းသမီးအတတ်(၁၂)ပါးလည်း နိုင်တယ်ကွဲ့ ... ဦးပုနဲ့ခေတ်ပြိုင် ဦးဖူးညိုဆိုတာ ပေါ်လိုက်သေးတယ် ... (အပြော ... ကိုဖူးညို) (အဆို ... ကိုပု)လို့ ပြောစမှတ်ရှိခဲ့ရတယ်။ ဦးပုကိုတော့ ရှာစားကြီး စိန်ဇေဒါကတောင် လက်ဖျားခါတာပဲ ... ဦးပုလည်း မင်းချီးမြှင့်တဲ့ ဘွဲ့ရတာပဲကွဲ့(နေမျိုးသီရိမစုသဒ္ဒါရွှေတောင်)တဲ့ မြင်းခြံခရိုင် (သမိုင်းကိုင်း၁၂ရွာ)ကိုလည်း စားရတယ်လေ ... "

ဒေါ်လေး မစန္ဒာက ရုပ်သေးမင်းသမီး ဝေသန်ကို ရုပ်သေးဗဟုသုတများ တစ်ခုပြီးတစ်ခုပြောနေ၍ မဒ္ဒီက ဒေါ်လေးနားလာထိုင်ရင်း ...

"ဒေါ်လေးမဒါ ... ရယ် အစ်ကိုကလေ အဲဒီရုပ်သေးသမိုင်းတွေ အကုန်သိပြီးသားရှင့် သူ့အဖေက စာအုပ်တွေနဲ့ အသုံး

www.burmeseclassic.com

www.burmeseclassic.com



ရေးထားခဲ့တာ ... "

"ဟုတ်တယ် မဟုတ်လား ... အစ်ကိုဝေသန်"

"သြော် ... မဒ္ဒီရယ် ဒေါ်လေးတို့ ရတနာပုံနေပြည်တော်သူ တွေကတော့ ဒီကလူတွေထက် ပိုပြီး ဗဟုသုတပြည့်စုံတာ ပေါ့ကွယ် ... "

"အေးပါ ... ဒေါ်လေးကလည်း ဝမ်းသာလို့ လျှောက်ပြော နေမိတာပါ ... "

"အို ... ဘာပဲဖြစ်ဖြစ် ... ငါ့တူမလေး ... ခွေးပုမ ကနေပြီး မဒ္ဒီဖြစ်အောင် လုပ်ပေးခဲ့တာတော့ ကျေးဇူးအတင်ဆုံးပဲ ပေါ့ ... ပြီးတော့ ဦးဖိုးစိန်ကြီးဆိုတာ ဒီအနုသဘင်လောက ရဲ့ လာဘ်-ဦးသခင်သဘင့် ဥသျှောင်ကြီးပဲ၊ သတင်းဝါလ ကျွတ်ရင် သူ့ကို သွားကန်တော့ကြတယ် ... ဟာလဝါတို့ ကိုတ်မုန့်နဲ့ပေါ့။ သူက မုန်းဖိုးတွေ ပြန့်ပြန်ပေးသတဲ့ ... အဲဒါ ဖိုးစိန်ကြီးပေးတဲ့ ငွေကို မသုံးကြဘူးဗျား (လာဘ် ငွေ)(ဆောင်ငွေ)အဖြစ်နဲ့ သိမ်းထားကြတာ ... ဒီလို ဆောင် ထားတဲ့လူတွေ တိုးတက်ကြတယ်... လုပ်ငန်းတွေ အောင် မြင်ကြသတဲ့ အဲဒါ လက်တွေ့ပဲ မောင်ဝေသန်ရဲ့ ...ခုလည်း ကြည့်လေ ... မဒ္ဒီကိုကြည့်စမ်း ဘဘဦးဖိုး စိန်ကြီးပေးတဲ့ ငွေနဲ့ ရွှေလက်ကောက်တွေလည်း ဝယ်ဝတ်လိုက်ရေ ခု... မန္တလေး နေပြည်တော်ဟောင်းကြီး ရောက်တော့မယ် လေ ... "



သူက ... ပိုလို ဆေးလိပ်ဖြူကလေးကို တယုတယ ဖွာ၍ ခပ်မော့်မော့်ကလေး ပြောလိုက်သည်။ တစ်ချိန်လုံး ရေနွေး ကြမ်းတစ်ခွက်ပြီးတစ်ခွက် သောက်နေသော ဦးသောင်းစိန်က... ဝေသန်ကို လှမ်း၍ကြည့်ရင်း ...

"မင်း ... အောင်သကန်ကတိုက် သွားအိပ်ရသေးလား?"

ဟု မေးလိုက်သဖြင့် ... ဝေသန်သည် မဒ္ဒီကို မလုံ့-မလဲကြည့်လိုက်မိရင်း ...

"မအိပ်ရတော့ပါဘူး ဦးလေးသောင်း ... "

"အေးကွာ... ဦးချစ်တင်ကြီးက မင်းကို တော်တော်အား ထားတာကွ ... "

ဦးလေးသောင်းက ဤမျှသာစကားအထာနှင့် ပြောလိုက်ခြင်းဖြစ်သော်လည်း ... ဤအိမ်ကို ခဏခဏ မလာရန် သူ့ကို အတိအလင်း ထုတ်ဖော်ပြောပြီးသားပါ။

ဦးချစ်တင်ကလည်း အလွန်ကလေးဆန်သည်။

"ဝေသန့်ကို ... ကိုသောင်းစိန်က လက်တိုလက်တောင်း အကူအညီတောင်းနေရတာလား? ... "

ဟု မေးမွှားသည်။

ထိုအခါ ဦးသောင်းစိန်က ပျာပျာသလဲဟန်နှင့် ...

"နိုင်းစရာမရှိပါဘူး ... အစ်ကိုချစ်တင်ရာ ... "

"မသိပါဘူးဗျာ ... ကျုပ် အခေါ်လွှတ်တိုင်း ကိုသောင်းစိန် ဆီ ရောက်နေတတ်လို့ပါဗျာ ... "

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ဖွးကတည်းက ဦးသောင်းစိန်သည် ဝေသန်ကို ထုတ်ပြောခဲ့သည်။ သူက အိမ်ခဏခဏမလာရန် ဖြစ်ပါ၏။

"ကြံကြံဖန်ဖန်ဗျာ ... ကျုပ်သမီးပေါက်စလေးများ သူက တဖြစ်ဖြစ်နှင့်ပါ ... "

ထိုကြောင့်လည်း ဝေသန်သည် အသွားအလာ ဆင်ခြင်ခဲ့သူပါ။

ယနေ့တော့ ဘာကြောင့်မှန်းမသိ သူ့ခြေထောက်များက မိုးတွေ၊ လေတွေ တအုန်းအုန်းကြားတွင် ရောက်မိအောင် ရောက်၍လာသည်။

ဦးလေးသောင်း ယခုလို ပြောလိုက်ခြင်းသည် သူ့ကို သတိပေးသည့်သဘောလည်း ဖြစ်နိုင်သည်။

ထိုကြောင့် ရုတ်ခနဲ ထလိုက်သည်။

"အရီးချော ... မနက်ကျရင် ဒေါ်လေးတို့ သင်္ဘော မဆင်းခင်စားဖို့ ဆီထမင်းနဲ့အကြော်စုံ လာပို့မယ်နော် ... အရီးချော ဘာမှမလုပ်နဲ့တော့ ... "

သူ အားလုံးတော့ နှုတ်ဆက်ခဲ့ပါသည်။ မိုးဖွားဖွားထဲ အပြေးလေးလာရင်း ... ဦးလေးသောင်း၏ စိတ်ထားကလည်း နားမလည်နိုင်ရတော့ပါတကား ... ။

"ဝေသန်ဆိုတဲ့ ကောင်လေးက ချောလိုက်တာနော် ... မျက်ခုံးလေးက ထူစိမ်းနေတာပဲ ... "



မစန္ဒာက ပြောကျန်ခဲ့သဖြင့် ...

"ချောလို့ ကိုချစ်တင်က ... သမက်ဖမ်းနေတာပေါ့ဟာ..."

ဦးသောင်းစိန်က ထိုအကြောင်းကို မဆက်လိုပုံနှင့် နေရာမှထသွားသည်။

"မဒါရယ် နင်ကလည်း ရောက်ပြန်ကြီးကိုး ပုဂံဘက် သွားလိုက်ဦးပေါ့ ... ငါတို့လည်း လိုက်ဖြစ်ကြမှာပါ ... "

"ဟိုမှာလည်း လဆန်းတာနဲ့ အတိုးလေး ဘာလေး လိုက်ကောက်ရဦးမှာ ... ကိုကျော်ကလည်း ဈေးကောက်အလုပ်က တစ်ဖက် မမချောရဲ့ ... "

"ခုလို ငွေကြေးရှင်ကြောင်းသိရလို့ ဝမ်းသာပါတယ်အေ... ခုဆို ညည်းတူမက စားပေါက်တစ်ဦး တိုးလာဦးမှာ မဟုတ်လား? ... "

"မပူနဲ့ မမချော ... ကျွန်မအဆင်ပြေလို့ ခေါ်တာပါ။ ကိုယ့်မှာ သားသမီးလည်း မရှိတော့ ... အနုပညာဝါသနာပါတဲ့ တူမကလေးပေါ်လာတာပဲ ကျွန်မက ဝမ်းတောင်သာသေးတယ် ... "

ထိုနေ့ညက သမီးယောက်မနှစ်ယောက် စကားတွေကောင်းနေရ၍ အတော်ညဥ့်နက်မှ အိပ်ဖြစ်ကြသည်။

မဒွီသည် မနက်မိုးလင်းလျှင် မန္တလေးမြို့ကြီးသို့ လိုက်ရတော့မည်ဖြစ်၍ မိဘနှစ်ပါးကို လွမ်းသည်လား? ဝေသန်ကို လွမ်းသည်လား? ပခုက္ကူမြို့ကြီးကို လွမ်းသည်လား? မသိတော့ပါ။ မျက်ရည်များမခိုင် အိုင်ကာကျလာရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သုံး(၁၃-၁၄)နှစ်အထိ ရပ်သေးစင်နောက်ထဲတွင် လိုက်၍ သူ့အဖေက ဗိုက်ကိုထိုးပြလိုက်လျှင် သူက ခရာတစ်ခွက်နှင့် လေဆေးအလုံးမဲမဲကလေးသုံးလုံးကို အမြန်ဆုံးပေးရသည်။ အပေး နောက်ကျလျှင် သူ့အဖေ သရုပ်ပျက်၊ ဇာတ်ပျက်ဖြစ်တော့မည် မဟုတ်ပါလား ... ဒ

ဒီတုန်းကပါ ဝေသန့်၏ လင်ပျောက်ရှာပုံတော် လွမ်းခန်းများ၌ တိုင်ကိုမှီ၍ တရှုံ့ရှုံ့ ငိုခဲ့ရသည် မဟုတ်ပါလား။ ဝေသန် နားချိန်၌ သူ့နားသို့ အပြေးရောက်လာပြီး ...

"အဟား ... ပရိသတ်က အားပေးသလားတော့ မမြင်ရလို့ မသိဘူးဗျာ... ဟောဒီပုမလေးကတော့ အစ်ကို့ကို အားပေး တယ်လား? ... "

ဟု သဘောကျစွာ ရယ်ရင်း လာမေးနေသဖြင့်...

"ဟင့် ... ရင်ထဲက လှိုက်လှိုက်နဲ့ငိုချင်လာတာ အားပေး တယ်လို့ ခေါ်တာလား? ... အစ်ကိုရဲ့ ..."

ဟု ပြောရင်း ထပ်မံငိုနေပြန်သဖြင့် ...

"ပုမရယ် ... အသံညီးသိပ်နတာပဲ ... ငါ့အတိုင်းပါပဲလား"

"အစ်ကိုဝေသန့်လည်း ဒီလိုပဲလား? ... "

"ဒီလိုပဲပေါ့ ... ဟာ ... မိထွေးနဲ့နေရတာလေ ... အမေ မနှင်းမွှံက ဇာတ်နိပါတ်ပုံပြင်တွေ အပြောကောင်းသလောက် မိထွေးက ဆေးဆရာကြီးသမီးတဲ့ဟ ... မာနကြီးတယ် ဆံပင်အရစ်နဲ့အမျှ ရှိတယ်။ အသားလည်းဖြူတယ်ဆိုတော့ ချောတယ်ပေါ့ဟာ အဲ ... အစ်ကို့ကိုတော့ မနိုပ်စက်ပါဘူး...



ကိုယ့်ထမင်းပန်းကန် ကိုယ်ဆေးရတယ် ... ကိုယ့်အဝတ် ကိုယ်လျှော်ဖွတ်ရတယ်... အတူနေ မိထွေးကြီးက အာလှာ ပသလှာပတွေ တစ်ခွန်းမှမပြောတော့ သိပ်နေရခက်တာ ပဲကွာ ... ပြီးတော့ အမေ့ကိုလွမ်းတော့တာပဲ ... သူ့ရှေ့ လည်း မငိုရဲတော့ ... မန်ကျည်းပင်တက်ပြီး မန်ကျည်းရွက် လည်းနူး အားရပါးရကြီးငိုတော့တာပဲဟေ့ ... ဒါနဲ့တင် အားမရသေးဘူး ... အဖေကျက်နိုင်းတဲ့ မင်းသမီးလွမ်းချင်း တွေ အော်ဆိုတော့တာပဲ ... "

"ဇရာဝတီမြစ်ကြီးထဲမှာ နေရောင်တွေနဲ့ လင်းလက်ထပြီး ရောင်ပြန်တွေဟပ်နေတယ် ... ဒီအထဲမှာ ရေနံချေးရောင် တွေ ဝနေတဲ့ ရွက်လှေကြီးတွေဟာ တငြိမ့်ငြိမ့်နဲ့ ဖြတ်သန်း နေကြတာတွေကိုငေးရင်းမောရင်းပေါ့လေ ... အဲလို ငိုလိုက် ရ၊ လွမ်းချင်းတွေ သီဆိုလိုက်ရတော့ လူကို ပေါ့သွားတာပဲ ဟာ ... ငါ့လွမ်းချင်းထဲမှာ အမေမနှင်းမွှံ နာမည်လည်း ထည့်ထည့်ဆိုရတာအမောပဲ တစ်နေ့တော့ ... လှေကြီး တစ်စင်းဟာ လွန်သွားပြီးမှ ပြန်လှည့်လာတယ် ... "

"မန်ကျည်းပင်ခြေရင်းကို ... ကုန်းဘောင်လေးထိုးပြီး အုပ်ပေါင်းပဝါ ပခုံးပေါ်ရောက်အောင်ချထားတဲ့ လူဝဝကြီး နှင့် တပည့်နှစ်ယောက် ဆင်းလာကြတယ် ... "

"မန်ကျည်းပင်ပေါ်က လူလေး ခဏဆင်းခဲ့ပါဦးကွဲ့' တဲ့ အစ်ကိုလည်း အဖေညှော်သည်လား? မိထွေးကြီး ညှော်သည် လားလို့ ထင်ပြီး ဆင်းလာတယ် ... "

www.burmeseclassic.com



"အေးဟ … ယောကျ်ားလေးပဲ ဦးတို့က မိန်းကလေး ဆိုနေတာ မှတ်လို့ပါကွာ … ကောင်းလိုက်တဲ့ အသံကလေး လင်ပျောက်ကိုတဲ့ မယ်ရှာ × × × ရွှေသည်းရိုင်က နာ × × × လို့ဆိုတာ မင်းမဟုတ်လား? … 'လို့ ဝိုင်းမေးကြတယ်။ ဒီတုန်းက ငါ့မျက်နှာမှာ ချွေးတွေ၊ မန်ကျည်းရွက်တွေနဲ့ ပေပွနေတယ်။ ခေါင်းညိတ်ပြလိုက်တာနဲ့ ငါ့လက်ကိုဆွဲပြီး အဖေဆီ လာတောင်းကြတယ် … "

"လူဝကြီးက … ကျောက်မြောင်းမြို့က ရုပ်စုံဆရာကြီး ဦးဘဆောင်းတဲ့ … အိမ်ပေါ်ရောက်တော့ အနှဖေမိတ်ဆွေ ဖြစ်နေကြ တယ် … အစ်ကို့ကို သက်မဲ့ပစ္စည်းတောင်းသလို တောင်းကြတော့တာပဲကွာ … သူတို့ကလည်း မိထွေးကြီး ဒေသ ယောတက်ခေါ်သွားပြီး ဆေးပညာသင်ပေးမလို့ တဲ့… မိထွေးကြီးအဖေက မကျန်းမာလို့ အဖေတို့ကလည်း ယောသွားမဲ့ဆဲဆဲပဲလေ … နောက်ဆုံးတော့ အဖေက သဘောတူတယ်။ 'ကိုဆောင်းရာ … မင်းရင်ကဖြစ်တဲ့ သားလို သဘောထားပေးပါကွာ' တဲ့ … 'မင်းခေါ်သွားပြီး ဖောင်တော်ဦးဘုရားပွဲချိန်ကျရင် ငါ့သားကို ဒီအိမ်ကလေး ပြန်ပို့ပေးပါကွာ' တဲ့ … "

"ဦးဘဆောင်းကလည်း လူမှုရေးအလွန် နားလည်ပါတယ်… အဘကို ငွေသုံးရာထုတ်ပေးတယ် … သဘောက ငါ့ကို ဝယ်သွားတဲ့သဘောလည်းပါမယ် … ပါးစပ်ကတော့ သားသမီးချင်း စာနာပြီး မပြောဘူးပေါ့ဟာ … အဖေ



ကလည်း အဲဒီငွေသုံးရာ ငါ့ကိုပေးတယ် … ကလေး အားငယ်နေမှာစိုးလို့ဆိုပြီး ငါ့ကို သိမ်းထားစေပြီး ကျောက်မြောင်းထည့်လိုက်တာပါပဲ … အဖေကလည်း အိမ်ကလေးကို ဂေါပကကိုအပ် … အရုပ်ကိုအပ်ပြီး ယောလိုက်သွားလိုက်တာ တစ်ခါတည်း မပေါ်လာတော့ပါဘူးကွယ် … "

ဝေသာန်ပြောသမျှ ပုမလေးသည် ပါးစပ်အဟောင်းသားနှင့် နားထောင်နေစဉ် …

"ဟော့ … ဝေသာန် … ဝေသာန် ရင်တား(ရုပ်သေး အရုပ်ကလေးများနောက်မှ ပိတ်ဖြူစကိုခေါ်သည်။) အခေါ် ရောက်လာတော့ … ဒါပြီးရင် မင်းသမီးပဲ … "

ကိုစောက ဆွဲခေါ်သွားမှပင် ပုမလေး အသက်ဝင်လာရတော့သည်။

မဒီအဖို့ ငယ်စဉ်ကပင်စ၍ ဝေသာန်ကို ကရုဏာချစ်၊ အထင်ကြီးချစ်၊ သနားချစ်တို့နှင့် သူ့အသဲနှစ်လုံးများ၌ အရင်းတည်၍ အစိုင်အခဲဖြစ်ခဲ့ရသူမဟုတ်ပါလား … ။

ယခု မန္တလေးသွားရတော့မည်ဆိုတော့ လွမ်းလိုက်ပုံများ မျက်ရည်များ တာကျိုးမတတ်ပါပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကျော်ရေ .... ကိုကျော် ကျွန်မတို့ ရောက်ပြီ .... မဒီ့ အဲလေ ကျွန်မ တူမလေး ခွေးပုမလည်း ပါတယ် .... "

သူက ယယ်နာမည်ပဲ ကြားဖူးတာလေ။ ဂေါ်ဝိန်ဆိပ်ကမ်းမှ မြင်းရထားလုံးလေးနှင့် ရောက်လာသည်နှင့် ဒေါ်စန္ဒာသည် သူ့ခင်ပွန်းကို ဝမ်းသာအားရ အော်ပြောနေတော့သည်။ အချိန်မှာ ညနေ သုံးနာရီခွဲကျော်ပြီဖြစ်၍ မန္တလေး (မိုးကြီး)ကြောင့် တချို့ အနွေးထည်ဝတ်ဆင်ကြပြီ။

ယခုလည်း ဦးကျော်မြင့်သည် ဘလေဇာကုတ်အင်္ကျီတွင် မာဖလာအကွက်နှင့် လည်ပင်းကို သပ်ရပ်စွာပတ်ပြီး ဘိုကေကို (ကော့စမတစ်)များကို လူးထား၍ တောင့်ဖြောင့်နေသည်။ အင်္ဂတေကြမ်းတိုက်ကလေးအောက်ထပ်မှ ဦးကျော်မြင့် လှမ်းကြည့်လိုက်သည်။

ခရီးပမ်းနွမ်းလာသည့်ကြားကပင် နှင်းဆီပွင့်ကလေး ပမာ လှပလန်းဆန်းနေသော မဒီ့ကို တွေ့လိုက်သည်။ ခွေးပုမ တဲ့



သူ မစန္ဒာနှင့် မင်္ဂလာဆောင်ပြီးစ ပခုက္ကူအိမ်တွင် ရှင်မြီးကလေးနှင့် ခပ်ဖြူဖြူကောင်မလေးသည် ခုတော့ မဒီ့တဲ့။ သူသည် ရုတ်တရက် ရုပ်ပျက်ဆင်းပျက်ဖြစ်သွား၍ သိက္ခာရှိသော ဦးလေးပုံပန်းဟန်ကို ပြန်၍ ဆည်လိုက်ပါတော့သည်။

"ကိုကျော် .... ကျွန်မတူမလေးက ခွေးပုမ မဟုတ်တော့ဘူးရှင့် .... မဒီ့တဲ့ .... အကသင်ပေးမယ်လေ .... စန္ဒာမိုးမင်းသမီးကြီး' မလုပ်နိုင်ခဲ့သမျှ ကျွန်မတူမလေးကိုပွဲထုတ်မယ် .... ကိုကျော် အစ်ကိုကြီးနာမည် ထည့်လိုက်မယ်လေ စိန်မဒီ့တဲ့ .... အဟဲ .... အဟဲ မကောင်းဘူးလား .... ကိုကျော် .... "

ရွှေလက်ကောက်ကလေး တခါခါနှင့် မဒီ့လက်ကို မြှောက်ပြရင်း အားရပါးရ ပြောလိုက်ပါတော့သတည်း။

*****

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုဝေသာန် ....

မဒ္ဒီ စာရေးလိုက်ပါတယ်။ အခု အစ်ကိုဝေသာန် ဒီစာဖတ်နေတဲ့အချိန်မှာ မဒ္ဒီတစ်ယောက် အငြိမ့်မင်းသမီးဖြစ်ဖို့ ပါတစ်ကမ်းတောင် မလိုတော့ပါဘူး။ ဒေါ်လေးမဒါဟာ မင်းသမီး ကောင်းကြီးပဲ၊ မဒ္ဒီကို သူတစ်ယောက်တည်း သင်တာပါ။ လူရွှင်တော်ကြီး နှစ်ယောက်ရယ်၊ ပတ္တလား၊ စုံတုံကလေးနဲ့ နေ့တိုင်း နေ့လယ် နှစ်နာရီဆိုရင် လေ့ကျင့်ရပါတယ် (အငြိမ့်)ဆိုတာ ကုန်းဘောင်ခေတ်က ဘုရင်နဲ့ မိဖုရားရှေ့မှာ ပတ်ပျိုးယိုးဒယားသီချင်းကြီးတွေ ကောင်းနိုးရာရာတွေကို ထိုင်ပြီး ငြိမ့်ငြိမ့်ညောင်းညောင်း ဆိုပြရတဲ့ (ထိုင်ဆို အငြိမ့်)က၊ ခုတော့ တစ်ပင်တိုင် ကပြရတဲ့ အငြိမ့်ပွဲဖြစ် လာတယ်တဲ့ အစ်ကိုရဲ့၊ ဒါပေမဲ့ လူပြက်ကြီး ဦးမိုးသီးက ပြောတာကျတော့ ဒေါ်လေးမဒါသင်တဲ့ ကကွက်တွေထက် ဓာတ်သဘင် မင်းသမီး အကပုံစံရောက်နေတယ်ဆိုတာနဲ့ သူခများ အငြိမ့်ပုံစံကို ပြန်ပြီးသွင်းနေရတယ်။ အမှန်တော့ သူကလည်း ဓာတ်မင်းသမီးကြီးကိုး



ဒေါ်လေးက မဒ္ဒီရဲ့အကထက် အဆိုကို ပိုကြိုက်တယ်တဲ့။ ဪ... ဒီအိမ်မှာ ဒေါ်လေးခင်ပွန်း ဦးကျော်မြင့်ဆိုတာကတော့ ဈေးကောက်လုပ်တယ်။ မဒ္ဒီကိုလည်း ဂရုစိုက်ပါတယ်။ မဒ္ဒီက ယောကျ်ားသူစိမ်းတွေနဲ့ မနေဘူးတော့ လုံချည်ဝတ်တာ၊ လမ်းသွားတာကအစ ကျစ်ကျစ်လျစ်လျစ် ကြိုးစားနေပါတယ်။ အမေမြဆိုတဲ့ အဒေါ်ကြီးတစ်ဦးရှိတော့ ဟန်ကျပါတယ်။ မဒ္ဒီ သူနဲ့အိပ် ပါတယ်။ အဖော်ရှိတာဝမ်းသာရပါသေးတယ် အစ်ကိုရယ်။ အဖေနဲ့ အမေကို အစ်ကိုပစ်မထားပါနဲ့နော်၊ ဆံတော်ဆင်းခါနီး အစ်ကိုလာပေးသွားတဲ့ သိပ္ပာဂိုဏ်ဂျင်ဘုရားပုံတော်ရယ်၊ ယွန်းသောက်ရေခွက်ရယ်၊ ငွေတစ်ရာရယ် ဒီလောက်များတဲ့ ငွေတွေ မဒ္ဒီမယူရက်ပါဘူး။ အစ်ကိုက ပါးတယ်နော်။ လက်ဆောင်တွေနဲ့ မုန့်တွေပေးပြီး ပြန်ပြေးတယ်။ အစ်ကို့ ကို နှုတ်မဆက်ရတော့ဘူးပေါ့။

ဪ .... နေပြည်တော်ဟောင်းကြီးမှာ ပေါ်ထွန်းခဲ့တဲ့ မင်းသား၊ မင်းသမီးတွေဟာ (စိန်)ဆိုတဲ့ နာမည်ကို အထွတ်အမြတ်မှည့်ကြတယ်။ ဦးဖိုးစိန်ကြီးခေ[illegible]ဆိုတော့ ပိုကြိုက်ကြတာပေါ့။ မင်းသမီးနာမည်တွေက စိန်မိ၊ မစိန်လုံး မစိန်မာ၊ မစိန်သင်၊ မစိန်သုံ၊ မစိန်ညွန့်၊ မစိန်တု၊ မစိန်သစ်၊ မစိန်ကျော့ စတဲ့ နာမည်တွေချည်းပဲဆိုတော့ မဒ္ဒီကို စိန်မဒ္ဒီတဲ့ အစ်ကိုရယ် .... အိမ်မှာ ဆိုင်းဘုတ်တောင် တင်ထားပါပြီ။

မင်းသမီးကယ်ယော်လေး အသံကလည်း ကောင်းကြောင်း၊ လူရွှင်တော် ဦးလေးကြီးတို့က သတင်းတွေ ဖြန့်ထားတော့ ပွဲငှားတွေ

www.burmeseclassic.com

www.burmeseclassic.com



တစ္ဆဲဖွဲ့နဲ့ အလာသားပဲ အစ်ကိုရဲ့။ မဒ္ဒီလေ စင်မြင့်ပေါ်တက်ရမှာ ဝရိသတ်နဲ့ ရင်ဆိုင်ရမှာ သိပ်ကြောက်တာကို ဒေါ်လေးမဒါက သူ့အသားမည်းမည်းနဲ့ ပွဲထုတ်ခံခဲ့ရတုန်းကတောင် လောကမှာ ဝါ လောက်လှတဲ့သူ မရှိဘူးဆိုတဲ့ စိတ်ထားနဲ့ ရင်ပင့်တက်ခဲ့တဲ့ အကြောင်းအစုံ အားပေးသင်ကြားရှာပါတယ် .... အစ်ကို။

အစ်ကို မဒ္ဒီ စင်ပေါ်စတက်ရတဲ့အချိန်မှာ မကြောက် အောင် အစ်ကိုဆုတောင်းပေးပါနော်၊ အစ်ကို မမနဲ့ လက်ထပ်တော့ မလား ဟင် .... တာဝဲဖြစ်ဖြစ် အစ်ကို့ဘဝ အမြဲတစေ ရွှင်လန်းချမ်းမြေ့ ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

အမေ၊ အမေ အစ်ကိုဝေသာန်နှင့်
ပဇုဏ္ဏမြို့ကြီးတစ်မြို့လုံးကို
အစဉ်လွမ်းလျက်
မဒ္ဒီ

မဒ္ဒီသည် ကိုဝေသာန်ထံ သူ့ခံစားချက်ကလေးများ ကို ရင်ဖွင့်လိုက်ရ၍ ပေါ့ပါးသွားသည်။

ဒေါ်လေးမဒါပြောသလို ကြံဖန်ပြောရလျှင် ကိုဝေ သာန်ထံ စာရေးမိခြင်းအတွက် ကံကောင်းသည်ဟု ဆိုနိုင်ပါသည်။

ယနေ့ အိမ်ရှေ့ဧည့်ခန်းတွင် ကျောက်ဆည်မှ အငြိမ့် ငှားများ ရောက်လာကြပါသည်။ အငြိမ့်ပိုင်ရှင်ကြီးများဖြစ်ကြသော



ဦးကျော်မြင့်၊ ဒေါ်စန္ဒာတို့က မျက်နှာတွေ ဝင်းဝင်းနှင့် တောက်ပ နေကြသည်။ ကျောက်ဆည်မှ အငြိမ့်ငှားလာသူများသည် စရန်တွေ ကြိုပေးတွေ လုပ်မနေတော့ဘဲ ငွေကိုအကုန်ချေသွားကြသည်။ ဈေး ကောက် ဦးကျော်မြင့်ကား ပြားဂဏန်း၊ ပဲဂဏန်းတွေကို ကောက် သင်းကောက်သကဲ့သို့ တောင်းရခြင်း၊ အတိုးကလည်း တစ်လမှ တစ်ခါရသော်လည်း ဓနီးသည် မဒါက အကုန်သိမ်းသည် မဟုတ် ပါလား။ ငွေထုတ်ကိုကြည့်လိုက်၊ မဒ္ဒီအား ကြည့်ရင်း အဟင်း တကယ့် အဖိုးတန် ငွေခဲမလေးပါလား ဟု ကြည်နူးတုန်လှုပ် စွာ ကြည့်ရင်း ကြည်နူးပီတိဖြစ်၍ မဆုံးတော့ပေ။

"ကဲ .... တူမကြီး ဦးတို့ကတော့ သတင်းကြားတာနဲ့ မစဉ်း စားတော့ဘဲ ငွေကြေးများပင် ပေးခဲ့ပါပြီကွယ် .... တူမကြီး ကလည်း အစွမ်းကုန် ကကြပေတော့နော် ... ကျောက် ဆယ်နယ် မျှော်လင့်နေကြတယ်ကွယ့် ... "

ဟု မဒ္ဒီကို လူကြီးသူမသဖွယ် ပြောကြားနေသဖြင့် ဒေါ်လေးမဒါက စိတ်ပူနေသည်။ ဦးကျော်မြင့်ကလည်း တစ်ခုခု ဝင်ပြောရန် ပါးစပ်ကြီးဟ၍ ပြင်နေစဉ် ....

မဒ္ဒီက ဣန္ဒြေနှင့် မျက်နှာကို မော့မော့လှလှကလေး ထားရင်း ....

"စိတ်ချပါ .... ဦးရဲ့ စိန်မဒ္ဒီတဲ့ မြန်မာပြည်မှာ ခုမှ ပေါ်လာ ပေမဲ့ အကက ဆရာမဒေါ်စန္ဒာမိုး အသံဆရာက ဆရာ ဝေသာန် စိန်မဒ္ဒီတို့ ကပြန် ဆိုပြန်တွေ မတန်ဘူး ပြန်

www.burmeseclassic.com

www.burmeseclassic.com



လျော့လိုက်ပါမယ်ရှင့် .... ”

မဒီသည် မဒါမှတ်မောင်းနှင့် ပြောပုံကို အတုခိုးရင်း ပြောလိုက်သဖြင့် ငွေထုပ်ကို ဆုပ်ကိုင်ထားသော ဦးကျော်မြင့်တွန့်သွားရသည်။ မစန္ဒာကလည်း တစ်ခုခု ဝင်ပြောမည်ပြုစဉ် ....

အငြိမ့်ဂုဏ်းသူက တဟား .... ဟားရယ်ရင်း ....

“အောင်မယ်လေး .... မဒီကတော့ နာမည်ကျော် မင်းသမီးကြီးဟန်အပြည့်နဲ့ပါပဲဗျာ .... ပြန်လျော့ဖို့လည်း မစဉ်းစားပါဘူးဗျာ .... ကဲ .... ကဲ စိတ်ချနေမယ်နော် .... လဆန်း (၁၄)ရက်နေ့ မနက်ရှစ်နာရီလောက် အကြိုကား ရောက်ပါလိမ့်မယ် .... အဆင်သင့်သာ စောင့်နေကြပေတော့ ဦးကျော်မြင့်လည်း လိုက်ခဲ့နော် .... ”

“အာ .... ကျုပ်တူမကို အားပေးဖို့ လိုက်ရမှာပေါ့ဗျာ”

ဦးကျော်မြင့်က မဏ္ဍပ်တိုင် တက်လိုက်သော လေသံနှင့် ပြောလိုက်ပါတော့သတည်း။

❀❀❀❀❀



“ဟောဒီမှာဟေ့ စာတစ်စောင် အောက်က (ဝေသန်)တဲ့ ရော့ .... ရော့ .... အဟဲ ငါ့တူမလည်း စင်ပေါ်မတက်ရသေးဘူး မိတ်ဖွဲ့စာတွေက လာနေပြီလားကွဲ့ .... ”

ဦးကျော်မြင့်က ရယ်ရယ်မောမောပြောလိုက်သော်လည်း စကားက မခံချင်စရာ ....

“အစ်ကို ဝေသန်ဆိုတာ ဒေါ်လေးမဒါက အကဆရာ ဖြစ်သလို .... ကိုဝေသန်ကလည်း ကျွန်မရဲ့အဆိုဆရာဆိုလည်း မမှားပါဘူး ဦးလေး .... ”

“ဟေ .... ဟုတ်လား .... ဒါကြောင့် တစ်နေ့က (မြိုင်ယ)ကလေး ဆိုလိုက်တာ လူပြတ်ကြီးနှစ်ယောက်တောင် အံ့သြသွားကြတာကွဲ့ .... ကဲ .... ကဲ .... စာဖတ်ပါဦး ”

မဒီက စာကလေးကို အမြန်ဖွင့်ဖတ်ကြည့်သည်။

မဒ္ဒီရေ ....

စာလေးရပါတယ်ကွယ်။ မဒ္ဒီ မင်းသမီးဖြစ်ဖို့ ကြိုးပမ်းနေတာတွေ ဖတ်ရတော့ အစ်ကို ဝမ်းသာမိတာကတော့ အမှန်ပါပဲကွယ်။ မဒ္ဒီရဲ့ အခေါ်ကလည်း တကယ့် အကပညာရှင်ဆိုတော့ ဟန်ကျတာပေါ့ကွယ်။ မန္တလေးမြို့ကြီးမှာသာသနာရေးမှာ မြင့်မားသလို သုခုမအနုပညာဘက်မှာလည်း မန္တလေးရွှေမန်းဆိုရင် ဘယ်သူမှ ချဉ်းကပ်ယှဉ်ပြိုင်ခြင်း မရှိပါဘူးကွယ်။ ပထမပွဲအတွက် အစ်ကိုအကြံပေးမယ်နော်။ အငြိမ့်မင်း သမီးဆိုတာ ကြောက်စိတ်၊ လန့်စိတ် လုံးဝမထားရဘူးကွဲ၊ စင်မြင့်ပေါ် စမတက်ခင် ဆရာသမား၊ လူပြက်ကြီးများ၊ ဆိုင်းဆရာများနဲ့ ကိုယ်စောင့် နတ်တွေကို မေတ္တာပို့ရမယ်။ ပြီးတော့ ပရိတ်သတ်ရဲ့ ကိုယ်စောင့်နတ်တွေကို မေတ္တာပို့ရမယ်။ အဲဒီလိုမေတ္တာ ပို့ပြီးတာနဲ့ စင်ပေါ်တက်တာနဲ့ ကိုယ့်ကိုယ်ကိုဆရာမကြီးပုံစံနဲ့ ကလေးတွေ စာသင်ပေးမဲ့ဟန်၊ ထျာန် အပြည့်နဲ့တက်သွားရမယ်။ ကြောက်ဖို့ လန့်ဖို့မပြောနဲ့ အဖက်ဖက်က ကျွမ်းကျင်တဲ့ ပညာရှင် တစ်ယောက်အနေနဲ့ တက်သွားရမယ်။ မျက်နှာပေး ရွှင်လန်းရမယ်။ ဟာသကလည်း ဖွတ်နိုင်ရမယ်။ အရေးကြီးဆုံးကတော့ ပရိသတ်နဲ့ ရင်းနှီးကျွမ်းဝင်နေရမယ်။

ခု စင်ပေါ် စ,တက်တက်ချင်း အောင်မြင်ရမယ် ....

ဒါတွေကို မှတ်ထားနော် ဇဒ္ဒီ ....

အစ်ကိုဝေသာန်



သူ မနက်ဖြန် ကျောက်ဆည်၊ ရွှေသာလျောင်းဘုရားပွဲမသွားခင် ကပ်ရောက်လာသော စာလေးသည် သူ့အငြိမ့်လုပ်ငန်းခွင်အတွက် တန်ဖိုးကြီးလှပါတော့သည်။

သို့သော် အစ်ကိုဝေသာန်၏ စာဆုံးပုံက ဖွဲ့.ဖွဲ့.နွဲ့.နွဲ့. ရင်းရင်းနှီးနှီး မရှိလေခြင်း၊ အရေးထဲ မဒ္ဒီတို့က ဝမ်းနည်းလိုက်ရသေးသည်။

သို့သော် .... မနက်ဖြန် ပွဲဦးထွက်တွင် ကိုဝေသာန် အဆုံးအမများကို ရင်ခွင်ပိုက်မှတ်သားရမှာပါလားဟု သဘောပေါက်၍ သွားရပါတော့သည်။

www.burmeseclassic.com



နောက်တစ်နေ့တွင် အကြိုလာသော ဖို့ဒ်ကားလေးနှင့် သူတို့သုံးယောက်ပါလာကြသည်။ လှုပြက်ကြီးလေးယောက်က ပစ္စည်းသော ကားနှင့် မနေ့ညကတည်းက ရောက်နေကြလေပြီ။

တစ်လမ်းလုံး စိမ်းလန်းစိုပြေလှသော စဥ့်ကိုင်းနယ်အလှက ဖမ်းစားတုပ်နှောင်ထားသည်။ တောင်လွှဲတောင်၊ ဦးဒိန်မန္တတောင် အလှတွေကလည်း စာဖွဲ့လောက်ပါ၏။

သို့သော် ညဥ့်ပွဲအတွက် သုံးယောက်စလုံး ပူပန်နေကြသည်။ သို့သော် ပူဝန်ပုံခြင်းကဖြင့် မတူကြပါ။

ဦးကျော်မြင့် ပူပုံကမူ ....

"အင်း မအောင်မြင်ရင် ဒုက္ခ .... အောင်မြင်ရင်တော့ ဒီကောင်မလေးဟာ (ငွေခဲ)ပဲ .... "

ဟူ၍ပင် ....

ဒေါ်စန္ဒာပူပုံတော့ မဒွီကို သူတစ်ယောက်တည်း သင်ကြား၍ ပွဲထုတ်ထားသည်။ မဒွီအောင်မြင်ရင်တော့ ရွှေမန်းတစ်



ခွင် နာမည်ချိုလိုက်မည်ဖြစ်ခြင်း ဟူ၍ပါ။

မဒါကမူ ဒရိုင်ဘာကြီး ကားလေးရှေ့ရှူ၍ ဆင်းအထည့်တွင် ....

"မဒွီ ငါ .... ဟိုလူကြီးရှေ့ ဘာစကားမှ မပြောချင်လို့ ငြိမ်နေရတာ သိရဲ့လား .... ပရိသတ်ဆိုတာလေ .... အလွန်ကြောက်စရာကောင်းတယ် .... နောက်ပွဲတွေကျတော့ ဘီးဆံထိုးမှမျက် ကျွမ်းပစ်(က)ပါမယ်ရှင်လို့ ရှိခိုးတောင်းပန်လို့ရတာ မဟုတ်ဘူးနော် .... ဒါပဲ .... ဒါပဲ .... "

ဟူ၍ ပွဲဝင်အကြိမ်းနှင့် ခပ်ကြမ်းကြမ်းကလေး ပတ်ကြမ်းတိုက် သတိပေးလိုက်ပါတော့၏။

မဒွီမျက်လုံးကလေး ဝိုင်းသွားရှာသည်။ ကားပေါ်မှ လှမ်းမြင်နေရသော အငြိမ့်စင်တွင် ရွှေရောင်စာလုံးများ ထင်ရှားစွာဖြင့် ....

**'မန္တလာ စိန်မဒွီအငြိမ့်'**

ဟူ၍ ထင်းနေအောင် ဖတ်ရှုလိုက်ရပါတော့သတည်း။

**'မန္တလာ စိန်မဒွီအငြိမ့်'**

ဆိုပါလား။ အစ်ကိုငေ သန်ဆိုရင် ဘာပြောမလဲ ကြိုက်ပါ့မလား။

"ဟား .... မဒွီကြည့်စမ်း .... ရောမ (နဖူးစည်း)ကြီးနဲ့ငြိ ပြင်ထားတာဟော့ .... ဝမ်းသာစရာကြီးပဲ .... "

www.burmeseclassic.com



မဒ္ဒီရင်တွေ တဒိုန်းဒုန်း ခုန်နေသည်။ အဘယ်ကြောင့်ဆိုသော် ဖို့ဒ်ကားလေး ဖြတ်လာသော ပွဲခင်းတွင် ထင်းပြားကြီးတွေ၊ နံကလေးတွေနှင့် နေရာဦးထားလိုက်ကြသည်မှာ ကွင်းပြင်အနှံ့ပါလား။

"အဲ .... ဒါ မြစ်သားတို့ ကူမဲတို့ကတောင် နေရာလာဦးထားကြတာ .... ဖျာမရောင်းဘူးလားတဲ့ ဓာတ်မှမဟုတ်တော့လည်း .... ဖျာ ဘယ်လိုရောင်းမလဲဗျာ .... "

ကားဆရာကြီးက ဖြူဖြူဥဥကလေး ချစ်စရာကောင်းလှသော မင်းသမီးလေး မဒ္ဒီကိုကြည့်၍ ဝမ်းသာအယ်လဲသံကြီးနှင့် ပြောလိုက်ပါတော့သတည်း။

*****



ဒေါ်လေးမဒါက မဒ္ဒီကိုအလှဆုံး ဖြီးလိမ်းပြင်ဆင်ပေးသည်။ ပထမဦးဆုံးပွဲခွင်အတွက် ပန်းဆီသွေးချိတ်တွင် ဘော်ကြယ်များလိုက်ထား၍ မျက်စိကျိန်းမထက်ပါပင်။

"ဟော့ဒီ မဋ္ဌူရောင်က အင်မတန် အသားရွှေးတယ်ကွဲ့ .... ဟော .... ငါ့တူမနဲ့ကျတော့ အံလွှန်လိုက်ပါပဲကွယ် .... အောက်လင်း ဓာတ်မီးရောင်တွေနဲ့သာဆိုရင် ဘယ်လောက်လှလိုက်မလဲကွယ် .... "

"အဲလေ .... လှဖို့ထက် ကောင်းဖို့က အဓိကကွဲ့ .... "

ထိုနေ့ညက ညနေငါးနာရီကပင် ပရိသတ်များ ကွင်းလုံးပြည့် ရောက်နေရပေသည်။

"ဟင် ဒေါ်လေး .... "

မဒ္ဒီသည် ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားများကို မျက်လုံးမှိတ်၍ ရိုရိုကျိုးကျိုးကန်တော့အပြီးတွင် မျက်လုံး

www.burmeseclassic.com

www.burmeseclassic.com



ဖွင့်လိုက်စဉ် ဦးဖွဟု မန်းမှုတ်လိုက်သည်နှယ် ဒေါ်လေးမဒါသည် မင်းသမီးအဝတ်အစားနှင့် ဖြစ်နေလေပြီတည်း။

"အေးလေ .... ဦးလေးဆယ်နဲ့ လက်ထောက်မင်းသမီး (မာမာစိန်)ကို ခေါ်လာခဲ့ဖို့ ပြောပြီးသားလေ .... မျက်စိနာနေလို့တဲ့ မျက်လုံးကို ဖွင့်လို့မရလို့ ပါမလာဘူးတဲ့ .... ဒေါ်လေးပဲ လက်ထောက်ဝင်လုပ်လိုက်တော့မယ် .... "

"အမယ်လေး ဒေါ်လေးမဒါရယ် .... ကန်တော့ ကန်တော့ရှင် .... ဒေါ်လေးက မဒွီလက်ထောက်လုပ် ထွက်ရမယ်.... ဘုရား ဘုရား ငရဲတွေကြီးကုန်တော့မှာပါပဲ .... "

မဒွီက ပျာပျာသလဲ ဖြစ်သွားရသည်။

"ဒီမှာ ကိစ္စအဝဝ ခွင့်လွှတ်ပြီးသား .... တစ်နေ့က ဦးဆယ်ကြီးကို ကြည့်ရတာ ငါမသက်သာဘူး .... ဒါကြောင့် (ထိုင်မသိမ်း)တစ်စုံ ထည့်လာမိလို့ တော်သေးတာပေါ့ကွယ် .... အသာနေ လက်ထောက်မင်းသမီးအနေနဲ့ ပွဲ(ဆွဲ)ထားမယ် ငါ့တူမကသာ ချာန်သွင်းပြီး လိုမ့်ဝင်ခဲ့တော့ .... "

"တောက် .... ဒါ ပွဲဦးထွက်မှာ အဖျက်အမှောက်ပဲ .... ကိုဆယ်က ငါ့တူမကို အောင်မြင်မဲ့ပွဲဆိုတာ သိတယ်နော့ မနာလိုလို့ သိရဲ့လား .... "

ရွှေကူမစန္ဒာသည် စကားပြောရင်းကပင် မေသက်ဘရားသား ပန်းနွယ်ကြီးကို ဘေးကပ်ပန်ဆင်လိုက်ပါတော့၏။

ရှေ့ဆုံးအတန်းဘေးကျကျတွင် အကျအနနေရာယူ



ထားသော ဦးကျော်မြင့်ပါ။ ပရိသတ်ကို ကျောပေးထိုင်ရင်း မဂ်လာခွန်းဆက် တစ်ပုဒ်ကို ဟစ်ဆွဲလိုက်သောအသံကြောင့် မျက်လုံးစဉ်းထားသော သူ့ကို ကိုင်လှုပ်လိုက်သကဲ့သို့ ဖြစ်သွားရပါတော့၏။

"ဟော ဟိုက × × × ရွှေသာလျှောင်း × × × တောင်စောင်းကျားတွေ × × × ကြောင်တွေအောင်း × × × ယခုတော့ဖြင့် × × × ရှုခင်းအဖုံဖုံပြောင်း × × × တောင်စောင်းတာနိဘုရားအထိုတို × × × ကြည်ညိုစရာကောင်း × × လှပါသနော် × × × ပွဲတော့ × × × နွဲပျော်ပျော် × × × နှစ်စဉ်ကျင်းပမန္တလာ စိန်မဒွီ × × × တူဝရီးတို့ က,တဲ့ ညဥ့် .... "

မဒါ၏အသံသည် အငြိမ့်စင်မှတစ်ဆင့် ကျောက်ဆည်ရှိ တောင်တန်းတခိုဆီသို့ လွင့်တက်သွားရပါတော့၏။

စောစောက ငိုက်မြည်းနေသော ဦးကျော်မြင့် မျက်လုံးပြူးကျယ်သွားရသည်။ ယခုမှပင် လက်ထောက်ရောက်မလာကြောင့် သဘောပေါက်ရသည်။ သူ့မိန်းမ စန္ဒာသည် အလွန်ဝါသနာကြီးရှာသည်။ ဇာတ်ကြီးတွေထဲတွင် မင်းသမီးကြီးလုပ်ခဲ့တာပဲ။ နောက်တော့ ကျန်းမာရေးကြောင့် သူနှင့်အိမ်ထောင်ကျပြီးကတည်းက ကျောနိုင်းလိုက်သည်။ သို့သော် ဝါသနာကြီးလွန်းလှ၍ ဆိုင်းသံကြားတိုင်း ခြေလက်လှုပ်လာသူ မဟုတ်ပါလား။ ယခုတော့ တူမလေး မဒွီကို စိတ်တို ကျသ၍ ပွဲထုတ်နိုင်ခဲ့ရုံမက ဆုံချင်တော့လည်း မင်းသမီးလက်ထောက်ရောက်မလာ၍ မဒါ စင်ပေါ်ရောက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



လူပြက်တွေနှင့် အချီအချပြောလည်း ပြောတတ်လှ၍ ပရိသတ် တအုန်းအုန်းဖြစ်နေရသည်။ သူ့ပညာတွေ အကုန်ပြ လိုက်ချင်သော်လည်း ပွဲဦးထွက် တူမလေး မဒ္ဒီကို ညှာရသေးသည်။ ထို့ကြောင့်လည်း ဟာသတွေပြောရင်းက ခုနစ်တွေကဲ၍ က,ကွက် ပေါင်းများစွာ ပြောင်း၍ ဥပမာ ဘီလူးက,ဆိုလျှင် က,ကွက်ပေါင်း များစွာ၊ မျောက် က,ဆိုလျှင် ဂွာလေးတွေ လူကြီးတွေ အူနှိပ်နေရ သော က,ကွက်များစွာတို့နှင့် တင်ဆက်သွားရာ လက်ထောက်မင်း သမီး ပထမပိုင်းကဏ္ဍသည် ကြိုတင်၍ တိုက်ထားသည်ထက်ပင် မြှင့်သွားရပါတော့၏။

အားလုံးမျှော်လင့်နေကြသော စိန်မဒ္ဒီထွက်လာပါ ပြီ။

ပရိသတ်ကို ကျောပေးထိုင်ရင်း လက်ကလေးနှစ် ဖက်ကော့ချိနေသော က,ကွက်ဟန်ကလေးနှင့် ချိုပြီး လွင်နေသော အသံကလေးနှင့် ....

"မရိုးနိုင်နိုင် ××× ပြည်ကြီးမဏ္ဍိုင် ရွှေဆည်×××မြို့ ×× သို့ စိန် စိန် မဒ္ဒီ ××× ရောက်ခဲ့လေပြီ ××× ဩော် ××× စိန်မဒ္ဒီ ရောက်ခဲ့ပါပြီ ××× မင်္ဂလာ ××× အလီလီ ××× ဂုဏ်အင်္ဂါညီ ညီ ××× တကယ့် ခြောက်ပြစ်ကင်း သဲလဲစင် ××× (၁၆)နှစ် မကျော်သေးခင် ××× မကျော်သေးပါဘူးရှင် ×× အလှဘုရင် မလေးပါ ×× ရှင် ×× စိန်မဒ္ဒီကလေး ×× လာ ×× ပါပြီ သခင် .... "



မဒ္ဒီ၏ သခင်ဟူသော စကားလုံးဆုံးသည်နှင့် ဇာတ် ခုံနောက်နားမှ မဒ္ဒီသည် ရှေ့ဇာတ်ခုံအစသို့ ကိုယ်လေးလိမ့်ကရင်း အရုပ်ကြိုးပြတ်ပုံစံကလေးနှင့် ရောက်ရှိလာပါတော့၏။

"ဖြောင်း .... ဖြောင်း .... ဖြောင်း .... "

နောက်တစ်နေ့တွင် လျှမ်းလျှမ်းတောက် နာမည် ကြီးဖြစ်လာမည့် မန္တလာစိန်မဒ္ဒီအတွက် ပရိသတ်ထံမှ အလွန်အထင် ကြီးစွာ ပေးလိုက်ကြသော လက်ခုပ်သံများဖြစ်ပါတော့သတည်း။

ဆင်ခိုးမလေး၏ (ခရာသံဒိုးပတ် အက)ကြောင့် လည်း ဟ .... မလေး လူသာငယ် ပညာမငယ်ပါလား ဟူ၍လည်း စိန်မဒ္ဒီကို အံ့ဩခြင်း အလီလီဖြစ်ခဲ့ရပါတော့၏။

ထိုနေ့ညက အရုဏ်ပျို့လာမှပင် အငြိမ့်က ပြီးသွားရ သည်။ ပရိသတ်က ညောင်းလို့ ညောင်းမှန်းမသိ၊ ချမ်း၍လည်း ချမ်း မှန်းမသိတော့ပေ။ ကန့်လန့်ကာကြားမှ တစ်ချိန်လုံး စိုက်ကြည့်နေခဲ့ သော ဒေါ်လေးမဒါသည် သူ့တူမလေးကိုဆွဲ၍ ပါးပြင်နှစ်ဖက်ကို ဆယ်ကြိမ်မန္တးပါး တရှုံ့ရှုံ့ နမ်းလိုက်ပါတော့သည်။ လူပြက်ကြီးလေး ယောက်သည်လည်း အဝတ်ပင် မလဲနိုင်ဘဲ ....

"အမယ်လေးဗျာ (ယင်းတော် မလေး)နဲ့ (ဆင်ခိုမလေး) တို့ရဲ့ (လက်ညှိုးထိုး)အကကို တစ်မျိုးဆီခွဲပြီး ကသွားတာ ဗျို့ .... မဒါ တူမကတော့ လက်ဖျားခြေဖျား ခါပါရဲ့ဗျာ"

"ဟုတ်ပါ့ဗျာ .... ကျုပ်တို့ပြောတဲ့ ဟာသတွေကို ဟော ကလေးမက ကွက်တိ ဝင်ရောဝင်ထောက်နဲ့ တော်လိုက်တဲ့

www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးပါ ခင်ဗျား ....”

“ဟော့ .... မဒါ နင်တို့လင်မယား ဈေးကောက်မလုပ်နဲ့တော့ (မြခနောက်) နတ်ထမင်းအိုး ရသွားပြီ ....”

လူပြက်ကြီးများကပါ တစ်ယောက်တစ်မျိုး ချီးကျူးမဆုံးဖြစ်နေကြစဉ် ဦးကျော်မြင့်တစ်ယောက် ဘန်ကောက်ပုဆိုး တရွှမ်းရွှမ်းနှင့် စင်မြင့်နောက်ဘက် ရောက်လာပြီး သူ့တူမကို အနီးကပ် လေးလေးနက်နက်ကြီး ကြည့်လိုက်ရင်း ....

“မဒါ.... မင်းတူမက တကယ့်မင်းသမီးကြီး ပုံစံပါလားကွာ”

“ဟွန်း အကဆရာမကလည်း ခေသူမဟုတ်တာရှင် ....”

ဟု ပိုလိုခဲ၍ ပြောလိုက်သဖြင့် ....

“ဒါတော့ ဟုတ်တယ် ကိုကျော်မြင့် .... ဆရာကောင်း တပည့်လို့ ဆိုရိုးရှိတယ် မဟုတ်လားဗျာ ....”

“ကဲပါရှင် .... တူမလေးနဲ့ ကဲစပ်တဲ့ ဆရာတို့လည်း နောက်လည်း သုံးဖြစ်မှာပါ .... ကိုဆည် ရှင်လက်ထောက်ခေါ်မလာတာ ကျွန်မ ထီပေါက်ပြီပေါ့ရှင် ....”

ဟူ၍ စကားအထာကြီးနှင့် ပြောလိုက်ပါတော့သတည်း။

❋❋❋❋❋





မန္တလာစိန်မဒ္ဒီကား အောင်မြင်မှုနှန်း အံ့သြလောက်စရာပါပင်။ သီတင်းပတ်မကျတ်သေးပါ။ ပွဲပေါင်းစုံက ဆိုလိုအပေါက်ရှာကာ ငှားလိုက်ကြပုံများ မနားရတော့ပါပေ။

ဈေးကောက်ကြီး ကိုကျော်မြင့် ချည်ပုဆိုးမဝတ်တော့ချေ။ အိမ်နေရင်း တစ်ပတ်နွမ်း ဘန်ကောက်ပုဆိုး၊ ရေသူမခေါင်းလိမ်းဆီ အရွဲသားနှင့် ပိုလိုခဲ၍ သားသားနားနား ပွဲလက်ခံလျက် ရှိပါတော့သတည်း။

မန္တလာစိန်မဒ္ဒီကား .... သွေးတိုင်းထွက် အရောင်တလက်လက်နှင့်ပါ။

❋❋❋❋❋

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် ဒေါ်လေးမစန္ဒာနှင့် မဒွိတို့ ပွဲခွင်အသစ်များအတွက် (ထိုင်မသိမ်း) ဝတ်စုံသစ်များ သွားအပ်ရာကအပြန်တွင် အိမ်၌ ပခုက္ကူမှ ဧည့်သည်ရောက်နေသည်။ မင်းသားအဆို ကိုစောပါ။ ကိုစောသည် နာမည်ရ အငြိမ့်မင်းသမီးကြီးဖြစ်နေသော မဒွိ၏ တစ်သွေးတစ်မွေးဖြစ်နေပုံကို ပါးစပ်အဟောင်းသားဖြစ်နေရတော့သည်။

"အစ်ကိုစော .... မဒွိဝမ်းသာလိုက်တာ .... ဟိုမှာ ဟိုမှာ အားလုံးနေကောင်းကြတယ်နော် .... အဖေတို့ အမေတို့ အစ်ကိုဝေသာန်တို့ပေါ့ .... "

"နေကောင်းပါတယ်ဟာ .... ဦးလေးသေစင်းကြီးက သူ့သမီးအောင်မြင်နေတာ သိပ်ဂုဏ်ယူနေတာပါဟာ .... ပြီးတော့လေ နင်ပို့ပေးလိုက်တဲ့ ကြော်ငြာစာရွက်ကြီးလည်း အိမ်ရှေ့မှာ အလှချိတ်ထားတာ ခင်ဗျာ့ ပြီးတော့ နင်က ငွေတွေလည်း ပို့တယ်ဆို .... "



ကိုစောသည် စကားတွေ မရပ်မနားတော့ ပြောနေသည်။ သို့သော် သူကြားချင်သော ကိုဝေသာန် နာမည်လုံးဝမပါလာချေ။

မဒွိသည် တွေးရင်းက မျက်ရည်များလည်လာရသည်။

"သိပါတယ် .... အစ်ကိုစောကြီး လာပြောတာ အစ်ကိုဝေသာန် မမနုနဲ့ လက်ထပ်လိုက်ပြီ မဟုတ်လားဟင် .... လို့"

သူက မမျိုသိပ်နိုင်၍ ထုတ်မေးရင်း ငိုသံလည်း ပါသွားရသည်။

ကိုစောက အကဲခတ်၍ ဟတ်ခနဲ ရယ်လိုက်သည်။ ပြီးတော့ ....

"မင်္ဂလာဆောင်ကတော့ ကြီးကျယ်သလားမပြောနဲ့ ပခုက္ကူမှာ ဒီပွဲမျိုး မကြုံဘူးအောင်ပါပဲဟာ .... "

"ဟွန်း .... "

မဒွိသည် မျက်နှာငယ်ပစ်လိုက်ရင်းက ဟန်မလုပ်နိုင်ဘဲ မျက်ရည်များ တုတ်တုတ်ကျလာရပါတော့၏။

ဒေါ်လေးမဒါက လက်ဖက်သုပ်နှင့် ကော်ဖီယူလာရင်း မြင်သွားရ၍ သူတို့၏ ငွေခဲကလေး မျက်ရည်လည်ရွဲဖြစ်နေရ၍

"အို ငါ့တူမလေးက ဘာကြောင့် ငိုရတာလဲ .... ညကလည်း ပွဲက,ထားလို့ ပင်ပန်းရတဲ့အထဲ .... ရှင်က ဘာများပြောလိုက်လို့လဲ ကိုစောရဲ့ .... "

www.burmeseclassic.com

www.burmeseclassic.com



ကိုစောက မျက်လုံးပုံတ်ခတ်ခတ် ဖြစ်သွားရာက "ဦးလေးသောင်းတို့ အရိုးချောတို့ကို လွမ်းလို့တဲ့ဗျာ .... ငိုလိုက်ပလေလေ .... "

"ဩော် .... မိဘတော့ မလွမ်းနဲ့လို့ အဒေါ်မပြောချင်ပါဘူး ကွယ် .... ဒါပေမဲ့ ဒီမှာ တူမလေးက အောင်မြင်နေတာပဲ ဘာမှ ဝမ်းနည်းမနေနဲ့ .... ကဲ .... ဒေါ်လေး ဟင်းတစ်ခွက် လောက် ထပ်ချက်လိုက်ဦးမယ် .... ကိုစောလည်း တစ်ခါ တည်း စားသွားနော် .... "

ပြောပြောဆိုဆိုဖြင့် ဒေါ်လေးမဒါ မီးဖိုထဲသို့ ဝင်သွားသည်။

ထိုအ[illegible]မှ ကိုစောက ....

"နင်ကလည်း ဝေသန်နဲ့များ ပတ်သက်လာရင် တယ်မျက် ရည်လွယ်တာကိုး .... မငိုနဲ့ဗျာ .... မငိုနဲ့ .... ဝေသန်နဲ့ မမြနု မယူဖြစ်ကြတော့ပါဘူးဟာ .... "

"ဟင် .... ဒါနဲ့ မင်္ဂလာဆောင်က ကြီးကျယ်တယ်ဆိုတာ ဘာပြောတာလဲ .... အစ်ကိုစောရဲ့ .... "

"မမြနုက ဝေသန်ကို မခံချင်လို့ ဘိလပ်ပြန် ဝတ်လုံတဲ့ဗျူး သူတို့နဲ့ သားချင်းတော်သတဲ့ .... မင်္ဂလာဆောင်တာ ကြီး ကျယ်တယ်လို့ ငါက အားရပါးရ ပြောရတာ မခံချင်လွန်းလို့ ပါဟာ .... ဟို ဟို မာဒင် .... "

"ဟင် .... မာဒင်ဟုတ်လား .... "



"အင်းလေ .... မမြနုဟာ သူက အဆင့်မြင့်သူ ဖြစ်ပါလျက်နဲ့ ဝေသန်ကို မာဒင်တုံးနဲ့ မိန်းမတန်မဲ့ လိုက်ကြိုက်ရတာကို ကြ[illegible]ချေတာပေါ့ဟာ .... မင်းမသိးမရလို့ မာဒင်က အိမ် ရှေ[illegible]ထဘဲ ခွဲကောင်းကောင်းနဲ့ ပိုးတဲ့စာတ်လမ်းပေါ့ ဟာ .... "

"ဝေသန် မဆိုးပါဘူး .... သူတို့စိတ်ကြိုက်ကို ဇာတ်ခင်း ပေးလိုက်ပါတယ် .... သူနဲ့ ပတ်သက်ပြီး မမြနု မေးငေါ့ခံခဲ့ ရတယ်လေ .... နောက်ဆုံးတစ်ခါတော့ ဘဘဦးချစ်ကပါ ဝေသန်ကို စိတ်ခုသွားသေးတယ် .... ကဲ ငါလည်း(တိုက် တော်) အထိ ပြန်ရဦးမှာ သွားတော့မယ် .... "

"အို .... ထမင်းစားသွားဦးလေ .... ကိုစောရဲ့"

ဒေါ်လေး မဒါက မီးဖိုထဲမှ လှမ်းပြောနေသည်။

"ကျေးဇူးပဲ ဒေါ်လေး .... တိုက်တော်ကျောင်းအထိ ပြန်ရ မှာ .... အရိုးချောတို့ဆီ မှာစရာရှိတာ မှာလိုက်ပါခင်ဗျာ"

"ကမန်းကတန်းနဲ့ မမှာတော့ပါဘူးကွယ် .... သူ့သမီးလည်း ဒီလောက်အောင်မြင်နေတာ .... စာတိုက်ကနေ ငွေအပို့နိုင်း ပါတယ် ကိုစောရဲ့ .... ပွဲခွင်ကတော့ ဆက်တိုက်ပဲပေါ့"

"ကောင်းပါတယ် ဒေါ်လေးရယ် .... မဒီက ကုသိုလ်ထူး ပါတယ် .... "

သူက နေရာမှ ထသည်။

မဒီက ဝိုင်းထဲမှ တံခါးနားအထိ လိုက်ပို့သည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုဝေဿန်က ဘယ်သူများ ငဲ့ပြီး မမနဲ့ကို မယူရတာလဲ. အစ်ကိုစောရယ် .... "

မဒီသည် ကရုဏာဒေါသောနှင့် ပြောလိုက်ခြင်းဖြ[illegible] သော်လည်း ငိုသံစွက်၍ သွားရပါတော့သတည်း။

✤✤✤✤✤



ကိုစောသည် မန္တလေးက ပြန်ရောက်လျှင်ရောက်ခြင်း ကိုဝေဿန့်ထံရောက်အောင် သွားမိသည်။ ဝေဿန်သည် အိမ်ရှေ့ခန်း၌ (၁၇)နှစ်၊ (၁၈)နှစ်အရွယ် ညီအစ်ကိုလေးနှစ်ယောက်ကို ကြိုးဆွဲပညာများကို အဆိုများနှင့်တကွ သင်ကြားပေးနေပေသည်။

အားတော့ နာသည်။ သဘော်ဆိပ်က တန်းလာ၍ အေးအေးဆေးဆေးလည်း မစောင့်နိုင်ဘဲ မျက်ရိပ်ပြ၍ သူ့အခန်းထဲ ဝင်ခဲ့ကြသည်။ သူ့ခုတင်နံဘေးတွင် မန္တလာစိန်မဒီ၏ ကြော်ငြာပိုစတာကို မှန်ဘောင်သွင်း၍ ချိတ်ထားသည်ကို မျက်လုံးက တန်းရောက်သွားရသည်။

"သူလေး အောင်မြင်နေတာကို ငါကြည်နူးမိတယ်ကွာ"

သူက ပိုစတာကို မေးဆတ်ပြရင်း ပြောလိုက်သည်။

"အင်း .... မင်းတို့ကတော့ စိတ်ခတ်ချင်း နီးစပ်ပါတယ်ကွာ .... ငါ မြင်းမူသွားတာ မန္တလေးလည်း ရောက်ခဲ့သေးတယ် ဝေဿန်ရ .... "

www.burmeseclassic.com

www.burmeseclassic.com



"မင်းရောက်မယ်မှန်းသိရင် မန္တီအတွက် မြေပဲဆံလေး"

"အမလေး .... ဝေသန်ရ .... လုပ်မနေနဲ့ မန္တီက သိပ် အောင်မြင်နေပြီကွ .... ငါရောက်သွားတော့ ဈေးချိုက မြန် လာတာတဲ့ .... ဝတ်စားလှပနေလိုက်တာ ဝေသန်ရာ"

ဝေသန်သည် မမြင်ရသော နေရာသို့ ရော်ရမ်းဟန် ကလေးနှင့် တွေသွားရပြီးမှ ....

"အေးပါကွာ .... ကြားရတာ ဝမ်းသာပါတယ် .... "

"ဒါနဲ့ မင်း .... မမြနဲ့နဲ့ မယူဖြစ်တဲ့အကြောင်း စာလေး ဘာ လေး မရေးဘူးလားကွာ .... "

"ဟင့်အင်း .... ရေးမနေတော့ပါဘူးကွာ .... သူ့အလုပ်တွေ အာရုံလွှင့်သွားဦးမယ် .... "

"ငါကတော့ ပြောလိုက်တယ် .... မင်း မာဒဂ်ဇာတ်နဲ့ လက် ဖွဲ့လိုက်ရတဲ့အကြောင်း .... "

"ကိုစောကလည်းဗျာ .... "

"ငါက ဘာရမလဲ သူ့ကို သူ့စိုးဖမ်းတာကွ .... မင်းအကြောင်း ကို မေးရင်း မေးရင်းက မျက်ရည်တွေ လိမ့်ဆင်းလာတာ ဟေ့ .... ဒေါ်လေးမဒေါ်မြင်သွားလို့ ဦးလေးသောင်းတို့ အ ချောတို့အကြောင်းမေးရင်း ငိုတာပါလို့ ပြောလိုက်ရတယ်"

"အဲ .... အရေးကြီးတဲ့ စကားမေ့နေတယ် .... မင်းက နကို မယူတာ ဘယ်သူ့ကို ငဲ့နေတာလဲတဲ့ .... "

"ဟင် .... သူ ဒီလိုမေးသလား .... ငါ ငါရှင်းပါမယ်



စာရေးပြီး ရှင်းပါဦးမယ် .... "

"မင်းက ဘာရှင်းမှာလဲ .... မင်းလုပ်ရပ်က ရှင်းပြီးသားပဲဟာ မင်းနှလုံးသားမှာ မမြနဲ့ အဝင်မခံနိုင်ဘူးဆိုတာလေ .... ကဲကွာ မင်းလည်း အလုပ်တွေနဲ့ သွားတော့မယ် .... "

ကိုစောက ထလိုက်သည်နှင့် ဝေသန်သည် ကိုစော ၏လက်မောင်းကို ကျေးဇူးတင်ဟန်နှင့် လှုပ်ကိုင်ရင်း ....

"ကိုစော .... ခင်ဗျားရဲ့ မန္တလေးပြန် လက်ဆောင်လေး ကျုပ် ရင်နဲ့အပြည့် ကျေးဇူးတင်ပါတယ်ဗျာ .... "

ကိုစောက မန္တလေးပြန်လက်ဆောင်ဆို၍ ကြောင် သွားပြီးမှ သဘောပေါက်ကာ 'အဟီး' ခနဲ အားရပါးရ တစ်ချက်ရယ် ၍ ပြန်သွားပါတော့သတည်း။

*****

www.burmeseclassic.com

www.burmeseclassic.com



"ဟော .... အိပ်ရာထဲက တဖျပ်ဖျပ်နဲ့ ကြားနေတာ လက်စသတ်တော့ ဝေသန်မြက်ခုတ်နေတာကိုး .... "

အရိုးချောက် ရှင်းလင်းနေသော အိမ်ဝိုင်းမျက်နှာစာကလေးတစ်ဝိုက် ပြောင်ရှင်းနေသည်ကို ကြည့်ရင်း ဝမ်းသာအားရ ပြောလိုက်သည်။

"နွေခင်းဘက်တော့ နေပူလွန်းလို့ အစောကြီးလာရှင်းတာပါ ဦးလေးသောင်းတို့ အရိုးချောတို့အိပ်ရေးပျက်သွားကြမလားဗျာ .... "

"ပျက်ပါဘူး .... ဝေသန်ရဲ့ ခါတိုင်းလည်း စောစောထတာပါပဲ .... "

ဦးလေးသောင်းက သွားနားလျှောက်လာသည်။

"အေးကွာ .... မြက်ထူတော့ ဟိုအကောင်တွေ အောင်းနိုင်တာပေါ့ .... မင်းအရိုးပဲ စိုးရိမ်ရတာပါ .... တော်ကြာ ခေါင်းအုံးတွေ ထုတ်လှမ်း .... ငါ့စောင်နီကလေးလည်း တစ်ရက်



ခြား နေလှမ်းတော့တာပဲဟေ့ .... ဩော် .... ဒါနဲ့ မင်းနှမ မဒ္ဒီကလည်း ပွဲခွင်မနားရတော့ဘူးတဲ့ မောင်ရာ .... "

"ဟုတ်ကဲ့ .... ကိုစော ပြန်လာတုန်းကလည်း ပြောပါတယ် ဦးလေး .... မဒ္ဒီကို ခေါ်လေးခေါ်သွားတာ မှန်ပါတယ် .... မန္တလေးမြို့ကြီးကမှ တကယ့်အဖိုးတန်ပညာတွေ ရနိုင်တာပါဗျာ .... ဒါပေမဲ့ .... "

"ဒါပေမဲ့ ဘာဖြစ်လဲ ဝေသန်ရဲ့ .... "

"မဒ္ဒီလည်း အောင်မြင်တယ်ဆိုတော့ ဦးလေးနဲ့ အရိုးချောတို့ လိုက်နေကြပါလားဗျာ .... "

"ဩော် .... မင်းပြောတာ ပါးစပ်နှစ်ပေါက်တာဝန်က ဝန်မနည်းဘူးကွဲ့ .... "

"အမြဲနေဖို့ မလိုပါဘူးဗျာ .... ဘုရားဖူးရင်း ခဏတစ်ဖြုတ်ပေါ့ .... "

"အေး .... ဒါ မဆိုးဘူးကွဲ့ တို့လည်း မဟာမြတ်မုနိဘုရားကြီး ဖူးချင်တာပေါ့ကွာ .... "

ဝေသန် ပြန်သွားပါပြီ။ ဦးသောင်းစိန် ဦးနှောက်ထဲတွင် သူ့သမီး အောင်မြင်ကျော်ကြားနေပုံလည်း မြင်ရ၊ စစ်ကိုင်းတောင်ရိုးဆိုတာလည်း မရောက်ဖူးဘူး၊ သွားရရင် မဆိုးဘူးဟူ၍ အကြံခပ်ရေးရေးရလိုက်ပါတော့သည်။

ဝေသန်သည် သူ့အိမ်ကလေးရောက်၍ ရေမိုးချိုးပြီးသော် ကိုကိုနှင့် ညီညီထမင်းပြင်နေသည်ကို ကြည့်၍ .... 

www.burmeseclassic.com

www.burmeseclassic.com



"ညီလေးတို့က ဘယ်ဆိုးလို့လဲကွာ .... ခရမ်းသီးအိုးကပ်များ ချက်ထားလိုက်တာ ကြက်သားဟင်းလောက် ကောင်းပါရဲ့ဗျာ .... "

"ပေှာ .... ဆရာဝေ ဟိုမှာ စာပို့သမားလား မသိဘူး"

"စာမဟုတ်ဘူးဗျို့ .... ငွေ .... ငွေ မန်နီအော်ဒါပါတယ် ငွေတစ်ရာဗျို့ ပို့လိုက်သူက ဦးဘဖြူတဲ့ .... "

"ဦးဘဖြူတဲ့ .... အဖေ .... အဖေ့ဆီကပေါ့ .... ငါ့ကို စာလေးတောင် မရေးဘူးလို့ စိတ်ခုမိတယ် .... ခုတော့ ငွေတစ်ရာကြီးများတောင် ပို့လိုက်ရှာသေးတာကိုး .... အဖေရယ် ကန်တော့ပါဗျာ .... ကန်တော့ ကန်တော့ စာလေးတောင် မရေးတော့လည်း စိတ်ခုမိတယ် အဖေရယ် .... "

**ငွေပို့ကတ်ပြားလေးအောက်မှ ....**
**အလုပ်ကို ကြိုးစားပါသား ....**
**စိတ်ဓာတ်မကျပါနဲ့**

**အဖေ**

**ဘဖြူ**

"ဟင် .... အဖေ့လက်ရေးလေး အဖေ့လက်ရေးကလေး"

ဝေသန့်သည် မျက်ရည်များတစ်ပေါက်ချင်းကျလာရပါတော့၏။ ပို့(စ်)မင်းကို ငွေ(၁)ကျပ် ပေးလိုက်၍ ဆွေ့ဆွေ့ခုန်မျှ ဝမ်းသာသွားရှာသည်။



"နောက်လည်း မကြာ .... မကြာ ပို့ပါစေဦးဗျာ"

ပို့(စ်)မင်းကလေး ဆုတောင်းကပြည့်ပါကောလား။

ထိုနေ့မှစ၍ နှစ်လတစ်ခါ ငွေကျပ်တစ်ရာ ကောက်ကောက်ပါအောင် ပါသွားပြီး သူ့အား မေ့ရက်လေခြင်းဟူ၍ အပြစ်တင်ခဲ့ဖူးပါသည်။

ခုတော့လည်း .... နားမျက်စိမလည်အောင်ပင် ဖြစ်သွားရပါတော့၏။

သို့သော် .... ဝေသန့်သည် ကျေးရှူးရှင်ဖခင်ကြီးထံမှ ငွေများ မသုံးစွဲရက်၍ စာတိုက်တွင် အကုန်စုထားပါတော့၏။

❋❋❋❋❋

www.burmeseclassic.com



ဦးကျော်မြင့်သည် ပထမပွဲပေါင်းသုံးလေးချီ၌ မင်းသမီးဝတ်စုံများကိုသာ ချုပ်ပေးခဲ့သည်။ ကလေးကဲ့သို့ မုန့်ဖိုးသာပေးခဲ့သည်။ နောက်ပိုင်း ပွဲငှားတွေက နေ့ရောညပါ မြို့ရောတောပါ လာရောက် ငှားကြလွန်းတော့လည်း မဒါက ပြောသည်။

"ကိုကျော် .... မဒီကို စေ့စေ့တစ်စု ပေးလိုက်လေ၊ အဝတ်လည်း အဲဒီထဲက ချုပ်ပေါ့ .... အစ်ကိုကြီးသောင်းတို့ဆီလည်း သူ ပို့ချင်မှာပေါ့ .... "

ကိုကျော်မြင့် မျက်နှာပျက်သွားရာက ရယ်ရင်း

"ပွဲခွင်တွေ များလာတော့ ပေးမလို့ပါပဲကွယ် .... "

မဒီက ....

"ကျေးဇူးပါပဲ ဦးလေးကျော်ရယ် .... ရတဲ့ငွေ သုံးပုံခွဲလိုက်ပေါ့နော် .... ဒေါ်လေးမဒါကလည်း နာမည်ကြီး လက်ထောက်ဖြစ်သွားပြီလေ .... ဦးကျော်က တစ်ပုံ၊ ဒေါ်လေးက တစ်ပုံ၊ မဒီက တစ်ပုံ ကောင်းဘူးလား"



"မကောင်းဘူး မဟုရားလေးရေ .... ဦးကျော်က လူပြက်တွေ .... ဆိုင်းဆရာ ဘယ်သူကပေးမှာလဲဗျာ .... "

"ကဲပါ .... ကျွန်မထဲက တစ်ဝက်ယူ .... ဟုတ်လား .... ကိုကျော် .... ကျွန်မ တူမလေးကိုတော့ ပိုကြီးစားအောင် ခပ်မြက်မြက်ပေးပါရှင်ရယ် .... "

"အေးပါကွာ .... အဲ .... ဝါ့တူမလေးကို ဦးလေးတို့ မြေတောင် မြှောက်ပေးလိုက်ပြီနော် .... ကိုကြီးဆည် စကားနားမယောင်နဲ့နော် .... "

"ဘယ်အငြိမ့်ဆရာက ခုရတာထက် ဘယ်လောက်တိုးပေးမယ်ဆိုတာတွေ ဦးလေးတို့ရှေ့ ပြောနေတာပဲ ကျွန်မကလည်း ပြန်အော်လိုက်တာပါပဲ .... ဦးလေးဆည်(စည်း)မရှိတဲ့ စကားလာလာမပြောနဲ့ .... ကျွန်မအဒေါ်နဲ့ ဦးလေးကျော်တို့ကို ဘယ်တော့မှ မခွဲဘူးလို့ .... "

"အေး .... အေး .... ကြားပါတယ်ဟာ .... ဦးလေးတို့ကလည်း စေတနာထားသလို တူမကလည်း ပြန်စေတနာထားတာ ကျေးဇူးတင်ပါတယ်ဟာ .... "

ဟူ၍ ဝမ်းသာအားရပြန်ပြောရသည်။

သို့သော် ဦးကျော်မြင့်တွင် စိုးရိမ်စိတ်များ ဝင်နေရလေပြီ။ အဆွယ်ကောင်းသူများနှင့် တွေ့သွားသော် ခုလို ငွေဒင်္ဂါးတွေ ချွမ်ချွမ်မြည်အောင် ကိုင်နိုင်ပါဦးမည်လော။

သူက ဈေးကောက် အလုပ်ကို နှစ်ပေါင်းများစွာကလည်း လုပ်လာသူဖြစ်၍ တန်ဖိုးထားသည်။ ယခင်က ချည်ဆိုး

www.burmeseclassic.com

www.burmeseclassic.com



လေးနှင့် ဈေးကောက်ထွက်သည်။ ယခုတော့ ဘန်ကောက်တစ်ပတ်နွမ်းစာရွှမ်းရွှမ်းနှင့်ပါ။ မကိုင်စဘူးသော ငွေစကလေးများကိုင်လာရန် လေသံကတော့မြင့်လာသည်။

"ဟင်း .... ပိုက်ဆံထုတ်တာကလည်း ကြာလိုက်တာဟာ၊ တို့နေး တို့နေးနဲ့ သေတော့ နင့်လိုဟာမျိုး အရင်သေတာဟ"

ဟူ၍ နားမခံချင်စရာ စကားများနှင့် အထက်စီးသံနှင့် ပြောရင်း ငွေကောက်ခံလေ့ရှိသဖြင့်

"ဟင်း .... ပေါ်ပင်သူဌေး ဘယ်တော့ ခွေးဖြစ်မယ် မသိဘူး ...."

ဟု ပြန်ပက်ကြသည်။ သို့သော် အသံထွက်၍ မပြောရဲကြပါ။

သူက စိတ်မထင်ရင် ဈေးပုလိပ်(၁၉၂၇-ခုနှစ်နောက်ခံဖြစ်၍ ထိုတုံးက ရဲမခေါ်ကြ ပုလိပ်ဟုခေါ်ကြသည်) ကိုခေါ်လာပြီး လမ်းမနှင့် နီးနေလို့ဟုဆိုကာ ဈေးဘန်းကြီးပါ မျှယူသွားတတ် သေးသည် မဟုတ်ပါလား။

သူ့ ညှင်းဆဲသမျှ ဈေးသည်ကလေးများခမြာ မျက်စောင်းထိုးရင်း လျှာထုတ်၍ ဖက်ကလေးပုရင်း ရယ်ပြကြရသည်။ ပြီးတော့မှ "သေနာကြီး လက်ကဖြင့်(ပိုလို)ကို မချဘူး စတိုင်ကြီးနဲ့" ဟူ၍ ဆဲကြသည်။

ဒီနေ့ ဈေးအဆုံးရှိ ဆိုင်းသမားကိုတိုးအိမ်ဝင်သည်မဒါ မသိအောင် ခိုး၍ အရက်သောက်ဖော်သောက်ဖက်ပါ။ ယခု



တော့ သူ့ကို ဆိုင်းအဖွဲ့၌ ခေါ်မသုံးမည်စိုး၍ ကိုကျော်မြင့်ကို ခဏခဏမခေါ်ရဲချေ။ သို့သော် ဒီနေ့တော့ သတိပေးစရာလေးရှိသည်။ ထို့ကြောင့် မျက်စမျက်နအမိပွာယ်ပါပါ ပစ်၍ လှမ်းခေါ်ဦးသည်။ ဒီပုံစံမျိုးက သူ့ကို အရက်တိုက်တော့မည်ဖြစ်ကြောင်း နားလည်လိုက်ပါသည်။ ဦးကျော်မြင့်က ဘန်ကောက်တစ်ပတ်ရစ်ပုဆိုးကို ခြေသလုံးပေါ်အောင် အောက်စနားက မျှ(ဂလေ-ဂျပိုး)ပုံစံလေးနှင့် ပြုံးရင်းတက်လာသည်။

"အာစရိရေ .... စစ်ဗာရီ .... ဘောင်းထုတ်တွေဆီက ဝယ်ထားတာ ပြင်းသလားမမေးနဲ့ .... ဟော့ မရွှေစာရေ .... ကြောင်အိမ်ထဲက အမြည်းထုတ်လေကွာ .... "

"ဟာ့ .... ဒေါ်ရွှေစာ .... ဘဲကင်တွေလား .... ကောင်းဗျာ .... မင်္ဂလာပါပဲ .... "

ကိုတိုးက အရက်ငှဲ့ရင်း ....

"ကြည့် .... အရက်က ပြင်းလိုက်တာ မျက်စိတောင် အနီးရိုက်တယ် .... "

"အဲပါဗျာ .... အရက်ကလည်း ပြင်း .... ဘဲသားကလည်း ပဲငါးပိနံ့ကလေးသင်း .... "

"ဦးကျော် စားလည်းစား သောက်လည်းသောက်ပါ .... မသင်းတဲ့ စကားလေးလည်း နားထောင်ပါဦးဗျာ"

"ဘာမသင်းတာလဲ .... ကိုတိုးရဲ့ .... "

"မဒ္ဒီကို သရည်ကျုသံတွေပေါ့ခင်ဗျာ .... "

"ဘာဗျာ့ .... လိုရင်းပြောစမ်းပါ .... "

www.burmeseclassic.com

www.burmeseclassic.com



"ဦးဆည်က မင်းသမီးကို လူလစ်တာနဲ့ ဆွယ်တရားဟော တော့တာပဲဗျာ .... "

"ဘယ်လိုဆွယ်တရားလဲ .... "

"သူယောက်ဖထောင်ထားတဲ့ အငြိမ့်အဖွဲ့ထဲ လိုက်ကရင် တစ်ညနှစ်ရာပေးခေါ်တာဗျ .... "

"ဟင် .... နှစ်ရာ"

"ဟွန်း .... ခင်ဗျားက ခုမှ လန့်နေ .... မဒ္ဒီက ခင်ဗျားတို့ တူမဆိုပေမဲ့ .... လှပဲဗျာ .... တစ်ည နှစ်ရာ စဉ်းစားတော့ မှာပ .... "

"ဟာ့.... ကျုပ်တူမက ကျေးရူးတရားသိတတ်ပါတယ်ဗျာ"

"ဘယ်လိုသိတတ် သိတတ် လှပ်ပါများတော့လည်း နှဲပြီး ပေါ့ဗျာ.... "

"ဟာ.... ဒီ(လူယုတ်မာ)တွေနဲ့ ကျုပ် ဓားနဲ့ခုတ်မိတော့ မှာပဲ.... "

"ဓားနဲ့ခုတ်ရင် အချုပ်ထဲ ခင်ဗျားရောက်သွားရုံပဲဗျို့.... အဲ.... အကြံတစ်ခုတော့ရှိတယ်"

"အကြံ.... ပြောစမ်းပါဗျ.... မြန်မြန်လေး.... "

"ဟဲ့ ... ရွှေစာ ... သွား .... သွား ... ရေတွင်းမှာ အဝတ်သွားလျှော်ချည်"

ကိုတိုးက သူ့မိန်းမကို နှင်လွှတ်လိုက်သည်။

ကိုကျော်မြင့်သည် ပူပန်စိတ်များ ခေါင်းထဲဝင်တိုး သွားရသည်။

"ပြော ... လေကွာ"



"ဦးကျော်က သတ္တိရှိလို့လား"

"အိုး ... ကျော်မြင့်များ အထင်သေးလို့ ... ကွာ"

"တကယ်နော် ... "

ကိုတိုးက နား နားကပ်၍ တစ်စုံတစ်ရာကို ပြော လိုက်သည်။

"ဘာ ... ငါက ဒီကောင်မလေးအပိုင်သိမ်းရမယ်... ဟုတ်လား"

ဦးကျော် မျက်လုံးကြီး ပြူးကျယ်သွားရသည်။

"ဒါမှ ... ဦးကျော်တို့ စိတ်ချရမှာနော့ အဟက် ... အဟက် ဒါတော့ ခင်ဗျား သတ္တိမရှိဘူး မဟုတ်လား?"

ကိုတိုးက သိသည်။ ဦးကျော်ကြီး မဒါကို အလွန် ကြောက်ရသည်လေ။ ထို့ကြောင့်လည်း သတ္တိစကား တွင်တွင်သုံး၍ ယောကျ်ား(မာန)ကို ဆွလိုက်ခြင်းပါတည်း။

"ငါ ... ပြန်မယ်"

"ဟင် ... ဒါတွေ အပြီးသပ်ခဲ့ပါဦး ... အာစရိရဲ့"

"တော်ပြီ ... ကိုတိုး ကျုပ်စိတ်ထဲမှာ ထင့်ခနဲ ဖြစ် သွားရင် ဘာမှ ဆက်စားလို့ သောက်လို့ မရတော့ပါ"

သူက ဈေးကောက်လျှင် ကိုင်လေ့ရှိသော ရှမ်းလွယ် အိတ်အနီကလေးကို လွယ်၍ ပြန်ပြေးပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ × × × ချစ်ရင် လာပါ × × လာပါ × ×အစ်ကို

ကျွန်မ × × ကြိုက်ရင် × ×လာပါ × × အစ်ကို × ×

အစ်ကို့

မဒ္ဒီ × × အသက်စစ် × ×လျှင် × × ဆယ့်ခြောက်နှစ်

× × ပါဆို × × အဟို့ × ×

အငြိမ့်မင်းသမီးကလေးများ ဘဝသည် ကာလသား အုပ်၏ဘဝင်ကို ကလိ ... ကလိနှင့် ဖြစ်လာစေရန် အကကလည်း စွဲမက်စရာများ ဖြစ်ရသလို သီချင်းစာသားများကလည်း ကလက် တက်တက်ကလေး ဆိုပြရရှာသည်။

မဒ္ဒီသည် ပွဲခင်းကို ထုံးလိုမွှေ ရေလိုနှောက်နိုင်ရ ကာလသားများ၏ အသည်းဆိုင်ကို ဆွဲကိုင်လှုပ်ရမ်းနိုင်ရန် ပညာက အလုပ်က သင်သွားရရှာသည်။ အကကွက်များကလည်း ပူတူ အက၊ မေးထိုးအက၊ ရွှေလည်ပျံအကတွေကို ပရိသတ်က တ ကြိုက်ကြသကိုး မဒ္ဒီများ ထိုသို့ကလိုက်ပါက လေချွန်သံတွေ ပွဲခ တစ်ခုလုံး... ရှီရှီ ... ထိုး၍ သွားရပါတော့သတည်း။



မန္တလေး ဥတုကြီးက ဖုတ်ခါတစ်ခါ ဖောက်တတ် သေးသည်။ ပွဲသိမ်းမှ ဆောင်းတွင်းမိုးကြီးရွာချလိုက်သည်။ ပွဲပြန်များ ဒုက္ခရောက်ကြရသည်။

"မင်းသမီး လာ ... လာ မြင်းလှည်းအောက်မှာ မိုးရေ တွေဗျာ ... "

ဦးကျော်မြင့်သည် ပွဲကြည့်ရင်း စိတ်တွေလှုပ်ရှားနေ ရသမျှ မင်းသမီးကို ဇွေ့ခနဲ ပွေ့ချီ၍ မြင်းလှည်းပေါ်တင်ပေးလိုက် သည်။ ခေတ်တိုင်မီးက လင်းတစ်ဝက်မှောင်တစ်ပိုင်း ... မဒါက နောက်က လိုက်လာရင်း ကောက်ညင်းပေါင်း ပူပူနွေးနွေးနှင့် ငါး ပေါင်းကြော်တွေ ဝယ်ရင်းကျန်ခဲ့သည်။

မဒ္ဒီ မျက်လုံးများ ဝင်းဝင်းတောက်သွားရသည်။

"ဦးကျော်... ဦးကျော် ... "

သူ့အသံက စိတ်ဆိုးလွန်း၍ တုန်နေသည်။

သို့သော် ဦးကျော်သည် ကိုတိုး မြှောက်ပေးလိုက် သော(သတ္တိ)ကို လက်တွေ့သုံးကြည့်လိုက်သည်။

"ဦးလေးလည်း ရှာနေလျှော်ပြီဟေ့ ... ရှာ ... လျှော်ပြီ"

ပြောပြောဆိုဆို မဒ္ဒီကို တင်းကြပ်စွာဖက်၍ ပါးနှစ် ဖက်ကိုလည်း အားပါးတရ ကြူကြူမွှေးထည့်လိုက်သည်နှင့် ...

"ဖြန်း ... ဖြန်း ... "

ဟူသော အသံသည် မြင်းပင် လန့်၍ လှုပ်ရှားသွား ရသည်။

မှန်ပါ၏။ သူ့အသက်(၁၆)နှစ်လို့ တကြော်ကြော်

www.burmeseclassic.com

www.burmeseclassic.com



မှေးထည့်ဆိုရင်း အပျိုစင်ဖူးဖူးသန့်သန့်ကလေး မဟုတ်ပါလား —

မမျှော်လင့်သူ ... ဦးလေး၏ ဖောက်ပြန်ယုတ်မာခြင်းကို ခံလိုက်ရသောအခါ ... တစ်ညလုံး(က)လာရ၍ သွက်လက်လှသော သူ့ညာဘက်လက်နှင့် ဦးလေးကျော်မြင့်၏ ပါးပြင်ကို သွက်သွက်ကြီး ဖျောတင်လိုက်ပါတော့သတည်း ...

"ဟာ ... ငါ့တူမ ... ငါ့ပါးကို ... ငါ့ပါးကို ...ဟော့... နင့်ဒေါ်လေးလာပြီ ... နင့် ထုတ်မပြောပါနဲ့နော် ... ရှိခိုးပါရဲ့ဟာ... ရှိကြီးခိုးပါ ... ရဲ့"

တန်ဖိုးမရှိသော ယောကျ်ားယုတ်တစ်ဦးသည် (၁၇)နှစ်အရွယ် မဒ္ဒီကို အကြိမ်ကြိမ်ရှိခိုးလျက် ...

မဒ္ဒီသည် ဒေါ်လေးရင်ခွင်တွင် မျက်နှာအပ်၍ အသံပါးတရသာ ငိုချလိုက်ချင်ပါတော့သည်။ သို့သော် ပွဲခင်းကြီးမဟုတ်ပါလား အုတ်အော်သောင်းနင်း ဖြစ် ... ချေတော့မည်။ တုန်လှုပ်ပေါက်ကွဲသော ဒေါသကိုဖြိုချလိုက်သည်။ သို့သော် သန္နိဋ္ဌာန်တစ်ခုကိုတော့ဖြင့် ချမှတ်လိုက်သည်။

သူ့အတွက် မလုံမခြုံ ...

ဤသိုက်မြုံမှ အမြန် ထွက်ခွာတော့မည် ဟူ၍ —

✤✤✤✤✤



"ဟဲ့ ... တူမလေးရယ် တစ်ညလုံး ပွဲ(က)ထားတာ တရေးမှမအိပ်ဘဲ ထွက်သွားလိုက်တာ ထမိန်ဘော်ကြွယ်အပ်ထားတာ ဒေါ်လေးသွားယူပေးမှာပေါ့ကွယ် ... "

ဒေါ်လေးက သူ့တူမ မျက်နှာမကောင်းပါလားတော့ တွေးနေပါလိမ့်မည်။ သို့သော် ဒေါ်လေးက အလွန်ဒေါသကြီးသည် အိမ်နီးနားချင်းတွေပါ ကြား၍ ရပ်ပျက်ဆင်းပျက် ဖြစ်သွားနိုင်သည်။ ထိုကြောင့် မဒ္ဒီ ချုပ်တည်းထားခဲ့ပါသည်။ ပိုးဂျော်ဂျက်အနီရောင် အထက်အောက် ဆင်တူဝတ်၍ ဆံကျစ်ရှည်ကြီးတွင် ပန်းကြီး ကပ်ထား၍ သူ့တူမအလှကို အထင်ကြီးစွာကြည့်ရင်း...

"ရော့ ... ငါ့တူမဖို့ သံပုရာဖျော်ရည် ... "

ဒေါ်လေးက လောကွပ်လုပ်ရှာပါသည်။ သို့သော် သူ့အစီအစဉ်များက လွန်ခဲ့ပါပြီ။ စကားကိုသာ ဘယ်ကစပြောရမှန်းမသိတော့ပါတကား ...

ဒေါ်လေး မီးဖိုထဲ ဝင်နေစဉ် သူ့မစ္စည်းတွေကိုအမြန်

www.burmeseclassic.com

www.burmeseclassic.com



သိမ်းလိုက်သည်။

"နေပူထဲကပြန်လာတာ ရေမချိုးနဲ့နော် ... အပူရှပ်တတ်တယ် ... "

ဒေါ်လေးက လှမ်းပြောနေလို့ ...

"ဟုတ်ကဲ့ပါ ... ဒေါ်လေး"

ဟုဖြေရင်း နာရီကို တကြည့်ကြည့်လုပ်နေမိသည်။

"ဒေါ်လေး ... "

"ဟေ့ ... ငါ့တူမ မျက်နှာလည်းမကောင်းပါလား... ဘာဖြစ်လို့လဲ? အလို! မျက်ရည်တွေနဲ့ ဘုရား ... ဘုရား ... ဘာဖြစ်တာလဲကွယ် ... ဒေါ်လေး ရင်တုန်လိုက်တာ"

"ဒီလိုပါ ဒေါ်လေးရယ် ... မဒ္ဒီ တစ်သက်မှာ ငွေရှစ်ရာလည်း မကိုင်ဘူးပါဘူး ... အမေတို့ကို အစ်ကိုဝေဿန်က တိုက်ကလေး တစ်လုံးကြည့်ဆောက်ပေးနေတယ်တဲ့ ... ငွေလည်း နည်းနည်းလိုတယ် ပြောပါတယ် ... ဒါနဲ့ မိုးအငြိမ့်မှာ တစ်နှစ်စာချုပ် လိုက်ပါတယ်။ မဒ္ဒီ ... ကို ခွင့်လွှတ်ပါ။ ဟင် ... ဒေါ်လေး ဒေါ်လေး... "

မှန်သည် ဒေါ်လေးသည် အင်ခနဲအသံထွက်ရင်း ခုန်တန်းလေးပေါ်၌ မေ့လဲကျသွားပါတော့သတည်း။

ဦးကျော်ကလည်း ပြန်အလာနှင့် ...

"ဟ ...ဘာဖြစ် တာလဲ?"

"ဟို ... ဟို"



"တော် ... ငါကြားခဲ့ပြီးပြီ။ နင် ... မိုးအငြိမ့်နဲ့ စာချုပ်ခဲ့တယ်ဆို ... ခွေးမ ... "

"ကျွန်မကိုမဆဲနဲ့နော် ...မြင်းလှည်းပေါ်မှာ ဦးလေး ကျွန်မကို ဘာလုပ်သလဲ ... စဉ်းစားကြည့်လေ ... ကျွန်မဘဝ မလုံခြုံလို့ ... ကျွန်မ ဂုပြောင်းရတာ ... "

ဦးကျော် စကားဆက်ချိန်မရတော့ပါ။ သူတို့အိမ်ရှေ့တွင် အော်စတင်ကားသစ်ကလေး တစ်စင်း ဆိုက်ရပ်လိုက်သည်။ ဘီစပတ်ကြီးတွင် စိန်နားကပ်နှင့် ကျားခေါင်းလက်ကောက်ကြီးနှင့် အဒေါ်ကြီးတစ်ဦးက ပြုံးချိုစွာ တက်လာသည်။

"တူမကြီး ပစ္စည်းတွေသိမ်းပြီးပလား?"

သူ့နောက်မှ ကားသမားလားမသိ ပစ္စည်းသယ်ရန်နှင့်တူပါ၏။

မဒ္ဒီက သူ့သားရေအိတ်တစ်လုံး၊ ဆွဲခြင်း(၂)ခု၊ အိပ်ရာလိပ်တို့အထဲမှ ယူလာသမျှ ထိုလူက ဆီး၍ သယ်ယူသွားပါတော့၏။

အမှန်စင်စစ် ဒေါ်လေးသတိရနေပါပြီ။ သူတို့ ပြောကြသော စကားများကိုလည်း ကြားလိုက်ပါပြီ။ ရင်မဆိုင်ချင်တော့၍ ဆက်ပြီးမှိန်းနေလိုက်သည်။ ရင်ထဲတွင်ဖြင့် ဒေါသမိုးတို့ ဖြိမ်းလျက် ...

"ဦးကျော် ... ဒေါ်လေးကို လုပ်ပါဦး ... ကျွန်မ ကန်တော့ခဲ့ပါတယ်လို့ ... "

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ... ငါမပြောနိုင်ပါဘူး ... နင့်ကို မင်းသမီးဖြစ်အောင် လုပ်ပေးတဲ့ ကိုယ့်အဒေါ်ကို ကိုယ့်ဘာသာကိုယ် လာပြော လှည့် ... "

"လာ ... လာ သမီး ... "

အဒေါ်ကြီးက ကိုကျော်မြင့်ကို မျက်စောင်းထိုး၍ မဒ္ဒီပခုံးကလေးကို ယုယစွာဖက်၍ ခေါ်သွားပါတော့သည်။

"တောက် ... ခွေးမကြီး ...ငါတို့စိုက်ထားတဲ့ ပျိုးပင်လေးကို ဝမ်းသာအားရ(မ်)သွားလိုက်တာ ... "

ဦးကျော်မြင့် ဖရုဿဝါစာ စကားများနှင့် ဆဲရေးတိုင်းထွာ ကျန်ခဲ့ပါတော့သတည်း။

ချချချချချ



"ဟင်း ... ကိုယ့်ကို တစ်နေ့ ရွှေကြည်ဥတစ်ဥ ဥပေးနေတဲ့ ကြက်ကို တစ်ချက်တည်း ရိုက်သတ်စားချင်တဲ့ ... ဦးကျော် ငတ်ပေတော့ဗျို့"

ဟူ၍ ဖြစ်ရပ်မှန်သိလျှင်တော့ လူတွေက ကရုဏာ ဒေါသော ပြောကျန်ခဲ့ကြပါတော့သည်။

အဘယ်ကြောင့်ဆိုရသော် ... မိုးအငြိမ့်ကား မဒ္ဒီ ရောက်သွားသည်နှင့် ဝက်ဝက်ကွဲအောင်မြင်သော အငြိမ့်ကြီး ဖြစ်သွားရပါတော့သတည်း။ တောဘက်မှ လှည်းတွေနှင့်ပင် လာကြည့်ကြရသည်။ မဒါကလည်း အရှုံးထဲက အမြတ်ထုတ်လိုက်ရလျှင် ... ငွေရေတွက်နေရပြုနေသော မဒါကို လက်ထောက်မင်းသမီး လာဗုားကြသည်မှာ လက်မလည်ပါ။ အဘယ်ကြောင့်ဆိုသော် လူအိုသော်လည်း ပညာပျို့ကာ အနုပညာ၌ ၁၂ ကြိုးစုံမလေးသဖွယ် သူတတ်သည့် ပညာများ ဘုံဘောလအော ပြလွှန်းအားကြီး၍ နောက်တော် မင်းသမီးကြီးအတွက် ချန်ခဲ့ပါပြီးဟူ၍ပင် ပွဲထောင်သူတို့က အား

www.burmeseclassic.com



မြစ်ပေးကြရသည်။ ဤမျှတော့်သည်။

မဒ္ဒီကမူ ရုပ်ကလည်းရှိ၊ အရွယ်ကလေးကလည်း ငယ်၊ ပညာကလည်း ကြာလေစုံဖြစ်လာရ၍ ... မိုးအဖွဲ့ ဟုန်းခနဲ တိုးတက်သွားရသည်။

သို့သော် ... သို့သော် မဒ္ဒီအတွက် မှန်ရာဝန်ခံရလျှင် ကျား‌ကြောက်၍ရှင်ကြီးကိုး ကျားထက်ရှင်ကြီးဆိုး ဖြစ်နေပါသည်။ အဘယ်ကြောင့်ဆိုသော် အငြိမ့်ထောင်စားသူ ဒေါ်မြခက်သည် ... သူကလည်း မင်းသမီးကြီးဟောင်းတစ်ယောက်ပါ။ ဒီလောက အကြောင်းကို(က မှ အ ထိ)နှောနှောကြေနေသူ ဖြစ်ပါ၏။

မဒ္ဒီကို ရင်ထဲ လှိုက်လှိုက်ဆူဆူနှစ်ခြိုက်နေသူ တစ်ဦးရှိပါသည်။ ထိုပုရိသကား လူငယ်တစ်ဦးတော့မဟုတ်ပါချေ။ မျက်နှာဖြူများနှင့် အလွန်အလွမ်းသင့်သော အရာရှိကြီးတစ်ဦး ဖြစ်ပါ၏။ ဦးမြမောင်ဟု ခေါ်ပါသည်။ သူသည် သူ့ခေတ် သူ့အခါက လူတော်လူကောင်းဟု ခေါ်ရပါသည်။ ဆက်ဆံရေး၊ လူမှုရေးအားလုံး တော်သည်။ သို့သော် သူတွင် မကောင်းသော ဝါသနာတစ်ခု ရှိသည်။ နာမည်ကြီးသော အနုပညာသည်ကလေးများကို ခြေတော်တင်ခြင်းပါပင်တည်း။

ယခုလည်း ဒေါ်မြခက်ထံ တစ်ခေါက်လောက် ပဏ္ဏာမ အလည်သွားလိုက်သည်ဆိုလျှင်ပင် ဒေါ်မြခက်ရိပ်မိလိုက်သည်။ ပြီးတော့ သည်အရာရှိကြီး ခြေတော်တင်ပုံက စွဲစွဲမြဲမြဲကြီးလည်း မဟုတ်ပါ။ (၃)(၄)လပါ။ သူ့ငွေတွေ ပုံပေးသည့်နေ့ နောက်



ရက်များတွင် သူ့မျက်နှာ မမြင်ရတော့ပါ။ တစ်ခါတုန်းက မြနှင်းဆီဆိုသည့် မင်းသမီးလေးတုန်းဖြင့် ပြဿနာတက်သွားရသည်။ သူ့ငွေတွေလာပေးသွားပြီး နောက် တစ်ပတ်ကြာသော် မြနှင်းဆီ တပျို့ပျို့ တစ်အံန်အန်ဖြစ်၍ ငံနေသဖြင့် ဒေါ်မြခက် ဒုက္ခမျိုးစုံတက်သွားခဲ့ဖူးပါသည်။

ယခုလည်း အရာရှိကြီးကတော့ မန္တလာ စိန်မဒ္ဒီကို တစ်ချက်ကြည့်၍ မျက်လုံးနှင့်(ဘွတ်ကင်)လုပ်သွားသည်မဟုတ်ပါလား ... ခုမှ မဒ္ဒီက (၁၇)နှစ်ပြည့်ဖို့ တစ်လ လိုသေးတယ်တဲ့ ... ငယ်ငယ်လေး ရှိရှာသေးတယ် ... အင်း ... မဒ္ဒီ သာ ...မဒ္ဒီ သာ... မြနှင်းဆီလို ဖြစ်ခဲ့ရင် ကျော်မြင့်ဆိုတဲ့ အကောင် ငါ့ကို သတ်များ ပစ်လေမလား ... ဒေါ်မြခက် သွေးလန့်သွားရပါတော့၏။ သို့သော် ဤအရာရှိကြီးက သူတို့အငြိမ့်အတွက် ပွဲမိန့်ကျရန်ကြီးစားနိုင်ခြင်းတို့ အခြားရုံးပြင်ကန့်ကွက်နှင့် ပတ်သက်သမျှ သွားပြောလိုက်သည်နှင့် ကူညီသည်ကတော့ ချက်ချင်းပါ။

အင်း ... ငါ့ စီးပွားအတွက် အရှည်ကြည့်ရမှာပဲ ... စိန်မဒ္ဒီတဲ့ ... လှလိုက်တာ အသားဖွေးဖွေး ... ဦးရေလေးများ စိမ်းနေတာပဲ ... မိန်းမလှကျက်သရေနှင့် အကုန်ပြည့်စုံတာပဲ သူ့မိဘနဲ့ သူ့အဒေါ်တို့ ဘယ်လောက်နှမြောကြမလဲ ... ငါလည်း နှမြောပါတယ် ... ဒါပေမဲ့ ဒီအရာရှိကြီးက တခြားနေရာ သွားမရှာဘူး ... မင်းသမီးချောချောလှလှကလေးတွေကို ဘာသဘောနဲ့များ ... အဲ... သူကလည်း ပွဲကြိုက်သူကိုး ... အငြိမ့်တွေလျှောက်ကြည့်၊

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးတွေယဉ်၊ မြနှင်းဆီလေး တောကို ပြန်ပြေးရတဲ့ဘဝ ရောက်တာပဲ … ။

ဘာလိုလိုနဲ့ မဒီနဲ့ သူတို့ ပွဲအဆို သုံးချီလောက်ရှိသွားရပြီ။ လူပြက်များလည်း ငွေပိုရ၍ ပြုံးရွှင်နေကြသည်။ ဒေါ်မြခက်အိမ်တွင် အသက်(၇၀)ကျော်အရွယ် တစ်အိမ်လုံးကို ချက်ပြုတ်တာဝန်ယူနိုင်အောင် ကျန်းမာသော အဒေါ်ကြီးတစ်ဦးရှိသည်။ မဒီကိုလည်း စားချိုင့်ရာအကုန်လုပ်ကိုင်ပေးသည်။ မဒီကို ချစ်လည်းချစ်တော့ အလွန်ကရုစိုက်သည်။ သူ့ကို အမေကြီးဟု တစ်အိမ်လုံးက ခေါ်ကြသည်။

တစ်နေ့တွင် ထိုအရာရှိကြီး ဦးမြမောင်လာသည်။

"ပြင်ဦးလွင်မှပြန်လာလို့ တူမရေ … ဟောဒီမှာ စတော်ဘယ်ရီတွေ၊ ဒါက မလိုင်ထုပ်တွေ ဒါက မက်မန်းဝိုင်ပုလင်းတွေ၊ ဒါတော့ လာရှိုးဘက်ကလာရောင်းတဲ့ တရုတ်ဖဲ အိပ်ရာခင်းရအောင် ဝယ်လာတာ… ဒါကတော့ မမခက်ဖို့ တစ်ထုပ်၊ ဒါက တူမလေးဖို့ သပ်သပ် … "

အမေကြီးသည် ဒေါ်မြခက်မရှိ၍ ဘုရားသို့ပန်းလဲရင်း ညှို့ခန်းမှ ဖြတ်ဖြတ်သွားသည်။

မဒီက မဆိုးပါ။ ဣန္ဒြေရရ ညှို့ခံရင်း …

"ဦးလာမှပဲ … မမခက်က အပြင်သွားနေတယ်။ ဦးကို အားနာလိုက်တာရှင် … "



ဟု၍ သွယ်ဝိုက်စွာ နှင်နေသည်။

"ဦးလည်း အလုပ်ရှိသေးတယ် … မမခက်ကို မစောင့်တော့ပါဘူးကွယ် … "

သူ့မျက်နှာက ချိုနေသော်လည်း နောက်ဆုံးအချိန်များအထိ လူကြီးလူကောင်းပုံစံမျိုး ထားလည်းထားတတ်ပါပေသည်။

"သူဟာ ခဏခဏ လာပေးတာပဲနော် … အမေကြီး"

"အဟင်း … အညီရှိတာကိုးကွဲ့"

"အညီ?"

"အစကတော့ မမခက်ကို ကြောက်ရသေးတော့ မပြောဘူးလို့ နေမလို့ပါပဲ … ခုတော့ မြနှင်းဆီ အကြောင်းပြောရဦးမယ် … သူ့နာမည်ကြီးတုန်းက သမီးထက်တောင်ရေးရေးသာ ဦးမယ်ကွဲ့"

"ဘာကြောင့် တောပြန်သွားတာလဲ?အမေကြီးရယ် …"

"အဲဒီ အရာရှိကြီး ဖျက်ဆီးတာပေါ့ကွယ်"

"ဟင် … ဒါ မိန်းကလေးက ကိုယ့်ကိုယ်ကိုယ် ထိန်းရမှာပေါ့… အမေကြီးရယ်"

"ထိန်းလို့မရတဲ့ နည်းတွေအများကြီးသုံးသွားတာကိုး … ကြည့်နေ သမီးကို ရန်ကုန်ရွှေတိဂုံဘုရားကြီးဖူးဖို့ ခေါ်မယ်၊ ပြင်ဦးလွင်တို့ ဖိုဝင်းတောင်တို့လည်း ခေါ်မယ်။ လမ်းမှာ မမခက်က အိပ်ငိုက်နေတာပဲလေ … ကောင်မလေးနဲ့လှုတ်

www.burmeseclassic.com



ထားပေးသလို ဖြစ်သွားရတာပေါ့ ... ”

“ဟင် ... ယူလည်းမယူဘူးလား ... ”

“ဘယ်ယူမလဲကွယ် ... သူက တော်တော်ရာထူးကြီးတာကွဲ့ ဘာအရာရှိကြီးဆိုလာကွယ် ... မြနှင်းဆီကို လေးလလောက် သူ့သဘောရှိ အသုံးတော်ခံပြီး ငွေပုံပေးလိုက်တယ်လေ... နောက်တော့ အရိပ်တောင် မမြင်ရတော့ဘူး”

“ကျွန်မတောင် ကြောက်လာပြီ ... အမေကြည်ရယ် ... ”

“ကြောက်ရမယ် ... ကြောက်ရမယ် ... မကြောက်ရင်တော့ ဘဝတစ်ခုလုံး ရှောက်ထဲကျပြီးသွားပေါ့ကွယ်”

“မမခက်က သူ့ကို မင်းသမီး ပြန်မလုပ်ခိုင်းဘူးလား?

“ခေါ်တယ် ... ခေါ်တာပေါ့ ... မြနှင်းဆီက ဘယ်လိုပြန်ပြောလိုက်သလဲ ဆိုတော့ ... ”

“မမခက်ရယ် ... ကျွန်မ ကလေးဖျက်ရတဲ့ကိစ္စလည်း လူတော်တော်များများ သိသွားကြတော့ ... ကျွန်မ ပြန်မကတော့ပါဘူးရှင်” တဲ့။

“အို ... အကပညာတွေ နှမြောစရာကြီး ဒီမှာ ဘာလုပ်စားမှာလဲကွယ် ... ”

ဆိုပြီး ဖွတ်ခေါ်တော့ ...

“ကျွန်မ ဆုံးဖြတ်ပြီးပါပြီရှင် ... ဘာလုပ်စားမလဲ ဆိုတော့... မမခက်အမွေပေးလိုက်တဲ့ ပညာတွေနဲ့ လုပ်ကိုင်စား လို့ရပါပြီ” တဲ့။



“ဟင် ... မြနှင်းဆီကို သနားလိုက်တာ ... အမေကြည်ရယ်”

“ရှူး ... ဒါတွေ အမေပြောတယ်လို့ မပြောနဲ့နော်... ငါတူမလည်း ကိုယ်ကိုယ့်ကိုယ်သနားဖို့ အချိန်ကွက်တိဝင်နေပြီနော်... ”

အမေကြည်သည် အော်စတင်ကားဟွန်းသံလေးကြား၍ မီးဖိုထဲ ပြန်ဝင်သွားပါတော့သတည်း ... ။

www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ် ... မဒ္ဒီရဲ့"

"ဈေးထဲမှာ ပခုက္ကူက ကုန်သည်တွေနဲ့ တွေ့ခဲ့တာပါ— အမေတော်တော်ကို နေမကောင်းနေတာပါတဲ့ ... သူ့သမီးက ပွဲပျက်ခံပြီး လာနေရမယ် ... အကြောင်းမကြားတော့ပါဘူးလို့ ... ပြောသတဲ့ မမခက်ရယ်... အမေသေသွားရင် မဒ္ဒီ ရင်ကျိုးမှာ(၄) (၅)ရက်လောက် သွားပါရစေရှင် ..."

ဒေါ်မြခက် လုံးဝမလွှတ်ချင်ပေ။ သို့သော် မဒ္ဒီ ပုံစံကို ခပ်တင်းတင်း အသွင်ဆောင်နေရ၍ ...

"သွားတာက ဟုတ်ပါပြီ။ အဖော်ရှိလို့လား?"

"ရပါတယ် မမခက် ... ကျွန်မ အထက်တန်းအခန်းက စီးသွားမှာပေါ့ ... "

"ဟင်း ... သင်းက နာမည်ကျော်လာပြီကိုး ... အထက်တန်းအခန်းက စီးမလို့တဲ့... "

စိတ်ထဲတွင် တင်းခနဲလည်း ဖြစ်သွားရ၍ ...



"အဲဒါအရာရှိတွေ၊ မျက်နှာဖြူအရာရှိကြီးတွေ စီးတာပဲဟဲ့"

"ကျွန်မလည်း ပိုက်ဆံရှိတယ်လေ ... စီးနိုင်ပါတယ် မမခက်ရယ် ... "

ဒေါ်မြခက်သည် သူ့တူလည်းဖြစ်၊ တိုးတိုးဖော်လည်းဖြစ်၊ အိမ်ကကားလည်း သူပင်မောင်းရသော တူတော် မောင်စိုးအောင်ကို လှမ်းကြည့်သည်။

"ဒေါ်ကြီးရာ သူ့အမေ နေမကောင်းဘူးဆိုတော့ကော ဘာတတ်နိုင်မှာလဲ ... သွားပါစေပေါ့ ... အဲ ... မဒ္ဒီကို မှာချင်တာကတော့ (၅)ရက်အလွန်ပဲ ရက်ပေးနိုင်ပါတယ်ဗျာ ... တော်ကြာ အရေးတကြီး ပွဲလာငှားတဲ့ လူတွေကလည်း ပေါ်တတ်သေးတယ်ဗျာ့"

"စိတ်ချပါ ကိုစိုးအောင်ရယ် ... (၅)ရက်ထက်ပိုပြီး မနေပါဘူး ... "

"ဒါဖြင့် ... ကျွန်တော် သင်္ဘောဆိပ်လိုက်ပို့ပေးမယ်"

"သြော် ... ကျေးဇူးပါပဲရှင်"

ကြည့်လေ အဝတ်အစားမှ သုံးလေးစုံယူတာပါ။

"မြစ်သားရွှေမုဋ္ဌော ဘုရားပွဲက အကြီးအကျယ်နော် ... တော်ကြာ ... နာစေး၊ ချောင်ဆိုးတွေ ဖြစ်လာပါဦးမယ်... အေ ... "

မဒ္ဒီက မမခက်ကို ဆိုင်ကန်တော့ရင်း ...

"ဟုတ်ကဲ့ပါရှင် ... ကျွန်မ အားလုံးဂရုစိုက်ပါမယ် ..."

www.burmeseclassic.com

www.burmeseclassic.com



မဒ္ဒီ ဖို့ဒ်ကားလေးနှင့် သဘော်ဆိပ်ဆင်း သွားရာသို့ အမေကြည်သည် မီးဖိုထဲသို့ လှမ်းကြည့်ရင်း ...

"အမယ် လေး ... ကံကောင်းလိုက်တဲ့ မဒ္ဒီ ဟိုလူကြီးက သဘာက်ခါ ညဥ့်ဥယျာဉ်ပွဲ ဖိတ်မလို့တဲ့"

ဟူ၍ စိတ်ထဲမှ ကြက်သီးထထနှင့် ရေရွတ်လိုက်မိပါ တော့၏။

* * * * *



"ဟယ် ... သမီး"

"အမယ်လေး ... အမယ်လေး ... ငါ့သမီးလေး ဟုတ်ပါ တယ်နော်"

ဘုံပြတ် ... မြင်းလှည်းကလေးပေါ်မှ ပေါ့ပါးတက် ကြွစွာ ခုန်ဆင်းလိုက်သော မဒ္ဒီကို သူမိဘနှစ်ပါးသည် ရင်တီးလက် ခတ်နှင့် ဆီးကြိုလိုက်ကြသည်။

"ဟုတ်ပါတယ် ... အမေရဲ့ လာချင်လွန်းလို့ အမေ မမာဘူး လို့ ပြောပြန်ခဲ့ရတာ ... ကန်တော့နော် အမေ ... ကြည့်ပါ ဦး... အမေကဖြင့် ဝလို့ ဖြူလို့ ... "

"သမီးအမေကို နောက်မှ ချီးမွမ်း ... ဟော ... ဖျား အဖေတို့ တိုက်ကြီးကြည့်ပါဦး မခန့်ညားဘူးလားကွဲ့ ... "

"ခန့်ညားတာတော့မပြောနဲ့ ... မြင်းလှည်းဆရာ အိမ်မှား တယ်ထင်တာ အဖေရဲ့ ... နှစ်ထပ်တိုက် ဖြစ်သွားတာကို"

"အင်း ...ဝေသာန် စေတနာပေါ့ကွယ် ... နေ့မအား၊ ည

www.burmeseclassic.com

www.burmeseclassic.com



မအား သူပဲ ကြည့်ဆောက်တာလေ … သမီးဆီက နောက်ဆုံး ပို့လိုက်တဲ့ ငွေ(၆၀၀)ကျပ်ကို မကုန်အောင် ပန်းရန် အလုပ်လည်း သူဝင်လုပ်တာကွဲ … ဒီကောင်လေး ခုတင် ပြန်သွားတာ သူလည်း အရမ်းဝမ်းသာသွားမှာပဲ … ထွန်းမောင် အခါနိုင်းလိုက်ပါလား?"

"နေ … နေ အဖေ သမီးပဲ သွားလိုက်တော့မယ်…"

သူ့အဖေက တစ်စုံတစ်ရာ ဟန့်လိုက်မယ်ပြုပြီးမှ ပါးစပ်အဟောင်းသားနှင့် ကျန်ခဲ့သည်။

မဒ္ဒီ ငယ်စဉ်က ရှင်မီးအကျီလေးနှင့် အပြေးကလေး ရောက်လာလေ့ရှိသော ဤလမ်းဟောင်းတိုလေးသည် ယနေ့တော့ဖြင့် ခရီးရှည်ကြီး လျှောက်ရသလို ကြာလိုက်တာ လွန်ပါရော …

"အစ်ကိုဝေသန်"

"အစ်ကိုဝေသန်"

တွေ့ချင်လွန်း၍ သူ့အသံက စာစာကလေး ထွက်သွားရသည်။

အမှန်တော့ အိမ်နားပင် မရောက်တတ်သေးပါ။

စိတ်ဓာတ်ခြင်း အလွန်နီးစပ်နေသည်ဟု ပြော… မလား မသိပါ။

ရေချိုးပြီး အကျီပင်မဝတ်ရသေးသော ဝေသန် နားက အိပ်မက်လိုလို စိတ်ထင်တာလိုလို ကြားမိအောင်ကြားသည် ထို့ကြောင့်လည်း အိမ်ရှေ့အဆင့်လေးသို့ဆင်းရင်း လှမ်းကြည့်သည်။



"ဟာ … တကယ့် မဒ္ဒီပါလားကွာ … "

ရတနာပုံနေပြည်တော်ဟောင်းကြီးတွင် မွီတင်းခွင့်ရသော နာမည်ကြီး အငြိမ့်မင်းသမီးလေး မဟုတ်ပါလား … အသွေးအမွေး အပြင်အဆင် အသွင် အရာအားလုံး တိုးတက်နေသော မဒ္ဒီကို ဝေသန်ပြေးကြည့်သည်။ ပါးစပ်အဟောင်းသားနှင့် ကြည့်မိသည်။

"မဒ္ဒီရယ် … "

ဝေသန်၏ (မဒ္ဒီရယ်)ဟူသော အခေါ်လေးတွင် အဓိပ္ပာယ်ပေါင်းများစွာ ပြွန်းထွေးစွာနှင့် လေးလေးနက်နက်ကြီး ခေါ်လိုက်မိပါတော့၏။ ပြီးတော့ မဒ္ဒီကို ခြေဆုံးခေါင်းဆုံးကြည့်ပြန်သည်။

"အစ်ကို … အိပ်မက် မက်နေတာ မဟုတ်ပါဘူးနော် …"

ဧရာဝတီမြစ်ကြီးကို ဖြတ်သန်းလာသော လေအေးများက သူတို့နှစ်ဦးကို ဝမ်းသာအားရ မက်ထွေးပွေ့ယူထားခြင်း ခံလိုက်ရလိုလို …

"ရော့ … မဒ္ဒီလက်ကို ကိုင်ကြည့်လေ … အိပ်မက် မဟုတ်ပါဘူး အစ်ကိုရယ်"

သူ့လက်ကလေးကို ဝေသန် ကိုင်ရဲပုံမပေါ် …

ဆေးရောင်စုံအရုပ်ကလေးနှယ် ဖူးစင်ကျော့ရှင်းနေသော မဒ္ဒီကို ဝမ်းသာခြင်းအရောင်များ တဖိတ်ဖိတ်တောက်… နေသော မျက်လုံးများနှင့် ကြည့်နေသဖြင့် မဒ္ဒီက ဝေသန်လက်ကို

www.burmeseclassic.com



အားရပါးရ စ၍ ဆုပ်ကိုင်လိုက်သည်။ မဒ္ဒီ လက်ကလေးများသည် နူးနူးညံ့ညံ့ ဖူးဖူးသန့်သန့် ဒီတော့မှ သူ့တွင် အသိတရားများ ဝင်လာသည်။ မဒ္ဒီ၏လိုက်လျောမှုလေးကြောင့် အားလည်းတက်လာရကာ သူက အားပါးတရ ပြန်လည်ဆုပ်ကိုင်ထားရင်း အိမ်ကလေးပေါ်သို့ တက်ခဲ့ကြသည်။

"အစ်ကိုညက အိပ်မက်တယ် သိလား!"

"ပြောပါဦး ... အစ်ကို့အိပ်မက်ကို"

"မဒ္ဒီကိုလေ ... အစ်ကိုက ရေစင်ကြီး တစ်ခုပေါ် ခေါ်သွားပြီး ရေ ... ... တွေ လောင်းချိုးပေးရတယ်တဲ့"

"ဟင် ... အစ်ကိုရယ် ကောင်းလိုက်တဲ့ အိပ်မက်... အမြင့်တက်ရတယ်။ ရေချိုးရတယ်။ အကောင်းချည်းပဲ အစ်ကိုရေ မင်္ဂလာပဲ"

"ဩော် ... မဒ္ဒီ ... မဒ္ဒီ ရုပ်ရည်သာ ပြောင်းတာ မဟုတ်ဘူးခင် ... ဗျာ ဟန်တွေစတိုင်တွေပါ ပြောင်းလာတာကိုး။ တိုးတက်ခြင်းတစ်မျိုးပေါ့နော် ... ဒါနဲ့ ထိုင်ဦးနော် သိပ်အရေးကြီးတဲ့ စကားပြောစရာရှိတယ် ... နေဦး ဇီးဖျော်ရည် စပယ်ရှယ်လုပ်ထားတယ် ... သောက်ရမယ်နော် ... စိတ်ထဲမှာ မဒ္ဒီလာမှာ သိနေ သလိုပဲကွာ ... "

သူက ယွန်းခွက်ရဲရဲကလေးနှင့် ဇီးဖျော်ရည်ကို မဒ္ဒီလက်ထဲ လာ၍ထည့်လိုက်သည်။

"အာ ... ဇီးဖျော်ရည်ကလေး ကောင်းလိုက်တာ ရင်ထဲမှာ



အေးစိမ့်သွားတာပဲ ... "

"အစ်ကို့အရေးကြီးတဲ့စကားဆိုတာ ပြောလေ ..."

"မဒ္ဒီ ... မှန်ရာပြောရမယ်နော် ... "

"ပြောမှာပေါ့ အစ်ကိုရယ် ... "

"အစ်ကို့ဆီကို နှစ်လတစ်ခါ ငွေတစ်ရာ တစ်ရာ မန်နီအော်ဒါနဲ့ ပို့တာ ဘယ်သူလဲဟင် ... "

"မဒ္ဒီ ဘယ်သိမှာလဲ ... "

"မှန်ရာပြောမယ့်ဆို ... "

မဒ္ဒီ တွေခနဲဖြစ်သွားရပြီး ပါးစပ်ပိတ်၍ရယ်ရင်း ...

"အစ်ကိုကသိလ်ရအောင်လို့ပါ ... အစ်ကို့အဖေက နောက်အိမ်ထောင်ပြုပြီး ရက်စက်သွားတယ် ... စိမ်းကားသွားတယ်လို့ အမြဲပြောနေတာမဟုတ်လား ...အစ်ကို့ကိုရေးပေးခဲ့တဲ့ ဇာတ်စာ ... ဇာတ်စကားတွေ အဆို အငို အကြမ်းအနု အနုပညာဆယ့် နှစ်မျိုးကို ထုံးလိုမွှေ ရေလိုနှောက်သင်ပေးခဲ့တဲ့ အစ်ကို့အဖေကို အမြဲကျေးဇူးတင်နေစေချင်လို့ပါ ... "

"ဟင် ... ဒါဖြင့် ဒီငွေတွေ မဒ္ဒီပို့ပေးတာပေါ့နော်"

"နေပါဦး ... အစ်ကို ဘယ်လိုသိတာလဲ ... "

"အဟင်း ... အစကတော့ တကယ်ထင်တာပေါ့လေ ... နောက်တော့ စိတ်ထဲမှာ မသင်္ကာလာမိတယ် ... အဲဒါနဲ့

www.burmeseclassic.com

www.burmeseclassic.com



မန်နီအော်ဒါလာပို့တဲ့လူကို သေချာမေးကြည့်တော့ ငွေပို့သူနေရာမှာ ဦးဘဖြူ၊ ဆောမြို့လို့ရေးထားပေမဲ့ တကယ်တော့ မန္တလေးက ပို့လိုက်တာတဲ့ ... ”

မဒ္ဒီမျက်နှာလေး ကြည်ကြည်လင်လင် ပြုံး၍ ...

“အစ်ကို့မှာက ရုပ်စုံကြီးဆွဲသာ လုပ်ချင်တာ မဟုတ်လား... ထမင်း ဘယ်လိုစားမလဲ ... ”

“ဩော် ... မဒ္ဒီရယ် ငါ့အပေါ် ဘာကြောင့် ဒီလောက် ... စေတနာကြီးရတာလဲဗျာ ... ”

“အဲဒါ နောက်မှပြောမယ် ... အဖေတို့ အမေတို့ရဲ့ တိုက်သစ်ကြီးထဲ ဝင်တောင်မဝင်ခဲ့ရဘူး ... သွားတော့မယ်နော်”

“နေဦး မဒ္ဒီ ... ပြောစရာရှိသေးတယ် ခင်ဗျာ”

“အဘလေ ... အဖေ ဦးဘဖြူ ဒီကို တကယ်ရောက်လာတယ် ... ”

“ဟင် ဟုတ်လား ... ”

“ဟုတ်ပါတယ် ... နပျိုဝစိုနေတာပါပဲ အစ်ကို့ကို ငွေနှစ်ထောင်လည်း ပေးသွားတယ် ... ဟိုမှာ ဆေးဆရာကြီးဖြစ်နေပြီတဲ့ ... ”

“ဟာ ... အစ်ကိုကော်တာပေါ့နော် ... ”

“ဟုက်တယ် ... အစ်ကိုက နှစ်မျိုးကော်သွားတာဗျာ ... မဒ္ဒီ့ဆီက ငွေတွေလည်း တစ်ပြားမှ မသုံးဘူးဗျာ ... ”



“အို ... ဘာဖြစ်လို့လဲ ... ”

“မသုံးရက်လို့ပေါ့ မဒ္ဒီရယ် ... ”

“အစ်ကို့ဘဝမှာ တစ်ခါမှ ဘယ်သူ့ဆီကမှ စာတိုက် ကနေပြီး အပို့ခံခဲ့ရဖူးတာမှ မဟုတ်တာဗျာ ... ပေါ့ ... အရီးချောတို့ လိုက်လာကြပြီ ... ”

“ဟုတ့်ပ ... အဖေရော အမေရော အစ်ကို မဒ္ဒီ မနက်ဖြန်ဖြန်မှာ ... ”

“ဟင် ...,မြန်လှည်ချည်လားဗျာ ... ဒီမှာ ဝေသန် မောင်တော့ အလွှမ်းထပ်ဆင့်နေရဦးတော့မှာပဲကွာ ... ”

“ဟင့်အင်း ... အစ်ကိုမလွှမ်းရတော့ဘူး ... မဒ္ဒီကို အစ်ကိုလိုက်ပို့ရမှာ လိုက်စောင့်ရှောက်ရမယ်ရှင့် ... ”

“လိုက်ပို့ရမှာ ... လိုက်စောင့်ရှောက်ရမယ် ... ”

“ဒါတင်မကသေးဘူး အစ်ကို ... မဒ္ဒီ့ကို တစ်သက်လုံး ပိုင်ရမှာ ... ”

“မဒ္ဒီရယ် ဝမ်းသာရမှာလား ဝမ်းနည်းရမှာလားကွာ”

“ဝမ်းသာပါတော့ အစ်ကိုရယ် ... မဒ္ဒီ့ကို တစ်သက်လုံး လိုက်စောင့်ရှောက်ရမှာနော် ... ”

“တစ်သက်လုံး ... ”

“အစ်ကိုက အုံ့သြနေလိုက်တာ ... တကယ်ပြောတာပါရှင်... ”

www.burmeseclassic.com

www.burmeseclassic.com



သူမိဘနှစ်ပါး ညှောင်ပင်အောက်သို့ ရောက်နေကြသဖြင့် ဝေသန်၏ ရင်ခွင်သို့ သူခေါင်းလေးနှင့် မရဲတရဲ ဝင်ခွေ့လိုက်ပါတော့သတည်း။



(ဒုတိယပိုင်း)

www.burmeseclassic.com



ဘူရင်ခွင်သို့ ရဲရဲတင်းတင်းကလေးခေါင်းလေးမီွတားသော မဒ္ဒီကို အံ့ဩဝမ်းသာကြီး ငုံကြည့်မိသည်။ပြီးတော့ ရင်ထဲ၌ ဖော်မပြနိုင်အောင် ဝမ်းသာလုံးဆို့သွားရသည်။ချက်ချင်းပင် သူ့လက်တန်းနှစ်ဖက်က သိုင်းဖက်မိသွားရသည်။

"မဒ္ဒီရယ် ... နေ့တိုင်း နေ့တိုင်း မင်းကလေးကို လွမ်းရပုံတွေ စာတို့ထားရရင် ရေတွက်နိုင်မှာတောင် မဟုတ်ပါဘူးကွယ် ... "

"အစ်ကို တကယ်သတိရတာ ဟုတ်ရဲ့လားဟင်?"

"ကြည့်စမ်း ... ဒီကလေးမ ကျုပ်ကို မယုံဘူး ... "

ဝေသန်သည် မချင့်မရဲဖြစ်လာ၍ မဒ္ဒီ၏ မျက်နှာလေးနှင့် သူ့မျက်နှာတို့ ပူးကပ်ထားလိုက်ပါတော့တတည်း။

အရီးချောတို့ လှေကားဆင့်ပေါ်သို့ တက်လာကြမှ သူတို့နှစ်ယောက် ခပ်ကြဲကြဲ ရပ်လိုက်ကြသည်။



"ထိုင်ကြပါ ဦးလေးသောင်း ... ကျွန်တော်လက်ရာ ခီးဖျော်ရည်ကလေးသောက်ကြပါဦး ... ပြီးတော့မှ ဦးလေးသောင်းသမီးအကြောင်း ပြောရဦးမယ် ... "

"အလို ... ဘာများလဲ ဝေသန်ရဲ့ အထိတ်တလန့်"

ယွန်းလင်ပန်းနှင့် ခီးဖျော်ရည်နှစ်ခွက်ကို ကောင်းမွန်စွာ ဒူးတုတ်၍တည်ခင်းသည့် ဆေးလိပ်ခွက်နှင့် ကွမ်းအစ်ပါ ယူလာရင်း ... ,

"မဒ္ဒီက မနက်ဖြန်ပြန်မှာတဲ့ ... အရီးရဲ့ ... "

"ဟဲ့ ... ဒီလောက်ဝေးတဲ့ခရီးကြီး ချက်ချင်းပြန်လို့ [illegible]လေး ပင်ပန်းမှာပေါ့ကွယ်"

မဒ္ဒီသည် သူ့အမေကို ဖက်ရင်း ...

"အမေ့ကို တွေ့ချင်လွန်းလို့ ... တွေ့ချင်လွန်းလို့ အလုပ်ရှင်ကို မနည်းတိုက်ပွဲဆင်လာရတာအမေရဲ့"

"ဘယ်လို ... ?တိုက်ပွဲဆင်ရတယ်။"

ဦးသောင်းစိန်က သမီးလေးအပေါ် ဘယ်လို၍ကရုဏာသက်သက် သူ့လူကြမ်းသံကြီးကဖြင့် မပျောက်ရှာပေ။

"အဖေနဲ့အမေရာ အစ်ကိုဝေသန်ရော် ကန်တော့ ပါရဲ့နော်... ဟိုမှာ သမီးဘဝက မလုံခြုံတော့ဘူးအမေရဲ့ ... နာမည်ကျော်လေ နေစရာမရှိလေဘဲ"

"ဝေသန် မင်းနှမပြောတာ ဘာစကားတွေလဲကွာ ... "

"သြော် ... တော့မလဲ လေသံကြမ်းသလောက် နုံညည်းနုံပါ

www.burmeseclassic.com

www.burmeseclassic.com



တော် ...”

“ပွင့်ပွင့်လင်းလင်းပဲ သမီးပြောပါမယ် ... သမီးကို စောင့်ရှောက်ဖို့ အစ်ကိုဝေဿန်ကို လာခေါ်တာ အဖေရဲ့ ...”

“ဟင် ... ဒါအတွက်လာတာ ...”

“အဖေနဲ့အမေလည်း နေထိုင်မှု ကောင်းကြရဲ့လားလို့ပါ။ အဖေတို့ကို သတိရလွန်းလို့ အိမ်မက်တွေကို ခဏခဏမက်တာအဖေရဲ့ ...”

“ဟွန်း ... ညည်းအမေလည်း မန္တလေးက ပို့လိုက်တဲ့ ပိုစတာကြီးတွေ ကြည့်ပြီး တစ်နေ့သုံးကြိမ်လောက်ငိုတာများ ဝေဿန်သာ မေးကြည့်တော့ ...”

ဝေဿန်သည် သူတို့မိသားစုလွတ်လပ်စွာ စကားပြောကြပါစေတော့ဟူ၍ ဖျာစွန်းကလေးတွင် ငြိမ်သက်စွာ ထိုင်နေသည်။ သို့သော် စိတ်အစုံက မငြိမ်သက်ပါ။

စောစောက မဒ္ဒီအား စိတ်ရှိလက်ရှိ မျက်နှာခြင်းကပ်၍ နမ်းလိုက်မိသည် မဟုတ်ပါလား ...။ ယခုထိ ရင်ထဲမှဖိုဆဲ၊ ရင်ခုန်ဆဲပဲ မဒ္ဒီရယ် ... နင်နဲ့ငါနဲ့ အရှယ်ကလည်းကွာ ပြီးတော့ နင်ကမမျှော်လင့်ဘဲ အရမ်းအောင်မြင်သွားတယ်၊ နောက်ပြီး ဦးလေးသောင်းကိုလည်း ကြောက်တယ်လေ ...။ ဒါကြောင့် ငါ့စိတ်ကို မြှိုသိပ်ခဲ့တာပါဟာ။ ဒါပေမဲ့ မမြနုကို ငါ့ဘာကြောင့် အကြောက်အံကန် ငြင်းခဲ့ရတာလဲ။

ငါထက်အလွန်ငယ်ရှာသေးတဲ့ မဒ္ဒီကို ရင်ထဲက



အလိုကို စွဲလန်းနေခဲ့ရတာကို ... သူကလည်း ... ငါ့ဘာလို့သလဲလို့ အမြဲအကဲကြည့်နေတာပဲလေ။ တစ်ဦးမေ့တွာတစ်ဦးမှာ ဆိုတာ ဒါကိုများ ခေါ်သလား ... ခုလည်းကြည့်လေ အဖေဆီက ဟန်ဆောင်ပြီး ငါကို ငွေပို့ရှာသည်။ ငါ့ဘဝမှာ (မန်နီအော်ဒါ)ဆိုတာ တစ်သက်မှာ တစ်ခါပဲရဘူးတာပဲ မဒ္ဒီရယ် ... အရွယ်နဲ့မလိုက် သိတတ်လွန်းတာလေးတွေ ငါ့ရင်ထဲမှာ အမြဲမှတ်တမ်းတင်ထားမိပါရဲ့ဗျာ ...။

“ဟော့ ... ဝေဿန် မင်းဦးလေးက မေးနေတယ်။ မင်းကရော မန္တလေးလိုက်နိုင်လို့လားတဲ့ ...”

“ဩော် ... ဗျာ ... ဗျာ လိုက်နိုင်ပါတယ်။ ငါ့မှာ စောင့်အနီလေး မခြုံရရင် အိပ်မပျော်သလို၊ မချောကိုယ်ပေါ် လက်ကလေးတင်ပြီးမှ အိပ်တတ်တာဟ ... ဟား ... ဟား ... ဟား...”

ဦးကျော်စိန်အပြောကြောင့် အားလုံး ဝိုင်းရယ်ကြသည်။ ဒေါ်ချောက ခေါင်းဖုနဲ့ လှမ်းရိုက်ရင်း ...

“ကလေးတွေရှေ့မှာ” ဟူ၍ ရှက်ကိုးရှက်ကန်း ပြောရှာသည်။”

“ကဲ ... အစ်ကိုဝေဿန် အဖေတို့တိုက်ကို ကြည်တောင်မကြည့်သေးဘူး... မနက်လေးနာရီသင်္ဘောဆင်းမှာနော်... မြင်းလှည်းဆရာ ဦးထွန်းကြီးကိုမှာပြီး မဒ္ဒီကို လာကြိုသည့်တော့ ...”

www.burmeseclassic.com

www.burmeseclassic.com



ယခင်နှင့်မတူ မဒ္ဒီသည် သွက်လက်ချက်ချာနေပုံ ကလေးကား မဒ္ဒီမှ ဟုတ်ပါလေစဟု ထင်နေရတော့သည်။

"ဟို ... ဟို ဦးလေးသောင်းနဲ့အရီးချော"

"ဟေ ... ဘာများလဲ ဝေဿန်ရဲ့ ... "

"ဟို ... ကျွန်တော်လိုက်သွားရမယ်ဆိုတာ ဦးလေးသောင်း နဲ့ အရီးချောတို့က သဘောတူပါတယ်နော် ... "

ဝေဿန်သည် ရုပ်ရည်ကလေးက နုနယ်တင့်တယ် သလောက် အတွေးအခေါ်ကလေးက လူကြီးဆန်ရှာသည်။

"အေး ... ဦးလေးလည်း ဒါကိုပဲ စဉ်းစားနေတာကွဲ့ ... အဖိုးကလေးတစ်ဦးကို လူဖိုးလေးတစ်ယောက်က လိုက်ပြီး စောင့်ရှောက်ရမယ်ဆိုတာ မြန်မာလူမျိုး မျက်စိများက လက်ခံမှာ မဟုတ်ပါဘူး ခင်ဗျာ ... ဒီတော့ ကျွန်တော် မဒ္ဒီကို တစ်သက်လုံး စောင့်ရှောက်ခွင့်ပြုပါလို့ ... ဦးလေး သောင်းနဲ့ အရီးချောကို ခွင့်တောင်းပါတယ်ခင်ဗျာ ... "

သူက ထိုင်ကန်တော့လိုက်ပြီး ထိုစကားကို တစ် လုံးချင်း ပြောလိုက်ပါတော့သတည်း။

ဦးကျော်စိန်နှင့် အရီးချော ရုတ်တရက် နေရထိုင်ရ ကြီး ခက်သွားရသည်။ ပြီးတော့ ... ဦးကျော်စိန်က ထိတ်လန့်သလို လေးနက်သလို ဒေါ်ချောကို လှမ်းကြည့်သည်။

"ကဲ ... သမီးပဲ မေးတော့မယ်။ သူပြောတာ သမီး သဘော တူရဲ့လားဟင်?"



မဒ္ဒီသည် ဝေဿန်အနား ဒူးတုပ်၍ထိုင်ရင်း သူ့ပါ ကန်တော့သည်။

"အဖေနဲ့အမေရယ် သမီးဘဝက တစ်ကယ့်ကို မလုံခြုံတာ ပါ ... ဒါကြောင့် ကြိုရာမရလည်းဖြစ် အစ်ကိုဝေဿန်ကို အားလည်းကိုးတယ်လေအဖေရဲ့ ... "

သူက ဝေဿန်လက်မောင်းကို ရဲရဲတင်းတင်းဆုပ် ကိုင်၍ ပြောလိုက်သည်။

"ဟေ ... ဒီလိုဖြစ်နေတာလား ... ဒုက္ခပဲကွာ ..."

"ဦးလေးသောင်း ဒါ ဒုက္ခမဟုတ်ပါဘူးဗျာ ... ခြော် ခဏ နော် ဦးလေး ... "

ဝေဿန် ရုတ်ခနဲ ထသွားသည်။ ခဏအကြာ ပြန် ထွက်လာသည်။ လက်ထဲ၌ ရွှေယွန်းဘူးဟောင်းလေး ပါလာသည်။

"ကျွန်တော်မှာ နတ်ရှိုးဆော်သလိုပါပဲ ဦးလေးရယ်... မဒ္ဒီနဲ့ များ မင်္ဂလာဆောင်ခွင့်ရရင်ဆိုပြီး ငွေစုထားတာ ခြောက် ထောင်လောက်ရှိတယ် ဦးလေးရဲ့ ... "

"ဟေ ... များလှချေလား ... "

"ခု ... ဦးလေးသောင်းနဲ့ အရီးချောကို ငွေနှစ်ထောင် ကန် တော့ပါတယ်။ မနက်အစောကြီး ကန်တော့ပွဲတစ်ပွဲရအောင် ကိုတူးတို့ဆိုင် သွားဝယ်ထားမယ်။ ကန်တော့ပွဲနဲ့လည်း ကန်တော့မယ်နော် ဦးလေးသောင်း ... "

"အံမယ် ... မင်းက သမီးကို ငွေနှစ်ထောင်၊ ငှက်ပျောတစ်ပွဲ

www.burmeseclassic.com



နဲ့ တင်တောင်းမယ်ပေါ့လေ ... "

"နည်းတယ်ထင်ရင်လည်း တစ်ထောင်ထပ်ထည့်မယ်နော် ဦးလေးသောင်း"

"အဟင်း ... အဟင်း မင်းက ဒီအကြံနဲ့ တိုက်ဆောက်ပေးနေတာကတော့ မှန်ပါတယ် ... ဒါပေမယ့် မဒ္ဒီ ခုလိုကျွန်တော်ကို ခေါ်မယ်မှန်း ဘယ်သိနိုင်ပါမလဲဗျာ ... "

"အေး ... အေးမှန်တာပြောရရင် မင်း ... မမြနုကို မယူတော့ကတည်းက ဦးလေးသောင်း စိတ်ကူးယဉ်ပြီး သမက်တော်နေတာပါကွယ် ... "

"ဟုတ်ပါတော် ... ဝေသန်လို စိတ်နှလုံးကောင်း၊ သဘောကောင်းတဲ့ လူမျိုးမှ ကျုပ်တို့ ငြင်းနေရင် မိုက်မဲရာကျတော့မပေါ့ကွယ် ... ဒါပေမဲ့ ... "

"ဒါပေမဲ့ ဘာဖြစ်လို့လဲ အရီးချော ... "

"အဲ ... သမီးကလေးတစ်ယောက်တည်းဆိုတော့ ကိတ်မုန့်ကော်ဖီတိုက်ပြီး မင်္ဂလာပွဲလေးပါတာပေါ့ ဝေသန်ရယ်"

"အာ ... အရီးချောရယ် ကျွန်တော်မှာ ဒီလောက် တော့အင်အားရှိပါတယ် ... အရီးချောသမီးလေးက အိမ်မက်လိုပြန်တာကိုး ခင်ဗျား ... "

မဒ္ဒီသည် အငြိမ့်မင်းသမီးကလေးဖြစ်နေပြီမဟုတ်ပါသား မင်းသမီးက လူပျက်ကို ခနီးခနဲ့ရိက်ပုတ်ဟန်ကလေးနှင့်သွမ်းပုတ်ရင်း ...



"မဒ္ဒီက အရင်ကလို မဟုတ်တော့ဘူး ... အစ်ကို ဝေသန်ရဲ့ဘယ်နှစ်ပွဲ က,ပေးပါမယ် ... ဘယ်မှလည်း ခရီးဝေးမသွားပါဘူးလို့လေ ... စာချုပ်ချုပ်ရတာ ... ခုတောင် အမေနေမကောင်းဘူးလို့ ... "

"ကန်တော့နော် အမေ ... ညဏ်ဆင်ပြီး ဖွတ်ထွက်လာခဲ့ရတာပါနော် ... "

မဒ္ဒီအသံကလေးက စီလွင်နေသည်။

"ဟုတ်ပါပြီတဲ့ဗျာ ... ဟုတ်ပါပြီတဲ့၊ မဒ္ဒီ ခုလိုရောက်လာလို့လည်း ... ခုတော့ အစ်ကိုလည်းဝမ်းသာ၊ ဦးလေးနဲ့ အရီးချောတို့လည်း ဆန္ဒပြည့် ... "

"အစ်ကိုဝေသန် ကရော"

"ဪ ... ပြောစရာမရှိ ဝမ်းသာခြင်းအတိပါတဲ့ ဗျာ ... အဟွန်း ... "

"ဟွန်း ... (တဲ့)ဆိုတာ ဘာအဓိပ္ပာယ်လဲ ... "

"ဟောဗျာ ... အရီးချောရေ ကျွန်တော်တော့ မဒ္ဒီကို စကားများများမပြောရဲတော့ပါဘူးဗျာ"

"ဟုတ်ပါရဲ့ သမီးရယ် ... သူများအပေါ် အထအန ကောက်ချင်သလောက်ကောက်၊ ဝေသန်ကိုတော့ စိတ်နဲ့တောင်မပြစ်မှားပါနဲ့ သမီးရယ် ... "

"ကဲ ... မဒ္ဒီ ကြားတယ်နော် ... "

"အခု ကန်တော့ရအောင်နော် ... မနက်မှ ကန်တော့ပွဲနဲ့

www.burmeseclassic.com

www.burmeseclassic.com



ထပ်ကန်တော့မယ် ... ”

ဒင်္ဂါးသုံးဆယ်ကို ရွှေယွန်းဘူးထဲထည့်၍ လူကြီးမိဘရှေ့သို့ချထားရင်း ...

ဝေသန်ကန်တော့သမျှ မဒ္ဒီကလည်း လိုက်၍ကန်တော့သည်။ ဦးသောင်းစိန်က ဆုတွေပေးရင်း ...

သူ့သမီးလက်နှင့် ဝေသန်၏လက်ကို တစ်ဖက်စီ ဆွဲကိုင်ရင်းချပ်ချပ်ရပ်ရပ်ကပ်ထားရင်း ရုပ်ကြီးစင်တွင် သရုပ်ဆောင်နေသကဲ့သို့ အသံနေအသံထားနှင့် ဆုတွေပေးနေတော့သည်။

ဝေသန်နဲ့မဒ္ဒီ
ကံစီမံ၍
ဖူးစာရေစက်
စုံချက်ညီညီရှိခဲ့ပြီမို့
မိုးကြီးလေထန်
လှိုင်းရေလှုံ့လည်း
တောမီးပတ်လည် ... ပိတ်ဆို့ခမန်း
ဆူးခင်းလမ်းတွင်
အပန်းကြီးလည်း
နောက်ဆုံးတစ်နေ့
ဆွေ့ဆွေ့ရှမ်းရှမ်း
ချစ်ပန်းစုံခင်း ... ချစ်တလင်း၌
ပျော်ရွှင်ခြင်း အနှစ္



စိတ်ချမ်းသာမှု
ပြည့်ပြည့်ဝဝ နှင့်
အသက်ထက်ဆုံး
ပြုံးပျော်ရွှင်လန်း
မိုးဆမ်းပန်းသို့
ရှိကြစေသော်
ရှိကြပါစေ ... သော် ...

ဟူ၍ ရုပ်ကြီးစင်တွင် ရွတ်ဘိသကဲ့သို့ အားပါးတရ ရွတ်ဆိုလိုက်၍ ဒေါ်ချော မျက်ခုံးတွန့်သွားရပြီး ...

“တော့် ... ဆုတောင်းကြီးက လှိုင်းလည်းပါ၊ မိုး လည်းပါ၊ ဆူးလည်းမကျန်၊ ကြောက်စရာကြီးပါလား ... တော်”

ဟု ပျစ်ပျစ်နှစ်နှစ် ပြောပစ်လိုက်သည်။

ဦးသောင်းစိန်က တဟားဟားရယ်ရင်းက ...

“ဟ ... လူ့ဘဝဆိုတာ ပန်းတိုင်အရောက် သွားရတဲ့ တေရာမှာ ချောချောမောမော ရှိချင်လည်းရှိနိုင်တယ် ... ခလုတ်က သင်းဆိုတာတွေလည်း တွေ့နိုင်တယ် ... တကယ်လို့ ဒါမျိုးတွေကြုံလာရင် ခံနိုင်ရည်ရှိအောင်လို့ပေါ့ ကွာ ... ဟုတ်ဖူးလား ... ဝေသန်”

ဝေသန်သည် ပြုံးမဲ့မဲ့ကလေးနှင့် မဒ္ဒီ လက်ကလေး ကို ဆုပ်ကိုင်းထားရင်း ...

“ကျွန်တော်ကတော့ ခုလို အဖေတို့ အမေတို့က ပေးစား

www.burmeseclassic.com

www.burmeseclassic.com



ပြီးတဲ့နောက် ဘာဒုက္ခမှမတွေ့ပါရစေနဲ့လို့ ဆုတောင်းပါတယ် ခင်ဗျာ … ”

“အေးကွယ် … သား ဆုတောင်းတဲ့အတိုင်း တစ်လုံးတစ်ဝတည်း ပြည့်စုံပါစေကွယ် … ”

“ကဲ … မင်းတို့ဘဝကလည်း မမြနန္ဒကွာလေခြင်းကွယ်၊ အာဝါဟ ဝိပါဟ ကိစ္စကို မိနစ်ပိုင်းနဲ့ ပြီးသွားကြပကိုးကွဲ့”

ဦးသောင်းစိန်က … ခေါင်းတငြိမ့်ငြိမ့်နှင့်သုံးသပ်လိုက်သည်။

“ကဲ … ကဲ … မင်းလည်း အိမ်ကို သိမ်းဖို့ဆည်းဖို့ လိုသေးတယ် … ”

“သမီး … သွားစို့လေ … စောစောက တိုက်ထဲတောင် မဝင်ခဲ့ရသေးဘူးဗျာ … ”

ဦးသောင်းစိန်က သူ့သမီးကို ခေါ်လိုက်သည်။အဖြစ်သည်းသည်ဟုခေါ်ခေါ်–မဒ္ဒီသည် ဝေဿန်နှင့် တစ်စက္ကန့်ကလေးမျှ မခွဲချင်ချင်တော့ပါ။

သို့သော် မနက်ဖြန် သူနှင့်အပြီးအပိုင် လိုက်နိုင်ရေးအတွက် စီစဉ်ရဦးမည် မဟုတ်ပါလား။ ညောင်ပင်ရှေ့နားအထိ ဝေဿန်၏လက်မောင်းကို ယီးလေးခိုလိုက် ဆွဲညှစ်လိုက်နှင့် မချင့်မရဲ ပါ၍လာသည်။

ဦးသောင်းစိန်က မျက်စိရှက်၍ ရှေ့ကတစိုက်စိုက် သွားနှင့်သည်။



“ကောင်လေးက သူ့အိမ်အတွက် စီစဉ်ရဦးမှာ သမီး ရဲ့ … လာ… လာ … ”

ဝေဿန်သည် ရပ်၍ကျန်ခဲ့သော်လည်း သူ့ဘဝကို မယုံနိုင်ရှာ။ အိမ်မက်များ မက်နေရှေ့လားဟု တွေးရင်း ကျန်ခဲ့သည်။

***

www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ ပြည်–မန္တလေး အဆန် ပခုက္ကူတွင် ဆိုက်လျှင် ညဆင်းအိပ်ကြသည်က ထုံးစံပါ။ ယခုတော့ မဒ္ဒီနှင့် ဝေသန်တို့၏ လျှပ်တစ်ပြက် အကြံအဖန်များကြောင့် ညလည်း ဆင်းမအိပ်နိုင်ပါ။ အိမ်ကြီးတစ်ခုလုံး သော့ခတ်ထားမည်ဖြစ်သော်လည်း သူ့အချစ်တော် ရုပ်သေးရုပ်အားလုံး၊ သူ့ကို ထင်းရှူးသေတ္တာထဲထည့်သည်။ အဝတ်အစား(ရင်းတား)လေးမြှားတောင်ဝှေး–သံလျှက်၊ ဘာမျှ မကျန်ခဲ့ပါ။

ညဆယ်နာရီ ထိုးမှ ဒေါ်လှကြီးအိမ်ဆိုင်သွား၍၊ ငှက်ပျော့အုန်းတစ်စုံ ဝယ်လိုက်သေးသည်။ ဖောက်သည် ဦးထွန်း၏ မြင်းလှည်းလည်း မှာခဲ့ပြီးပြီ၊ ဝေသန်သည် အလုပ်သာလျှောက်လုပ်နေသည်။ စိတ်အစုံကမူ ငါ မဒ္ဒီနဲ့ လက်ထပ်ပြီးပြီ၊ မယုံစရာဘဲ။ မဒ္ဒီ–မဒ္ဒီ ပါးစပ်ဖျားတွင် ထပ်မနားခေါ်နေသည်။ တတ်နိုင်လျှင်တော့ ရမယ်ရှာ၍ အရီးချောတို့တိုက်သစ်ကလေးသို့ ပြေးသွားလိုက်ချင်သည်။ တင်းတင်းမွတ်မွတ်–အိအိလုံးလုံး မဒ္ဒီကိုယ်လုံး



ကလေးကို မလွှတ်တမ်း ဖက်ထွေးထားချင်သည်။ အမှန်တော့ အနှစ်နှစ်အလလက ဆန္ဒများ၊ မမျှော်လင့်သောအချိန်တွင် ပြန်းစားကြီး ပြည့်ဝသွားရခြင်းပါတည်း။

မဒ္ဒီကိုယ်တိုင်လည်း သူ့မိဘများ၏တိုက်သစ်ကလေးတွင် ဘုရားခန်းထဲမှ မထတော့ဘဲ အချစ်ဆုပေါင်းများစွာကို သူ့တ(ဆု)အဖြစ် တောင်းနေပေသည်။

မန္တလေးရောက်ရင် သူနေတဲ့အိမ်ခေါ်ရမည်လား? သို့မဟုတ် နှဲဆရာ ဦးကြွယ်တို့အိမ် ခေတ္တသွားထားရမလား? ငါ့အစ်ကို လူသိထင်ရှား ဘယ်တော့နေရမှာလဲ? ...

မန္တလေးမှာ ငါကလည်း နာမည်တကျော် အိမ်ထောင်ပြုလိုက်ရင် တစ်မျိုးတစ်ဖုံတော့ ပြောင်းလဲသွားမှာပဲ ...

"အို ... ဒါတော့ မတတ်နိုင်ဘူး ... ငါ ... ငါ အစ်ကို ဝေသန်ကို ချစ်တယ် ... ချစ်တယ် ... ပြီးတော့ အဖေ ကိုယ်တိုင် လက်ခြင်းဂဟေဆက် ပေးလိုက်တာပဲ ... ဒီထက် နိုင်လုံရဦးမှာလား? ... "

ခါတိုင်း စင်မြင့်ပေါ်၌ အကလမိုင်း၊ အဆိုလမိုင်း ကပ်ခဲ့သမျှ ခုတော့ အချစ်လမိုင်းသည် အခမ်းအနားနှင့် ဝင်၍နေပါပေါ့လား ... ။

သူ့အမေ အပြင်ကနေလှမ်းခေါ်မှ ပြန်ထွက်လာပြီး မန္တလေးက အကြောင်းတွေ မေးသမျှ ဖြေရသည်။ သူ့အမေ စိတ်ပူသွားမည်စိုး၍ တချို့တော့လည်း ချန်ထားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကဲ သမီးလေး အမေနဲ့ အိပ်နော် ... လာ လိုက်ပုံက တစ်ညည်းထဲတဲ့တော် ... "

ဒေါ်ချော၏ မကျေမနပ်သံကလေးကား တိုက်ခေါင်မိုးမမြင့်တမြင့်ပေါ်သို့ လွင့်တက်သွားရပါတော့သတည်း။

❖❖❖❖❖



မနက်လေးနာရီ ထိုးသည်နှင့် ဝီရိယကောင်းလိုက်သည့်မဒ္ဒီ ဖြီးလိမ်းပြီးလေပြီ။ တစ်ပတ်လျှိုဘီးဆံထိုးမြင့်ကလေးနှင့် မေသက်ဘရားသား ဆံမိတ်ကို ပန်းအနွယ်နှင့် စင်မြင့်ကို တက်တော့မည့်ပုံနှင့်ပါလား ... အမှန်တော့ ... အစ်ကိုဝေသန် မျက်လုံးထဲ၌ သူကို အလှဆုံး မြင်စေချင်နေသည်။

ဝေသန်ကလည်း ဝီရိယကောင်းလိုက်သည်ဖြစ်ခြင်း နံနက်ဝေလီဝေလင်း လေးနာရီတွင် မြင်းလှည်းကလေးတခွပ်ခွပ်နှင့် ရောက်လာသည်။ သူချည်းတော့ မဟုတ်ပါ။ ကန်တော့ပွဲတစ်ခု မြင်းလှည်းဆရာ ဦးထွန်းရယ်၊ ဓာတ်ပုံဆရာ ကိုပုရယ်၊ သူ့ရုပ်စုံများထည့်ထားသော ထင်းရှူးသေတ္တာရယ်၊ ယူနီဖောင်းသေတ္တာလေးက နွမ်းအိုလှသော်လည်း ပုဆိုးစလေးနှင့် သပ်သပ်ရပ်ရပ် ဖုံးစွပ်ထားသည်။ ဒီပြင် ဆွဲခြင်းတစ်ခုပါသေးသည်။ သူက ခုနစ်ပုံ၍များ ဝင်ရောက်လာသည့်နှယ်။ တိုက်ထဲရောက်လာသည်။ ယောချိတ် နီညိုရောင်၊ ကော်လံကတုံးတိုက်ပုံအဖြူနှင့်ပါ။

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဝေဿန် မင်းက ခုလို ဖြီးလိမ်းလာတော့ တကယ့်
မင်းသားချောပဲကွယ့် ... "

"ကဲ ... အဖေနဲ့အမေ ဒီမှာထိုင် ... "

ဝေလီဝေလင်း ခဲခဲယဉ်းယဉ်း ဖန်တီးလာရသော ကန်တော့ပွဲကို ခုံပေါ်တွင်တင်လိုက်သည်။ လှေကားထောင့်ကလေးတွင် ရှက်နွဲ့နွဲ့ကလေး ရပ်နေသော မဒ္ဒီကို ဝေဿန်က ခြေလှမ်းကြဲကြီးနှင့် သွား၍ခေါ်သည်။

"အဖေနဲ့အမေကို ကန်တော့ပွဲနဲ့ ကန်တော့ဖို့ ကျန်သေးတယ်လေဗျာ ... "

သူ့အသံက ကြည်နူးပီတိဝမ်းဆီဆီသံပါ။ သူတို့နှစ်ယောက် တညီတညာတည်း ထိုင်၍ကန်တော့စဉ် ဓာတ်ပုံဆရာကိုပုက တစ်ဖျပ်ဖျပ်ရိုက်ကူးသည်။ စုံတွဲလည်း သုံးပုံလောက် ရိုက်လိုက်သေးသည်။ ဝေဿန်က ကိုပုလက်ထဲ ငွေစများ ပိုပိုမိုမိုထည့်၍ မဒ္ဒီပါလာသော သားရေအိတ်ကလေးနှင့် အရီးချောထည့်ပေးလိုက်သော ဆွဲခြင်းတစ်ခုကို မြင်းလှည်းပေါ် တင်သည်။ ပြီးလျှင် ခေါ့ခေါ့ပင်ကြည့်ရက်စရာမရှိသော မဒ္ဒီ၏ လက်ကလေးကိုဆွဲ၍ ...

"ကဲ ... အချိန်ကလည်း မှောင်တဝါးဝါးနဲ့ အဖေတို့ အမေတို့ လိုက်မပို့နဲ့တော့နော် ... "

"လိုက်ပို့ချင်လည်း နေရာမဆန့်တော့ဘူး ဆရာသောင်းရေ"

မြင်းလှည်းဆရာ ဦးထွန်းက မဒ္ဒီနှင့်ဝေဿန် အသစ်စက်စက်ဇနီးမောင်နှံကို တင်၍ မြင်းလှည်းကို ပေါက်–လမ်းမကြီး



(ဝါ)ယခု ဗိုလ်ချုပ်လမ်းမကြီးပေါ်သို့ ချူသံကလေးတစာစာနှင့် တက်၍ သွားပါတော့သတည်း။

ဝေဿန်သည် နေရာက ကျဉ်းကျဉ်းမို့ မဒ္ဒီကို သိမ်းသိမ်းကျုံးကျုံးကလေး ဖက်လာသည်။ မဒ္ဒီ ပထမတော့ မနေတတ်သော်လည်း တစ်သက်ပန် အားထားရမည့် လင်ယောကျ်ားပေတကားဟု စုပြုံအားထားလိုက်မိသည်နှင့် ...

"အစ်ကိုဝေဿန် မဒ္ဒီကို ပစ်မပြေးရဘူးနော် ... ရိုးမြေကျပေါင်းရမှာရှင့် ... "

ဝေဿန်၏ရင်ခွင်တွင် နွဲ့နွဲ့မူမူလေးမိုရင်း ချစ်စရာ၊ သနားစရာဇာတ်မင်းသမီး အသံလေးသည် ဝေဿန်၏ရင်ခွင်ကို ခွင်း၍ ဝင်ရောက်သွားပါတော့ပါသတည်း။

"အမယ်လေးဗျာ ... သျှောင်နောက်ဆံထုံးပါလာတာ မဟုတ်ရပါဘူးဗျာ ... ဆံထုံးနောက်ဘိုကေ ပါလာရတော့ပါခင်ဗျာ ... "

ဝေဿန်သည် မဒ္ဒီ၏ ကိုယ်လုံးကလေးကို ညှစ်၍ မျက်နှာဖောင်းဖောင်းကလေးကို နေရာအနှံ့ အနမ်းမိုးရွာ၍ ပစ်လိုက်ပါတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



"ဟောဗျာ ... အထက်တန်းတွဲက လူအပြည့်တဲ့"

"ဟင် ... မဒ္ဒီတို့ ကုန်းပတ်ကစီးရတော့မှာပေါ့ အစ်ကိုရယ်"

"စာရေးကြီး ဦးလှမြင့်က ... အထက်တန်းအဝမှာ နေရာ သီးသန့်လုပ်ပေးမယ်တဲ့ ... "

"ဟင် ... ဝိုက်ဆံအကုန်ခံပါမယ်ဆိုလည်း အခန်းက မရပါ လား ... စိတ်ညစ်လိုက်တာနော် ... "

"သောင်ထွန်းနေလို့တဲ့ ... မန္တလေးအဝင် မိုးချုပ်မယ်တဲ့..."

"ဟင် ... မန္တလေး အချိန်မီမရောက်ရင်တော့ ဒုက္ခပဲ ... "

"တစ်ခုတော့ရှိတယ် ... မြင်းခြံမှာဆင်းပြီး ကားငှားသွားရင် ကော ... "

"မြင်းခြံသောင်က အရှည်ကြီး ဖြတ်ဖို့လည်းငှားရဦးမှာ ..."

"အို ... ကားလာလို့ရတဲ့ နေရာရှိသတဲ့ ... "

"ခါတိုင်း ဒီလို တစ်ခါမှ မဖြစ်ဖူးပါဘူး မဒ္ဒီရယ် ..."

အလုပ်သမား (ကူလီ)များက တန်းစီစောင့်နေရ၍



အထက်တန်းတွက်သည့် နေရာရှည်မြောမြောကလေးကို ယူလိုက်ရသည်။ သူတို့သည် ကော်ဇောပြတ်ကလေးပေါ်မှ သင်းဖျူးချောလေးခင်းလိုက်သည်။

"မဒ္ဒီ ... နေ ... နေ အစ်ကို လုပ်ပါမယ်"

ထင်းရှူးသေတ္တာနှင့် ဘေးကာသည်။ ယွန်းဖောင်း သေတ္တာဟောင်းလေးက ဒီဘက်က ကာထားလိုက်၍ နှစ်ယောက် အိပ်ရန် သစ်သပ်ရပ်ရပ်ကလေး ဖြစ်သွားရသည်။

"အဟင်း ... "

ဝေဿန်က မဒ္ဒီ့လက်ကလေးကို ဆွဲ၍ ထိုင်စေခိုင်းသည်။ ပြီးသော် ကူလီများကို ငွေစကလေးများ ဝိုဝိုမိုမိုပေးလိုက်သည်။ သူ့စိတ်က အလွန်ပျော်နေသည် မဟုတ်ပါလား ...

"အစ်ကို ရုပ်စုံတွေက အပြည့်အသိပ် ထည့်ထားတာ ... သိပ်လေးတာ မဒ္ဒီရဲ့ ... "

"အစ်ကိုက အကုန်ကို သယ်လာတာကိုးရှင့် ... "

"ဒါတွေက အစ်ကို အသည်းနှလုံးတွေကိုးဗျာ ... "

သူတို့နှစ်ယောက် ပြိုင်တူရယ်လိုက်ကြသည်။ ဘာ ရယ်တော့မဟုတ်ပါ။ ပျော်နေကြသည်။ ရပ်နေသည်ဖြစ်စေ၊ ထိုင် နေသည်ဖြစ်စေ လက်နှစ်ခုကို မြဲမြဲကြီး ဆုပ်ကိုင်ထားကြသည်။

"ဒီဘက်က အစ်ကို့သေတ္တာတွေဗျာ ... မဒ္ဒီအိတ်တွေက ဒီဘက်ကနော် ... "

သူတို့နှစ်ဦးသည် လောကကြီးကို ဘာမှမမြင်ရပါ။

www.burmeseclassic.com

www.burmeseclassic.com



အဖေက လက်ထပ်ပေးပြီးပြီ။ တို့ဇနီးမောင်နှံဖြစ်ပြီ။ အဲ ... အဲ ခရီးသွားခိုက်မို့ အခန်းမအိပ်ရသေးတာ တစ်ခုပဲလေ။ သူတို့နှစ်ဦး စလုံး၏ စိတ်ထဲ၌ လှုပ်ရှားနေရ၍ ပတ်ဝန်းကျင်လည်း သတိမထား မိကြပါ။

ဟင် ! သံဇကာ ဟိုဘက်က လူတွေ သူတို့ကို ငေး ကြည့်နေကြပါလား ... ဟင် ! ခုမှသေချာကြည့်မိတယ်။ ဓာမိုးပုံ နှင့် ဓာတ်အဖွဲ့ပဲ ဆိုင်းဘုတ်နဖူးစီးတစ်ခုက (နေ)လာမည့်အရှေ့ ဝိုင်းတွင် ကာထားသည်။

ဓာတ်အဖွဲ့ဆိုတော့လည်း လူကြီး၊ လူလတ်၊ လူငယ်၊ မိန်းမရွယ်၊ အငြိမ့်သမ အပျိုဖြန်းများ၊ စိန်နားကပ်ပန်၊ ရွှေလက် ကောက်နှင့် မင်းသမီးနှင့်တူသူတစ်ဦး သူတို့နှစ်ဦးကို တိရစ္ဆာန်ရုံ ထဲမှာ ဥဒေါင်းမောင်နှံကို ကြည့်သကဲ့သို့ ပြုံးစိုက်နေကြသည်။

အသက်ငါးဆယ်အရွယ် ဂျပန်ပဝါကို သပ်ရပ်စွာ ကုပ်ပတ်ထားသော လူကြီးက အချိုတွင်သကာဆင့်သောမျက်နှာ နှင့် ...

"ဆုံမှ ဆုံတတ်ပလေဗျာ ... ကျုပ်တို့က ပုဂံဘုရားပွဲက အပြန်လေ ... သွားကြတုန်းကတော့ အားလုံး ပျော်ပျော် ရွှင်ရွှင်ပေါ့ကွယ် ... ခု ... ပြန်မဲ့နေ့မှာ ဓာမိုး သွမ်ပြား(ရှ)လို့ ခြေသန်းလေးတွေ ပြတ်ထွက်သွားလို့ကွယ် ... ဆေးရုံတင် ထားခဲ့ရတယ် ... "

"ဖြစ်မှဖြစ်ရလေဗျာ ... "



"ဟိုမှာလည်း ပွဲခင်းတွေကတာန်းလန်းကွဲ့ မင်းသားမိန်းမ ကလည်း ပုဂံဘုရားဖူး လိုက်လာတာလေ ... ခုတော့ ဧည့်ဦး ဆေးရုံမှာ လူနာစောင့်လုပ်နေခဲ့ရတာပေါ့ ... ငါတွေ့ရယ်..."

ဝေသာန်မျက်နှာသည် အမှန်ပင် ကရုဏာသက် သွားရသည်။

သံဇကာကလေး ခြားထားသည့်ကြားမှ သူတို့ မောင်နှံအား ပြုံးနေအောင် ကြည့်ကြသည်။ ဝေသာန် မျက်နှာစိမ်း စိမ်းနှင့် အသားစိမ်းဝင်းဝင်းတို့ လိုက်ဖက်လှန်းကြသည်။ ထူးဆန်း သည်က အလွန်ချောသော မဒ္ဒီကို သိပ်အရေးမလုပ်ကြပေ။ ဝေသာန် ကလည်း သူမိန်းမ အသစ်စက်စက်ကလေးကို ဂရုစိုက်ခြင်း မရှိစေ လိုပါ။

"ညောင်းရင် လှဲလေ မဒ္ဒီ ... မိုးလင်းခါနီးမှ ဝိုမှောင်လာ သလိုပဲ ... ဟိုမှာ မြူခိုးတွေ ... "

"အေးကွဲ့ ... တစ်မျိုးကြီးပဲ ... ဩော် ... သမီးရေ ဓာတ်ဘူး ထဲမှာ လက်ဖက်ရည်အချိုပါတယ်... သူတို့ကို တိုက်ပါဦး ကွယ် ... "

"အို ... ... ... ဒုက္ခမရှာပါနဲ့ဗျာ ... "

"ဒုက္ခမဟုတ်ပါဘူးကွယ် ဓာတ်ခွေမျိုးအချင်းချင်းတွေပဲ"

လူကြီးက ဓာတ်အုပ်ကြီးဗိုဗို လေးလေးနက်နက် ပြောတတ်ပုံရသည်။

www.burmeseclassic.com



သူသမီးဆိုသူက လက်ဖက်ရည်နှစ်ခွက်ကို လင်ပန်းကလေးနှင့် ထည့်ယူပါသည်။ သံဇကာကိုပတ်၍ သူတို့အနားရောက်လာသည်။ မင်းသမီးလားတော့မသိ မျက်နှာပေါက် မဒ္ဒီတို့လောက် မလှသော်လည်း ကိုယ်လုံးကိုပေါက် ပြည့်ပြည့်ဖြိုးဖြိုးရှိသည်။ လုံးကြီးပေါက်လှခေါ်လေမလား ...

"ဩော် ... ဗျာ ကိုယ်တိုင် လာပို့နေရတယ်။ အားနာစရာကြီးနော် ... မဒ္ဒီရယ် ... "

"မဒ္ဒီတဲ့လား?နာမည်လည်းလှ၊ လူကလည်းလှတယ် ... "

"ကျွန်တော့်ဇနီးက မန္တလေးမှာတော့ မန္တလာစိန်မဒ္ဒီတဲ့—နာမည်ကြီးပဲ ညီမရဲ့ ... ဒါနဲ့ ညီမနာမည်ကရော ... "

"ဟင် ... မန္တလာစိန်မဒ္ဒီလာ ... မန္တလေးမှာတော့ တကယ့်ထိပ်ထိပ်ကြပါပဲရှင် ... "

"ဒါနဲ့ ... ညီမနာမည် ပြောဦးလေ ... "

"ဟေမာဦးတဲ့ ... ကိုဇေယျ နာမည်ရတာမကြာသေးပါဘူးရှင် ... ခုတော့ ... ခြေကလေးတွေ ဖြတ်လိုက်ရတော့ ကနိုင်ပါဦးမလား မသိပါဘူး ... "

"ကဲ ... လက်ဖက်ရည် သုံးဆောင်ကြပါဦးရှင် ... "

ဟေမာဦးက ဝေသန်နှင့်မဒ္ဒီကို လက်ထဲသို့ ယဉ်ကျေးစွာ ထည့်ပေးနေ၍ နှစ်ယောက်သား သောက်ကြပါတော့သတည်း။

"အစောကြီး သဘော်ဆင်းလာရတော့ ပင်ပန်းကြမှာပေ



ရှင်... အပြင်မှာတော့ မှောင်ရိပ်သန်းတုန်းပဲ တစ်ရေးတစ်မော အိပ်လိုက်ကြပါဦးရှင် ... "

ရွှေရင်ဖြိုးဖြိုးနှင့် ဟေမာဦး၏ အသံသည် လွင်ချိုနေသည်။ သူက ဓာမိုးပျံနှင့်တွဲရသော မင်းသမီးကြီး မဟုတ်ပါလော။

"ဟေမာ သွားမယ်နော် ... "

လင်ပန်းထဲ ကော်ဖီများထည့်၍သွက်သွက်ကလေး ပြန်ကူး၍သွားသည်။ သူတို့နှစ်ဦးသည် ဟေမာဦး၏ခါနေသော ပုံစံကို ငေးကြည့်ကြရင်း ပြုံးတူသန်းလိုက်မိကြသည်။

"အဟောင်း ... အဟောင်း ... "

"ကဲ ... တစ် နှစ် သုံး အိပ် မယ် နော် ... "

ဝေသန့်သည် မဒ္ဒီကိုဖက်ရင်း ပြုံးတူလှဲချလိုက်ပါတော့သတည်း။

✽✽✽✽✽

ဦးချစ်တင်သည် အတော်ပင် စိတ်မကောင်းဖြစ်သွားရသည်။ မိုးစာပုံစာတ်အဖွဲ့ ထောင်သူ ဦးမြတ်ကျော်သည် သူနှင့် အလွန်ရင်းနှီးခင်မင်ရသော မိတ်ဆွေကြီး ဖြစ်သည်။ ပုဂံဘုရားပွဲ များသို့ ဦးမြတ်ကျော်တို့က နှစ်စဉ်သွားကြမြဲဖြစ်၏။ မိုးစာပုံသည် နှစ်နှစ်ခန့် ဆက်သွားပြီး ပုဂံကြိုက်မင်းသားဖြစ်သွားရသည်။ သူ့သမီး ဟေမာဦးက ကြာများသည့် ဓာတ်တာအကများလည်း ကောင်းသည်။ ကာလသားများ မျက်စိကျစရာပုံစံပါ။

အမှန်တော့ ဦးမြတ်ကျော်သမီးကလေး ဟေမာဦးသည် ဖခင်အမွေကို ထိန်းသိမ်းနိုင်သော်လည်း ကံမကောင်းရှာပါ။ သစ်စက်သူဌေး ဦးလှမင်း သားလေးနှင့် မေတ္တာရှိကြသည်။ ထိုသူငယ်က မိုးပြေးသည်။ အပုန်းကောင်း၍ ဆယ်ရက်ခန့်နေမှ ပြန်တွေ့သည်။ တွေ့သည်နှင့် ဦးလှမင်းက သားကို ပြန်သိမ်းသွားပြီး သူ့ကိုယ်တိုင် ဂျပန်သို့ ပို့ခဲ့သည်။ ဟေမာဦးဘဝသည် ပန်းကောင်း အညွန့်ကျိုးဖြစ်ခဲ့ရသည်။ ထိုအကြောင်းကို တချို့ သိကြသော်



လည်း၊ တချို့မသိကြပါ။ ဟေမာဦးက မင်းသမီးအလုပ်ကို ကြိုးစားကရင်းက နာမည်ပြန်တက်လာသည်။ ဦးမြတ်ကျော် အတော်ပင် စိတ်ထိခိုက်ခဲ့ရသည်။ သူငယ်ချင်း ဦးချစ်တင်ကို ရင်ဖွင့်ရှာသည်။ ဦးချစ်တင်ကလည်း ပြန်လည်ရင်ဖွင့်ရှာသည်။

"ကျွန်တော် သဘောကျနေတဲ့ အနုပညာသမားလေးက ဟန်တစ်လုံးပန်တစ်လုံး လုပ်နေတာနဲ့ သူတူ ဘိုလပ်ပြန် ဝတ်လုံနှင့် ခင်ဗျားအသိပဲလေ ... ခမ်းကြီးနားကြီးကို လက်ထပ်ပေးခဲ့တာပါဗျာ ... ဒါပေမဲ့ တူသမက်က လုံးဝ မကောင်းပါဘူးဗျာ... ဒီထက်ဆိုးတာကတော့ အောက်တန်းကျလိုက်ပုံများ အိမ်ဖော်ကောင်မလေးတွေကို ခြေတော်တင်တယ်လေ ... အရက်သောက်တာ သည်းခံနိုင်ပေမဲ့ ... ဒါကိုတော့ သမီးက လုံးဝသည်းမခံနိုင်ဘူး... တကျက်ကျက်ပဲဗျို့ ..."

"ကျုပ်မှာလည်း အကြီးအကျယ်မင်္ဂလာဆောင်ထားတဲ့ အတွက် ရှက်တရက်လည်း မခွဲရဲဘူးဗျာ ... သမီးက မျက်ရည်နဲ့ ဒူးနဲ့သုတ်နေရတယ်ဗျာ ..."

ဟူ၍ ကြိုတိုင်းပြောလေ့ရှိသည်။

ယခုလည်း သူတို့ဇာတ်တစ်ပွဲလုံး ဆမင်းစားနေရသည့် မိုးစာပုံသွပ်ပြားရှတာ ခြေသန်းကလေးများပင် ပါသွားသည်တဲ့။ မြို့ကြီးပွဲကလည်း ဆက်ရရှိမှာဖြစ်၍ သဘောကြီးနှင့် ပြန်ကြမေးအော့မည်။ သူကို ကြေးနန်းရိုက်စေ၍ သဘောသိပ်ဆင်း

www.burmeseclassic.com



ရန် ကိုထွန်းကို မှာသည်။

ကိုထွန်း ဖျာသီးဖျာယာနှင့် ရောက်လာပြီး သူ့ကို ဝေဿန်က ဦးစွာငှားထားကြောင်း၊ မဒ္ဒီနှင့်လည်း သူ့အဖေက လက်ထပ်ပေးလိုက်ကြောင်း ဝေဿန်က ငွေသုံးထောင်နှင့် ငှက်ပျောတစ်ပွဲနှင့် သူ့သမီးကို တောင်းယူသွားကြောင်း၊ သူ့မြင်းလှည်းကိုလည်း ကြိုက်ငွေပေးထားကြောင်း လာ၍ပြောခြင်း ဖြစ်သည်။ တောင်းပန်ခြင်းလည်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုရသော် ကိုထွန်းတို့အိမ် မိုးယို၍ အမိုးပြင်တာကအစ သူ့မိန်းမ လေဖြတ်ရောဂါအတွက်ပါ ဦးချစ်တင်က ငွေများအမြဲထောက်ပံ့ရသည် မဟုတ်ပါလား … ထို့ကြောင့်လည်း သူမလာနိုင်ခြင်းမှာ မဒ္ဒီ– ဝေဿန်တို့ ဇာတ်စုံက ပါသွားရခြင်း ဖြစ်ပါတော့သတည်း။

ထို့ကြောင့်လည်း သူကလည်း သဘော်ဆိပ်သို့ ခြင်ထောင်အုပ်ထားသော သူ့ကားနှင့် စောစီးစွာ ဆင်းခဲ့သည်။

ဦးမြတ်ကျော်နှင့် ပေါ်မာဦးတို့ သားအဖနှစ်ယောက်အား ကုလားလက်ဖက်ရည်ဆိုင်တွင်ထိုင်ရင်း ဝေဿန် အရည်အသွေးတွေ ပြောတော့သည်။ သူပင် သမက်ဖမ်း၍ မရလိုက်၍ ယခုသူ့သမီးသည် ဂုဏ်မက်၍ ပုံပျက်နေရကြောင်းများက စ၍ပြောလေသည်။ သူမရှက်မကြောက် ပြောနေမိခြင်းကား ခံစားချက်ရှိသည်။

"ကျုပ်အစ်မဝမ်းကွဲက မွေးတာလေ … ဘိလပ်ပြန် ဝတ်လုံကြီးဆိုတော့ အထင်ကြီးမိတယ်လေ … နိုင်းတဲ့ ကောင်



မလေးတွေကို ဇက်ကြောဆွဲခိုင်း၊ လက်သည်း ခြေသည်းလှီးခိုင်း ဗျာ … အဲ သူနိုင်တဲ့အမှုတွေကတော့ ကားတင်ပြေးတာတို့၊ မယားပြိုင် အနိုင်လုတာတို့ ကျက်သရေတုံးပဲ့ဗျာ … ကျုပ်ကလည်း လာဘ်အမြော်အမြင်ကြီးလိုက်တာ … သူလို ဘိလပ်ပြန်အစား ရိုးသားတယ်၊ ကြိုးစားတယ်၊ သစ္စာရှိတဲ့ ဝေဿန်ကို ရုပ်ပျက်ဆင်းပျက် သမက်ဖမ်းခဲ့ဖူးပါရဲ့ဗျာ … ဒါပေမဲ့ ဒီကောင်လေးကလည်း ခွေးပုမကို အပျိုဖော်ဝင်စကတည်းက တစ်ဖက်သက်ကြိုက်နေတာလေ … "

"ဘယ်က ခွေးပုမလည်းဗျာ … အမယ်လေး ခုတော့ မန္တလာစိန်မဒ္ဒီတဲ့ဗျာ … ခု သူနဲ့ပါလာတာလေ … အခန်းမအပ်ရသေးဘူး … ကျုပ်ကို မြင်းလှည်းသမား ကိုထွန်းက ပြောလိုက်ပြီးသား အဲဒါ … "

သူက ဦးမြတ်ကျော် နား နားသို့ အကြံတစ်ခုပေးလိုက်သည်။ သူပေးသည့်အကြံက စုတ်ပဲ့လွန်းလှသည်။ ဘုရားတရားနှင့်နေသော ဦးမြတ်ကျော် အမ်းရှိန်းရှိန်းကြီး ဖြစ်သွားရသည်။

"ရှက်မနေနဲ့ ကိုကျော် အချိန်လည်းမရှိဘူး … မရှိဘူး ကျုပ်တုန်းက ဒီကောင်လေးကို လက်လွှတ်သွားတာ ခုထက်ထိ နှာခြောလို့ မဆုံးဘူး … "

"စဉ်းစားပါဦး … ကိုချစ်ရယ် … သူက ရှပ်သေးဆရာ ကျုပ်တို့က ဇာတ်ကြီးလေ … "

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... ဒီကောင်လေးက ဓာတ်ကမ္ဘာ၊ ရုပ်သေးစင်ကမ္ဘာကို နောကြေနေပြီဗျာ၊ ပြီးတော့ ငါ့တူမလေးကလည်း သစ်စက်သူဌေးသားက မိုးသွားသေးတယ်လေ ... ကျောက်စကားနဲ့ပြောရရင် အနာမလွတ်ဘူးပေါ့လေ ... ငါ့တူမက ဘာမှအရွှံ့ မရှိပါဘူးကွယ် ... ဒီကောင်လေးကလှုပ်ဖို့စစ်ကွဲ၊ အိပ်ဆေး ကျုပ်ဝယ်ခဲ့တယ်။ နှစ်ယောက်စလုံး ထည့်တိုက်လိုက်။ ကောင်မလေးထား ခဲ့... ခင်ဗျားတို့က မြင်းခြံမှာ ဆင်းကြမယ် မဟုတ်လား... ခင်ဗျားတို့ မင်းသားကလည်း သွပ်ပြားဆူးလို့ ခြေငုတ်တို လေးဖြစ်သွားပြီဆို အနာကျက်တောင် ခြောက်ပစ်မကင်း တော့ဘူးလေ... သူ့ကိုပဲ မင်းသားလုပ်နိုင်းပေါ့။ အင်မတန် မီးစားတဲ့ကောင်လေးကွဲ ... အဲ ... ရုပ်သေးဘက်ကနေ ဓာတ်သဘင်ဘက် ကူးဖို့ဆိုတာကတော့ နည်းနည်းကြိုးစားရလိမ့်မယ် ..."

"ကိုချစ်က ဘာကြောင့် ဒီလောက် တိုက်တွန်းနေရတာလဲဗျာ ..."

"ဟင် ... ခင်ဗျားတို့မြို့ကြီးပွဲမှာ မင်းသားမပါဘဲ တစ်သွားလို့ အရှက်လည်း ကွဲမယ်။ လျော်ကြေးလည်း ပေးရမယ်လေ... မြင်းခြံရောက်ရင် သမီးတို့ကို လာကြိုမဲ့ကားနဲ့ ဝေသန်ကို ခေါ်သွားကြပေတော့ ... ရိုးရိုးတော့မဟုတ်ဘူးပေါ့ကွယ် ... သမီးက အစိုင်ကြီးရမှာကွဲ ... "



ဦးချစ်တင်၏ အစဲကား ကြီးလေစွ ... ယခု သူ့သမီး မမြနှ မျက်ရည်နှင့် မျက်ခွက်မြင်တိုင်း ရင်ကနာသဲ မဟုတ်ပါလား...

သူလို ဋ္ဌေးရှင်ကြေးရှင်ကို တော်လှန်၍ တကာတဲ ခွေးပုမမှ ဖွဲလမ်းတဲ့ကောင် ခွေးပုမနဲ့ ကွဲကိုကွဲရစေမယ်။

ဦးချစ်တင်၏အငြိုးအတေးကား ကြီးလှပါဘိတကား

ခွေးပုမကို ဒီလောက်ချစ်လှတာ ဝေသန်နှင့်ကြီဖမ်ကို ကွဲရစေမယ် ... ဟူ၍ အကြံဆိုးများ သုံးရုံမက ... သဘော်ထောင့်တစ်နေရာမှ စောင့်ကြည့်နေသေးသည်။

"ဝေသန်တို့မောင်နှံ လက်ဖက်ရည်ဝင်သည်နှင့် ထိုးလဲပြီး အိပ်ပျော်သွားကြတာနဲ့ ကိုမြတ်ကျော် ခင်ဗျားတို့ ဖြစ်တဲ့နည်းနဲ့ သူ့ကို ခေါ်သွားကြ ... "

"ဟာ့ ... ကိုချစ် အကြံကတော့ ... "

"ဟုတ်တယ်... ဒီကောင်ကို ဒီလိုလုပ်ရမှာ ... ရုပ်သေးပညာကတော့ (သေတ္တာမှောက်)ပဲ ခင်ဗျား သမက်သာဖြစ်သွားရရင်တော့ တစ်သက်လုံး မိုင်းစားပေတော့ဗျို့ ... "

"ကဲ ... ဟောမာဦး လက်ဖက်ရည်သွားတိုက် ... ရော ... ဒါ အပြင်းစားဆေး ... "

ဦးချစ်တင်သည် သူ့သမီးကလေး မမြနှ ယောက်ျားကို အရှက်ခွဲပေးရုံ အမြည်းမျိုးစုံလုပ်ပေးရုံ၊ သူ့ရှေ့တွင် ကောင်မလေးခွေးက နှိပ်နယ်ပေးရုံမျှ။ သမီးအတက် သူက ရင်နာနေရသူ မဟုတ်ပါလော ... ။

www.burmeseclassic.com

www.burmeseclassic.com



မဒ္ဒီနှင့်ဝေသာနီ ကွဲကိုကွဲရစေမယ် ... ဟူ၍ ဘီးလူး ကြီး ကြုံးလိုက်ခြင်းပါတည်း။

ဦးမြတ်ကျော်နှင့်သူသည် နေရာကွယ်တွင် စကား ပြော ကျန်ရစ်သည်။ ဝေသာနီနှင့်မဒ္ဒီတို့ ပြိုင်တူ တုန်းခနဲ လှဲချလိုက်စဉ် ... ဦးချစ်တင် မျက်နှာကြီး ဝင်းထိန်သွားသည်။ ဟေမာဦးကို တစ်ခန်းတည်းရထားသော အထက်တန်းတွဲသို့ သွားနေရန် မျက်ရိပ် မျက်ကဲပြသည်။

ယံနေ့မှ ကံဆိုးချင်၍လော ... ကံကောင်းချင်၍လော ... မသိ။ (၆)နာရီထိုးလည်း ဥဩမဆွဲသေးချေ။ ကပြားအရာ ရှိတစ်ဦး အိမ်ပြောင်းတာကို စောင့်နေတာတဲ့။ ဦးချစ်တင်က သွက် လိုက်သည်ဖြစ်ခြင်း။

"ကျူပ်တူလေးအတွက် နေရာရှိပါတယ်ဗျာ ... ဘယ်နှယ့် ဒီမှာလာအိပ်နေရတယ်လို့ ... "

သူက ဘေးပန်းက လူများကြားရန် အသံကျယ် လောင်လောင် ပြောရင်း ... မွေ့ချီသွားသည်။ ခုတင်နားတွင် ဟေမာဦး အရှက်ကြီးလှစွာ ရပ်နေရှာသည်။

"နင်တို့မင်းသား ခြေပြတ်ကို ပွဲထုတ်မယ်ဆိုဦး ... အနာ ကျက်အောင်(၆)လလောက် စောင့်ရမှာဗျာ ... နင့်အဖေမှာ လည်း လျော်စရာ ... "

ဦးချစ်တင်က သူ့သမီးပုံစံနှင့် ဟောက်၍ အဓိပ္ပာယ် တစ်မျိုးကြီးနှင့် မျက်ရိပ်ပြလိုက်ပါတော့သတည်း။



ဦးချစ်တင်၏ရင်ထဲ၌ ဆင်းရဲသား ဝေသာနီက သူဌေးသမီးကို လူသိရှင်ကြား ငြင်းဆိုလိုက်သည်မဟုတ်ပါလား ... ဒါကို တွေးမိတိုင်းရှက်သည်။ အစ်မဝမ်းကွဲ၏သား ဘိလပ်ပြန်သား မက်က တစ်ခါတစ်ခါ ရှုံ့တတ်သေးသည်။

"ကြိုးဆွဲက ဆာမလိပ် ... ဘိလပ်ပြန် ရင်ထဲဖိတ် (အဟိတ် အဟိတ်) အရော်ထည့်စမ်း ... "

ဦးချစ်တင်သည် သူ့ကို ရဲရဲမင်မကြည့်ရဲသော ဝေသာနီကို တစ်ခုခုတော့ လက်စားချေချင်သည်။ သူလက်စားချေ မှုတွင် ဝေသာနီ ကံကောင်းချင်ကောင်းသွားမည်။ ကံဆိုးချင်လည်း ဆိုးသွားနိုင်သည်။ သို့သော် လောလောဆယ်တော့ မန္တလေးတွင် နာမည်ကြီးနေသော မဒ္ဒီနှင့်လွဲသွားဖို့က အဓိကမဟုတ်ပါလား ... "ဒီကောင်မလေးက ဂြိုဟ်ကောင်မလေး" ဘုရားတကာ ကျောင်း တကာ အခေါ်ခံရမည့်အရွယ်တွင် သားသမီးဇောနှင့် မိုက်လုံးကြီး ထွားလှသူကား ဦးချစ်တင်ပါတည်း။

သဘောဥဩဆွဲမှ ဆင်းတော့သည်။ သဘောကုန်း ဘောင်အနားထိ ဦးမြတ်ကျော်ကို မှာ၍မဆုံးပေ။ "သူ့ထင်ရှူး သေတ္တာ၊ ကြိမ်ခြင်းတွေကိုသယ်သွား ကိုကျော် ... " မန္တလေးတွင် တစ်ဖက်တစ်လမ်း ငွေရှာရန် စိတ်ကူး၍ သူ့ပိုင်သေတ္တာ (ရုပ်သေး) စုံများကိုပါ ယူသွားရန် ... ဦးချစ်တင်က ခေ့ခေ့စပ်စပ်မှာသွားသည်။ ရင်ထဲတွင်လည်း လွန်စွာပီတိ ဖြစ်နေရသည်။

ကုန်းပေါ်ရောက်သော် ကိုထွန်းမြင်းလှည်းနှင့် တွေ့

www.burmeseclassic.com

www.burmeseclassic.com



နေသေးသည်။

"ငါ့မှာ ကားပါတယ်ကွ ... မင်း ဘာစောင့်နေတာလဲ? "

"ဪ ... ဆရာကြီး ကြာလွန်းလို့ ကျွန်တော့်များ ဘာ မိုင်းချင်သလဲလို့ပါ"

ဦးချစ်တင်က မျက်မှောင်ကုတ်၍ ...

"ငါကားပါမှတော့ မင်းကို မိုင်းစရာရှိပါဦးမလားကွ ... "

ဦးထွန်းရင်ထဲ (ခု)ခနဲ ခံစားလိုက်ရသည်။

"ဝေသန်ကို ဆရာကိုယ်တိုင်ထမ်းပြီး အထက်တန်းထဲမို့"

"တော်စမ်း ... ထွန်း ကုန်းပေါ်ကနေ ဘာမြင်ရမှာလဲ... တော်ရော်ပြောနေ ... "

ဦးချစ်တင်ကြီး ဆောင့်ကြွားဆောင့်ကြွားနှင့် ရှေ့မှ ထွက်သွားပါတော့သတည်း။



ဟိုးတစ်ခေတ်က ကျောက်ဆည်၊ မြစ်သား၊ စဉ့်ကိုင် စသော ကိုးခရိုင်နယ်တစ်ဝိုက်တွင် (မြို့ကြီး) ဘုရားပွဲတော်သည် နာမည်ကြီးလှသည်။ ဈေးပတ်လိုက်သူတို့က အထူးသဖြင့် (၃၆) ကောင် ကစားပွဲကြီးနွှဲလိုကြ၍ လည်းကောင်း၊ ရှမ်းကုန်များကို ဝယ်ယူသိုလှောင်ကြ၍ လည်းကောင်း၊ တချို့က အပျော်လိုက်ချင်ကြ၍ လည်းကောင်း၊ (၃၆)ကောင်အပြင် ဂျင်ဝိုင်း၊ ဖဲဝိုင်း၊ မာ ကျောက်ဆိုတာတွေကလည်း ကျွမ်းကျင်သူများ ဝင်လာကာ ခေတ် စားလာကြပြန်သည်။

အမှန်စင်စစ် ထိုစဉ်က ဤမြို့ကြီးပွဲအတွက် စော်ဘွားကြီးများထံတွင် မနည်းအမိန့်ခံရသည်။ သို့သော် အုံညြစရာ ကောင်းသည်က ကျောက်ဆည်အရေးပိုင် မျက်လုံးပြာပြာနှင့် မျက်နှာဖြူကြီးက (GAMBLING) ကစားပွဲများကို သဘောကျသည်။

"ငါတို့ ဥရောပဘက်မှာလည်း ကစားပွဲတော်မြို့တွေ အများ ကြီးရှိတယ် ... ဒီကတော့ ... ပွဲစည်ကားအောင် အဓိကထား

www.burmeseclassic.com

www.burmeseclassic.com



တယ် ... ပွဲစည်ကားမှ လူတွေ ပျော်ရွှင်မှုရတယ်လေ ... ကောင်းပါတယ် လူကလေး ... ဒါကြောင့် သခင်ကြီးတို့ ခွင့်ပြုပါတယ် ... "

ဟု မိန့်မိန့်ကြီးဆိုသည်။

သူစားပွဲရှေ့ကြမ်းပြင်တွင် ဒူးတုတ်ထိုင်နေကြသော တဘက်ရောင်စုံကြီးများ ဂျပန်ပိုးပဝါများ၊ သက္ကလပ် ဘောင်းဘီ နက်များနှင့် မြို့ကြီးဘုရား ဂေါပကလူကြီးအဖွဲ့ကို ကြမ်းပြင်ပေါ် လည်း ထိုင်ခိုင်း၊ မျက်လုံးသူခိုးနှင့် ကတ္တီပါအိတ်ကလေးနှင့် ထည့် ထားသော ရွှေဒင်္ဂါးအိတ်ကိုလည်းကောင်း၊ တောသားအစစ် ကော်ဇီ ကာရေးတို့ကို မျက်လုံးဝေ့၍ကြည့်ရင်း ... ရင်ထဲကျေနပ်သလောက် မျက်နှာကိုတင်းထားသည်။ မင်းသားနာမည်ပြောင်းခြင်း ကိစ္စကို လွယ်လွယ်ကလေးနှင့် အလွန်အလုပ်ရှုပ်ပုံပြကာ အချိန်ယူ၍စကား ပြောကြားခနရပုံပါ။

ဂေါပကခေါင်းဆောင်ကြီး ဦးအိုက်ပန်က အရိပ်ကိုး ပါးနားလည်သူပါ။

"ကျေးဇူးတင်လှပါတယ် သခင်ကြီး ... ကျွန်တော်တို့ကို သွားခွင့်ပြုပါဦး ... "

"ကောင်းပြီ ... ကောင်းပြီ စာရေးကြီး စာရွက်စာတမ်းတွေ လုပ်ကိုင်ပေးပါလိမ့်မယ် ... "

အရေးပိုင်သစ်ကြီး ခေါင်းဆတ်ပုံက မာန်ပါလှသည်။ မြို့ကြီးဂေါပကအဖွဲ့သည် ကိုယ်မြို့ကိုယ့်နယ်တွင် ရင်ကော့နေ



ခဲ့ရသလောက် အရေးပိုင်နှင့် မျက်နှာဖြူညှော် သည်တစ်ယောက်ရှေ့ တွင် ခါးလေးတွေကုန်း၍ အရိုအသေပေး၍ ထွက်ခဲ့ကြ...

သူတို့ထွက်သွားစဉ် လူဆွဲရသော ကြိုးယားယပ် ကြီးသည် ပြွန်း(ခေါ်) မင်းစေကလေးက မှန်မှန်ကြီး ဆွဲပေးနေ၍ လေအေးကလေးတဝေ့ဝေ့ကို အရသာခံရင်း ...

"မြန်မာနဲ့ တိုင်းရင်းသားအချို့ဟာ ... တော်တော် သနား စရာကောင်းတာပဲဗျာ ... Very poor people ... "

အရေးပိုင်က ဆေးပြင်းလိပ်ကို မာန်ပါပါခဲရင်း ... မြန်မာလူမျိုးနှင့် တိုင်းရင်းသားအချို့ကို သနားကြောင်း အိုက်တင် တစ်ခွဲသားနှင့် စလိုက်သည်။

"Why ... Sir ... "(ဘာဖြစ်လို့လဲ ... ခင်ဗျာ)

"အလွန်ဒုက္ခခံနိုင်တဲ့ လူမျိုးပဲ ... "

"အလွန်ဆင်းရဲရတဲ့အထဲမှာ ပွဲကို မိုးအလင်းကြည့်တယ် ဗျာ... ဒါပေမဲ့ ... "

"ကျုပ်တို့အကြိုက်တော့ သိရှာပါတယ် ... အဟဲ့ဟဲ ... "

ရွှေဒင်္ဂါးအိတ်ကို အံဆွဲထဲထည့်လိုက်ပါတော့သည်။

*****

www.burmeseclassic.com

www.burmeseclassic.com



ဝေသာန်သည် ကြမ်းတမ်းလှသော လှိုင်းလုံးကြီးကို စီးသွားရသကဲ့သို့ "ဂျိုင်း — ဒိန်း ... ဒိန်း ... ဒိန်း — ဂလု ... ဂလု... ဂျုံး — ဂျုံး — "

အထက်ပါအတိုင်း အသံတွေကြားနေရသော်လည်း သူ့မျက်စိုးက မပွင့်။ ထိုထက်ဆန်းသည်က သူသည် မဒီကိုယ်လုံး ကလေးကို ရင်ခွင်ထဲသို့ အားရစွာ ဖက်တွေးထားသည်။

"ငါ့နယ်နော် ... ကံကောင်းလေခြင်းနော် ... မဒီကလေး ကို ငယ်စဉ်ကတည်းက တစ်ဖက်သက်သံယောဇဉ် ကြီးမား လှခဲ့သူပါ။ ယခုတော့ သူနှင့်အတူ မန္တလေးကို လိုက်ခွင့်ကြုံခဲ့ ရရုံသာမက ငါ့ရင်ခွင်ထဲမှာ မဒီကလေး ရောက်နေပါ ပေါ့လား ... "

"ဂျုံး ... ဂျုံး ... ဂျုံး" ကောက်ရိုးတစ်တောင်ခန့် အမြင့်တွင် ကောစောခင်းထားသောလှည်းကြီး ပွမ်းတိုးမှောက်ခုန် ဖြစ်မတတ် လှည်းကြီး ဂျုံးခနဲ ရပ်သွားရပါတော့၏။



ဒီတော့မှ တစ်ချိန်လုံး မျက်လုံးများ ကော်နှင့်ကပ် ပိတ်ထားသလိုပုံစံမှ မျက်လုံးများ ပွင့်လင်းသွားရပါတော့၏။

"ဟင် ... ဟင် မဒီ မဟုတ်ဘူး ... မဒီလည်း မဟုတ်ဘူး"

သူ့သွေးများ ငယ်ထိပ်ရောက်သွားရသည့်နှယ် အဝတ်အစားဖရိုဖရဲနှင့် မိန်းမရွယ်တစ်ယောက်ကို တွန်းပစ်လိုက် ပါတော့သတည်း။ ထိုမိန်းကလေးကလည်း လှည်းနံရံသို့ ရှက်ကိုး ရှက်ကန်း ကပ်ရောက်သွားရပြီး ... တရှုံ့ရှုံ့ ငိုနေပါရောလား ...

"ကျွန်မ ... ကျွန်မ မဒီ မဟုတ်ကြောင်း ပြောပါတယ်... ရှင်ပဲ မဒီ ... မဒီ ငါအချစ်ကလေးမဒီရယ်ဆိုပြီး ကျွန်မကို... ရှင် စော်ကားလာတယ်လေ ... ဟင့် တစ်လမ်းလုံး ... တစ်လမ်းလုံး ... ရှင် — ရှင် ကျွန်မကို သဘောရှိ ... သဘောရှိ ... ဟီး ... ဟီး ... "

ထိုမိန်းမသည် ဟီးခနဲရှိုက်ကြီးတငင်ငင် ငိုပါတော့ သည်။

"ဟင် ... ဟင် ဒါဖြင့် ... ဒါဖြင့် မဒီရော ... ကျုပ် ချစ်သူ မဒီကော ... "

"အိုး ... ရှင့်ချစ်သူတွေ ဘာတွေ ဘယ်နားလည် ပါ့မလဲ... ရှင့်ကို ထင်းရှူးသေတ္တာ၊ သံသေတ္တာတစ်လုံး အိတ်တစ်ခုနဲ့ မြင်းခြံသဘော်ဆိပ်မှာ ထားခဲ့တာပဲ ... "

"ဟင် ... ဒါ — ဒါဖြင့် မဒီရော — "

"ဘယ်သိမလဲ ... လူသုံးယောက်တက်လာပြီး ပွေ့လာ

www.burmeseclassic.com



စိန်မဒ္ဒီကို သူ့မိန်းမဆိုပြီး ခေါ်သွားကြတာပဲ ... ”

“ဟင် ... ခေါ်သွားတယ် ... ”

“ဘယ်ကို ခေါ်သွားတာလဲ? ... ”

“သူ့မိန်းမဆိုပြီး ပွေ့ချီသွားကြတာပဲ ... ”

“ဘုရား ... ဘုရား မဒ္ဒီ ... မဒ္ဒီ မင်းတော့ ဒုက္ခပါပဲလား”

“ဟင် ... ဟေမာဦးကကော ... ”

“ရှင် ... ရှင် ကျွန်မကို ကျွန်မကို ... (အိ)”

ဟေမာဦး တက်သွားမတတ် အော်ငိုလိုက်သည်။

ဒီတော့ လှည်းကြီးက ရပ်သွားရပြီး အသားမဲမဲနှင့် တုတ်ခိုင်သော လှည်းသမားသည်။ နွားနှင်တံကိုကိုင်လျက် ဆင်း၍ လာသည်။

“ဟော့ကောင် ... ဟေမာဦးက တို့မင်းသမီး အပျိုလေးကွ မင်းကပဲ မဒ္ဒီချည်းထပ်ပြီး အတင်းဖက်ထားတာလေ”

“ကျုပ် ... ကျုပ် ဒါတွေ လုံးဝမသိရပါဘူးဗျာ ... ကျုပ် စိတ်ထဲမှာတော့ မဒ္ဒီပဲ ... ”

“တော်ကွာ ... သူများသားသမီးကို ကိုယ်ထိလက်ရောက် စော်ကားလာပြီ ဘာမသိတာလဲ ... ဟောဒီမှာ ဝါးရင်းတုတ် ပါသေးတယ်နော် ... အူကြောင်ကြောင်လုပ်မနေနဲ့နော် ... တစ်ခါတည်း လည်မျိုကို တစ်ချက်ထဲ အသက်ထွက်သွား အောင် နှက်ထည့်လိုက်မယ် ... ”

လှည်းသမားကြီးကား ရက်စက်ကြမ်းကြုတ်မည့်ပုံ



ကြီးပါကား ... မဒ္ဒီကို သူ့မိန်းမဆိုပြီး ခေါ်သွားသတဲ့ ... မဒ္ဒီလာပုံ ကလည်း ဖုတ်ပူမီးတိုက် ခပ်ဆန်းဆန်းရယ်ပါ။ ငါ့ကို သဘော်ဆိပ် မှာထားခဲ့ကြသတဲ့ ... မြတ်စွာဘုရား!ရက်စက်လှချည်လား မဒ္ဒီရယ်။ ဝေဿန်ဆိုသည် ကြိုးဆွဲဆရာသည် ဤတစ်ခါတော့ မျက်ရည်များ ဝဲကျလာရပါတော့သည်။ မကြာမီ ရှေ့ခြံရောက်နေကြသော လှည်း လေးစီး ရပ်လိုက်ကြသည်။

ဦးမြတ်ကျော်ခေါင်းဆောင်၍ ပွဲကန်ထရိုက်တာ လိုက်လာကြသည်။ ထို့အပြင် လူကြမ်း၊ လူပျက်၊ အပျိုတော်၊ ယိမ်း သမများပါမကျန် တိုးဝှေ့ပြီး ကြည့်နေကြသည်။

“ဒီမှာ ... မင်းနာမည် ဝေဿန်နော် ပြဿနာက ဒီလိုကွ... တို့ပုဂံဘုရားပွဲမှာ မင်းသားခြေထောက်သွပ်ပြားရှလို့ ညောင်ဦးဆေးရုံကို တင်ခဲ့ပြီး စိတ်ပျက်ပျက်နဲ့ စာချုပ် ချုပ်ထားတဲ့ မြို့ကြီးပွဲကို တက်ခဲ့ကြတာလေ ... လာသာ လာရတယ်... မင်းသားကမပါတော့ ဒီက ဇာတ်အုပ်ဦးကျော် က မန္တလေးမြစ်ပါးရပ်က အိမ်ကိုရောင်းပြီးလျော်ဖို့ယ်။ အချိန်တစ်ပတ်လောက်အတွင်း တခြားပွဲ တစ်ခုခုငှားလို့ လည်း ရတယ်ဆိုပြီး ကြံရတာပေါ့ကွယ် ... စာချုပ်ထား သူများလည်း မနစ်နာအောင်ပေါ့ကွယ် ... ”

“သဘော်ပေါ်ရောက်တော့ မင်းတို့ စုံတွဲလှလှကလေးနဲ့ လာလို့မှ တွေ့ပလေတယ်ကွာ ... တို့ကလည်း မန္တလေး သွားကြမဲ့ ခရီးစည်တွေကို ယောင်လို့မှ သွားရည်မကျရဲ

www.burmeseclassic.com



ပါဘူးကွာ... ဖြစ်ချင်တော့ မြင်းခြံဆိပ်ရောက်တော့ လူတစ်သုတ်တက်လာကြပြီး ခင်ဗျားပစ္စည်းတွေနဲ့ သမ္မာန်နံရံများ ခင်ဗျားကိုကပ်သိခဲ့တယ်လေ ကောင်မလေးကိုလည်း ပစ္စည်းတွေလည်းသယ်၊ ပစ္စည်းကလည်း အိတ်တစ်လုံးတည်းပါ... ကောင်မလေးကိုတော့ သူနဲ့စိတ်ကောက်ပြီး ဆင်းသွားတဲ့ ကျုပ်မိန်းမဆိုပြီး ပွေ့ခေါ်သွားကြတယ်"

"ကျုပ်တို့ကလည်း ငှားထားတဲ့ကားက ရောက်လာတော့ ခင်ဗျားကိုတင်လာခဲ့တယ်။ ကားက နွားထိုးကြီးမှာ ချပေးခဲ့တော့ လှည်းတွေထပ်ငှားပြီး ခင်ဗျားကလည်း မဒ္ဒီချည်းထပ်နေတာကိုး ... တို့မှာလည်း ရှက်ရှက်နဲ့ပြောရရင် ပေါက်တဲ့နှမှုး မထူးတော့ဘူးဆိုပြီးလို့ တုတ်ကြီးလှည်းနဲ့ တင်ပေးလိုက်တာပါပဲ..."

ဦးလေးကျော်ဆိုသူက တကယ်ရှက်ဟန်နှင့်နောက်ဆုံးစကားများ ခပ်ဝါးဝါးပြောလိုက်သည်။ ဟေမာဦးကလည်း လှည်းနံရံမှီရင်း တရှုံ့ရှုံ့ငိုနေသည်။

ဝေသန်အတွေးများသည် ခပ်ဝါးဝါးမှ တဖြည်းဖြည်းဝိပြင်လာသည်။ ဟေမာဦးအား မဒ္ဒီအထင်နှင့် ... သူလည်း ရှက်ရုံမက ဝမ်းနည်းကြေကွဲဖြစ်သွားကာ မျက်ရည်များမနိုင်အောင် ကျလာသည်။

"မဒ္ဒီရယ် ... မင်းနဲ့ငါ့ကို ဦးလေးကိုယ်တိုင် လက်ထပ်ပေးလိုက်တာ မဟုတ်လား ... ကိုယ်တိုင် ကန်တော့ပွဲတစ်ပွဲနဲ့



ပေးစားလိုက်တာ မဟုတ်လား ... ခုတော့ ... ခုတော့ ငါ ငါ ဟေမာဦးယောကျ်ားဖြစ်သွားပြီကွဲ့ ... ခေါင်းတွေကလည်း မူးဝေပြီး ငါသတိလစ်သွားရတာတော့ အမှန်ပဲကွဲ့ ဘာအသိမှမရှိတော့ဘဲ ... ငါသတိရပြီ ... သတိရပြီ ဟေမာဦးကို မဒ္ဒီ မှတ်မိသွားတာတော့ အမှန်ပဲ ... "

သူသည် ဟေမာဦးနှင့် ဝိုင်းကြည့်နေကြသော ဓာတ်အုပ်ကြီးရှေ့တွင် ဖြိုင်ဖြိုင်ကျလာသော မျက်ရည်များကို သုတ်ကာသုတ်ကာနှင့် ချုံးပွဲချ၍ငိုလိုက်ပါတော့သည်။ အားလုံးကြည့်နေကြပုံက သနားရမလား ... အမြင်ကတ်ရမလားနှင့် တချို့ကလည်း ပြုံးစေ့ပြုံးစေ့နှင့်ပါ။

"ဟင်းနော် ... မင်းအမှားက ပြင်လို့မရတဲ့အမှား မဟုတ်ဘူးဗျာ့ ... တို့ကို မျက်ရည်သုတ်ပြီး သနားစရာတော့ လုပ်မနေနဲ့ ... "

ဓာတ်အဖွဲ့ထဲမှ ဦးကျော်သောင်းကြီးကဲ့သို့ လူကြမ်းလုပ်ရသော ဦးဘိုဇေက ကလေးတစ်ယောက်ကိုအစ်ကိုတစ်ယောက်က ကြိမ်းမောင်းသကဲ့သို့ မောက်မာစွာပင် ပြောက်လိုက်သည်။

ဝေသန်ခမြာ မျက်ရည်များကို မျက်နှာသုတ်ပဝါငယ်ကလေးနှင့် သုတ်ပစ်ရင်း ...

"ဘိုဇေရယ် ... နတ်ရေးတဲ့ဖူးစာ လူပြင်ရာမခံပါဆိုတာ ကျုပ်ယုံသွားပါပြီ ... ဗျာ ... ဒါပေမဲ့ မဒ္ဒီနဲ့ကျုပ်ကို ယောက္ခမကြီးက ပေးစားလိုက်တာဗျာ့ ... ခုတော့ ...

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ကျုပ် … ကျုပ် ဟေမာဦးကိုပဲ ရိုးမြေကျယူပါတော့မယ် … ”

“ဝါး … ဟား … ဟား … ”

ဓာတ်တစ်ဖွဲ့လုံးသဘောကျစွာ ရယ်ကြသည်။

သူ့အဖေကြီးကဖြင့် မရယ်နိုင်ပါ။ သူ့သမီးလေးကို သူ့ဒွေးသားက ခိုးပြေးပြီး ဆယ်ရက်အကြာတွင် လာပြီးပြန်အပ်သွားသည်။ သူ့သားက စေ့စပ်ပြီးသားတဲ့။ ဩော် … ဝေဿန်ခမြာ ချော်လဲ ရောထိုင်ရှာတယ်။ သူ့ဒွေးသားထွန်းရီနဲ့ ကွာလိုက်ပလေး…

လှည်းနားတွင် တရုံးရုံးဖြစ်နေကြသည်ကို ဓာတ်အုပ်ကြီးသည် ခပ်လှမ်းလှမ်းမှ ကြည့်ရင်း နားထောင်နေသည်။

“မင်းသား ဒါနဲ့ပြီးရောလား? မရဘူးနော် … ကျုပ် တို့ကို ဘာကျွေးမှာလဲ? … ”

“မြစ်သားရောက်ရင် အားလုံးကို ဒံပေါက်ကျွေးမယ်ဗျာ”

“ဟေး … ဝါး … ဟား … ဟား … ”

ဝေဿန်က ဒံပေါက်ကျွေးမည်ဆို၍ ဓာတ်အဖွဲ့သားများ ရယ်မောနေကြပါတော့၏။

ဦးကျော်သိန်းသည် သူတို့မတရားမှုများ တစ်နေ့ပေါ်မှဖြင့်ဟူ၍ မျက်စိမျက်နှာပျက်ပျက်နှင့် သူ့လှည်းရှိရာသို့ လေးတွဲစွာ လျှောက်သွားပါတော့သတည်း။

မြစ်သားသို့ရောက်သော် ဝါဂွမ်းခိုဆောင်ထဲမှ ခိုဆောင်ကြီးတွင် တည်းခိုခွင့်ရကြသည်။ ဓာတ်အဖွဲ့တွေက ဝေဿန်



နှင့်ဟေမာအတွက် ဝါဂွမ်းထုပ်တွေကာ၍ အခန်းဖွဲ့ပေးလိုက်ကြသည်။ သင်းတို့စုံတွဲအား ဇနီးမောင်နှံအဖြစ် အသိအမှတ် ပြုလိုက်ကြသည့် ပုံပါပင်သတည်း။

မကြာမီ ကျောက်ဆည်အရေးပိုင်မင်းရုံးသို့ လွှတ်ထားသော ဂေါပကအဖွဲ့ရောက်လာကြသည်။ သူတို့က အသိတွေ [illegible]မ်လိုက်တည်းကြသည်။

မြစ်သားနှင့်မြို့ကြီးက မဝေလှပါ။ အထူးသဖြင့် (ဈေးပါတ်)လိုက်သူများနှင့် အကျွမ်းဝင်ကြသည်။ တချို့(၃၆) ကောင် ကစားကျူးသူတို့က ကစားရင်း တက်တက်ပြောင်သွား၍ ဈေးပြန်ဝယ်ရန် မြို့ကြီးကမိတ်ဆွေများထံ ချေး/ငှားကြရသည်။ တချို့လည်း ရွှေဘီးနှင့် ရွှေလက်ကောက်များ အပေါင်ထားခဲ့ကြသေးသည်။ ဒီလိုနှင့် အိမ်/ခိုအိမ်များအား မနားတမ်းတည်းခိုနေကြသည်။ အရေးပိုင်ထံမှ ခွင့်ပြုစာရကြောင်း၊ ဒီမှာလည်း ဝေဿန်နှင့် ဟေမာတို့ အဆင်ပြေကြကြောင်း ဘိုးတိုးမဟုတ် ဟောင်ဖွာဖွာသတင်းချင်း ဖလှယ်နေကြသည်။ ဝေဿန်တွင် ကြိုက်မရှက် တော်မရှက်ပုံစံနှင့် ဟေမာဦးလက်ကို ဆုပ်ကိုင်ထားပါသည်။

ဆိုခေတ် ထိုအခါက ဇနီးမောင်နှံပင် ခပ်ခွာခွာထိုင်ကြရသောခေတ်၊ အရှက်သိက္ခာကို လွန်စွာထားကြသောကာလပါ။ သို့သော် ဝေဿန်တစ်ယောက် အရူးကို အမဲသားကျွေးမိသည့်နယ် သိက္ခာတွေ ခဝါချကုန်ရပါပြီတည်း။ သို့သော် ဘိုဇက လှည့်များ ကပ်လာပြီး “အံမာ မင်းကလည်း တို့မင်းသမီးကို ခေါ်လာသေး

www.burmeseclassic.com

www.burmeseclassic.com



တယ်။ မင်းကပဲ ငိုကြီးချက်မနဲ့ ဘာပုံစံလဲကွ" ဘိုဇအသံက ပြင်းလှသည်။ သူက လှည်းပေါ်က ဝေဿန်ကို လှမ်း၍ကြိမ်းဝါးတော့သည်။

ဝေဿန်သည် ရိုးသားမှု၊ သစ္စာရှိသူမဟုတ်ပါလား။ မိုက်မိုက်ရိုင်းရိုင်း ပြောလိုက်ရလျှင် ဘယ်ကကောင်မတစ်ကောင် သူ့ရင်ခွင်ထဲ ရောက်ရှိလာမှန်း မသိလိုက်ရိုးမှန်သော်လည်း သူမှ ခဲ့သမျှတော့ ခွတ်မိုတ်ငြင်းမည့်လူစား မဟုတ်ပါ။ ပြီးတော့ သူ့ကို မဒ္ဒီ ဖုတ်ပူမီးတိုက်လာခေါ်ပုံ၊ ပြီးတော့ သူယောကျ်ားဆိုသူ ပွေ့ချီခေါ်သွားသတဲ့ ...

* * * * *



ကိုယ်ပေါ်သို့ လေအေးများ ဖျန်းခနဲ ယပ်ခပ်ခံလိုက်သကဲ့သို့ အေးသွားမှ မဒ္ဒီမျက်လုံးများ ပွင့်သွားရသည်။ သူ၊ ဘယ်လိုများ အိပ်ပျော်သွားရပါလိမ့်။

"ဟင် ... အစ်ကိုဝေဿန် ... အစ်ကို ... အစ်ကို"

မဒ္ဒီသည် လူးလဲထရင်း ဝေဿန်ကို ကျယ်ကျယ်လောင်လောင်ကြီး ခေါ်လိုက်မိသည်။

"မိန်းကလေးတော့ ဒုက္ခပဲ ... "

သူ့ဘေးမှ အဒေါ်ကြီးတစ်ဦး သူ့ရင်ဘတ်ကို ဖျန်းခနဲ တီးလိုက်ရင်း အံ့ဩတုန်လှုပ်ပုံစံကြီးနှင့် မျက်လုံးပြူးကြီးနှင့်ကြည့်နေသည်။ သံဘန်းဟိုဘက်က လူများကလည်း သံပန်းကို လက်တွေတွယ်၍တုန်လှုပ်စွာ ကြည့်နေကြသည်။

"ဟဲ့ ... မိန်းကလေး ကိုဝေဿန်ဆိုတဲ့ သူငယ်နဲ့ ဘာတော်သလဲကွဲ့ ပြောပါဦးကွဲ့ ... "

"ဟို ... ဟို ... ဟိုလေ အဖေကိုယ်တိုင် ပေးစားလိုက်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ... ကျွန်မ ယောကျ်ားပါရှင် ... သူကောဟင် ... သူကော ... "

သူက အားကိုးတကြီးနှင့် မေးရှာသည်။ ပျာယာခတ်နေရှာသည်။

"ဟင် ... အစ်ကို့ ထင်ရှူးသေတ္တာကြီးရော ... ဆွဲခြင်းကြီးကော သံသေတ္တာရော မရှိတော့ပါလား ... "

မြင်းခြံဆိပ်ကမ်းမရောက်ခင်ကတည်းက ဖြစ်ရပ်များအားလုံး မြင်လိုက်ကြသည်သူများချည်း ဖြစ်သည်။ သင်္ဘောကြီးကား တဝုန်းဝုန်းနှင့် ဂေါဝိန်ဆိပ်သို့ ဦးတည်မောင်းလျက်ရှိသည်။

"သူတို့အမျိုးတဲ့ အဖျားတက်တယ်ဆိုပြီး အထက်တန်းတွဲထဲ ခေါ်သွားတာပါပဲကွဲ့ ... "

"ရှင် ... "

"ဟုတ်တယ် ... မြင်းခြံဆိပ်ရောက်တော့ သူ့ကို ထမ်းခေါ်သွားကြတယ် ... ဒီနားက ထင်ရှူးသေတ္တာကြီးရော၊ ဆွဲခြင်းကြီးရော၊ သံသေတ္တာရော ယူသွားကြလေရဲ့ ... "

"ဟင် ... အစ်ကို့ကို ခိုးသွားကြပြီ ... ဟီး ... ဟီး..."

မဒ္ဒီ အော်၍ငိုချလိုက်ပါတော့၏။



# (တတိယပိုင်း)

www.burmeseclassic.com



ခရီးသွားဖော်ချင်း ကရုဏာသက်၍မဆုံးကြဘဲ ပထမပိုင်း အုံကြည့်နေကြသော်လည်း မန္တလေးသို့ ဝင်နေပြီဖြစ်၍ သူတို့ပစ္စည်းများ သူတို့သိမ်းကြ ဆည်းကြနှင့် မဒ္ဒီကို နတ်သံနှော မနေနိုင်ကြတော့ပေ။ အမှောင်ကလည်း သမ်းနေလေပြီ။ မဒ္ဒီသည် အားရပါးရကြီး ငိုလိုက်ပြီးမှ မျက်ရည်များ ဖွတ်သုတ်၍ အံကိုခဲရင်း စဉ်းစားသည်။

ချည်စောင်ပါးပါးလေးကို နှစ်ယောက်ခြုံ၍ သူ့ကို ထွေးထွေးအစ်အစ်ကလေး ဖက်ထားရသည်မှာ မိနစ်ပိုင်းလောက်သာ ကြာမည်။ သူသည် မေးခနဲကြီး အိပ်ပျော်သွားလိုက်သည်မှာ နေစောင်းမှ နိုးတော့သည်။ သူ့ကိုလည်း ပွေ့ချီသွားကြသည်တဲ့ အစ်ကိုဝေဿန်က အလွန်အအိပ်ဆတ်သူပါ။ သူ့ကို လူတစ်ယောက်က ချီသွားလို့ကတော့ ဘယ်နည်းနဲ့မှမနိုးဘဲ နေမည်မဟုတ်ပါ။

ဟင် ... ပုဂံက ပြန်လာတဲ့ ဓာတ်အဖွဲ့တွေလည်း တစ်ယောက်မှ မတွေ့တော့ပါလား ... သင်းတို့ ... သင်းတို့အဖွဲ့



ငါတို့နှစ်ယောက်ကို စိုက်ကြည့်နေတယ်လို့တော့ အထင်သားပါ။ ငါ ... မှတ်မိပြီ တို့ကို လက်ဖက်ရည်လာတိုက်တဲ့ လုံးကြီးပေါက်လှ မင်းသမီးဆိုတာ လင်ပန်းကို ပြန်ယူသွားတော့ အစ်ကိုဝေဿန်က ကြည့်နေတာကို ကိုယ်ရမ်းရမ်းပြီး လမ်းသွားတာ သိပ်ကလက်တာပဲ... အစ်ကိုဝေဿန်လည်း သဘောပေါက်ပုံ ကြည့်နေရင်း ဝါးခနဲ သန်းတာပဲ ငါလည်း မျက်လုံးစင်းပြီး နှစ်ယောက်စလုံး တိုင်ပင်ထားသလို လှဲအိပ်လိုက်ကြတာပဲလေ။

ဘုရား ... ဘုရား ပစ္စည်းသာလုံခဲ့ရတယ်။ ခုတော့ လူ ... လူ လုသွားကြတာကိုး။ ဟင် ... လူတွေ ပစ္စည်းတွေ သိမ်းပြီးကုန်ကြပြီ။ သင်္ဘောဆိပ်ကနေပြီး တစ်ယောက်တည်း မြင်းလှည်းစီးပြီး ပြန်ရမှာပါလား။ ဒုက္ခပါပဲ ... မိုးလည်းချုပ်ပြီ။ ငါကြောက်လိုက်တာ သင်္ဘောကြီးကား မန္တလေးအဝင် မီးရောင်တလက်လက်ကိုကြည့်၍ တချို့ အောက်ထပ်သို့ပင် ဆင်းနေကြပါပြီ။

" ဩော် ... အစ်ကိုဝေဿန်ရယ် ... စွန့်စွန့်စားစားလာခေါ်ရတာ ခုတော့လည်း ကြောက်စရာအဖြစ်ဆိုးကြီးပါလား နော်။ သူ့အဖြစ် သူ ယူကျုံးမရ ဖြစ်ရလွန်း၍ မျက်ရည်များ ရေတံခွန်သဖွယ် တရှုံ့ရှုံ့သာ ငိုချလိုက်မိပါတော့သတည်း။

"ဟဲ့ ... ကလေးမလေး သင်္ဘောကြီး ကမ်းကပ်နေပြီ ... ပစ္စည်းတွေသိမ်း၊ အခင်းတွေမသိမ်းသေးဘူးလား ... "

လူကြီးတစ်ယောက်က သူ့ပစ္စည်းတွေ သယ်ဆွဲသွားရင်း ပြောကြားသွားရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ သတိပြန်ဝင်ကာ မဒ္ဒီသည် မျက်ရည်များကိုအမြန်သုတ်၍ ဇနီးမောင်နှံမတော်ရခင် ဤကော်ဇောပြတ်ကလေးတွင် အိပ်ချလိုက်ပုံများ မြင်ယောင်ရင်း မျက်ရည်များ ထပ်တလဲလဲ ကျလာပြန်သည်။

ဒီတစ်ခါတော့ အခြားခရီးသည်များနည်းတူ အောက်ထပ်သို့ ဆင်းလိုက်မည်ပြုပြီးမှ ... ဟင်း ... ငါ့မှာ လာကြိုမဲ့လူမှမရှိဘဲ လူရှင်းမှ ဆင်းပါတော့မယ်လေ ... မဒ္ဒီဘဝတွင် ယခုဖြစ်ခဲ့ပုံများကြောင့် စိတ်ဆင်းရဲရပုံများ ပြန်၍ပင် မစဉ်းစားရဲတော့ပါ။

မန္တလေးတွင် နေ့ခင်းဘက် ဈေးချိုတော်ကြီး၌ ဈေးဝယ်ထွက်လျှင်ပင် လူတွေ ငေးအကြည့်ခံရသော မဒ္ဒီသည် ဆံပင်ဖိုးရိုးဖားရားနှင့်ပင် သူ့ပင်ကိုယ်ရုပ်ရည်ကလေးသည် အလှတွေပေါ်လွင်နေရသည်။

"ဒီ ... မှာ ... "

အသံက ဘိုကပြားသံပါနေ၍ မြန်မာစကား မပီသလှရှာပါ။ မဒ္ဒီက ဆတ်ခနဲလှည့်ကြည့်ရာ အသားမဖြူလှသော ကပြားတစ်ဦး၊ ဘောင်းဘီရှည်တွေ၊ လည်စီးတွေနှင့် အသားမဖြူလှသော်လည်း နှာသီးများက နီရဲနေသော ကပြားတစ်ဦး မျက်လုံးကလည်းအပြာ၊ ဖန်ဂေါ်လီအဝါရောင်နှင့် ကပြားတော့ကပြားပါပင် သို့သော် ဘာကပြားမှန်း ပြောရခက်သည်။ ရာထူးတော့သေးပုံမပေါ်။ စောစောက သင်္ဘောပေါ်မှ မန်နေဂျာများ၊ စာရေးကြီးများ သူ့နောက်မှ ဝန်းရံခက်၍ ခါးတရိုရိုနှင့် ပါလာကြသည်။



"မယ်မင်းယောက်ျား ပျောက်သွားလို့ ဆို ... "

အရေးထဲ မြန်မာစာရေးက သူ့ကို မယ်မင်းတွေ ဘာတွေနှင့် လက်ညှိုးတထောင်ထောင်နှင့် မေးနေသည်။

"ဘယ်ကယောက်ျားလဲ ? ကျွန်မအစ်ကိုရှင့် ပျောက်သွားစကတော့ ရှင်တို့လာရှာမပေးကြဘူး ... "

မဒ္ဒီက စာရေးကြီးကို ရန်ထောင်လိုက်သည်။

"သခင်လေး ... ယောက်ျားမဟုတ်ဘူးတဲ့ ... အစ်ကိုတဲ့ဘုရား ... "

"မင်းသမီးဆိုတော့ ... စကားပြောစွာလွန်းတယ် သခင်လေး စိတ်မရှိပါနဲ့ ... "

မနက်ကတည်းက ဝေသန်ပျောက်သွားသည်ကို ယခုမှ လူစွာလာလုပ်နေသော စာရေးကြီးကို မျက်စောင်းထိုးကြည့်လိုက်သည်။

"ယောက်ျားမဟုတ်ဘူးတဲ့ သခင်လေး ... "

"အော် ... အပျိုကလေးဆိုတော့ ... မင်းသမီး ဒုက္ခရောက်ပြီပေါ့ ... "

နှာသီးဖျားနီနီကြီးနှင့် အစိုးရှိန်များ ဝေလျှံနေသော မျက်နှာဖြူကပြားကို မဒ္ဒီသည် နှုတ်ခမ်းစူ၍ တစ်ချက်ကြည့်လိုက်မိသည်။

"အံမာ ... သခင်လေးကို ဘာများမှတ်လို့လဲ ... ဒါဆိပ်ကမ်းတာဝန်ခံဟဲ့ ... အရာရှိကြီး ဂေါ်ဝိန်သခင်လေးလို့ခေါ်တယ်"

www.burmeseclassic.com



ဘေးနားက ဝါးဖက်ဦးထုပ်နှင့် လူသည် ဆိုးလှသည်။ ထိုစကားစုကို ရိုးရိုးမပြော မဒ္ဒီ၏ကျောကို ခြေနှင့်ကန်ထည့်လိုက်သည်။

"အမယ်လေးတော့ ... အောင့်သွားတာပဲ တိရစ္ဆာန်ကြီး"

မဒ္ဒီကား ယောကျ်ားအုပ်လေးငါးယောက်နှင့် ကက်ကက်လန်အောင် ရန်တွေ့နေသည်။

"ဟင် ... နင် နင် ငါ့ကို ဆဲတယ် ... "

သူက ပြောပြောဆိုဆို သူ့လက်မောင်း မြင့်မြင့်ကြီးမြှောက်၍လွှဲရိုက်ရန် ပြင်လိုက်သည်။ ထိုအခါ နှာခေါင်းနီနီနှင့် ဟဲလမင့်ဦးထုပ်မြင်းချေးရောင် ဝတ်စုံနှင့်ကပြားအရာရှိက လက်ကြီးရှယ်နေသော မြန်မာကိုကပ်ဖား၏လက်ကို ဖမ်းဆွဲထားလိုက်သည်။

"မောင်မင်း ဒီလိုမလုပ်ပါနဲ့ ... မင်းသမီးကလေး လဲကျသွားမှာပေါ့ ... "

ကပြားအရာရှိမျက်နှာက မရိုးမရွချိုမြနေသည်။ မြန်မာစာရေးကြီးက သူလက်နာသွား၍ မျက်နှာကြီးမဲ့သွားရသည်။

"ဒီလို လုပ်ပါလား စာရေးကြီး ... မိန်းကလေးတစ်ယောက်ထဲနေရတာ မသင့်တော်ပါဘူး ... ဟို ... အပ်ပါးကလပ်(စ်) ကုလားဆိုင်မှာ ခေါ်ပါ ... ခေါ်ပါ ... "

စေ့စေ့ကြည့်တော့လည်း မဒ္ဒီ၏အလှသည် ကြွကြွကလေးပေါ်လာ၍ မနွလေးဆိပ်ကမ်းအရာရှိကြီး မစ္စတာကင်ဒီသည် ဟန်မလုပ်နိုင်အောင် လောကွတ်တွေ ချော့နေပါပေါ့လား...



"အမယ်လေး ... ကောင်မရယ် ရာရာစစ စန်းပွင့်နေလိုက်တာ ... ဝင် ... ခင် အထဲကို ... "

"အို့ ... ကြက်ကြွဇနဲ့ဖန် မဒ္ဒီတို့က ကျားအုပ်ကြီးနောက်မလိုက်သေးဘူး နွဲ့ဝဲးသေးတယ် ... "

"ကြည့်စမ်း ... ဗွာတေးလန်မ ... "

ဝါးဖက်ဦးထုပ်နှင့်လူတစ်ယောက်သည် ကိုယ်ဟန်၊ စကားပြောဟန် အလွန်ကြမ်းတမ်းလှသည်။

မဒ္ဒီသည် အမြင်ကတ်လွန်း၍သာ ဗွာလိုက်ရသည်။ သူ့ကို နွဲ့နွဲ့ကလေး တစ်ချက်တည်း ဆွဲခေါ်သွားလျှင် မခက်ပါလား... ရင်တွေ တဒိန်းဒိန်းခုန်အောင် ကြောက်လာရသည်။

"သခင်လေး သူမလိုက်ဘူးတဲ့ ... "

"ဟင် ... သတ္တဝါကြီး ငါ့ကို ဂုံးချောနေပြီ ... "

မဒ္ဒီသည် ကြောက်လွန်း၍ လက်ဖျား၊ ခြေဖျား[illegible] အေးစက်လာပါသည်။

"မဒ္ဒီရေ ... မဒ္ဒီ ... ဟင် ... ခင်ဗျားက ဘယ်ရောက်နေတာလဲ ... ကျွန်တော် လာကြိုတာ စိုးအောင်ဗျာ ... စိုးအောင် ... "

မဒ္ဒီ လုံးဝမျှော်မှန်းမထားမိသော မမခက်တူတော်သူပါလား။ သဘောဆင်းတုန်းကလည်း သူပဲလိုက်ပို့ရှာသည်။ မဒ္ဒီဘဝတွင် ယခုတစ်ခါလောက် ကျေးဇူးတင်မိပုံမျိုး တစ်သက်တွင် မကြုံဘူးပါကလား။ သူ ရန်ထောင်ပြီးဆင်း၍ဖြင့် ရပုံမပေါ်။ ထို့

www.burmeseclassic.com



ကြောင့် ပြုံးလိုက်ရသည်။

"ဟော ... သခင်လေး ကျွန်မ ... ကျွန်မ အစ်ကို လာကြိုပါပြီရှင့် ... သခင်လေးကို ကျေးဇူးတင်ပါတယ်ရှင်"

သူက စားမတတ် ဝါးမတတ် သူ့ကိုကြည့်နေသော သခင်လေးဆိုသူကို တောင်းပန်ရင်း စိုးအောင်ကို လက်မြှောက်ပြရင်း ...

"ကိုစိုးအောင်ရယ် အကြိုလာတာများ သင်္ဘောဆိုက်ချိန်နဲ့ ကိုက်ပြီး လာမှပေါ့ ... ဟောဒီမှာ သခင်လေးက အထူးခန်း ထဲလာထိုင်ဖို့ ခေါ်နေတာ ကိုစိုးရဲ့ ... "

သူ့အား ကိုစိုးဟု မခေါ်ဘူးသော မဒ္ဒီနှင့်သခင်လေး အဖွဲ့ကို အကဲခတ်ရင်း ရှေ့သို့တိုးဝင်လာသည်။

"ငါ့ညီမရယ် ရှာလိုက်ရတာ မောရောပါလား ... "

သူက မဒ္ဒီ့လက်ကိုဆွဲ၍ ခေါ်လိုက်သည်။

"အိုး ... နိုး နိုး ခင်ဗျားနဲ့ ဘာတော်သလဲ?"

မြန်မာစကားကို မပီကလာပီကလာနှင့်ပြောရင်း ...

"သူ ... သူက မိန်းကလေးနဲ့ ဘာတော်သလဲ?"

စိုးအောင်ရုပ်က မွန်မွန်ရည်ရည်ကလေး မဟုတ်ပါလား။

"ဩော် ... သခင်လေး ကျွန်မအစ်ကို တော်ပါတယ် ... သင်္ဘောဆင်းတုန်းကလည်း သူပဲ လိုက်ပို့တာပါရှင့် ... "

မဒ္ဒီသည် မင်းသမီးဟန်ကလေးနှင့် သူရင်ဘတ်



ကလေးကို ပုတ်ခါပုတ်ခါ ဆက်ပြောလိုက်ရှာသည်။

"အစ်ကို အရင်းလား? ... "

နှာခေါင်းနီသခင်လေးကို သူ့တပည့်ကျော်များက "အဖြစ်သည်းမနေပါနဲ့ဗျာ" ဟု ပြောချင်နေကြသည်။

"ဩော် ... သခင်လေးရဲ့ အရင်းပါရှင် ... အစ်ကို အရင်းပါရှင် ... "

မဒ္ဒီ၏ ယခုလုပ်လိုက်သည့်ပုံကလေးကို ဒီတစ်ခါတော့ နှာခေါင်းနီသခင်လေးသာမက ကိုစိုးအောင်မှစ၍ ယောက်ျားအုပ်စုကြီးအားလုံး ငိုင်ငေးသွားကြပါတော့သတည်း။

သူတို့နှစ်ဦး လှေကားဆီသို့ ခြေလှမ်းကြဲကြီးနှင့် သွားနေစဉ် သခင်လေးနှာခေါင်းနီကြီးသည် ခါးကြီးနှစ်ဘက်ရဲရဲထောက်၍ မုန့်စားချင်လျှက် မစားရသော ကလေးကြီးပုံစံနှင့် ကျန်ခဲ့သည်။

"အိုး ... All Right , All Right တာ့တာ ... တာ့တာ"

သူက မင်းသမီးကို လက်ပြနေ၍ မဒ္ဒီသည် လက်ပြန် ပြခဲ့ရသေးသည်။ မဒ္ဒီသည် ကိုစိုးအောင်လက်ကို ဆုပ်ကိုင်ထားရာက ကုန်းပတ်ကျော်မှ သူ့လက်ကလေးကို အသာဆွဲနုတ်ယူလိုက်ရသည်။

ကိုစိုးအောင်က အားနာပြုံးလေးနှင့် ...

"ကိုယ့်ညီမရယ် ဘယ်လိုမှ မအောက်မေ့နဲ့နော် ... သူ့ကို ဆိပ်ကမ်းသခင်လို့ ခေါ်ကြတယ် ... သိပ်မိန်းမပွေတာတဲ့

www.burmeseclassic.com

မဒ္ဒီရဲ့ ဒါနဲ့ မဒ္ဒီ့မေမေ နေကောင်းသွားပြီလား? ... "

"ဟင် ... ရှင် ... အဲ အမေကတော့ နေကောင်းသွားပါပြီ... ဒါပေမဲ့ ကိုဝေသန် အဲ ... အဖေကတော့ နေမကောင်းသေးဘူး ... "

သူ့စကားတွေက အဆီအငေါ်မတည့်တော့ပါ။ အမှန်စင်စစ် သူနှင့်ဝေသန်တို့အဖြစ်က ရင်ကွဲနာကျစရာကောင်းလှပါသည်။ ရုတ်တရက် စကားမဆက်နိုင်၍ ကိုစိုးအောင်က သူ့မျက်နှာကို စေ့စေ့ကြည့်ရင်း ...

"ဟင် ... မဒ္ဒီစကားတွေကလည်း ... ဘယ်က ကိုဝေသန်က ပါလာရအောင်လဲဗျာ ... "

"ကဲ ... ကဲ ကိုစိုးအောင်ရယ်.ဖွင့်ပြောပါတော့မယ်။ အစ်ကိုဝေသန်ဆိုတာ အဖေတပည့်ပါ။ သင်္ဘောဆိပ်ကိုလိုက်ပို့တာ ရေထဲကျသွားတာ သင်္ဘောထွက်သည့်အထိ ရှာလို့မရကြသေးဘူး"

မဒ္ဒီသည် ကိုယ်ရေးကြုံတော့လည်း ပလီစီခြောက်ချက်တွေ ပြောတတ်လာရပါပကောလား ...

"ဟင် ... ဖြစ်မှဖြစ်ရလေဗျာ ... "

ကားလေးရပ်တားရာသို့ လျှောက်လာရင်း ကိုစိုးအောင်သည် တကယ်စိတ်မကောင်းဟန်နှင့် ပြောရင်း ကားတံခါးကို ရှေ့မှဖွင့်ပေးသည်။ မဒ္ဒီသည် တက်မည်လုပ်ပြီးမှ ...

"မဒ္ဒီ အထုပ်အပိုးတွေနဲ့ နောက်မှာပဲထိုင်လိုက်ပါတော့မယ်



နော် ... "

"ဪ ... ရတယ် ... ရပါတယ် ... "

ကိုစိုးအောင်သည် မမခက်ကဲ့သို့ လျှာသွက်အာသွက်ကြီးလည်းမဟုတ် နဂိုကပင် ခပ်အေးအေးနေတတ်သူပါ။

သူ အငြိမ့်စင်ထွက်ခါနီး၍ မျက်နှာချေအဖွေးသားနှင့် နှုတ်ခမ်းနီများဆိုးလျှင် အိမ်နီးချင်းတွေပင် လာကြည့်၍ ချီးကျူးကြသည်။ သူ့ကမူ သူ့ကားလေးဖုန်သုတ်ရင်း သိသိသာသာကြီးပင် မကြည့်ရှာပါ။ ထို့စဉ်ကပင် သူကလည်း အစ်ကိုဝေသန်ဖော်ကပ်နေရ၍ ကိုစိုးအောင်ကို စေ့စေ့ပင်မကြည့်မိပါ ယခုတော့ဖြင့် နှာခေါင်းနီနှင့် လူအုပ်ကြီးဘေးမှ လွတ်ရာလွတ်ကြောင်း အချိန်မီလာရောက် ကြိုပေးရှာသည့်အတွက် ရင်ထဲ၌ အတော်ကျေးဇူးတင်သွားရသည်။

ရည်းစား ... အဲလေ ... အဖေ ပေးစားလိုက်ပြီဆိုတော့လည်း ခင်ပွန်းလင်ပေါ့။ ကိုဝေသန်လူခိုးခံရ၍ သူ့ကံကြမ္မာကို အားငယ်ခြင်း၊ နှလုံးနာခြင်းတို့ ခံစားနေရစဉ် သူ့ဘဝတွင် အားကိုးအားထားပြုစရာ မလိုဘူးဟု ထင်ခဲ့သော ကိုစိုးအောင်ကို လွန်စွာကျေးဇူးတင်၍ သွားရပါတော့သတည်း။

"ဒါနဲ့ ... ကိုဝေသန်ဆိုတဲ့လူ ရေထဲက ပြန်ဆယ်လို့ရမရ မသိခဲ့ဘူးပေါ့နော် ... "

ကိုဝေသန် နာမည်လေးကြားလိုက်ရ၍ ရင်ထဲ၌ ဒိတ်ခနဲ ဖြစ်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"သဘော်ကြီးက ထွက်လာပြီဆိုတော့ ... ဘယ်သိတော့မှာလဲ ကိုစိုးအောင်ရယ် ... "

"ဟင်း ... မဒ္ဒီသွားတာ အကုသိုလ်များလာခဲ့ရတာပါပဲ... မမခက်က တားရှာတယ် ... "

သူ၏ (ဟင်း) ဟူသော သက်ပြင်းရှည်ကြီးသည် ခြည်မျှအဓိပ္ပာယ် ကျယ်ဝန်းလိုက်ကြောင်း သူကိုယ်သူသာ အသိဆုံး ဖြစ်ပါတော့၏။

"ဒီ ... နှာခေါင်းနီကြီးဟာ သဘော်ဆိပ်တာဝန်ခံပေမဲ့ ရုံးခန်းကနေ လှမ်းကြည့်နေတာများတယ် ... သဘော်ပေါ် ဆင်းခဲ့ပါတယ်ဗျာ ... သူ့တိုက်ကြီးကလည်း သိပ်လှတာ မဒ္ဒီရဲ့ ... "

"ဟုတ်ပါတယ်ရှင် ... မဒ္ဒီ ကံဆိုးချင်တော့ ဘယ်လိုလူမျိုးကြီးနဲ့ တွေ့ရတယ် မသိပါဘူးရှင် ... "

သူတို့နှစ်ယောက် စကားတပြောပြောနှင့် မမခက်တို့အိမ်ဝိုင်းသို့ ဝင်လိုက်သည်။

ဟင်း ... ကိုဝေသန်ပါလာရင် ဘယ်ထားလို့ ဘယ်လိုစီစဉ်ရမလဲ? ထုတ်ပဲ ပြောလိုက်ရမလား? ဆိုတဲ့ ပြဿနာတစ်ခုကတော့ ရှင်းသွားတာမှမ့်လေ ... ဒါပေမယ့် အစ်ကိုဝေသန်ရယ် မဒ္ဒီကျိတ်ပြီး ခံစားနေရပါတယ်။ ဘယ်လိုများ လုပ်ရပ့ါမလဲရှင်။

မမခက်မေးဆာမှ သူက ရယ်ရယ်မောမောဟန်ကလေးနှင့် ပြောကြားရင်း ရင်ထဲ၌ အစ်ကိုဝေသန်အတွက် ရှိုက်ကြီး



တငင်ငင် ငိုနေရပါလား ...

"ငါ့ ညီမက ကတိတော့ အတည်သားတော့ ... စိုးအောင်က သွားကြိုမယ်ဆိုတော့ ... မမခက်က တားသေးတယ်လေ"

"ကတိအတိုင်း လာမှာပေါ့ မမခက်ရယ် ... "

"အေး ... အဆင်သင့်တယ်ပေါ့ ... ပွဲကြီးပွဲကောင်းနဲ့ရမှာပေါ့ ... "

"ဘာပွဲလဲ မမခက်ရဲ့ ... "

"လမ်းမှာ စိုးအောင်က မပြောဘူးလား၊ ဘုရင်မကြီး မွေးနေ့အတွက် အောင်ပွဲတဲ့ ဘောလုံးကွင်းထဲမှာ ဇာတ်တစ်ခု၊ ပွဲတစ်ခု၊ မျက်လှည့်တွေ အစုံပေါ့လေ ... သိုင်းပွဲလည်းပါတယ် ... အဲဒါ မမခက်တို့ စိန်မန္တလာမဒ္ဒီကို လာငှားတယ်လေ ... စရန်ငွေ သုံးရာတောင်ပေးသွားတာ ... ငှားတဲ့လူတွေက ပွဲဖြစ်မြောက်ရေးအရာရှိကြီးတွေ လာငှားကြတာကွဲ့ ... သူတို့ကားကြီးလာတော့ တစ်ရပ်ကွက်လုံး ထွက်ကြည့်ကြတာ ... "

"ဟုတ်တယ်ခင်ဗျာ ... မမခက်တို့များ မန္တလေး ပိုးခြောင်အဖြူပေါ်မှာ ရွှေချည်ထိုးပန်း အဆုတ်ဆုတ်နဲ့ စပါယ်ရှယ်အော်ဒါမှာပြီးပြီလေ ... "

"ဟုတ်လား မမခက် ... "

"ဟုတ်ပါ့တော်၊ မင်းပွဲစိုးပွဲမဟုတ်လား ... ဒါကြောင့် ဈေးဆန်ဆန် အဖြူခံကို ရွေးလိုက်တယ်သေ ... မကောင်း

www.burmeseclassic.com

www.burmeseclassic.com



ဘူးလား ... "

"ကောင်း ... ကောင်းပါတယ် မမခက်ရယ် ... "

အလွန်ဝမ်းသာစရာ စကားပင်လျှင် သူ့၌ထစ်ငေါ့နေရသည်။ တကယ်တမ်းပြောရလျှင် အစ်ကိုဝေသန်အတွက် ဖြစ်နိုင်လျှင် အော်ဟစ်သာ ငိုနေလိုက်ချင်ပါတော့သတည်း။

* * * * *



လမ်းပန်းက ကြမ်း

ဥတုက ချမ်း

ရင်ထဲ၌ လွမ်း

အလို ! သူ့ရင်ခွင်ထဲ၌ ဟို ... ဟို ဓာတ်ဆရာသမီး ဝတုတ်မလေးက ဖက်လို့ ကပ်လို့ အိပ်မောကျနေလိုက်တာဗျာ ... ဘုရား ... ဘုရား ငါ့အဖြစ်က ... ငါ့အဖြစ်က ဘာလိုလိုနဲ့ မဒ္ဒီ တကယ်ကွဲသွားရတာပါလား မဒ္ဒီရယ် ... အစ်ကို့ အသ[illegible]ခလှချေရဲ့။ ဝေသန်သည် အော်ကြီးဟစ်ကျယ် ငိုချလိုက်ပါသည်။ သို့သော် အသံက မထွက်ပါ။

ယနေ့ညစာ မြစ်သားဆန်စက်ထဲတွင် သူတို့အဖွဲ့အား မင်္ဂလာဒံပေါက်ကျွေးလိုက်ရသည် မဟုတ်ပါလား။ သူ့ရှိက်သံပင် ပြန်၍မျိုချလိုက်ရသည်။ သူ့လှုပ်ရှားမှုကြောင့် ဟောမာဦးနိုးသွားသည်။

"ဟင် ... မောင် မအိပ်သေးဘဲကိုး ... "

www.burmeseclassic.com

www.burmeseclassic.com



သူ့အသံသည် တရော်မှာ ကော်ရည်လောင်းထားသကဲ့သို့ ပျစ်ချွဲနေသည်။ ဝေဿန်အသိတရားများ မှန်တိုင်းထဲသို့ လွင့်ပါးသွားရသည်။ ဟေမာဦးကို သိမ်းကျုံး၍ဖက်လိုက်သည်သာ အသိတရားတွင် ရှိနေရပါတော့သတည်း။

နောက်တစ်နေ့ (မြို့ကြီး)သို့ လှည်းတန်းကြီးဆက်ကြသည်။ မဒ္ဒီသာ သိပါက ရင်ကွဲ၍သေသွားနိုင်သည်။ အဘယ်ကြောင့်ဆိုရသော် ဝေဿန်ကား လမ်းခရီးတစ်လျှောက်လုံး အမြီးတွင်အပျော်ဆင့်ကာ ဟေမာခြင်းထပ်၍ ပါသွားကြောင့်ပါတည်း။ မြို့ကြီးသို့ရောက်သော် စိမ့်နေအောင်ချမ်းလှသည့်ကြားမှ ရောမပွဲခင်းဈေးတန်းကြီးကား ကြောက်မခန်းလိလိပါတကား။ ဇာတ်အုပ်ဦးလေးကျော်တို့အဖွဲ့က စော်ဘွားကြီးထံ လက်ဆောင်ပဏ္ဏာများပေးရင်း ဇာတ်မဟုတ်ဘဲ ရုပ်သေးဇာတ်သဘင် တင်ဆက်ပါမည့်အကြောင်းနှင့် ပုဂံတွင် ဇာမိုးပုံ့ခြေထောက် သံပြားခတ်မိ၍ ခြေသန့်ပြနေလေး လေးကြောင်း ပြတ်သွားရကြောင်း၊ ဆေးရုံတင်ထားရကြောင်းများ ပြောကြားရန် လူကြီးလေးဦး ထွက်ခွာသွားကြသည်။

လေအလျင်ကဲ့သို့ ပြောင်းလဲခဲ့ရသော ဝေဿန်လူပျိုလေး မဟုတ်တော့သော ဝေဿန်ခမျာ ရာမနှင့်လက္ခဏာ၊ သီတာဒေဝီ၊ ခေါင်းဆယ်လုံးဘီလူးဒသဂီရိ ပုံလွှာများကိုပြင်ဆင်ရင်းကျန်ခဲ့သည်။ ဒါတွေတန်းလန်းထား၍ ဆိုင်းဆရာများနှင့် လေ့လာရသည်။ သူက ပွဲစကပွဲဆုံးအထိ အခန်းစဉ်နံပါတ်တပ်ပါ။ ဘယ်



သီချင်း၊ ဘယ်အပုဒ်၊ ဘယ်ကဏ္ဍတွေ ဆိုင်းတီးပေးရန် စာကူးပေးသည်။ ဆိုင်းဗိုင်းအလယ်တွင် ကပ်ထားရသည်။

ဒါကို သူက နံပါတ်တစ် ဘိုးတော်ထွက်ခန်းက စ၍ တစ်ပုဒ်ချင်းဆိုပြသည်။ ဆိုင်းသမားများက လိုက်တီးခတ်ကြရသည်။ ဝေဿန့်အသံကိုကြားသော် ဆိုင်းတစ်ဖွဲ့လုံး အံ့ဩတုန်လှုပ် သွားကြရသည်။ တစ်ဇာတ်လုံးအတွက် စနစ်တကျ ဆိုပြသွားရ သော်လည်း သူမ မောပါ။ ချစ်ဇနီးဟေမာဦးသည် ကော်ဖီနှင့် မုန့်တစ်လှည့် ရေနွေးကြမ်းနှင့် ဂျင်းသုပ်တစ်လှည့်၊ ရေနွေးကြမ်း တစ်ခရားပြီး တစ်ခရားအပြင် ဝိယဝါစာကလေးနှင့် —

"အမယ်လေး... မောင့်အသံလေးက ပဉ္စသိခ် အသံမျိုးပါ လားရှင် ... "

နှင့် စိတ်ဓာတ်အား၊ လူအားတို့ရာနှုန်းပြည့် ဖြစ်နေရသောကြောင့်ပါတည်း။

ဝေဿန်၏ဘိုးတော်အသံ၊ ရာမမင်းသား၏အသံ၊ လက္ခဏာမင်းသား၏အသံ၊ သီတာဒေဝီအသံ၊ ဒသဂီရိ ခေါင်းဆယ်လုံးဘီလူး၏အသံ ညီတော် (ဝိဘီသန)အသံ တစ်ဦးနှင့်တစ်ဦး လုံးဝမတူကြဘဲ လူတစ်ယောက်စီ ထင်ရလောက်အောင် အံ့ဩစရာ ရုပ်စုံအဆိုပညာကို ငေးမောကြရသည်။

ရာမဇာတ်တော်သည် စင်မြင့်ပေါ်၌လူများ ကပြ အသုံးတော်ခံသောအခါ ဟန်အမူအရာနှင့် သရုပ်ဖော်ရသော်လည်း သူ့ဆရာရင်း ဦးလေးစကမူ တောဇနပုဒ်ဘက်၌ ပညာနည်းသော

www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်များ သဘောပေါက်စေရန် ဇာတ်လမ်းကြီးကို အလွယ်တကူသိရှိစေရန် အရှေ့တောင်အာရှနှင့် အိန္ဒိယပြည်တို့မှစ၍ သူ့နည်း၊ သူ့ဟန်၊ သူ့ယဉ်ကျေးမှုများနှင့် အသုံးတော်ခံခဲ့ကြသော တော်ဝင်ဇာတ်တော်ကြီးကို အလွယ်တကူ သဘောပေါက်စေရန် အသံသုံးပေးခဲ့သည်။

ဝေသန်သည် မဒ္ဒီနှင့် ရုတ်တရက် လေမုန်တိုင်းခွင်းသကဲ့သို့ ဝေးကွာသွားရပုံကို ရင်တုန်ဘနန်း ခံစားနေရတာတော့ အမှန်ပါ။

သို့တစေ ဖြူန်းဖြူန်းဒိုင်းဒိုင်းကြီး ဒုတိယအိမ်ထောင်ကြရပါစေရဲ့ဟူသော ဆိုးဆိုးဝါးဝါး ဆုတောင်းကြီးနှင့် အဘယ်ကြမ္မာဖန်တီးခဲ့လေသည်မသိ။ သူ ... သူ လူပျိုမဟုတ်တော့ပါ။ ဇာတ်မင်းသမီး မဟေမာဦး၏ခင်ပွန်းလင် ဖြစ်ခဲ့ရပါပကောလား။

သူ့ဦးနှောက်ကို တလက်နှင့်မွှေသကဲ့သို့ ခံစားနေရရှိးအမှန်ပါ။ သို့တစေ အံ့ဖွယ်ကောင်းသည်က သူ့အရိုးစွဲအနုပညာနှင့် ပတ်သက်လာလျှင် သီချင်းတစ်ပုဒ်ကြိုးဆွဲပြီးသည်နှင့် သူ့အသည်းနှလုံးတွင် လမိုင်းနတ်သည် တဒိုင်းဒိုင်းကပ်ညှိသွားရစမြဲပါ။ ယခုလည်း ဒီအတိုင်းပါပင်။

ဆိုင်းသမားတွေကို အစီအစဉ်ရေးပေးချိန်အထိ သူ့ရင်ထဲ၌ မျက်ရည်တို့ ချောင်းရေလျှံသည့်နှယ်ပါ။ ဘိုးတော်ဆိုလျှင် ဖျင်းတီးရန်၊ ဘီလူးဆိုလျှင်၊ ကရောင်းတီးမှုတ်ရန်၊ မျောက်ထွက်ပါလျှင် ကပြီးတီးရသည်။



ယခုတော့လည်း ဒဿဂီရိဘီလူး လေးတင်ခါနီးတွင် ဘီလူးရုပ်ကို ခြေနစ်ဖက် တဒုံးဒုံးဆောင့်၍ ကြိမ်းဝါးဟိန်း စတာတွေ မာန်ပါပါ ဒေါကြီးမောကြီးရွတ်ဆိုနေလိုက်ပုံများ၊ ဆိုင်းဆရာများက အားမာန်တက်စွာ ခပ်ကြမ်းကြမ်းဖြင့် ဘီလူးကြိမ်း ဆိုင်းများ တီးခတ်ကြစဉ် ...

**တယ်× × × ငါ့ ဟဲ့ နတ်ဘီလူး ဘောင်းတော်ထုံးတမူဆန်းနဲ့ ခေါင်းဆယ်လုံးပိုင် တောင်ဆယ်လုံးပိုင်ဆိုင်သမျှ ဒဿခေါ မင်းဂီရိသည်ကား ခြေစုံလျှံ × × × ရှေ့ကမ္ဘာနှံ့ပျာ နာမထုတ်ဖော် ကျွန်ုပ်သာ ဖြစ်တော့သကိုး × × ×**

ယှိုးဒယား (၁၂) ခန်း၊ သမင်လိုက်၊ ဖျင်ခင်းကိန့ရာ လည်း မုံ၊ ဆံတော်သိမ်းချွတ် ဟူ၍ ဆိုင်းချက်ဖြင့် မာန်ပါလွန်းလှသောအသံနှင့် ဟန်ပန်တို့ကြောင့် လူကြီးများပင် ကြောက်တွန့်သွားကြရပါတော့သတည်း။

ဝေသန်ကို ဦးချစ်တင်ကဲ့သို့ ဆိုင်းဝိုင်းဆရာကြီးမျိုးက အထင်ကြီးသည် ဆိုသည်မှာ အကြောင်းမဲ့ဖြင့် မဟုတ်ပါချေ။ ဝေသန်၏(ဟဲ့)ပုံ၊ (ချွဲ)ပုံ၊ (ဟန့်)ပုံ ကဖြင့် မြို့နယ်ဘက်များတွင် တန့်နိုင်းမမီ အဆိုဘုရင်ကလေးပင် မဟုတ်ပါလား။

ပွဲများစသည့်ရက်တွင် ဝေသန်၏ရုပ်စုံကြိုးအဖွဲ့ ရုပ်သေးသဘင်ကို ဇော်ဘွားကြီးမိသားစု လာကြည့်မည်ဆို၍ ပွဲလယ်ခေါင် သစ်သားခုံပြားလေးပေါ်၌ ညောင်စောင်းများ၊ ရွှေရောင် ဖိတ်ဖိတ်ပြောင်နေသော ကြေးကုလားထိုင်များ၊ ကော်ဇောခင်း၍

www.burmeseclassic.com



ပြင်ဆင်ထားကြရသည်။ အမတ်ချုပ်ကြီးပွဲမင်းနှင့် တပည့်တပန်းများ ဦးစွာလာကြသည်။ ရွှေရေတကော်င်း ဖလားစုံ၊ ငွေကွမ်းအစ်မိုးကြိုးထွေးခံများနှင့် စားပွဲပုလေးပေါ်တွင် စားသောက်ဖွယ်များပါ ပြင်ဆင်ထားနှင့်ကြသည်။

မင်းလမ်းစော်ဘွားကြီးမိသားစု ကြွချီလာသည်နှင့် ပရိသတ်ကြီးက ရှိသေစွာ ပြိုင်တူကန်တော့ကြသည်။ စော်ဘွားကြီးက လက်ဝဲကလေးလှုပ်၍ သက်သာသလိုနေကြဟူ၍ ဆိုဟန်ရှိသော်လည်း အားလုံးက ပို၍ရိုရိုသေသေ ကန်တော့ကြသည်။ စော်ဘွားကြီးသည် နှစ်စဉ် နာမည်ကြီးပွဲများကို တစ်ညတော့ ကြည့်ရှုအားပေးသည်။ စော်ဘွားကြီး ကြိုက်တော်မူသည်ဆိုလျှင် ဤပွဲသည် နာမည်ကြီးသွားရစမြဲပါတည်း။

ထို့ကြောင့် ဟေမာဦးအဖေ ဦးမြတ်ကျော်သည် သီးမွှေးငှက်ပျော၊ မန္တလေးကိတ်များနှင့် တည်ခင်းထားသည်။ စော်ဘွားကြီးညောင်းညာခြင်းဖြင့် အချိန်မကုန်စေရန် စော်ဘွားမိသားစုများရောက်သည်နှင့် ရုပ်သေးပွဲကြီးကို ချက်ချင်းစပါတော့သတည်း။

အမှန်စင်စစ် စော်ဘွားကြီးက အားသာပေးရသည်။ ကလေးတွေကြည့်တဲ့ အရုပ်ကလေးတွေဟုသာ ထင်ခဲ့သည်။ ယခုတော့ နတ်ကန်တော့ခန်းကပင် ဆိုင်းကြီးဝိုင်းကြီးနှင့် ခမ်းခမ်းနားနား(စတိုင်)သည်ကိုလည်း ယခုမှ အလေးအနက်ကြည့်မိသည်။

(မင်းပေါက်မင်းလမ်း)ဆိုသည်မှာ ရုပ်သေးစင်လက်



တန်းအလယ်၌ အရုပ်ထွက်၍ရအောင် အဝတ်ဖြူဘယ်ညာကိုလည်း မင်းပေါက်ဟု ခေါ်သည်။ အလယ်အူကြောင်းတည့်တည့်လမ်းကို (မင်းလမ်း)ဟု ခေါ်သည်။

တောရုပ်ကိုမီ ဘိုးတော်ကြွချီလာ တောကြီးမြိုင်ဂူအရုပ်၌ ဇော်ဂျီများ ဆေးကြိတ်ဟန်ကိုပြသည်။ မြန်သည်။ အမှန်တော့ သူ့အသံကိုမပြမီ သူ၏ဇော်ဘွဲ့ပညာကို ပြလို၍ ဇော်က,ကို ဖော်ထုတ်လိုက်သည်။ ရုပ်သေးပညာတွင် ဇော်ဘွဲ့သာ ကျွမ်းကျင်မှသာ ရုပ်သေးဆရာကောင်းဟု ခေါ်ဘိသကဲ့သို့ ဝေသန်က (ဇော်က)မှာ သူ့ပညာကို ပဏာမပြလိုက်သည်။ ကြိုးပေါင်းစုံဖြင့် အခုန်အပျံ အကျော့အလွှား ဆေးမြစ်တူး၊ ဇော်ခါချဉ်ဖွတ်ပုံ၊ ဇော်ဆေးကြိတ်ဟန်၊ သူယောင်မယ်များနှင့် ပျော်ပါးပုံ အလုံးစုံမြင်လိုက်ရသောအခါ စော်ဘွားကြီးနှင့်တကွ ရုပ်စုံကြည့် ပရိသတ်အားလုံးထံမှ လက်ခုပ်သံများ တဖြောင်းဖြောင်းညံ၍ သွားရပါတော့၏။

ဖေဇော်ဂျီအသံ၊ သူယောင်မယ်လေးများအသံတို့ဖြင့် ဝေသန်စလိုက်သောအခါ အားလုံး ပါးစပ်ဟောင်းလောင်းပွင့်၍ သွားရပါတော့သတည်း။ က,ရမည့် စာတ်နန်းတွင် တော်ဝင်ရာမလက္ခဏာဖြစ်၍ အသံစုံ၊ ကမျိုးရယ်၊ မင်းသားကြီး ဓားကြိမ်း၊ ဘီလူးကြီး သည်းတုန်အူတုန်စဖွယ် အဟိန်းစကားများကြောင့် ဖြူနုနုဝေသန်သည် ဝေယံကဆင်းသက်လာသော နတ်သိကြားများ ဖန်ဆင်းလာပေသလောဟု အောက်မေ့ရပါတော့သတည်း။

ဝေသန်အသံကလည်း ဟစ်လေကောင်းလေ ... မိုးခိုအာလှလှ

www.burmeseclassic.com

www.burmeseclassic.com



မီးထွင်းဖိုကြီးများပိုင်း၍ မိုးစင်စင်လင်းမှ ရုပ်သေးဇာတ်ကြီး ပြီးစီးသွားပါတော့၏။

ဟင် ... တော်ဘုရားကြီး တစ်စက်မှမအိပ်မစက် စိတ်ဝင်စားလျက်ရှိပုံကို မြို့ကြီးပွဲတန်းကြီးတွင်း သတင်းများပျံ့နှံ့သွားရပါတော့သတည်း။

ရုပ်စုံပွဲအပြီး ဝေဿန်ကို အလယ်ကထား၍ ဆိုင်းသမားတွေခြံရံလျက် တော်ဘုရားကြီးအား ကန်တော့ကြသည်။ တော်ဘုရားကြီးက အားရတော်မူစွာဖြင့် ပွဲမင်းကို ဆုတက်၍ချီးမြှင့်စေသည်။ အရွယ်မျိုးစုံအသံကို အောင်မြင်စွာဖန်တီးရင်း လေးတော်တင်အက၊ ဘီလူးအက၊ သီတာဒေဝီအက၊ ဇော်အကတို့တွင် အထူးကောင်းမွန်လှ၍ ဝေဿန်ကို သီးသန့် ငွေသားငါးထောင် လင်ပန်းတွင်ထည့်၍ ဆုချီးမြှင့်သည်။ ဆိုင်းအဖွဲ့ကိုလည်း(၁၂)ကြိုးစုန်းကဲ့သို့ အတော်လွန်လှသော ဝေဿန်ကို အမိုပို့ပေးနိုင်ကြသည်ဆိုကာ ဆိုင်းအဖွဲ့ကို ငါးထောင် သီးသန့်ချီးမြှင့်သည်။ ဒင်္ဂါးသုံးခေတ်၌ ကျပ်ငွေတစ်သောင်းသည် သူဌေးပေါက်စဖွယ်သာ ဖြစ်ချေတော့သည်တကား။ ဇာတ်ကြီးတစ်ဖွဲ့လုံးကလည်း အားလုံးချီးကျူး၍ မဆုံးကြ။ ဟေမာဦးကတော့ အကဲဆုံးဖြစ်ပေတော့သည်။

"အမယ်လေး ရွှေမောင်မောင်ရယ် ... ဟေမာ့လင်တော်မောင်လေးရယ် ... အသံကလည်းကောင်း၊ ရုပ်ကလည်းချောလှ၊ သတ္တဗ္ဗကနတ်မင်း ဖန်ဆင်းပုံ ထူးလှပါရဲ့ ဟောဒီ ဟေမာဦး ပါရှင် ..."



ဟူ၍ မင်းသမီးမင်းသားနှစ်ပါးခွင့်ပုံစံနှင့် ဝေဿန်ခါးကိုဖက်ရင်း အသံနေအသံထားနှင့် ဟစ်လိုက်သဖြင့် အနားတွင်ဝိုင်းနေကြသော ဆိုင်းဆရာ၊ ကြေးတီး၊ ပတ်မတီး၊ နှဲဆရာ၊ လက်ထောက် ပတ်မတီး၊ စည်းတီး၊ ဝါးတီးတို့ပါမကျန် တဝေါဝေါ သဘောကျ၍ သွားရပါတော့သတည်း။

ဝေဿန်သာလျှင် ချစ်ဓနီးဖြစ်နေသော ဇာတ်မင်းသမီး ဟေမာဦး၏ ချီးကျူးလိုက်ပုံကို ရှက်ပြုံးကလေးနှင့် ကျေနပ်သွားရပါတော့၏။ ပြီးလျှင် တော်ဘုရားဆုချထားသော ငွေများကို အားလုံးရှေ့၌ပင် တက်ကြွသောအသံများဖြင့် ... "ဒီနေ့ တော်ဘုရား ချီးမြှင့်ခံရခြင်းသည် သူတော်သည်ထက် ဟေမာဦးကံထူး၍သာ ရခြင်းဖြစ်သည်" ဟု ဆိုကာ ဇနီးဟေမာဦးလက်ထဲသို့ ထည့်လိုက်ပါတော့သတည်း။ ဆိုင်းအဖွဲ့ကြီးကား ဝမ်းသာအားရလက်ခုပ်တွေ တဖြောင်းဖြောင်း တီးခတ်ကြပါတော့သတည်း။

✱✱✱✱✱

www.burmeseclassic.com

www.burmeseclassic.com



ဝိတိုရိယ ဘုရင်မကြီးက သူ့နိုင်ငံတွင် တခမ်းတနား ကျင်းပသည်မှာ မဆန်းသော်လည်း ကိုလိုနီနိုင်ငံတွေကပါ အကြီးအကျယ်လိုက် ကျင်းပနေရသည်ကတော့ အမြင်ကတ်စရာကြီးပါပင်။ ယခုလည်း ရတနာပုံ နေပြည်တော်ဟောင်းကြီးတွင် စည်တော်ယွန်း၍ အောင်မောင်းတီး၍ ခရုသင်းမှုတ်ကာ ကျင်းပရမည်ကတော့ ကိုလိုနီနိုင်ငံ ကျွန်ဖြစ်ရခြင်း၏ သင်္ကေတအဖြစ် တွေးကြည့်လျှင် ရင်နာစရာ ... အမှန်တော့ နိုင်ငံရေးသမားကြီးတွေကသာ ဤသို့ဖြစ်ရခြင်းပါ။ အနုပညာသည်များကတော့ ရွှေဒေါ်လာပြားကြီးများ ဆုရမည့်အရေးကို တွေးတပျော်ပျော်ဖြစ်၍ နေကြရပါသည်။

မမခက်သည် သူ့မင်းသမီး မဒီကို သူ့စိန်နားကပ်ကြီး ထုတ်၍ဆင်လိုက်မည်တဲ့။ သူ့တစ်သက်တွင် စိန်ဆိုသည်မှာ သေသေချာချာပင် မမြင်ဖူးရှာသော မဒီသည် ရင်တွေပန်းတွေပင် တုန်သွားရှာသည်။ မမခက်ကိုလည်း အလွန်ကျေးဇူးတင်သွားရှာသည်။

အခုတလော သူနှင့်ကိုစိုးအောင် အာလွှာပသလ္လာပ



ကလေးတွေ ပြောဖြစ်ကြသည်။ တစ်ခါတစ်ရံ ကိုစိုးအောင် အပြင်က ပြန်လာလျှင် လမ်းစုံအကြော်ဆိုင်က မတ်ပဲဘယာကြော်တွေ ဝယ်လာတတ်သည်။ မဒီက ထိုဘယာကြော်ကလေးများကို အလွန်ကြိုက်သည်မဟုတ်ပါလား။ ကလေးတစ်ယောက်လို တခစ်ခစ်ရယ်ရင်း စားကာ ...

"ကိုစိုးအောင်ကြီး ခဏခဏ ဝယ်လာရတာ ကျေးဇူးပဲနော် ..."

"ဒါလေးများဗျာ ... "

"ကိုစိုးအောင် မဒီတို့ကရမ့် ဇာတ်စင် ဝင်ကြည့်ခဲ့သေးလား? ... "

"ကြည့်ခဲ့ပါ့ဗျာ ... ရှေ့ဆုံးတန်းက အထူးဧည့်သည်တွေ လာကြည့်ကြမှာတဲ့ ... "

"မြန်မာအထူးဧည့်သည်တွေဆိုရင်တော့ ကောင်းပါတယ်... သူတို့မျက်နှာဖြူဆိုရင် မြန်မာ့သုခုမအရသာကို ဘယ်လို ခံစားကြမလဲ ... "

"သူတို့က သုခုမ အရသာခံမှာမဟုတ်ပါဘူးဗျာ ... သုခုမ မင်းသမီးရဲ့ အလှအရသာကို ခံကြမှာပေါ့ဗျာ ... "

မမခက်က အထဲမှ အကုန်ကြားနေ၍ ...

"လှလို့ကြည့်တာပဲ စိုးအောင်ရယ် ... ပုံပါသွားတာမှတ်လို့"

ဟု၍ ဝင်ပြောသည်။ ထိုအခါ ကိုစိုးအောင်က မဒီကို တစ်ချက်လှမ်းကြည့်ရင်း ...

"အခု ကျွန်တော် စုံစမ်းခဲ့ပြီ ကြီးကြီးရဲ့ ... ပွဲကို ရှေ့ဆိပ်

www.burmeseclassic.com

www.burmeseclassic.com



သခင်လေး လာကြည့်မှာတဲ့ ဂေါ်ဝိန်သခင်လေး မစ္စတာ ကင်ဒီလည်းပါမှာတဲ့ ကြီးကြီးရဲ့ ... "

"ဟဲ့ ... ကြည့်တော့ ဘာဖြစ်သေးလဲ ဆုတ်ဆိပ်တွေတောင် ရဦးမယ် ... "

"မရိုးမသားစိတ်နဲ့ ပေးတာတော့ မလိုချင်ပါဘူး ကြီးကြီး ရယ် ... "

သူက ငွေဆုတ်ဆုတ်ကလေး ပြော၍ အောက်ထပ်သို့ ဆင်းသွားသည်။ မမခက်သည် မကျေမနပ်ပုံနှင့်ကြည့်ရင်း ...

"ဒီကောင် မရိုးသားဘူးနော် ... မဒ္ဒီကို တော်တော် သဝန်တိုနေတာ ... ပခုက္ကူသွားတုန်းကလည်း တဗျစ်ဗျစ် ပြောပြီး မျှော်နေတာလေ ... "

"မမခက်ကလည်းနော် ... မဒ္ဒီတို့က မောင်လိုနှမလို နေကြတာပါရှင် ... "

"ငါတွေ့မဘက်ကတော့ ဟုတ်တာပေါ့... သူ့ဘက်က မရိုးသားမှန်း မမခက် ရိပ်မိနေတယ်နော် ... "

"ဟာ ... မမခက်ကလည်း ... "

မဒ္ဒီသည် ဤစကားမျိုး မကြားလိုကြောင်း အမှန်ပါ။ သူ့ရင်ထဲ၌ အရှင်လတ်လတ် ပျောက်ဆုံးခဲ့ရသော ဝေသန်မှတစ်ပါး အခြား အစားမထိုးနိုင်ပါ။ မမခက်က စကားကို ဆက်နေသေးသည်။

"သူ့ကို သုံးနှစ်သားအရွယ်ကတည်းက ငါ မွေးခဲ့ရတာပါ အေ... ပစ္စည်းတစ်ခု ကစားစရာလေးတွေ လိုချင်ပြီဆိုရင် အကြာကြီးစိုက်ကြည့်နေတော့တာပဲ ... ပြီးတော့ မျက်နှာ



လေးညှိုးပြီး ထမင်းလည်း ကောင်းကောင်းမစားတော့ ဘူး... အဲဒီတော့ ရွှေမြခက်က အလိုက်သိစွာ ဝယ်ပေးလိုက် တော့မှ မျက်နှာလေးရွှင်ပြီး ဝင်းထိန်လာတော့တာပဲလေ... ခုလည်း လူတွေလစ်ရင် ရှင့်ပဲ ကြည့်နေတာလေ ... "

"အို ... "

"ဩော် ... ဟုတ်တယ် ... တကယ်ပြောတာ မျက်နှာလေး ညှိုးပြီး ထမင်းလည်းအစားနည်း အိပ်ရာထဲ သွားခွေတော့ တာပဲ ... "

"အို ... မမခက်ကလည်း ကိုစိုးအောင် ကြားသွားရင် မဒ္ဒီ မျက်နှာပူနေရပါဦးမယ်ရှင် ... တိုးတိုးပြောပါရှင် ... "

"မပူပါနဲ့အေ ... ညည်းလေးကို သူတကယ်စိတ်ဝင်စားနေ ရှာတာပါအေ့ ... "

"ဟာ ... မမခက်ကလည်း ... "

"အေးလေ ... ညည်းလေးကလည်း နာမည်တက်နေတုန်း ဆိုတော့ ဘယ်ယူနိုင်ပါ့မလဲ ... ဒီကောင် ကျိတ်ပြီး ခံစား နေရတာပေါ့ ... "

မဒ္ဒီ ရင်ထဲ တစ်မျိုးကြီး ဖြစ်သွားရသည်။ ကိုစိုးအောင့်ကို သနားသည်ဆိုက မှန်ပါလိမ့်မည်။ မမခက်ပြောတာ မှန်ပါသည်။ သူလှုပ်ရှားသမျှ စိုက်ကြည့်နေတတ်သည်။ သူက ပြန်ကြည့်လျှင် မျက်နှာလွှဲသွားတတ်သည်။ ထမင်းလည်း အစားနည်းသွားသည်။ ပိန်သယောင်လည်း ဖြစ်သွားရသည်။

"မမခက်နဲ့ ကိုစိုးအောင်ရေ ... မဒ္ဒီမှာ လင်ရှိတယ် ရှင့် ...

www.burmeseclassic.com

www.burmeseclassic.com



လင်မှ အဖေနဲ့အမေ ပေးစားလိုက်ကြတာ ... ”

ဟူ၍အော်ဟစ်ပြီးတော့သာ ပြောလိုက်ချင်ပါတော့၏။ သို့သော် မမခက်ရှေ့၌ အဘယ်မှာပြောရဲပါအံ့နည်း။

မမခက် ဤသို့ပြောပြီးနောက် ကိုစိုးအောင်ကို သတိထားမိသည်။ သူ့ကို စေ့စေ့မကြည့် မျက်နှာလွှဲလွှဲထားသည်။ သူက ပြန်လည်ချစ်နိုင်မည်မဟုတ်သော်လည်း သူ့ကို ပြုံးပြုံးရွှင်ရွှင် ရင်းနှီးစွာဆက်ဆံမိသည်။ အဘယ်ကြောင့်ဆိုရသော် သုဘော်ဆိပ်သို့ နေဝင်မိုးချုပ်ကြီး လာကြိုပေးသည့် ကျေးဇူးကကြီးမားလှသည် မဟုတ်ပါလား။

တစ်နေ့တွင် မဒ္ဒီသည် ရေမိုးချိုးပြီး၍ သနပ်ခါးပါး ကွက်လေးကို မင်းသမီးပုံစံနှင့် ကွမ်းရွက်ပုံလေး တင်ထားပြီး အိမ်ရှေ့သို့ ထွက်လာစဉ် ...

“မဒ္ဒီရေ ... ဦးကြွယ်ကြီး ကြမ်းပြင်ကကျွံကျတာ ခြေကျိုးသွားလို့တဲ့ ... ကိုယ်တို့ သွားမေးသင့်ပါတယ်နော်... ဆေးဖိုးကလေးလည်း ပေးရင်းနဲ့ပေါ့ ... ”

“ကြီးကြီး ... ဦးလေးကြွယ်ကို သွားမေးမလို့ မဒ္ဒီကို ခေါ်သွားပြီနော် ... ”

ဟု အထဲကိုလှမ်းပြောလိုက်သည်။ မဒ္ဒီ ယောင်နန နှင့် တိုင်မှာချိတ်ထားသော ပိုက်ဆံအိတ်ကလေးကို ယူ၍ မမခက် ဘာပြောမလဲဟု အမေကြောက်သော ပုံစံလေးနှင့် ပါလာသည်။

ကိုစိုးအောင် ကြည့်ရသည်မှာ ပြောစရာရှိနေသလို လိုပါ။ တစ်နေ့က မမခက်ပြောထားသော စကားများကြောင့်



ကိုစိုးအောင်ကို လန့်နေသော မျက်လုံးလေးနှင့် ကြည့်မိသည်။ အရပ်ရှည်သည်။ အသားလတ်သည်။ မျက်လုံးလှသည်။ ပါးစပ်က မရယ်ဘဲ ပြုံးယောင်သန်းနေတတ်သည်။ အသောက်အစားမရှိ ရိုးသားသော လူပျိုကြီးပါ။

“ပြောစရာရှိလို့ပါ ... အရှေ့မှာ ထိုင်နော် ... ”

“ဘုရား ... ဘုရား ... ”

မဒ္ဒီ ရင်ထဲဒိုင်းခနဲ ဖြစ်သွားရပါသည်။ သူ ... သူ အမူအရာ ထူးခြားနေတယ်။ ထုတ်ပြောတော့မယ်ထင်တယ်။ ငါ... ငါ ဘာများပြန်ပြောရပါမလဲ ... မဒ္ဒီ အမှန်ပင် တုန်လှုပ်နေရပေသည်။ သူက ကိုစိုးအောင်ကို ကြောက်လန့်တကြားလေး ကြည့်မိသည်။ ကိုစိုးအောင် ရိပ်မိသည်။ သူ၏နှစ်လိုဖွယ် အပြုံးများကို တချိုင့်ချိုင့်ဝန်းဝန်းပြုံးလိုက်ပြီး ...

“ကျွန်တော်က မဒ္ဒီ့ရင်ထဲ အမြဲတွေးနေတဲ့ ကိုဝေ သန်ကို တွေ့ခဲ့တဲ့လူနဲ့ ဆုံပေးမလို့ပါဗျာ ... ”

“ဟင် ... ကိုဝေသန် ... ”

“အဟင်း ... အခန်းထဲကနေ ကြီးကြီးလှမ်းပြောနေ တာ မကြားဘူးလား။ ကိုကြွယ်ကိုသွားမေးမှာ ငါလည်း လိုက်ချင်တာပေါ့ဟဲ့ ... တဲ့။ ကျွန်တော် မကြားချင်ဟန်ဆောင်ပြီး မောင်းထွက်ခဲ့တာပါ။ ကြီးကြီးပါရင် ဒါတွေမေးလို့ ဘယ်ဖြစ်ပါ့မလဲဗျာ ... ”

“ဟင် ... အစ်ကိုဝေသန်နဲ့ တွေ့ခဲ့တာ ဘယ် ... ဘယ်သူလဲဟင်? ဦးစိုးအောင်ကြီးရယ် မြန်မြန်ပြောစမ်းပါရှင်... ”

www.burmeseclassic.com

"ကြည့်စမ်း ကျွန်တော်ကို ဦးစိုးအောင်ကြီးတဲ့ ..."

"ဝမ်း ... ဝမ်းသာလွန်းလို့ ဂုဏ်တင်ခေါ်လိုက်တာပါရှင်..."

"ဂုဏ်တင် ... တာ ဟား ... ဟား ကျေးဇူးပါပဲဗျာ။ ဒါပေမဲ့ ကျွန်တော့်မိတ်ဆွေ ကုန်သည်တွေဆီရောက်တဲ့အခါ ကြားရတဲ့စကားတွေအတွက် မဒ္ဒီ မထိနိုက်ပါဘူးလို့ ကျွန်တော့်ကို ကတိ ပေးပါဗျာ"

"ရှင် ... အစ်ကိုဝေဿန် ဘာ ... ဘာဖြစ်လို့လဲ ဟင်? သူ... သူ သေများသေသွားပြီးလားဟင်?"

"မဒ္ဒီ ဟိုရောက်ရင် သိရမှာပေါ့ဗျာ ... မဒ္ဒီ စိတ်ညစ်ပြီး ဘုရင်မကြီးမွေးနေ့ ဥယျာဉ်ပွဲတော်မှာ မကနိုင်ရင် ကြီးကြီးက ကျွန်တော့်ကို သတ်မှာဗျ ... သတ်မှာ"

"ကိုစိုးအောင်ရယ် ... စိတ်ချပါရှင် ... မဒ္ဒီ့ကံတရားက တခြား၊ တာဝန်က တခြားပါ။ မမခက်ရှေ့မှာ လုံးဝဟာနိ မပျက်စေရပါဘူး ..."

"တကယ်နော် ... မဒ္ဒီက လိမ္မာတယ် ..."

ကိုစိုးအောင်သည် မဒ္ဒီအား ချစ်စရာကောင်းသော ကလေးငယ်တစ်ဦးကဲ့သို့ ချော့မွတ်စွာ ဖီးသင်ထားသော ဆံပင်လေးကို သူ့လက်တစ်ဖက်နှင့်သပ်ရင်း ပြောလိုက်ပါသည်။

မဒ္ဒီရင်ထဲတွင် အစ်ကိုဝေဿန်အတွက် အလွန်အမင်း စိုးရိမ်နေခြင်းကို ဟန်လုပ်ရင်း တံတွေးတမျိုမျိုနှင့် မြိုးမြိုရပါသေးသည်။

စီနီပန်းရပ်ထဲရောက်ရန် ကားကို အတော်မောင်း



ရသည်။ လမ်းတွင် ကာကာဆိုင်တစ်ခုရှေ့တွင် ရပ်၍ ကားထဲသို့ စပါယ်ရှယ်လှဲရည်နှစ်ခွက် လာပို့ရန် နံပြားပူပူလေး ထောပတ်သုပ် ယူခဲ့ရန်မှာလိုက်သည်။

"ဒီ ကုလားလက်ဖက်ရည်ဆိုင်က မလိုင်အပြည့်နဲ့ မျော်တာ မဒ္ဒီရဲ့ ... ဟိုမှာ လူတွေကို အပြည့်ပဲ ..."

မကြာလှပေ။ လင်ပန်းနှင့်လာပို့သည်။

"စားရတာ နည်းနည်းတော့ ကျဉ်းကြပ်တာပေါ့... ဒါပေမဲ့ မင်းသမီးလှလှကလေးကို လူတွေ ဝိုင်းကြည့်နေမှာစိုးလို့ ဗျာ ..."

အမှန်တော့ မဒ္ဒီ ဆာနေပါသည်။ ယခုတော့ ဖန်ခွက်နှင့် လက်ဖက်ရည်ထဲက မလိုင်ထုထုကြီးနှင့် ပျစ်နှစ်နေသော လက်ဖက်ရည်၊ မုန့်တို့ကို အားရပါးရ စားမိပြီးမှ ကိုစိုးအောင်ကို ရှက်စနိုးလေး ကြည့်မိသည်။

"ကျွန်တော့်ကို ရှက်ရမဲ့လူလားဗျာ ... ကံထူးလွန်းလို့ တစ်မိန်းတွေဖြစ်ပေမဲ့ ... တစ်အိမ်ထဲနေ တစ်အိုးထဲစားနေကြရတဲ့ လူတွေပါဗျာ ... ကျွန်တော့်ကို မစိမ်းကားပါနဲ့ ..."

ကိုစိုးအောင် လူပျိုစကားများ ပြောနေတာလား ဟု ရုတ်တရက်ထင်လိုက်ပြီးမှ အို အစ်ကိုဝေဿန်အတွက်လို့ ပြောလာတာပဲ ဒီလိုတော့ မဖြစ်နိုင်ပါဘူး ... ဟု သံသယကို ခေါင်းထဲက ခါထုတ်ရင်း ...

"ဟုတ်တယ်နော် ... ကိုစိုးအောင် သဘောဆိုပ် မေကြို တုန်းက မဒ္ဒီရဲ့အစ်ကိုအရင်းသာ ဖြစ်လိုက်ပါတော့လို့ စိတ်

www.burmeseclassic.com



ကူးယဥ့်မိပါတယ်ရှင် … ”

“ဒီစကားလေးကြားရတာ သိပ်ဝမ်းသာပါတယ်။ ကျွန်တော်ကလည်း … ”

ကိုစိုးအောင် စကားကို မဆက်ဘဲထားနေသဖြင့် … မဒီက အားမလိုအားမရနှင့် …

“ကိုစိုးအောင် ဆက်ပြောလေ … ”

ဟု ပြောလိုက်မိသည်။

“အဟင်း … ဟိုမှာပိုက်ဆံရှင်းလိုက်ဦးမယ်နော် …”

လက်ဖက်ရည်က ကောင်းတာလည်း မပြောနဲ့ တစ်ခွက်ငါးပဲတောင်ယူထားသည်။ တန်ပါတယ်လေ။ လက်ဖက်ရည်သောက်လိုက်ရတာ လူကို အားရှိသွားတာပဲ။

သူတို့ကားလေး စိန်ပန်းရပ်ထဲမှ ကုန်တင်ကားကြီးတစ်စင်းရပ်ထားသော ဝါးကပ်မိုးထရံကာ အိမ်မြင့်ကြီးပေါ်သို့ တက်ခဲ့ကြသည်။

“သြော် … လာကြ … လာကြ … ”

အသားညိုညို ခပ်ဝဝ ရွှေလက်စွပ်ကြီးကြီး ဝတ်ထားသော လူတစ်ဦးပါ။

“ကိုလေးထွန်း ရှိမှရှိပါ့မလားလို့ပါဗျာ … ”

“ဒီအချိန်မထွက်သေးဘူးလေ ကိုစိုးရေ … သြော်… ဒါ…”

“ဟုတ်ပါရဲ့ မိတ်ဆက်ပေးရဦးမယ် … မန္တလာ စိန်မဒီပါ … ”

“သြော် … သြော် အင်း ဇာတ်သဘင်လောကကတော့



ပြောနေကြပါပြီ … အချိန်တိုလေးအတွင်း နာမည်ကြီးသွားရတဲ့ မင်းသမီးထဲမှာ မဒီ ထိပ်ကပဲတဲ့ဗျို့ … ဟားဟား … ”

ကွမ်းတဖောင်ဖောင်နှင့် စကားပြောရှင်ပုံရသည်။

“မကြင်မြင့်ရေ … လက်ဖက်ရည်မှာပါကွယ် … ”

“သည်းခံပါ ကိုလေးထွန်း … ခုပဲ ကာကာဆိုင်က နံပြားနဲ့သောက်ခဲ့ကြတာပါ … ”

“အို … ဒီကြမှသောက်ကြတာမဟုတ်ဘူးဗျာ … ဒါဆိုလည်း မကြင်မြင့်ရေ … ခေါ်ပြင်ကြော်နဲ့ရေနွေးကြမ်း ယူခဲ့ကွယ်…”

“အို … ဒုက္ခရှာလို့ ကိုလေးထွန်းရယ် … ”

“ဒုက္ခမဟုတ်ဘူးဗျို့ … မြို့ကြီးခေါ်ပြင် လျှာလည်သွားမယ်”

မကြင်မြင့်က ချက်ချင်းပင် ဖြူဖွေးနေအောင် ဆေးထားသော သံလင်ပန်းကြီးနှင့် လာရောက်တည်ခင်းပြီး …

“ညီမလေးက အငြိမ့်စင်မှာ မီးသာစားတာမဟုတ်ဘူး … နေလည်းစားတာပဲကိုးကွဲ့ … တကယ့်ကိုလှတာပဲ … ”

မဒီက ရှက်ပြုံးလေးနှင့် …

“ခုလိုပြောတာ ကျေးဇူးတင်ပါတယ်ရှင် … ”

ဟု ပြောလိုက်ရသည်။

“ကဲ … ကဲ စားကြည့်ပါဦး … ဆိမ့်ပြီး စီးနေတာပဲ မြို့ကြီးဘက်သွားရင်တော့ ရှမ်းစာတွေမပြတ်ဘူး ညီမရဲ့ … ”

ဇာရုတ်ကပြားမလေး မကြင်မြင့်သည် ချောလည်းချော သွက်လည်းသွက်သည်။

www.burmeseclassic.com



"ဩော် အစ်ကိုထွန်း မင်းသားဝေသန်အကြောင်း မန္တိကို ပြောပြပါဦးဗျာ ... "

ဝေသန် ဟူသော နာမည်ကလေးကြားရရုံနှင့် လက်ထဲမှ စားလက်စ ခေါက်ပြင်တစ်ပိုင်းတစ်စ ပန်းကန်ထဲသို့ ပစ်ထည့်လိုက်မိရင်း ...

"အစ်ကိုဝေသန် မသေဘူးပေါ့နော် ... မသေဘူးပေါ့ ..."

"အမယ်လေး ... မသေတဲ့အပြင် မြို့ကြီးပွဲမှာ အောင်ပွဲခံနေလေရဲ့ဗျာ့ ... တျူပ်တို့က ရွှေမန်းသားတွေပဲ ရုပ်သေးတို့ ပွဲတို့ကို အံခွနေအောင် ကြည့်လာတဲ့သူတွေပါဗျာ ... ဒါပေမဲ့ သူ့ပါ မင်းသားလုပ်သံကြားတော့ မနေနိုင်ဘူးဟေ့ ... လက်မှတ်ဖိုး ပိုပေးပြီး ဝင်ကြည့်မိတာ"

(ထိုခေတ်က မှောင်ခိုတို့ Black တို့ဆိုသည့် အသုံးအနှုန်းများ မရှိသေးချေ) ရိုးရိုးသားသားပင် အပိုကြေးပေးရကြောင်း ပြောခြင်းပါ။

"ဟင် မန္တိမှာ သဘော်ပေါ်ရောက်တော့ သူတို့အဖွဲ့က အိပ်ဆေးခပ်ပြီး အစ်ကိုဝေသန်ကို ခိုးသွားကြတာရှင် ..."

"ဟင် ... လူကို အခိုးခံရတယ်။ ကြား ... ကြားပူးပါရှင်... ပြီးတော့ စော်ဘွားကြီးက သဘောကျလွန်းလို့ သုံးရက်အချိန်ပေးပြီး မင်းသားအဖြစ်နဲ့ ကခိုင်းတယ် ... အဲတော့ ဟေမာဦးနဲ့ တွဲရတာပေါ့ ... "

"ဟေမာဦး ... "

"ဒီလို ညီမလေးရဲ့ ... မမတို့ပွဲရုံနဲ့ မင်းသားမင်းသမီးတွေ



နေတဲ့ ပွဲနောက်ဖေးဆောင်အဖီကြီးက ကပ်နေတာ ... အကုန်ကြားနေတာပေါ့ ... မမတို့ လင်မယားက စီးပွားရေးသမားပဲ ထွက်ငွေ၊ ဝင်ငွေကို ပေသီးတွက် တွက်နေကြတာ ... ဇိနိထိဆိုရင် ပွဲခင်းထဲ ရောက်တဲ့အစားလည်း မဟုတ်ပါဘူးကွယ်။ ဒါပေမဲ့ ... ဝေသန်ကို တော်ဘုရားအမိန့်နဲ့ မင်းသားလုပ်ပွဲထုတ်မှာကိုး ... သင်ကြားသူက မင်းသားကြမ်းဘိုဇတဲ့ ... သူ့အသံက သူများတွေလို အသံဝါသံကောင်းမဟုတ်ဘူး ... အသံနက်ကြီးဗျာ ... ပြတ်သားလိုက်တာ ... တစ်ခါမှ မင်းသားမလုပ်ဘူးတဲ့ အသံကောင်း၊ ရုပ်ချော ဝေသန်ကို သင်နေတာ ဘေးနားက ဘယ်သူမှ သွားမကြည့်ဘဲ မနေနိုင်ကြဘူး ... မြေပိုင်း သစ္စာထား (မလို့က)က စပြီးသင်တာလေ ... အချိန်က သုံးရက်တည်းရတာနော် ... နောက်တော့ မမမြင့် ဈေးမရောင်းနိုင်တော့ပါဘူးကွယ် ... ဓာတ်ပွဲရုံထဲ မြေနီတွေပေါ်က ကျူဖျာပေါ်မှာ တစ်နေ့လုံး ထိုင်ကြည့်တော့တာပါပဲကွယ် ... "

"ဟုတ်တယ်ကွဲ့ ... ဘိုဇကလည်း အသင်ကောင်း ဝေသန်ကလည်း ပညာအယူမြန်နဲ့ အိုးစည်၊ ဒိုးပတ်၊ စည်တော်အက(၁၂)မျိုး၊ နှစ်ပါးခွင်၊ အလွှမ်း၊ ငိုချင်း၊ မြိုင်ထ၊ ဆံပင်အရှည်အတုနဲ့ဝေသန်ဟာ တကယ့်မင်းသားဝါရင့်ကြီးအတိုင်း သင်သမျှ တစ်ချက်တည်း လိုက်ကနိုင်တာကွဲ့ ... ဉာဏ်ကလည်းကောင်း၊ ပါရမီကလည်း ထူးကွဲ့ ... "

"ဟို ... ဟို ကိုဝေသန်က ဟေမာဦးနဲ့တွဲတာပေါ့နော် ..."

www.burmeseclassic.com

www.burmeseclassic.com



မဒ္ဒီသည် သိချင်ဇောလေးနှင့် မေးလိုက်သည်။

"အမယ်လေး ... လေး တွဲတာပေါ့ဗျာ ... ပေါမာဦးက သူ့မိန်းမလေ ချစ်လိုက်သမှ ငုံထားမတတ်ဗျာ ... "

"အို ... အို ကိုလေးထွန်း မဒ္ဒီ ... မဒ္ဒီ သတိမေ့သွားပြီ လုပ်... လုပ်ကြပါဦး ... "

ကိုစိုးအောင်သည် ပူပန်စွာဖြင့် အော်ရင်းက ကုလားထိုင်ပေါ်မှ ဘေးသို့ယိုင်ကျသွားသော မဒ္ဒီကို သူက ဦးဆုံး ပွေ့ချီလိုက်သည်။ မကြင်မြင့်ကလည်း ပျာပျာသလဲ ...

"ဒီခုတင် ... ဒီခုတင်က နေ့ခင်းနေ့လယ် ကျွန်မ အိပ်တာပါ... တင်ပါ ... တင်ပါ ... "

ပျာပျာသလဲနေရာလုပ်ပေးသဖြင့် ကိုစိုးအောင်သည် သူ့လက်ထဲတွင် အိအိထွေးထွေးကလေး မေ့လဲသွားရှာသော မဒ္ဒီကို နိုးရိမ်တကြီးကြည့်၍ ခုတင်ပေါ်သို့ တင်ပေးလိုက်သည်။

မကြင်မြင့်သည် ကွမ်းရွက်နှင့်သွေးဆေးကို လုံးခြေ၍ နှာဝတွင်ကပ်သည်။ နဖူးကို ရေနှင့်တောက် ခြေမဆွဲ၊ ခေါ်ဒီ ကလုံးကို လက်ကိုင်ပဝါနှင့် ဆွတ်၍ နှာဝကပ်နှင့် ကိုစိုးအောင် ပါးစပ်ဟောင်းလောင်း ပွင့်သွားရသည်။

"ကျွန်တော့်မိန်းမက ... ဈေးတင်ရောင်းတတ်တာ မဟုတ်ဘူးဗျို့ ... ဆေးလည်းအစုံ ကုတတ်တယ် ... "

ဦးထွန်းပြောသလိုပင် ... မဒ္ဒီ သတိရလာသည်။ သူက သူ့စိမ်းအိပ်ရာပေါ်ရောက်နေ၍ ကြောက်လန့်တကြား ထသည်။ ကိုစိုးအောင်က ပခုံးလေးကို ပြန်ဖိထားရင်း ...



"လှဲနေ ... ရုတ်တရက် မထနဲ့ဦးလေ ... "

"ဟုတ်ပါတယ်ကွယ် ... မမ အိပ်တဲ့ခုတင်ပါ ... "

"မမတို့ ပြောကြတဲ့ ... ကိုဝေဿန်ကို မိဘများက ပေးစားဖို့ဆုံးဖြတ်ပြီး ကျွန်မနဲ့ မန္တလေး ထည့်လိုက်တာပါရှင် ..."

"ဪ ... ဒါဖြင့် ဝေဿန်က သူတို့ဆီ ဘာကြောင့် ရောက်သွားရတာလဲကွဲ့ ... "

မဒ္ဒီက ဝေဿန်ကို လူခိုးခံရပုံများကို ခပ်တိုတိုပင် ရှင်းပြလိုက်ရသည်။ မကြင်မြင့်ခမြာ မိန်းမချင်း ကိုယ်ချင်းစာကာ သူ့ရင်ဘက်ကို ဖြန်းခနဲတီး၍ ...

"ဖြစ်မှဖြစ်ရလေကွယ် ... ဒါနဲ့ ညီမရေ ဒီတစ်ခါတော့ တက်မသွားနဲ့တော့နော် ... ဖြေတော့ ညီမရေ ဖြေတော့ ကိုဝေဿန်က ပညာသည်တစ်ယောက်ပဲ ဘယ်လက်လွှတ်ခံတော့မှာလဲကွယ် ... "

"သူက ဇာတ်မင်းသားလုပ်တော့လည်း မင်းသား အဝတ် အစားနဲ့ မီးစားသလားမပြောနဲ့တော့ ပရိသတ်က ငေးယူရတယ် ... ပြီးတော့ ဇောက်ခါင်ခါ မင်းသားလုပ်တာ အောင်မြင်တယ်တော့ ... တော်ဘုရားက တစ်လကျော် ဆွဲထားတော့ အဲဒီနားတစ်ဝိုက်က ရွာတွေက လှည်းတွေနဲ့ လာ ... လာကြည့်ကြတာ ဝက်ဝက်ကွဲပဲကွဲ့ ... "

"အမယ်လေး...အမယ်လေး မမရယ် နားရှိလို့သော် ကြားရပါတယ် ... မယုံဘူး ... မယုံဘူး ... "

"အိုကွယ်... ညီမလေးရေ ယုံလိုက်ပါတော့ကွယ်... ယုံလိုက်

www.burmeseclassic.com

www.burmeseclassic.com



ပါတော့ မမတို့ပြန်မဲ့ရက်က ဓာတ်အဖွဲ့တွေ ပြီးစိပြီးစီနဲ့ ဖြစ်နေကြလို့ ဟဲ့ ... ဘာဖြစ်ကြတာလဲ (၃၆)ကောင် နိုင်ကြလို့လားဆိုတော့ အဟီး ... မဟုတ်ဘူးခင်ဗျာ မမဦးမှာ ကိုယ်ဝန်ရှိလို့တဲ့ အဲဒါ ကိုဝေသာနက ဓာတ်တစ်ဖွဲ့လုံး တစ်ယောက်ငါးဆယ်စီ မုန့်ဖိုးတဲ့ဗျာ ... ဟောဒီမှာ ... ဟောဒီမှာဆိုပြီး ငွေငါးဆယ် ရှုံ့ကြိုးအိတ်ကလေးထဲတည့်ပြီး တချွမ်ချွမ် လုပ်ပြသွားတယ်ကွယ် ... "

"ဟင် ... "

မဒ္ဒီ့ ရင်ထဲမှထွက်လာသော အာမေဋိတ်သံနှင့်အတူ မျက်ရည်များ ရော်ကာတာကျူးသည့်နှယ် တစ်ပေါက်ပေါက် ကျလာသည့်အတွက် ကိုစိုးအောင် မဒ္ဒီပခုံးကိုဖက်၍ —

"သတိထား ... သတိထား မဒ္ဒီ လောကကြီးမှာ သူကြင်မှ ကိုယ်ကြင်ပေါ့ကွယ် ... "

* * * * *



(စတုတ္ထပိုင်း)

www.burmeseclassic.com



"တိတ်တော့လေ မဒီ ... တိတ်တော့နော် ... တော်ကြာ ကြီးကြီးက ဒီပုံစံကြီးနဲ့ပြန်လာတာမြင်ရင် ကိုဝေသန့် အကြောင်းတွေ ပြောပြနေရလိမ့်မယ်ဗျာ့ ... "

ကားမောင်းရင်း တစ်ဖက်က ချော့ကာမော့ကာနှင့် စိုးရိမ်တကြီး ပြောလာသူ ကိုစိုးအောင်ကို အားပင်နာလာရသည်။

"ကိုဝေသန့် ဒီလောက်ရက်စက်မယ်လို့ အိမ်မက်တောင် မမက်မိပါဘူး ... ကိုစိုးအောင်ရယ် ... "

"မဒီစိတ်ထဲမှာ သံသယရှင်းသွားအောင်လို့ပါ ... ခပ်ရိုင်းရိုင်း ပြောရရင်တော့ ကိုဝေသန့်ကို မူးတူးဝေဝေတာဖြစ်အောင် အိပ်ဆေးတိုက်ပြီး ပေဟာဦးနဲ့ ပေးစားလိုက်တာပါပဲဗျာ"

"အင်း ... ချစ်သူလက်ရှိနဲ့ ပညာသည်တစ်ယောက်ကို ဒီနည်းနဲ့ အပိုင်ယူမှ ရတော့မှာပဲလေ ... "

"တစ်ခုတော့ရှိတယ် မဒီရဲ့ ... "

"ဘာ ... တစ်ခုလဲဟင်? ... "



"အခါတော်ပေး ... ဟုတ်လား ... "

"ကျွန်တော် တွေးကြည့်တာပါ ... လူတစ်ယောက်ကို နိုးတယ်ဆိုတာ ရိုးရိုးသားသားဖြင့် မကြားဘူးတာချည်းပဲဗျာ"

"ကဲပါလေ ... မဒီ ငါ့ညီမ အိမ်ရောက်တော့မယ် ... မျက်ရည်တွေ ဘာတွေ သုတ်လိုက်ဦး တို့ပတ်ကလေးနဲ့ မျက်နှာကို ပြုပြင်လိုက်ဦးဗျာ့ ... "

ထိုခေတ်အခါသမယက ကရင်ပတ်(ခ်)တွေလည်း မပေါ်သေးချေ။ စွယ်ကျူယ်သားကို သနပ်ခါးအနှစ်၊ ပြုတ်တုံးများနှင့် ပြုပြင်၍ လှမ်းပြီး မင်းသား–မင်းသမီးများ သုတ်ကြသည်။ အပြင်မှ အမျိုးသမီး/ အမျိုးသားများသည်လည်း အစစ်မှုန့်ခွက်ထဲထည့်ထား၍ မျက်နှာကို တဖုံးဖုံးရိုက်၍ ချွေးပြန်ဆီဝေ့များကင်းပြီး မှုံနေမှ လှထဲလှထဲ သွားကြသည်။

မဒီကလည်း ပိုက်ဆံအိတ်ကလေးထဲမှ တို့ပတ်လေးနှင့် မျက်နှာလေး ဖုံဖုံ(သ)နေသောကြောင့် ငိုမျက်နှာပုံပျောက်သွားရသော်လည်း ကိုဝေသန့် လုပ်ရက်ပုံကြောင့် ရင်ထဲ၌ ဓာလှိုက်လှိုက်ဖြစ်ရုံမက အော်၍ပင် ငိုချင်သွားပါတော့သည်။

အိမ်သို့ရောက်သော် ဒေါ်မြခက်ကလည်း သူ့ဖော နှင့်သူ ရွှေချည်ထိုးရန် အပ်ထားသော ထိုင်မသိမ်းဝတ်စုံ လာပို့သွား၍ ...

"အမယ်လေး ... ကြာလိုက်ကြတာ မဒီရယ် ရော့ ရော့ ခရီးရောက်မဆိုက် ထိုင်မသိမ်းဝတ်ကြည့်ပါဦးကွယ်။

www.burmeseclassic.com

www.burmeseclassic.com



မီးရောင် နဲ့ဆိုရင် ဟပ်နေမှာကွဲ့ ... ”

“ကြီးကြီးကလည်းဗျာ ... မဒ္ဒီ အမောလေး ပြေပါစေဦးတော့ ... ”

“အံမယ် ... ငစိုး နင့်လေသံ တစ်မျိုးပါလား ... ”

ဒေါ်မြခက်သည် ငယ်နိုင်ဖြစ်၍ ရှုးကနဲ နိုင်လိုမင်းထက်ကြီး ပြောလိုက်သည်။

“ဩော် ... အဝတ်အစားတွေက အသစ်စက်စက် မဒ္ဒီက အပြင်က ပြန်လာတာ ချွေးတွေကထွက်နေတာ ရေမိုးချိုးပြီး ဝတ်ကြည့်လည်း ရပါတယ်လို့ ပြောတာပါ ကြီးကြီးရယ်”

“တော်စမ်း ... ငစိုး နင့်ကြည့်ရတာ တစ်မျိုးကို ဖြစ်နေတယ် နလည်း ငါ့မင်းသမီးကို ခိုးခိုးဇက်ဇက် ခေါ်သွားလိုက်တာ အကြာကြီးပဲ ဘယ်သွားကြတာလဲ ... ”

“ဦးလေကြွယ်ကြီးက ဆေးသွားသည်းလို့ စောင့်နေရတာပါ ကြီးကြီး ... ”

“အံပါရဲ့ ... အချိန်ကုန်အောင် ... ”

ဒေါ်မြခက် မဲ့ရွဲ့ ပြောနေစဉ် ခါတိုင်း သာလိကာမလေးကဲ့သို့သော မဒ္ဒီသည် မဲ့ငိုင်ငိုင်နှင့် စကားဆိပ်နေပါတော့သတည်း။

*****



အမှန်တော့ ဝေဿန်အတွက် ရင်ထဲ၌ သည်းထန်စွာ ငိုယိုနေခြင်းပါတည်း။

ဘုရင်မကြီးမွေးနေ့ ပွဲတော်ရက်သို့ ရောက်ရှိလာပါပြီ။ မဒ္ဒီခမျာ သူမ အလွန်အားထားရာ ပွဲတော်ကြီးဖြစ်သည့် အတွက် အစောကြီးထ၍ ဈေးချိုထဲသို့ သဇင်ပန်းသွားဝယ်သည်။

“ကြီးကြီးကလဲဗျာ ... မနေ့ကဝယ်ထားလည်း ရသားနဲ့”

“ငစိုး ... လျှာမရှည်နဲ့ သဇင်တိုင်ကနှိုနေ့ဖြတ်တဲ့ သဇင်ပန်း အလတ်ဆုံးကို လိုချင်လို့ပေါ့ ... မနေ့ကမှာခဲ့ပြီးသား”

“အဟွန်း ... ဝရိတ်သတ်က တော်တော်၊ ကုလားဖြူတွေ မျက်စိစားပွဲထိုင်ဖို့ ဖြစ်နေမှာပါဗျာ ... ”

“ကောင်းတာပေါ့ ... သူတို့အကြိုက်နဲ့တွေ့မှ ဆုတော်လာဘ်တော်တွေရမှာ ... ”

ဒေါ်မြခက်ကတော့ သူ့ဒဿနနှင့်သူ ပြီး၍ ချည်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဥယျာဉ်ပွဲတော်ကား ရွှေနန်းတော်ဝိုင်းကြီးထဲတွင် ကျင်းပမည်ဖြစ်ပါသည်။ နန်းတော်ဝိုင်းကြီးထဲတွင်ပင် လုံခြုံရေးခန်းများနှင့် နေရာတိုင်းတွင် စစ်ဗာရီကုလားစစ်သားများ ယူနီဖောင်းအတောင့်သားနှင့် သေနတ်တွင် ဘက်နက်ကြီးတွေတပ်ထားပြီး အဟန့်ကောင်းလှစွာ စောင့်ကြပ်နေကြပေသည်။

ထိုနေ့က ခြောက်နာရီခွဲလောက်ကတည်းက မဒ္ဒီနှင့် ဒေါ်မြခက်တို့ ရောက်နေကြသည်။ သို့တိုင် လုံခြုံရေးတာဝန်ခံတစ်ဦးက မယုံသင်္ကာနှင့် စစ်ဆေးနေကြ၍၊ မိုးပေါ်က နတ်သမီးလေးတမျှ ဖီးလိမ်းပြင်ဆင်ထားသော မဒ္ဒီကို၊ ကိုစိုးအောင်က အို့ညြိ ရင်း… ဘုရင်မကြီးမွေးနေ့ပွဲတွင် ကပြအသုံးတော်ခံမည် ဖြစ်ကြောင်း ရှင်းပြရသေးသည်။

ဆိုင်းသံ– ဗုံသံတွေ ကြားနေရက်နှင့် တာဝန်ရှိ လုံခြုံရေးများက နိုင်လိုမင်းထက် ဆန်လွန်းလှသည်။ ထို့မျှမက သူနှင့်ဒေါ်မြခက် အဆင်းခိုင်း၍ ကားထဲသို့ ဒုတ်မီးကြီးနှင့် ထိုးဝှေ ကြည့်ရှုသေးသည်။ ကိုစိုးအောင် ထိုအချိန်ကပင်စ၍ ဒေါသတွေကြီးရသည်။ သူတို့ဘုရင်မမွေးနေ့လည်းသွားရောက် ဖျော်ဖြေတင်ဆက်ရသေးသည်။ သူတို့လုပ်ပုံက မြန်မာညွှေ့သည်တွေကို မယုံသလို ကားတိုင်းကို အစစ်အဆေးတွေ များလွန်းလှသည်။

"ကြီးကြီးရာ …မဒ္ဒီ မကပါစေနဲ့တော့ … ပြန်လှည့်ရအောင်"

"ဟဲ့ … စိုးအောင်၊ နင့်စိတ်ကလည်း ဖန်အင်တုံကျနေတာ



ပဲ၊ ဆတ်လှချေလား … ဒါမင်းပွဲဟဲ့ … ဒီလိုပွဲမျိုးပျက်အောင် မလုပ်ရဘူး … "

ဒေါ်မြခက်အသံကာ သူ့ရင်တွေ ရှုလောင်သွားရသည်။ မဒ္ဒီက ကိုစိုးအောင် အဆူခံလာရ၍ ကျောကုန်းကိုကုတ်၍ ဘာမှမပြောရန် တားမြစ်လိုက်ရှာသည်။ ပွဲဝိုင်းကြီးထဲရောက်သော် တာဝန်ရှိ ယူနီဖောင်းဝတ်စုံနှင့်လူများက မဆိုးပါ။ ပွဲစင်သို့ လိုက်ပို့ကြသည်။ ဇာတ်စင်ကြီးက တစ်ခုထဲပါ။ ကတ္တီပါလိုက်ကာ အထပ်ထပ်နှင့် တစ်ဖွဲ့ပြီးတစ်ဖွဲ့ တင်ဆက်ကြရသည်။ မျက်နှာဖြူအရာရှိကြီးများသည် စားသောက်စရာအဖုံဖုံနှင့် ညှေ့ခံသူများကလည်း အရှိအသေပေးလိုက်ကြသည်များ ပြောစရာမရှိပါ။

ကိုစိုးအောင်သည် မဒ္ဒီ၏ ဆွဲခြင်းနှင့်အိတ်တစ်လုံး ဇာတ်စင်နောက်သို့ လိုက်ပို့သည်။ ဒေါ်မြခက်က ဝသော ကိုယ်ခန္ဓာကြောင့် နောက်ကျကျန်ခဲ့သည်။

"မဒီရေ … ဂေါဝိန်သခင်ဆိုတဲ့ကောင် ရှေ့ဆုံးကဗျာ … "

ဂေါဝိန်သခင်လေးကို အကောင်ဟု ထည့်သုံး၍ … မဒ္ဒီ မျက်လုံးလေးဝိုင်းသွားရသည်။

"ကိုစိုးအောင် မျက်စိရှင်တယ်နော် … "

"မဒ္ဒီ့ကို စိတ်မချလို့ပါဗျာ … "

"မဒ္ဒီက စင်ပေါ်ကပဲ ကိုစိုးအောင်ရယ် … "

"အဟင်း … ကိုယ့်ညီမလေးက လှလည်းလှ … စကား

www.burmeseclassic.com

www.burmeseclassic.com



လည်းတတ်တယ်ဗျာ ... ”

“ဟဲ့ ... ငစိုး ... ဟိုမှာ အဖွဲ့ပေါင်းစုံက နင့်ကိုကြည့်နေကြသည်။ မင်းသမီးနဲ့ မင်းနဲ့ဘာဆိုင်လို့ စကားတွေ ပြောနေရတာလဲ ... ”

“တောက် ... ”

ကိုစိုးအောင် ရင်ထဲမှ တောက်ခေါက်လိုက်မိသည်။ ဒေါ်မြခက်သည် သူ့သခင်ကြီး သခင်လေးများလွဲ၍ မည်သူ့မျှ အရေးစိုက်သူမဟုတ်ပေ။ ထိုအခိုက် သူတို့လူပြက်ကြီးလေးယောက် ရောက်လာကြ၍ ကိုစိုးအောင် အသာလေး ဆင်းခဲ့သည်။

“တို့က သူများဆိုင်းနဲ့ ဆိုရ–ကရမှာနော်၊ တစ်နေ့က တိုက်ထားတဲ့အတိုင်း သတိနဲ့လုပ်ကြားလား မဒ္ဒီ ... ”

“ဟုတ်ကဲ့ပါ ... ဦးလေ ... ”

လူပြက်ကြီးကိုဖြေရင်း ကိုစိုးအောင် လူအုပ်ကိုတိုးဝှေ့၍ ဆင်းသွားသည်ကို လှမ်း၍အကြည့် သူကလည်း သမင်လည်ပြန်အကြည့်နှင့် မျက်စိခြင်းဆုံမိသွားရသည်။

အခမ်းအနား စပါပြီ။ မင်္ဂလာစုံတွဲအကများ၊ ယိုးဒယားအက၊ သမင်လိုက်အက၊ မြှင်ထစသည်တို့ ပြီးသည်နှင့် မဒ္ဒီနှင့် လူပြက်လေးဦး၏ အလှည့်ပါတည်း။

အချိန်က သတ်မှတ်ထား၍ အားလုံးသော အစီအစဉ်များသည် ခပ်တိုတို တင်ဆက်ကြရသည်။ ယခုအငြိမ့်ကလည်း ထုံးစံရှိသည့်အတိုင်း အချိန်ဆွဲချင်တိုင်း ဆွဲ၍မရချေ။ အင်္ဂလိပ်စကား



တစ်ဝက်၊ မြန်မာစကားတစ်ဝက်နှင့် လူပြက်များ၏ ပျက်လုံးကို မျက်လုံးပြာပြာနှင့် သခင်ကြီး၊ သခင်လေး၊ သခင်လတ် အခေါ်ခံတို့ တဟားဟား သဘောကျ၍ မဆုံးပေ။ မဒ္ဒီသည် မြူးကြွကြွ သီချင်းတစ်ပုဒ်ကို ဆို၍ ဘင်ခရာသံပါသော ဂီတတီးလုံးနှင့် မြူးဆတ်ဆတ်ကလေး ကလိုက်ရာ မျက်နှာဖြူများ သွားကြီးတွေဖြီး၍ တဟဲဟဲနှင့် လက်ခုပ်သံ ဗျောဗျောညံသွားကြပါတော့၏။ အမှန်စင်စစ် ဤတေးသံ တေးသွားတို့ကား ဤပွဲကြီး ဖြစ်မြောက်ရေးမှ ဤတေးသွားမျိုးကို စပါယ်ရှယ် ထည့်ပေးရခြင်း ဖြစ်သည်။

အားလုံးသဘောကျ ကြည့်အထဲတွင် ဂေါဝိန်သခင်လေးကဖြင့် အကဲဆုံးပါပင်။ ကတ္တီပါအိတ်ကလေးဖြင့် ရွှေဒင်္ဂါးများတက်၍ ဆုချသည်။ အားလုံးလက်ခုပ်သံများ သရေယိုဟန်များ ပွဲခင်းအနှံ့ သတင်းကြီးသွားရတော့သည်။

မဒ္ဒီကား အဖြူဝတ်စုံတွင် မန္တလေး ပထမတန်းစား ရွှေခြည်ထိုး လက်ရာများဖြင့် ကြွေရုပ်ကလေးတမျှ လှပနေပုံကား ဂေါဝိန်သခင်လေးသာမက အခြားပွဲကြည့် မျက်နှာဖြူများ၊ အင်္ဂလိပ်မများ၊ မြန်မာအထက်တန်းစားအရာရှိကြီးများ ပွဲခင်းကြီးတစ်ခုလုံးပါပင် ...

“ဟွန်း ... မဒ္ဒီတို့များ တော်တော်လည် တင့်တယ်... နဂိုကနာမည်ကြီးပြီးသားမှာ ဘင်ခရာသံတွေနှင့် တေးဆိုပုံကလည်း ခေတ်ရှေ့ပြေးနေပါလား နေရာတွေတော့ ရပြီတော့မှာပဲ ... ကွယ် ... ”

www.burmeseclassic.com

www.burmeseclassic.com



လို့ ဟူ၍ မြန်မာလူကြီးပိုင်းက ဝမ်းနည်းပက်လက် သံကြီးနှင့် ပြောနေကြသည်။ အခြားပွဲကြည့် ပရိတ်သတ်ကတော့

"ကြည့်စမ်း ... ဂေါ်ဝိန်သခင်လေးက လက်ကို အကြာကြီး ဆွဲနှုတ်ဆက်နေတယ် ... "

"အင်း ... သူတို့က ဂုဏ်ပြုတာဆိုပေမဲ့ တို့မြန်မာယဉ်ကျေးမှုကတော့ အဲလို လက်အဆွဲခံ နှုတ်ဆက်ခံရတာကိုက အလွန်နစ်နာတာဗျာ ... "

"တိုးတိုးပြော ဘကြီးရေ ... နန်းမြေကွင်းပြင်မှာ မျက်နှာဖြူတွေနဲ့ လုံခြုံရေးစခန်းကြီးမဟုတ်ပါလား။ သတိထားနော်"

ဘေးမှတစ်ယောက်က ဝင်အပြောတွင် ...

မဒ္ဒီသည် စင်မြင့်ကြီးပေါ်၌ မယင်းတော်(အက)၊ (မထွေးလေး)အက၊ လက်ညှိုးထိုး(အက)၊ ခြေဆင်းမူနွဲ့နွဲ့(အက)၊ မှန်တော်ရှု(အက)၊ သားပိုက်(အက) ပညာပိုင်းကို တစ်ကွက်စီ တင်ပြသွားရာ အရှေ့ပိုင်း ဗိုလ်အိုင်ဗီတန်းသာမက ပွဲခင်းကြီးတစ်ခုလုံး သည်းသည်းလှုပ်၍ သဘောနွေသွားကြရပါတော့၏။ တစ်နည်း ပြောရသော် ... ဤဘုရင်မကြီးမွေးနေ့တွင် မဒ္ဒီတို့ Roll တက်သွားရသည်ကတော့ အမှန်ပင်။ ပို၍နာမည်ကြီးသွားရပါတော့သတည်း။

ဒေါ်မြခက်က မင်းသမီး လက်ဝက်ရတနာတွေချွတ်၍ သူ့အိတ်ကြီးထဲထည့်၊ တစ်ခါ ဖဲဝတ်စုံကို အမြန်လဲစေသည်။ မာဖလာတဘက်လေးကို ခြုံစေသည်။ ဤပွဲခင်းကြီးအပြီးတွင် ဇာတ်စင်ကြီးမှ ဒေါ်မြခက်က မင်းသမီးကို ဂုဏ်မော်စွာ လက်ဆွဲ၍



သူတို့ဖို့ကားလေး ရပ်ထားရာသို့အသွား ကားကောင်းကြီးတစ်စီးက ကန့်လန့်ခံနေသည်။

"မမခက် ဒီဘက်ကရှင်းတယ် ... "

"ဟောတော့ ... ဒီကလေးမ ဆွဲထားတာ လက်ပြုတ်သွားပြီ။ ဟဲ့ ... ဟဲ့ ဘယ်ရောက်သွားလဲ?"

ဒေါ်မြခက်အသံက စိုးရိမ်တကြီးထွက်သွားရစဉ် မဒ္ဒီအား လက်ကိုင်ပဝါနှင့် နှာခေါင်းအုပ်ထားပြီး ကားပေါ်သို့ တစ်စုံတစ်ဦးက ပွေ့တင်သွားသည်။ ဒေါ်မြခက် မြင်လိုက်သည်။ အစအဆုံးပါ။ သို့သော် ကားထဲမှ ဂေါ်ဝိန်သခင်လေး မျက်နှာထွက်လာပြီး " Please " ကျေးဇူးပြုပါ။ ဟူသော စကားသံတစ်ခုဖြင့် လက်ထဲတွင် တစ်စုံတစ်ခု ထိုးထည့်သွားသည်။ ထိုနေရာက လင်းတစ်ပိုင်း မှောင်တစ်ပိုင်း မဟုတ်ပါလား။

"ဟင် ငွေတွေ ... "

ဒေါ်မြခက် အသိတရား မဆုံးမီ ကားကြီးဝေါကနဲ ထွက်သွားပါကောလား ...

"မဒ္ဒီ ပါသွားပြီ။ ပါသွားပြီ။ "

သူ့အသံက ကျယ်လောင်လောင်ကြီးမဟုတ်သော်လည်း စိုးရိမ်သံနှင့် ခပ်ကြိတ်ကြိတ် ရေရွတ်နေစဉ် ... ကိုစိုးအောင် အနားရောက်လာသည်။

"ကြီးကြီး ... မဒ္ဒီရော ... "

"ဟဲ့ ... မင်း ... မင်းကား ... ဆီသွားတယ် ... "

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ကြဲကြဲဖန်ဖန် ကြီးကြီးနဲ့အတူ တွဲလာတာပဲ မဟုတ်လား? စောစောက ကျွန်တော်မြင်လိုက်ပါတယ်"

"အေးဟဲ့ ... ဒီမင်းသမီး ဘယ်နားပြတ်ကျန်ခဲ့ပါလိမ့် ... "

"ဟင် ... ကြီးကြီး ဟိုမှာ ... ဟိုမှာ ဂေါ်ဝိန်သခင်လေးကား အပြင်းမောင်းသွားတယ် ... "

ကိုစိုးအောင်သည် စကားပင် ဆုံးအောင်မပြောနိုင်တော့ချေ။ သူ့ကားလေးကို ဂလုံးချောင်နှင့် ဝက်အူချောင်နေသော အသံများ လွှင့်ကျန်ခဲ့ပြီး ဂေါ်ဝိန်သခင်နောက် တရကြမ်းလိုက်၍ သွားပါတော့သတည်း။



ဝေသန်သည် ခရာတာတာ ဓနီးသည် ဟေမာ၏ အပြုအစုကောင်းလိုက်ပုံကိုခံရင်း ...

တစ်ဖက်ကလည်း ဘိုဇ၏ မင်းသားသင်တန်းကို အားခြင်းကြီးတက်နေရသည်။ အဘယ်ကြောင့်ဆိုရသော် စော်ဘွား ကြီးက ကြိုးဆွဲဝေသန်ကို မင်းအဖြစ်နှင့် တော်ဘုရားကြည့်လို့ တော်မူ၍ လေးရက်ဆက်တိုက်ကြီး နှုတ်ဆက်ပွဲ ပြသသွားပေးဩ ရန် မေတ္တာရပ်ခံသည်။

ဝေသန်သည် သူ့ကျွမ်းသော ပညာရပ်စံကြိုးဆွဲ အလုပ်မှလွဲ၍ မင်းသားဖြစ်လာရန် စိုးစိမ့်မျှစိတ်မကူးခဲ့ရှာပါ။ ယခု တော့ ဆုတွေရက်ရက်စက်စက် ချတော်မူခဲ့ရှာသော စော်ဘွားကြီး ကို လေးလည်းလေစား အားလည်းနာနှင့် ဓိုက်ပူဘိုဇကြီးထံ တပည့် ခံနေရသည်။ အမှန်တော့ သူတပည့်ခံရင်းခံရင်းနှင့် ဘိုဇကြီးကို အထင်ကြီးလာရသည်။ ဝဝထောင်ထောင်မောင်းမောင်း နှာတံကြက ချွန်သည်။ မျက်လုံးမှေးသည်။ ထိုကြောင့်လည်း မျက်နှာမလယ်၌

www.burmeseclassic.com



မောက်နေသကဲ့သို့ ပုံပန်းဆောင်သည်။ ဆိုးသည်က အသားမည်းခြင်းမှလွဲ၍ အသံကလည်း ဩဇာပြီးမှ အောင်သည်။ မင်းသားလုပ်ဖို့ထက် မင်းသားကြမ်း လုပ်ရန် အရည်အချင်းပြည့်စုံ သည်။ သို့သော် သူတတ်ထားသည်က ဂရိတ်ဦးဖိုးစိန် အဟဲကစ၍ မင်းသားကြီးများပုံစံကို အကုန်ရရှိထားသည်။ ဥပမာ တေးထပ်တွေ ဆိုလျှင်...

မြဂေါ်ယာနေ့ကွယ်လုပြီ

နေရီရီ ကေသီချပါလို့

ရွှေလကို တမ်းတလို့

နှစ်ကိုယ်တော် မေတ္တာကြီးသော်လည်း

စက်ပါသော်လည်း

မြတောင်တော် ဟော်နန်း

ရွှေဗဟိုနှစ်ချက်တီးသော်မှ စသည်ဖြင့် ဝေါဟာတော်များများကို သီဆိုပြခဲ့၍ ဘိုဇကို ဝေဿန်အထင်မသေးရဲတော့ပါ။ ရွှေမင်းသားပီပီ အနုသုခုမပညာကိုဖြင့် ထုံးလိုမွှေ ရေလိုနှောက် တတ်ထားသူတည်း။

ယခုလည်း ရုပ်စုံအဆိုပညာ အခြေခံရှိသော ဝေဿန်ကို လေးရက်နှင့် စင်တင်နိုင်လိုက်ပါပြီ။ ဟေမာကလည်း နဂိုက ဝဝ၊ ကိုယ်ဝန်ကလေးရှိစမို့ ခါးကလေးပါ တုတ်နေရသည်။ သို့သော် ဖြီးလိမ်းထားလိုက်ပုံက (၁၆)နှစ်သမီးပုံစံပါတည်း။

ဇာတ်သမိုင်းအမြဲထွက်နေသော ဝေဿန်သည် ရှမ်းမင်းသားလေးအသွင် အဝတ်အစားတွေ ဝတ်လိုက်ရသောအခါ မင်း



သမီး တစ်နည်းဆိုသော် သူ့ဇနီးလည်းဖြစ်သော မိတ်ကပ်အပုံစားနှင့်လည်း လူဘုံလယ် ဇာတ်စင်ပေါ်တွင် နှစ်ပါးသွားရမည်ဖြစ်၍ ကြည်နူးစိတ် ရှက်စနိုးစိတ်၊ ငါဟဲ့ ဝေဿန် မင်းသားအမှန်ဖြစ်ပြီဟူသော စိတ်များက သူ့ကို တက်ကြွပျော်ရွှင်သွားရပါတော့သတည်း။

ဘိုဇသင်ပုံက လိုက်ကာဖွင့်လိုက်သည်နှင့် မင်းသားကဘွားကနဲ ပေါ်လာသည်မျိုး မဟုတ်ပေ။ လူပြက်တွေက တောတောင်အလှကို သံတိုင်မြိုင်မြိုင်ကြီး ဆိုနေကြစဉ် မင်းသားဝေဿန်သည် ကောင်းကင်စက်ကြိုးမှ နတ်မြင်းပျံနှင့် ဆင်းလာခင်းပါတည်း။ ထိုခေတ်ထိုအခါကဖြင့် ကောင်းကင်စက်ကြိုးနှင့်ဆင်း၍ ကခြင်းတို့သည် ခေတ်အမီဆုံး စက်တင်များသာ ဖြစ်ပါသည်။ လက်ခုပ်သံများတွင် မင်းသားသစ်လေး ဝေဿန်တစ်ယောက် မြောပါသွားသည့် နှယ်ပါတကား။

သီချင်းကလည်း တောင်တန်းပြာကြီးတွေ လက်ဖက်ပင်တွေ ရှမ်းလူမျိုးတို့၏ဟာသာရေးကိုင်းရှိုင်းပုံ ရိုးသား၍ စေတနာကောင်းလှပုံချည်းပါပဲ။

ချမ်းတုံတုံ ...

အစွမ်းကုန်အေးသော်လည်း

ဝရိယ မိုလ်ဆွဲ၊

ဒို့ ရှမ်းတောင်သူတွေပါပဲ ...

နောင် ... နောင် ... ချား၊

www.burmeseclassic.com

www.burmeseclassic.com



တောင်ပြာတန်းကလွှမ်းစဖွယ်
ဘီလူးချောင်းမှ မြစ်ဖျားခံ
အင်းလေကန်ကြီးပေါ်ခဲ့တယ် ... ချား ... ချား ...
အင်းသားတို့၏လုပ်အား
ကမ္ဘာတွင်ပင်ရှာမှ ... ရှား ...
နောင် ... နောင် ... ချား။
သမိုင်းဝင်တဲ့မြို့ညောင်ရွှေ ... စော်ဘွားပေါင်း
(၃၃)ဆက်ရှိပါသလေ ... ။
မြန်မာနဲ့ရှမ်း ရွှေလမ်း–ငွေလမ်းဖောက်ခဲ့ပေ၊
သတ္တိတွေကလည်းမခေ —။
ဗမာညောင်ရမ်း + ရှမ်းညောင်ရွှေတဲ့လေ။
သမိုင်းစဉ်အရ — ရှမ်းလည်းဗမာ
ဗမာလည်းရှမ်း
လက်တွဲမဖြုတ်တမ်း ...
နောင် ... နောင် ...
နောင့်ဗေဗေ့ ... နောင့်ဗေဗေ့ ... ချား။

ရှမ်းမင်းသားကလေး ဝေသန်က နတ်မြင်းပျံ မြူးကြွားကြွားနှင့် တိမ်ကိုခွင်းကာ ခွင်းကာ စက်ကြိုးစီးရင် ရှုခင်း၏ အလှအပများကို ရှမ်းဆိုင်းသံနောင်နောင်နှင့် ဖော်ကျူးသွားရာ အားလုံးမျက်တောင် မခတ်နိုင်အောင်ပင် စွဲနစ်သွားကြရပါတော့သတည်း။



ထိုအချိန်တွင် မင်းသမီးဟေမာဦးနှင့် သူငယ်ချင်းများ လက်ဖက်ခူးရင်း တေးတကြော်ကြော်နှင့်ရှိနေကြပုံကို ရှမ်းမင်းသားလေး ဝေသန် မြင်သွား၍ တိမ်တိုက်တွေကြားမှ နတ်မြင်းပျံကြီးတရွေ့ရွေ့နှင့် ဖြတ်သန်းလာစဉ် ဟေမာဦး၏အလှက မည်မျှဆွဲဆောင်မိန့်မူးသွားရသည်မသိ၊ နတ်မြင်းပျံကြီး တဖြည်းဖြည်း နိမ့်ဆင်းလာပေတော့သည်။ ထိုအခါလှက်ခူးသူ ရှမ်းပျိုမြူကလေးတို့ ပလိုင်းကလေး ကိုယ်စီနှင့် ပြေးဆင်းသွားကြသည်။ ဟေမာလည်း ကြောက်လန့်တကြား ပြေးဆင်းသွားရာက ဟေမာဦးလဲကျအသွား ရှမ်းမင်းသားလေး ဝေသန်က ဆီး၍ ဆွဲထားလိုက်ရာကအစ။

ဘိုဇ၏ လက်ရာထူးအဖြစ် အော်ပရာနှစ်ပါးသွားအဖြစ် တခမ်းတနား တင်ဆက်လိုက်ခြင်း ဖြစ်ပါတော့သတည်း။ သည်တစ်ခါတော့ဖြင့် စော်ဘွားကြီးမည်မျှ သဘောတွေ့သွားရသည်မသိ စိန်ခြယ်မြလက်စွပ်ကြီးကို ဆုတော်လာဘ်တော်အဖြစ် ချီးမြှင့်တော်မူလိုက်ပါတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



ကိုစိုးအောင် ကားကို စက်ကုန်ဖွင့်၍ လိုက်ရင်း ရင်ထဲတွင် မဒီ္ဒအတွက် အလွန်အမင်း ပူပင်နေမိသည်။ ဂေါ်ဝိန်သခင်လေးက သူကြိုက်တဲ့ မိန်းကလေးဆိုလျှင် မရရအောင် ခြေတော်တင်သတဲ့။ သားမှတ်မှတ် မယားမှတ်မှတ် ယူတာမျိုးလည်း မဟုတ်ဘူးတဲ့။ ဒီသတင်းတွေက သူ မကြားချင်မှအဆုံးပါ၊ ခုလည်း စင်မြင့်ပေါ်တက်ပြီး မဒီ္ဒ့လက်ကို အားရပါးရ ဆုပ်ကိုင်၍ ဂုဏ်ပြုခြင်းတဲ့။

"တောက် ... "

ကိုစိုးအောင်သည် မဒီ္ဒ့အတွက်မည်မျှစိုးရိမ်သွားသည်မသိပါ။ ကားခုံအောက်မှ တစ်ထွာသာသာ နှစ်ဘက်သွားဓားမြှောင်ကိုယူလိုက်သည်။ လွယ်အိတ်ထဲတည့်ခါ စလွယ်သိုင်း လွယ်လိုက်သည်။

"ဟင် ... မြစ်ဆိပ်ဘက်မောင်းနေပါလား ... သူ့တိုက်ကိုခေါ်သွားတာထင်ပါရဲ့ ... "



သူ့ကားကလေးကလည်း မြန်မြန်မောင်းလေ နှေးလေပါတကား။ သူ့ကားကြီးက ချက်ဗလက်ကား အသစ်စက်စက်ကြီးဖြစ်ရကား ဆွဲလိုက်ပုံများ လေယာဉ်ပျံကဲ့သို့ပါတကား။

"ဟင် ... ကားကြီး ဘယ်ဝင်သွားပါလိမ့် ... "

သူ့မျက်စိအောက်တွင် ပျောက်သွားပါလား ... သူက ဂေါ်ဝိန်သခင် တိုက်ခံအိမ်ကြီးကို သိနေပါသည်။ ထို့ကြောင့်ကမ်းနားဘက်တောင်(ကမူလေး)ပေါ်မှ တိုက်ခံအိမ်ကြီးကို သိသည့် ကားလေးကို တစ်ပတ်ပြန်လှည့်ရင်း အတင်းမောင်းတော့သည်။ သံပန်းတံခါးရှေ့တွင် လက်နက်ကိုင် စစ်ဗာရီကုလား တစ်ယောက်က သေနတ်ထမ်း၍ စောင့်နေသည်။

"ဘယ်သူလဲ ... ဘယ်သူလဲ ... သခင်လေးဒီမှာမရှိဘူး။ အရေးကြီးတဲ့ ဧည့်သည်တစ်ယောက်ကို ဒီည ဧည့်ခံရမယ်တဲ့ ... "

"ဟုတ်လား၊ ကျွန်တော်မသိလို့ပါခင်ဗျာ။ ကုန်တွေ သင်္ဘောအစုန်မှာတင်ဖို့ သခင်လေးလက်မှတ်လိုနေလို့ပါဗျာ၊ ဒါနဲ့ သခင်လေးရုံးခန်းမှာလား ... "

"ခင်ဗျားတက်ခက်ပါလား ... ဒီလို အချိန်ရုံးခန်းမှာ ရှိမလား (ဆတ်ကပေါက်စ)မှာ အထူးဧည့်သည်တဲ့ တခြားဘယ်သူမှ ဧည့်လက်မခံဘူးတဲ့ ... "

စစ်ဦးဘီလူးထဲက အိန္ဒိယမှ ပါလာကြသူများဖြစ်၍ မြန်မာစကားမွတ်၍ နေပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပါပဲ ... "

သူက အေးအေးဆေးဆေး ဟန်လုပ်ပြရသေးသည်။ ပြီးမှ သူကားလေး ဝက်အူချောင်းသံကလေး တဝုန်းဝုန်းနှင့် ဗိုလ်တဲ (ဆတ်ကဟောက်စ) ဘက်သို့ တရကြမ်း မောင်းရတော့သည်။

အစောင့်ကုလားသည် စကားသာပြောနေရသည် တိုက်တွင်းမှ မီးရောင်နှင့်ဟပ်နေသော ရွှေကောင်းကောင်းနှင့် လုပ်ထားသော ကျောက်စိမ်းလက်စွပ်ကို သွားရေယို ကျန်ခဲ့သည်။

"ဒီကောင်ကုန်သည်တွေ အထက်ဆန် အောက်ဆန်နဲ့ တော်တော်ချမ်းသာနေပုံရတယ် ... "

ဟူ၍ ကိုစိုးအောင်လက်မှ လက်စွပ်ကြီးကို သွားရေယိုကျန်ရစ်ခဲ့သည်။

ကိုစိုးအောင်ကားသည် တစ်အိမ်လုံး ကြည်ပြာရောင်မီးသီးများနှင့် အခန်းစည်းတွေ တလွင့်လွင့်နှင့် အထက်တန်း ရောဝတီရေကြောင်း အရာရှိကြီးများ တည်းခိုရာအိမ်ကြီး ဧည့်ဂေဟာသို့ အပြင်းမောင်းခဲ့သည်။

"ဟင် ... လက်နက်ကိုင် ဒရဝမ်တစ်ယောက် ပိတ်ထားသော သံတံခါးအတွင်းတွင် ဆင်မယဉ်သာ လျှောက်နေသည်။ သေနတ်ကို ထမ်းထားသည်။ လက်နှိပ်ဓာတ်မီးနှင့် တစ်ချက်တစ်ချက် အပြင်ဘက်ကို လှမ်းထိုးတတ်သေးသည်။ ဒုက္ခပဲ ... အထဲဝင်ရန် လုံးဝမလွယ်ပါလား ... "

ကိုစိုးအောင် အကြံအိုက်သွားရသည်။ ထို့ကြောင့်



သူကားလေးကို ဝိုင်းကြီး၏ အနောက်ထဲမှ မကျည်းပင်အောက်တွင် ရပ်လိုက်သည်။ သူ့မျက်လုံးက ကျိုးကန်းတောင်မှောက်နှင့် လျှောက်ကြည့်သည်။ ဤဝိုင်းကြီး၏ ထောင့်ထဲ၌ ရေနံချေးသုတ်ထားသော မှန်ပုံ အိမ်သေးသေးတစ်လုံးပါလား။ အစောင့်အယတို့နေသော အိမ်ကလေး ဖြစ်ဟန်တူ၏။

"ဟာ ... ဒီမှာတစ်ယောက်စာ သံတံခါးလေး ဟနေပါလား"

လက်နှင့်တွန်းလိုက်သည်နှင့် ပွင့်သွားသည်။ ကိုစိုးအောင် သူ့ကိုယ်တွင် စလွယ်သိုင်းထားသော လွယ်အိတ်ထဲမှ တစ်ထွာသာသာ နှစ်ဖက်သွား ဓားကို စမ်းကြည့်သည်။ ပြီးလျှင် မှောင်ရိပ်သန်းသောလမ်းကို ရှေး၍ရှေး၍ အိမ်ကြီးနား ချဉ်းကပ်သည်။ ဂေါ်ဝိန်သခင်သည် သူ့ဒရဝမ်ကို တော်တော်စိတ်ချပုံရသည်။ တံခါးတွေကို ဟင်းလင်းဖွင့်ထားသည်။ ရောဝတီမြစ်ကြီးကို ဖြတ်သန်းလာသော လေသည် တဟူးဟူးနှင့် အခန်းစည်းများ လေဟုန်စီး၍ နေကြလေသည်။ အိပ်ခန်းသုံးခန်းရှိသည့်အထဲမှ ဝရန်တာနှင့် အနီးဆုံးအခန်းမှ မီးလင်းနေသည်။ ချိုးချိုးချွတ်ချွတ် အသံများ ကြားနေရသည်။

"အာ ... "

သူ့ရင်မှာ နာကျင်ပြီး မခံမရပ်နိုင်သော စိတ်များနှင့် (အာ)ကနဲ ဖြစ်သွား၍ ပါးစပ်ကို လက်နှင့်ယောင်ပိတ်လိုက်မိသည်။ မြင်ရသော မြင်ကွင်းက ရက်စက်သည်။ ယုတ်မာသည်ဟုက ပိုပြည့်စုံမည်။ မဒ္ဒီ့မှာ မီးရောင်ပြာလဲ့လဲ့အောက်တွင် ခုတင်ပေါ်၌

www.burmeseclassic.com

www.burmeseclassic.com



မေ့ဆေးတန်ခိုးဖြင့် သတိကင်းစင်နေပြီး ပက်လက်ကလေး အိပ်နေသည့်နှယ်ပါ။ နှာခေါင်းနီကြီးသည် မိန်းမအလွန်လိုက်စား၍ (မ) ကျမ်းကြေသူပီပီ နှုတ်ခမ်းမွှေးတသသနှင့် ကိုယ်သုံးဆောင် ရမည့် စပါယ်ရှယ် ဟင်းကောင်းတစ်မယ်ကို မစားမီ စေ့စေ့ကြည့်၍ ပါးစပ်တပြင်ပြင်ရှိရသကဲ့သို့ နှာခေါင်းနီကြီးသည် မိတ်ကပ်အဖွေးသားနှင့် မင်းသမီး၏ ပါးမို့မို့ကလေးကို ဖွဖွကလေးနမ်းသည်။ သည်ဘက်ပါး ဟိုဘက်ပါး၊ နဖူး၊ နှုတ်ခမ်း၊ နှင်းဆီငုံကလေးကို အား ရပါးရ စုတ်ထွေးမည် ပြုပြီးမှ မင်းသမီးကို အလိုမပြည့်မီ မေ့ဆေးပြယ်သွားမည်လည်း စိုးသည်။ ထို့ကြောင့်သူ၏ တဏှာခိုးလျှံ မျက်နှာကြီး ပြုံ့စဖြီးဖြီးနှင့် ငုံ့ထားသောခေါင်းကို ပြန်ဆုတ်ရင်း အင်္ကျီကြယ်သီးများ ဖြုတ်သည်။ သူ့လက်က အသဲယားဟန် ကူလီကူမာ ပုံစံကြီး လုပ်နေသေးသည်။

ကိုစိုးအောင်သည် ကိုယ်များနတ်ကျသကဲ့သို့ တုန်နေရသည်။ လက်ထဲတွင်ဖြင့် နှစ်ဖက်သွားဓားကို ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်ပြီးသား ဖြစ်နေပြီး သူ့ဟန်ရေးပြင်၍ ပြန်အကြည့်တွင် မဒ္ဒီတစ်ယောက် အဝတ်ဖို့ယို့ဖားယားနှင့် အိမ်ကြီး တစ်ခုလုံး ငါမှတစ်ပါး မည်သူမျှ မရှိဟူသော ပုံစံနှင့် တံခါးကိုစေ့ထားသည်။ သူ့တန်ခိုးအာဏာကို ဤမျှယုံနေသည်။ ဤသို့ လွယ်လင့်တကူနှင့် စားသောက်ခဲ့ပေါင်းကလည်း များလှပြီထင်ပါ၏။ ကိုစိုးအောင်သည် လူ၏ညာဖက်တွင် အသည်းရှိသည်ဟု ကြားဖူးသည်။ ထို့ကြောင့် သူက ကြောင်သွားရင်း ဤသို့ဒုစရိုက် တစ်ခါမျှလည်း မလုပ်ဘူး၍



လှုပ်လှုပ်ရှားရှားကြီး ဖြစ်သွားရသည်။ အစာကို မဲနေသော ငနဲနှာခေါင်းနီသည် နောက်မှ အသံကို ချက်ချင်း သိလိုက်သည်။

"အင့် ... အား ..."

ဟူသော အသံများနှင့်အတူ သူက ကျွမ်းကျင်စွာ လက်ဖျံခုတ်လိုက်သည်။ ထို့ကြောင့် ချက်ကောင်းနှင့် လွဲသွားရသော်လည်း သူ့ဓားက လူ၏နံကြားထဲလားမသိ နှုတ်မရဖြစ်နေသည်။ အားကန် နှာခေါင်းနီကြီး ခုတင်ဘေးထဲ လဲကျသွားသည်။ စားခါနီး ထမင်းလုတ် လွင့်စင်သွားရပါပြီတည်း။ ကိုစိုးအောင်သည် ဘာမျှစဉ်းစားနေချိန်မရ မဒ္ဒီ့ကိုပွေ့ချီ၍ အားသွန်ကာ မှောင်ရိပ်သို့ဝင်သည့် အိမ်ပေါ်မှ နှာခေါင်းနီကြီး၏ အော်သံသည် ဝိုင်းထဲ၌ ပျံ့သွားရသည်။ ကိုစိုးအောင်သည်ကား လူတစ်ကိုယ်ဝင်စာ သံတံခါးမှ မဒ္ဒီ့ကိုပွေ့ရက် မနည်းထွက်ရသည်။

"ဟင် ... ဟင် ... ကိုစိုးအောင်ကြီး မဒ္ဒီ ... မဒ္ဒီ"

သူ့အင်္ကျီများ ဖရိုဖရဲကို ကြောက်လန့်တကြား ငုံ့ကြည့်ရင်း ဆွဲ၍ဖုံးဖိသည်။

"မဒ္ဒီ ... မဒ္ဒီ ... ဘာဖြစ်တာလဲဟင် ... မဒ္ဒီ့ကို ဘယ်လိုကယ်ခဲ့ရတာလဲဟင်... ဟိုကောင်ကြီးရော ဟိုကောင်ကြီးရော?"

သူ့အသံက ရှက်လွန်း၍ ရောင်ရမ်းနေသည်။ ကိုစိုးအောင်က သူ့ကိုမကြည့်ရဲရှာပါ။ ရှေ့သို့ တစိုက်မတ်မတ်ကြည့်ရင်း

"မဒ္ဒီ ... ကံအလွန်ကောင်းပါတယ်ကွယ်။ လက်မတင်လေး ကိုယ် ... ကိုယ်ကယ်နိုင်ခဲ့ပါတယ် ... "

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... ကိုစိုးအောင်ရယ် ... "

မဒ္ဒီ့ပါးစပ်မှ ဘာမျှမထွက်ရဲစရာကြီး စကားမရှိတော့ ... ကိုစိုးအောင် ပခုံးကို မျက်နှာတင်၍ တအားကြီးငိုပစ်လိုက်မိတော့၏။

"ဒီနှာခေါင်းနီကြီးဟာ သူ့သဘောကျပြီဆိုရင် ရအောင်ကြိုးစားယူလေ့ရှိတဲ့ လူယုတ်မာပဲ တိတ်ပါ ... ညီမလေးရယ် ကိုယ်လည်း ဘဝတစ်လျှောက်လုံး တစ်ခါမှမလုပ်ခဲ့ဘူးတဲ့ အလုပ်ကို လုပ်ခဲ့တာပဲ ... "

"ဟင် ... သူသေ ... သေပလာဟင် ... "

"မပြောနိုင်ဘူးကွယ် ... ဒီကုလားဖြူတွေ သူတို့အသက်ကျတော့ သိပ်တန်ဖိုးထားတယ်။ မီးခိုမဆုံး မိုးမဆုံးလိုက်တော့မှာပေါ့ကွယ်။ ကိုယ်လည်း သေဒဏ်အထိတွက်ပြီး မဒ္ဒီ့ကို ကယ်ခဲ့တာပါ ... "

မဒ္ဒီ တရှိုက်ရှိုက်ငိုချလိုက်မိသည်။ သူက ကားကို ကြိုးစားပြီး မှန်မှန်မောင်းရင်း မဒ္ဒီ့ကိုတစ်ချက်ကြည့်၍ ...

"မဒ္ဒီ မရောက်ခင်ကတည်းက ကြီးကြီးက ကြိမ်ထားတာ မဒ္ဒီရဲ့ ... ငါးမင်းသမီးက ရက်ရက်စက်စက်ချောတာနော် နင်စေ့စေ့တောင်မကြည့်နဲ့တဲ့ ကြီးကြီးက ငယ်ကြောက်လေ ငယ်ငယ်ကများ ဘဲဥပြုတ်ငါးမူးဖိုး အကုန်ဝယ်စားလိုက်လို့ ကြိမ်လုံးနဲ့ ရိုက်တာ အိမ်နီးနားခြင်း အဒေါ်ကြီးက နှစ်သင်း သိပ်ပေးယူရတယ်။ မဒ္ဒီရောက်လာတော့ ဒီလောက်လှတဲ့



မဒ္ဒီကို ကြည့်ချင်လွန်းလို့ ခိုးကြည့်ခဲ့ရတာပါ။ အဲ ... မဒ္ဒီ ... ပခုက္ကူသွားတော့ ကိုစိုးအောင် လွမ်းပြီး မစားနိုင်မအိပ်နိုင် ဖြစ်ခဲ့ရတာပါဗျာ ... မဒ္ဒီပြန်လာမယ့်ရက်ပဲ စက္ကန့်မလပ် တွက်နေတာလေ ... ဒါကြောင့်လည်း လာကြိုဖြစ်တာပေါ့ ဗျာ ... "

"ကိုစိုးအောင်ကြီးရယ် ... "

မဒ္ဒီသည် ကိုစိုးအောင်၏ လက်မောင်းရင်းကို မျက်နှာကပ်၍ တရှုံ့ရှုံ့ငိုပြန်သည်။

"မဒ္ဒီ ... ဘာလို့ငိုတာလဲဟင် ... "

"ဒီနေ့လို ကိစ္စမျိုး မဒ္ဒီ့မှာ ကူညီမဲ့လူမရှိခဲ့ရင် လုံးဝရေတိမ်နစ်ရမှာ မဟုတ်လား ... "

"ဒါတစ်ခုထဲကြောင့်လားဟင် ... ?"

"အဲဘာစ်ခုထဲကြောင့်လည်းမဟုတ်ပါဘူးရှင် ... ကိုစိုးအောင်ရဲ့ ... စေတနာလည်း အံ့သြတုန်လှုပ်ရလို့ပါ ... "

"စေတနာဆိုတာကလည်း ရိုးရိုးထက်ပိုလို့နေမှာပေါ့ဗျာ"

"ရှင် ... "

"ကဲ ... ကဲ ... ဒီနားခဏရပ်ပေးမယ်နော် ... မဒ္ဒီ အဝတ်အစားတွေကို သပ်သပ်ရပ်ရပ်လုပ်လိုက်ပါဦးဗျာ ... "

မဒ္ဒီသည် သူ့အဖြစ်ကို ရှက်၍မဆုံးလေ ကိုစိုးအောင်ကို ကျေးဇူးတင်လေ ဖြစ်မိရှာသည်။

"ကိုစိုးအောင် ... လာတော့ ... လာတော့ ... "

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ပတ်တရောင်တွေ တွေ့သွားရင် ဂုတ်ထဲ တွေ ဘာတွေခေါ်သွားမှာဗျ ... "

ကိုစိုးအောင် ကားလေးကို အမြန်မောင်းပေးရှာသည်။ ယခုမှ မဒ္ဒီ့ကို ကြည့်ရှာသည်။

"ကျွတ် ... ကျွတ် ... ကျွန်တော်သာ အဲဒီအခန်းထဲကို အချိန်မီ မရောက်နိုင်ရင် မဒ္ဒီ့ဘဝကတော့ မတွေးရဲစရာပဲဗျာ"

"ဟုတ်ပါတယ် ... ကိုစိုးအောင် အသက်စွန့် ကယ်ရှာတာ နော် ... ဟော ... အိမ်လည်းမီးမမြင်ပါလား ... "

ကားလေးကို လှေကါးရင် ဂိုထောင်ထဲသို့ ထိုးရပ်လိုက်သည်။

"ဟဲ့ ... ဟဲ့ ... စိုးအောင်ပြန်လာပြီးလား ... မဒ္ဒီ့ကို တွေ့ခဲ့ရဲ့လား ...? "

အပေါ်ထပ်မှ မီးပြန်လင်းလာသည်။ ဒေါ်မြခက် ပျာယီးပျာယာနှင့် လှမ်းမေးသည်။

"ကံကောင်းလို့ ... မမခက်ရေ ... သမီး ... သမီး ကိုစိုးအောင်ကယ်ပေလို့ပါပဲရှင့် ... "

မဒ္ဒီသည် ဒေါ်မြခက်ကိုဖက်၍ ငိုရပြန်သည်။

"ဟင် ... စိုးက ဘယ်လိုပုံနဲ့ ကယ်လာတာလဲ? "

ဒေါ်မြခက်လေသံသည် စိုးအောင်ကိုပင်အပြစ်ဖွာင်သည့်လေသံပါ။

မဒ္ဒီ အမှန်ပင် အမ်းသွားရသည်။



"ကြီးကြီးရေ ... မဒ္ဒီကို ရေတိမ်အနစ်မခံနိုင်လို့ ခွန်ကယ်ရတာပဲဗျာ ... "

"ဟွန် ... လူ့ပါးစပ်က နတ်စကားပြောနေလိုက်တာ၊ ဂေါဝိန်သခင်ကို ဘာမှတ်သလဲ (အိုင်ဝီ) မောင်မောင်စက သူ့ညာလက်ရုံးပေ့ ... နင်သိရဲ့လား ... "

"ဟင် ... "

မဒ္ဒီ မျက်လုံးကလေးဝိုင်းသွားရသည်။ ကိုစိုးအောင်ကတော့ မျက်နှာပျက်ပြီး ခေါင်းငုံ့ထားသည်။ ဒေါ်မြခက်က မြင်ကွင်းအတွေ့တွေကို အကဲခတ်ရင်း မျက်မှောင်ကျုံ့ကြည့်ရင်း အခန်းထဲဝင်သွားသည်။ သူတို့နှစ်ယောက်ထဲ ကျန်ခဲ့ကြသည်။ တစ်ဦးကိုတစ်ဦး မချင့်မရဲကြည့်ကြရင်းက ...

"မမခက် ကြည့်ရတာ တစ်မျိုးပဲနော် ... "

"အဟင်း ... ကြီးကြီးကတော့ မျက်နှာဖြူသခင်တွေအတွက်ဆိုရင် မင်းသမီးကို ဖန်ကလပ်နဲ့ တင်ပေးမဲ့သူပါဗျာ ဟော ... အိမ်ရှေ့မှာ ကားတစ်စင်း ... "

"ဟင် ... ဘယ်သူ့ကားပါလိမ့်? အိုင်ဝီမောင်မောင်စ ကားပါလား ... ဘုရား ဘုရား ... "

"ဟာ ... ကြီးကြီး ... ကျွန်တော် ... ကျွန်တော် မရှိဘူးလို့ ပြောနော် ... "

ကိုစိုးအောင်သည် ပြောပြောဆိုဆို အခန်းထဲသို့လှစ်ကနဲ ဝင်ပြေးသည်။ ဒေါ်မြခက် မကျေမနပ်ဖြစ်သွားသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



အိုင်ဗီဦးမောင်မောင်စကို သကြားဖြူထားသော မျက်နှာနှင့် ...

"အိုင်ဗီသခင်ကြီးပါလား ... လာ ... ကြွပါ ... ကြွပါ သူ့နောက်မှ စစ်ပုလိပ်ငါးယောက်ပါလာသည်။ သုံးယောက်က ကားနားနေခဲ့သည်။ ဒေါ်မြခက်ကားနားတွင် သူတို့ကြည့်ရသည်မှာ အလုပ်ရှုပ်နေသလို ဒေါ်မြခက် အမြန်အကဲခတ်သည်။

အိုင်ဗီကြီးသည် နှုတ်ခမ်းမွေးအောက်မှ နှုတ်ခမ်းပါးလေး ချိုင့်နေအောင်ပြုံးထားတတ်သည်။

"ဒီက ... အန်တီက ဒေါ်မြခက်နော် ... "

"ဟုတ်ပါတယ်ရှင် ... ဟုတ်ပါတယ် ... "

အိုင်ဗီကြီးက မဒ္ဒီ့ကို အရေးမစိုက်သည့်ပုံစံနှင့် မနေသော်လည်း ခိုးခိုးကြည့်ကြောင်း မဒ္ဒီသိသည်။

"ဟို ... မောင်အောင်စိုးနဲ့ တွေ့ချင်လို့ပါ ... အန်တီ ... "

"သြော် ... ဟို ... ကားပစ္စည်းတစ်ခုသွားဝယ်ပါတယ်။ ဘာကိစ္စများ အထူးရှိပါလဲရှင် ... "

"ကိစ္စအရေးကြီးပါတယ်အန်တီ သူဘယ်အချိန်ပြန်လာမလဲ"

"စောစောက စကားတွေပြောနေကြတာပါ။ ကြာမယ်မထင်ပါဘူးရှင် ... "

"ဒါဖြင့်ရင်ကောင်းပါပြီ ... ကျွန်တော်တို့ မနက်(၆)နာရီလာပါမယ်။ အန်တီ တာဝန်ယူပေးပါနော် သူ့ကို ခဏခေါ်သွားမှာပါ။ (၆)နာရီမှာ သူ့ကိုမတွေ့ရင် အန်တီတို့ ရုံးပြင်



ကနား လိုက်နေရမှာစိုးလို့ပါ ... "

"ဘုရားရေ ... ရုံးပြင်ကနား ... "

"ဟုတ်ပါတယ် ... ကျွန်တော် မနက်လာတော့ ကိစ္စကို ပြောပါ့မယ်။ ခွင့်ပြုပါဦး ... "

အိုင်ဗီမောင်မောင်စနှင့် စစ်ပုလိပ်ငါးဦးတို့က ရဲကား (ရာရှင်ဂျစ်ပုံစံ)ကို ဝိုးခနဲ ကွေ့ထွက်သွားပါသည်။ အရပ်ထဲမှ အိမ်များက ထွက်ကြည့်နေကြသည်။ သို့သော် ဦးမောင်မောင်စ ကိုယ်တိုင် ပါလာ၍ သက်သေသက္ကာရတွေ ဖြစ်နေမည်စိုး၍ မည်သူမှ လာမမေးရဲကြချေ။

ကိုစိုးအောင်သည် အထက် ကဗန်းတွင် ကပ်ခိုနေရာမှ ဝုန်းခနဲ ဆင်းလာသည်။

"ကိုစိုးအောင်ရယ် ... ဘယ်လို ... ဘယ်လိုလုပ်မလဲ? မနက်(၆)နာရီလာခေါ်မှာတဲ့ ... ဘယ်လိုလုပ်မလဲ? အကောင်းဆုံးကတော့ ကိုစိုးအောင် ထွက်ပြေးပါလား ဟင်? "

"အံမယ် ... ဦးပုညလက်သစ်က ဘာတွေအခါပေးနေတာလဲ စိုးအောင်ကို မတွေ့ရင် တို့နှစ်ယောက် ခေါ်သွားမှာ ပေါ့ဟဲ့ ... အဲဒီတော့မှ ... ဟင်း ... ဘာဖြစ်မလဲစဉ်းစားကြည့်ပေါ့အေ ... "

"အို ... မဒ္ဒီရယ် ... ကျွန်တော် ထွက်မပြေးပါဘူးဗျာ ... မဒ္ဒီ့ကို စွန့်ကယ်ခဲ့တာပါ။ ဆက်ဒုက္ခရောက်အောင် ကျွန်

www.burmeseclassic.com



တော်မလုပ်ရက်ပါဘူးဗျား ... သူတို့လာခေါ်ရင်လည်း လိုက်သွားမှာပါ ... ”

“မဒ္ဒီတော့ အရမ်းစိုးရိမ်တာပဲ ကိုစိုးအောင်ရယ် ... ဒီကိစ္စကို ပေ့ါပေ့ါမတွက်နဲ့နော် ... ”

“အဟင်း ... နှစ်ပါးသစ္စာတိုင်နေလိုက်ကြတာ ဦးမောင်မောင်စအကြောင်း ဘယ်လောက်သိလို့လဲ? သူက မြန်မာပြည်ပေါက် ကပြားလေ(မစ္စတာစတီဗင်)တဲ့ အဲဒါ ဗြိတိသျှအုပ်ချုပ်ရေးအဖွဲ့ဖွဲ့ပြီးမှ ဦးမောင်မောင်စ နံမည်နဲ့ အိုင်ပီဖြစ်နေတာပဲ၊ သူက ပြုံးနေတတ်ပေမဲ့ လူတစ်ယောက်ကို ပါးစပ်ဟလိုက်တာနဲ့ ဗိုက်ထဲအူဘယ်နှစ်ခွေရှိလဲဆိုတာ သိတဲ့သူလေ ... ခုလည်း စိုးအောင်အတွက် ငါတော့ စိတ်ပူတယ်အေ ... သူနဲ့ မကြာခဏ အလုပ်တွဲလုပ်ရတဲ့ အမိန့်တော်ရမင်း ဦးနီဆီသွားလိုက်ဦးမယ် ... ”

အမှန်စင်စစ် ဒေါ်မြခက် ခေါင်းမီးတောက်နေခြင်းပါ။ သို့သော် သူ့မင်းသမီးအား ပူးတွဲပူးတွဲလုပ်လွန်းသဖြင့် အမြင်ကပ်ကပ်နှင့် အရေးမကြီးသည့် ပုံစံလုပ်ရင်း လမ်းထိပ်ရှိ ဦးနီတို့အိမ်သို့ ဆင်းသွားသည်။

ကိုစိုးအောင်သည် မဒ္ဒီ့ အနားကပ်လိုက်ရင်း ...

“မဒ္ဒီ အိုင်ပီကြီးက ကိုယ့်ကို ပြန်လွှတ်မယ်မထင်ဘူး ... ပရိယာယ်ဝေဝုစ်တစ်ခုခုတော့ လုပ်ကြတော့မှာထင်တယ်”

“ဟင် ... ဒါဖြင့်လည်း ကိုစိုးအောင် ထွက်ပြေးပါ



လားဟင်? ဟို ... ဟို မဒ္ဒီလည်း လိုက်ခဲ့မယ် ... ”

“ဟင် ... မဒ္ဒီဘာပြောတယ် ... ”

“မဒ္ဒီအတွက်နဲ့ ခုလိုဖြစ်ရတာ မဟုတ်လား? ကိုစိုးအောင်ရယ် ... ဒါကြောင့် မဒ္ဒီ စွန့်စားပြီးလိုက်ခဲ့ပါ့မယ် ... ”

“မဒ္ဒီ ကိုယ့်ကိုချစ်တယ်ပေါ့နော် ... ”

“ကိုစိုးအောင်ရယ် ... မဒ္ဒီ့ဘဝမှာ ကိုစိုးအောင်ကလွဲရင် ဘယ်သူ့ကို ချစ်စရာရှိသေးလို့လဲ? ကြီးကြီးမလာခင်သွားကြစို့နော် ... ဟောဒီမှာ မဒ္ဒီလက်ဝတ်လက်စားနဲ့ ငွေတွေအကုန်ယူလာခဲ့ပြီ ... ”

“သြော် ... မဒ္ဒီရယ် မင်းဆီက တုံ့ပြန်မေတ္တာများ ရခဲ့တော့လည်း အစ်ကိုစွန့်စားမှုဟာ နည်းတောင်နည်းပါသေးတယ်ကွယ် ... ”

ကိုစိုးအောင်သည် ရက်ပေါင်းများစွာ သိုသိပ်ခဲ့ရသော ချစ်မေတ္တာများ၊ သစ္စာများဖြင့် တောက်ပသွားရတော့သည်။ မဒ္ဒီ၏ ကိုယ်လေးကို ရင်ခွင်တွင်းသို့ ထွေးဖက်လိုက်ပြီး မျက်နှာပြင်အနှံ့ မွှေးမွှေးကြူလိုက်မိပါတော့၏။ ချည်သီးနှင့်ဆား အတူနီးခဲ့သည်မှာ ကြာပြီမဟုတ်ပါလား။ အရည်ပျော်လုဆဲဆဲ ခွဲခွဲနေခဲ့ရသမျှ သူတို့နှစ်ဦး ဖက်ထွေးနမ်းရှုံကြခြင်း မှတ်တိုင်များမှာ လွန်ဖို့သာရှိတော့သည်။ ထိုအချိန်တွင် ဒေါ်မြခက်ကို အိမ်တစ်အိမ်မှ လှမ်း၍ နှုတ်ဆက်လိုက်သံ ကြားလိုက်ရပါတော့သည်။

ကိုစိုးအောင်သည် မချင့်မရဲနှင့် မဒ္ဒီ့မျက်နှာလေးကို

www.burmeseclassic.com

www.burmeseclassic.com



အထပ်ထပ်နမ်းရှုံယင်း အခန်းထဲသို့ ပြေးဝင်လိုက်ပါတော့သတည်း။ မဒ္ဒီသည် ဝရန်တာမှ ဒေါ်မြခက်ကို ဆီးကြိုသည်။ ဒေါ်မြခက်သည် လည်မလိုနှင့်(အ)သည် အလွန်(အ)သည်။ မဒ္ဒီ့ကို မယုံသင်္ကာဖြစ်ပုံမရ ဦးမောင်မောင်စနှင့် ဂေါဝိန်သခင်တို့ အလွန်အလွမ်းသင့်ကြောင်း ဂေါဝိန်သခင်သည် မိန်းမကိစ္စများ အလွန်များ၍ သည်တစ်ခါ ပြဿနာဖြစ်လျှင် သူလာခဲ့တဲ့ ကက်ရှမီးယားပြည်နယ်ဘက်သို့ ပြန်ပို့မည်ဖြစ်ကြောင်း၊ ထိုအကြောင်းကိစ္စအဝဝကို ဦးမောင်မောင်စက ကြားထဲက အဖြူကိုအမည်း အမည်းကိုအဖြူလုပ်နေရကြောင်းများ ပြောကြားလာသည်။ ယခုလည်း စိုးအောင်ကို ခေါ်ယူစစ်ဆေးတာမျိုးဆိုလျှင် ပေါ့ပေါ့တွက်ထား၍ မရကြောင်း၊ အဲ ... တစ်ခုတော့ပြောလိုက်သေးတယ်ကွဲ့ ... မဒ္ဒီသာ ဂေါဝိန်သခင်ဆီဝင်အသနားခံရင်တော့ဖြင့် ...

"ကြီးကြီးကလည်းဗျာ ... ဒီလောက်ယုတ်မာတဲ့သူဆီ မဒ္ဒီ့ကို လွှတ်ဖို့ မစဉ်းစားပါနဲ့ဗျာ ကျွန်တော့်ထိုက်နဲ့ ကျွန်တော့်ကံပဲပေါ့ ... "

အခန်းထဲမှ ထွက်လာရင်း ဝင်ပြောလိုက်သဖြင့် ဒေါ်မြခက်က ဆတ်ခနဲ ပြန်ကြည့်ရင်း ...

"ဟဲ့ ... စိုးအောင်ရဲ့ နင့်အတွက်ပြောနေတာဟဲ့ ... "

"ကျေးဇူးတင်ပါတယ်ကြီးကြီးရယ် ... ကျွန်တော်ကလည်း ကြီးကြီးနဲ့မဒ္ဒီကို ခေါ်သွားမှာစိုးလို့ပါဗျာ ... ကျွန်တော်ထွက်ပြေးလို့ရပါတယ်ဗျာ ... "



"အမယ်လေး ... ကျေးဇူးရှင်ရယ် ... ထွက်ပြေးမယ်လို့တော့ မစဉ်းစားလိုက်ပါနဲ့။ ငါတာဝန်ခံပေးလိုက်ရတာနော်ကဲ ... အိပ်ကြ ... အိပ်ကြလာ ... မဒ္ဒီ မမခက်တို့လည်း မအိပ်ခင် သူ့အတွက် ဆုတောင်းမေတ္တာပို့သ ပေးရအောင်လေ ... "

မဒ္ဒီ ဘုရားကန်တော့ရင်း မျက်ရည်များ တားမရဆီးမနိုင် ကျလာရပါတော့၏။ ဤလောကတွင် ဝေဿန်အစားအားကိုးစရာပေါ်လာပြန်တော့လည်း ကူညီသည့် ကိုစိုးအောင်က မနက်ဖြန် ဂတ်ထဲသို့ လိုက်ရတော့မည်တဲ့ ... နောက်ဆက်တွဲ ဘာတွေဖြစ်လာမည်ကို လုံးဝမစဉ်းစားရဲတော့ပါ။ သူတို့ ခဏသာ အိပ်ကြရပါသည်။

ဒေါ်မြခက်သည် မည်သူ့အပေါ်မည်မျှဆိုးဆိုး ဆွမ်းတော်ကို အရဏ်အမှီကပ်သည်ကတော့ မန္တလေးသူပီပီ ချစ်မြတ်နိုးစရာကောင်းလှသည်။ ယခုလည်း ဆွမ်းအိုးတည်ရန် မီးဖိုထဲသို့ ရောက်ရှိသွားလေပြီ။ ထိုအချိန်တွင် မဒ္ဒီ့အနား ဘွားခနဲရောက်ရှိလာသူမှာ ကိုစိုးအောင်ပါတည် ...

"ဟာင် ... "

"ဟုတ်တယ် ... ကိုယ်ပါ မလန့်ပါနဲ့ကွယ် ... ကိုယ်အမြဲဝတ်တဲ့ ကျောက်စိမ်းလက်စွပ်ကလေး မဒ္ဒီ့ကို အမှတ်တရပေးခဲ့ပါရစေ ... "

"အို ... ကိုစိုးအောင် လက်နဲ့ လိုက်ကလိုက်နဲ့ မဒ္ဒီမယူရက်

www.burmeseclassic.com

www.burmeseclassic.com



ပါဘူးရှင် ... "

"ဘာလို့မယူရက်ရမှာလဲ ... ကိုယ့်ကိုချစ်တယ်ဆိုရင်ယူရမယ် ... "

သူက မချင့်မရဲနှင့် မဒ္ဒီ့ကို တင်းကြပ်စွာဖက်ထားပြီးမှ ဆတ်ခနဲလွှတ်၍ အပြင်ခန်းသို့ ထွက်သွားပါတော့သတည်း။ မဒ္ဒီသည် လက်ခလယ်တွင် သူဝတ်ပေးခဲ့သော ရွှေထူထူနှင့် ကျောက်စိမ်းလက်စွပ်ကို စမ်းကြည့်ရင်း ငိုရှုပြန်ပါသည်။

"စိုးအောင် ထမင်းရည်ပူပူထဲ တမင်းတစ်ခဲထည့်ထားတယ် ဟောဒီမှာ ဆားလည်းခပ်လိုက်ပြီး။ သောက်လိုက် ... သောက်လိုက် ... "

သူကြီးကြီး၏ အရက်ဆွမ်းချက် ထမင်းရည်ကတော့ ငယ်ငယ်ကလေးထဲက သောက်ခဲ့ရ၍ သူကြိုက်နေပါပြီ။ ထို့ကြောင့်လည်း စိုစိုပြေပြေ ထွားကြိုင်နေရသည် ထင်ပါ၏။ သူက ထမင်းရည်နှင့် ထမင်းတို့ကို ဆန်ပြုတ်သဖွယ် အမြန်သောက်လိုက်သည်။

"ဘာမှ အားမငယ်နဲ့ ညက ငါလည်းဆုတောင်းပါတယ်။ ပြီးတော့ မင်းရဲ့ကျောက်စိမ်းလက်စွပ်ကလည်း ကံကောင်းတယ်ကွဲ့ ... "

ကိုစိုးအောင်က လက်ကို မသိမသာ ဖွက်ထားလိုက်သည်။

"အေး ... ငါ့ရတနာထုပ်ကြီး မြင်းလှည်းပေါ်က ကျခဲ့တာ မင်းပြန်ရှာတွေ့ခဲ့တာလေ ... ငါဝမ်းသာလွန်းလို့ ဒီကျောက်



စိမ်းလက်စွပ်လုပ်ပြီးသား ဈေးချိုရွှေဆိုင်၊ ငွေဆိုင်တန်းမှာ သွားဝယ်တုန်းက ပြောလိုက်တာကွဲ့ ... အဲဒီလက်စွပ်က ရာဇဝင်ရှိသတဲ့ သိပ်လာဘ်ကောင်းတာတဲ့ ကံဆိုးချင်ပြီဆိုရင် လက်ထဲက ချွတ်ကိုရောင်းတော့တာတဲ့ ... "

"ဟင်း ... "

"ကြီးကြီးရေ ... ကျွန်တော့်ကိုယ်စား မဒ္ဒီပဲ ကံကောင်းပါစေတော့ဗျာ ... "

ဟူ၍ စိတ်ထဲမှ ပြောလိုက်မိပါတော့၏။

ဝိရိယကောင်းလွန်းလှသော အိုင်ပီဦးမောင်မောင်စသည် (၆)နာရီထိုး၍ ဆယ်မိနစ်အချိန်တွင် ရောက်ရှိလာကြပါတော့၏။ ဒီတစ်ခါ ပါလာသူ နောက်လိုက်များသည် ဆယ်ယောက်ပါတည်း။ ကိုစိုးအောင်အား ပုလိပ်နှစ်ဦးညှပ်၍ လက်ထိပ်ခတ်လိုက်သည်။

"ဟင် ... "

"အိုင်ပီသခင်လေး ကျွန်မတူလေးမှာ ဘာအပြစ်ရှိလို့ပါလဲရှင်?"

ဒေါ်မြခက်သည် အံ့ဩထိတ်လန့်စွာ မေးလိုက်သည်။

"ဒီမှာ ... အဒေါ်ကြီး ဂေါဝိန်သခင်အိမ်က ငွေထည်တွေ ပျောက်သွားတယ် ...

"ဟာ ... "

www.burmeseclassic.com

www.burmeseclassic.com



ကိုစိုးအောင်ထံမှ မခံမရပ်နိုင်ပုံနှင့် လှုပ်ရှားသွားရသည်။ ခုတ်ရာတခြားရှရာတခြားပါတကား။

"အန်တီ ကျွန်တော်တို့ကို ရှာခွင့်ပြုပါ ... "

သူ့စကားဆုံးသည်နှင့် သူ့နောက်မှ ဆာဂျင်များ၊ ပုလိပ်များ တအိမ်လုံးရှာဖွေကြတော့သည်။

"အင် ... ဒါ ... ဒါ သက်သက်လီဆယ်တာပဲ ... "

ကိုစိုးအောင် ဒေါသတကြီး အော်ပြောမိသည်။

"အပေါ်မှာမရှိဘူး ... Sir ... "

"ဟောဒီမှာသခင် ... ကားထဲကတွေ့ပါပြီ ... "

ဆာဂျင်တစ် ယောက် ကင်းဗတ်အိတ် အမည်းကြီးတစ်ခု မယူလာသည်။ ဖွင့်ပြီး တစ်ခုခြင်းထုတ် ထုတ်ယူလိုက်ရာ ဘော်သားငွေဖရုံသီး၊ ငွေရည်မှုတ်၊ ငွေကွမ်းအစ်၊ ငွေကလပ်၊ ငွေစီးကရက်ဘူး တော်တော်ကြီးသော ငွေထည်ငါးမျိုး ထွက်ပေါ်လာပါတော့သတည်း။

"ကဲ ... အထုတ်အထည်နဲ့ တွေ့ပြီးဖြစ်တဲ့အတွက် အားလုံး ဂတ်တဲပဲ သယ်သွားပါတော့မယ်ဗျာ ... "

"ကျုပ်မယူဘူး ... ကျုပ်မယူဘူး ... ဒါ တမင်သက်သက်လီဆယ်တာ ... လီဆယ်တာ ... "

ကိုစိုးအောင်အသံသည် ပူးဝါးဆန်စွာ အော်လိုက်မိသည်။ သူ့ကိုခေါ်သွားကြပါပြီ။

"ကိုစိုးအောင် ... ကိုစိုးအောင် ... "



မဒီသည် ပြေးလိုက်ရင်း ဝမ်းနည်းပန်းနည်းကြီး အော်လိုက်စဉ် ...,

အိုင်ဗီသခင်က ...

"ဒါ ... ခင်ဗျားပစ္စည်းလား? ယူပါ ... "

ပိုးမာဖလာ ပုစွန်ဆီရောင်လေးတစ်ထည် မဒီ့ကို လှမ်းပေးလိုက်ရာ မဒီ မိုက်ခနဲဖြစ်၍ ကျန်ခဲ့ပါတော့သတည်း။

'ဤပဝါကလေးကာ ဓာတ်စင်အပေါ်ကအဆင်း သူ့လည်ပင်းကို လှပစွာပတ်၍ဆင်းခဲ့သည် မဟုတ်ပါလား။ သူ့မျက်နှာလေး ရှက်လန့်တကြားနှင့် ပြာနှမ်းသွားရသည်။ ဒါကို ဦးမောင်မောင်စက အမိပွာယ်မြောက်များစွာပါသော အပြုံးတစ်ပွင့်နှင့် ပြုံးပြသွားပါတော့သတည်း။

"စိုးအောင် ... လူလေး ... လူလေး ... "

တစ်သက်လုံးလက်ကတုံးတောင်မွေးလုပ်ခဲ့ရသော ကိုစိုးအောင်ကို တကယ်လက်လျှော်ဆုံးရှုံးရမည်ဆိုတော့လည်း ခေါ်မြခက် ဝရန်ဘာလေးတွင် မေ့လဲကျသွားပါတော့၏။

"ကျွန်တော် နိုးတာ သက်သေရှိပါသလား ... "

"ရှိပါတယ် ... အလွန်ရှိပါတယ် ... ဂေါ်ဇိန်သခင်လေးအိမ်စောင့်ဒရန်ဝမ် ဘဲလူး ... ဟော့ ... ဘဲလူး ပြောပြလိုက်စမ်း"

"သူ့မှာ ကျောက်စိမ်းလက်စွပ် လှလှတစ်ခု ဝတ်ထားပါတယ် ... အခုမရှိတော့ဘူး ဆာဂျင်၊ ဒါပေမယ့် လက်စွပ်ကို အမြဲဝတ်ထားတဲ့အတွက် ဒီနေရာလေးမှာ ဖြူနေတယ်။ ရုပ်

www.burmeseclassic.com

www.burmeseclassic.com



ရည်ကတော့ သူမှ သူအစစ်ပါပဲ။ အသားဖြူတယ် ... အရပ်ရှည်တယ် ... ”

သီးသန့်ရုံးကြီးပေါ်တွင် အမှုသီးသန့်စစ် ဆေးသည်။

“ဗြိတိသျှ အုပ်ချုပ်သူလူကြီးများ အိမ်သို့ပင် ဝင်ရောက်ခိုးယူမှုအတွက် မြို့ပေါ်မှ ထောင်များနှင့်မတန် ကိုကိုးကျွန်းသို့ နှစ်အကန့်အသတ်မရှိပို့စေ ... ”

ကိုစိုးအောင်ကား ပါးစပ်အဟောင်းသားနှင့် ဘာစောဒက ဘာရှေ့နေမှမပါ၊ မစစ်လိုက်ရပါဘဲ ထိုနေ့တွင် သံခြေချင်း၊ လက်ထိပ်အပြည့်အစုံနှင့် ရန်ကုန်စုန်မည့် သင်္ဘောလေးပေါ်တွင် တင်ပေးလိုက်ကြပါတော့၏။

* * * * *



အမှန်စင်စစ် ဆရာမြတ်ကျော်တို့အိမ် မန္တလေးတွင် ရှိပါသည်။ သို့သော် ဘိုဇော အကြံပြုသည်။ ဟောမာ မွေးဖွားခါနီး ဇာတ်နားမည်ဆိုလျှင် သူ့အနီးစခန်း ခြံကြီးထဲမှ အိမ်ကြီးတွင် လိုက်နေရန်၊ သည်ကြားထဲ ဝေဿန်ကို မင်းသား ပီပီပြင်ပြင်ကြီး ဖြစ်သွားရန် သူသင်ပေးမည်။ ဇာတ်တစ်ဖွဲ့လုံး နားချင်သူ ကိုယ့်အရပ်ပြန်၍ မနားလိုသူများလည်း သူ့ခြံကြီးထဲ လိုက်နေနိုင်ကြောင်းများ အကြံပြုသည်။ ဦးလေးကျော်သည် ရုတ်တရက်တော့ ခေါင်းမညိတ်သေးပါ ...

“ဝေဿန်လည်း တိုင်ပင်ပါဦး ဘိုဇော ... ”

“ဟာ ... သူ့ကို ပညာပေးဖို့ ခေါ်တာပဲ ဦးကျော်ရာ ... ”

“အေး ... ဒါကတော့ အရှည်စီးပွားအတွက် အဓိကပေါ့ကွာ အဲ ... စားသောက်မှုက ရှိသေးတယ်နော် ... ”

“ဒါအတွက်တော့စိတ်ချ ... ဦးလေးကျော် အမေကလည်းမ ဘက်ကပ်နေတဲ့ခြံကို ရောင်းလိုက်သတဲ့ မက်မန်းခြံတွေ

www.burmeseclassic.com

အများကြီးဝယ်ထားတာ ဦးလေးကျော်ရ ... "

"ဟေး ... ဒါဖြင့်လည်း လိုက်ရတာပေါ့ကွာ ... "

ဘိုဇတပြုံးပြုံးနှင့် သူ့အပါးမှ ထွက်သွားစဉ် ဦးလေးကျော်မျက်လုံးထဲတွင် တစ်ခုခုကို မြင်ယောင်နေသည်။

"ဟင်း ... ငါ့ဘဝမှာ မင်းသားခိုးလာရတဲ့ အဖြစ်မျိုး တွေးကြည့်ရင် ရှက်လို့မဆုံးပါဘူး။ ဦးချစ်တင် ခရုတွင်းစေ့ကျ ဘာကြောင့် လမ်းညွှန်သွားရတာပါလိမ့် ... "

ဒီအတွေးကတော့ ဦးလေးကျော် တစ်နေ့နှစ်ကြိမ် လောက်အနည်းဆုံး တွေးခဲ့မိသော အတွေးပါ။ ယခုလည်း ဘိုဇ အိမ်ကြီးတွင် လိုက်နေရမည်တဲ့ နားချင်တဲ့ ဓာတ်အဖွဲ့သားတွေက တော့ ကိုယ့်ရပ်ရွာနေ ပြန်ချင်လည်း ပြန်ကျပစေပေါ့ဟု ဓာတ်အဖွဲ့ သားများအားလုံးအတွက် စဉ်းစားရင်း ဝေသန်အကြောင်း ခေါင်းထဲပေါ်လာရသည်။

ငါ အဆိုလည်းရ၊ အကလည်းရသည်ဟု ဘဝင်မြင့်သွားသည့် ပုံစံလည်းမရှိ။ အားလျှင် အမြင်မတော်ဟူသမျှ အားလုံး ကောက်လုပ်သွားပုံ၊ ကြီးသူကို ရိုသေ၍ အောက်လက်ငယ်သား များကိုလည်း ညာတာတတ်ပုံများ ပြီးလျှင် ဘုရား–တရားကိုလည်း နှစ်ခြိုက်ပါတ်၊ စိတ်ပုတီး၊ အဓိဋ္ဌာန်များစိတ်ခြင်း၊ ဆီမီး၊ ရေချမ်းများကို ကိုယ်တိုင်လုပ်ခြင်း၊ သူကိုလည်း အိပ်ရာဝင်တိုင်း လာကန်တော့ ခြင်း၊ သူ့ဇနီးဟေမာကိုလည်း အလွန်ချစ်ရှာသည်။ ကိုယ်လေးလက် ဝင်ကြီးမို့ ဘာအလေးအပင်မှ မကိုင်စေရဘဲ အရိပ်တကြည့်ကြည့်နှင့်



ရှိရှာသည်။

အနီးစခန်းလိုက်မည့်သူကဖြင့် ဖိုးဇော်ဟူသော ယိမ်း မင်းသား အမျိုးမျိုးတွင်ပါဝင်ရသော သုခုမအနုပညာရှင်လေးတစ် ဦးတည်းပါ။ တစ်နည်းဆိုရသော် ဘိုဇက ကိုဝေသန်အား ပညာ ကုန်ပေးမည်ဆို၍လည်း သူကဉာဏ်ရှင်လှ၍ ပညာများရနိုင်သည် ဟူသော စိတ်ကူးနှင့် နေခဲ့ခြင်းပါ။ အနီးစခန်းသည် အေးမြမြနှင့် အနားယူရန် သူတို့အတွက် စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်သွား ရသည်။

အိမ်ကြီးပေါ်မှ လှမ်းကြည့်လျှင် တောင်တန်းပြာ ကြီးကို လည်းကောင်း၊ ပြင်ဦးလွင်ရှုခင်းလို တချို့တစ်ဝက်ကိုလည်း ကောင်း၊ မက်မန်းတောကြီးကိုလည်းကောင်း၊ အချွဲတည်သော စဥ့်အိုးတန်းကြီးကိုလည်းကောင်း ဆွတ်ပျံ့စဖွယ် မြင်နေရသည်။ ရောက်စက ပြင်ဦးလွင်သို့တက်၍ ဘုရားဖူး၊ ရေတံခွန်သွားနှင့် (၂) ရက်လောက် အဝလည်ကြသည်။

ထူးဆန်းသည်က ဘိုဇသည် ခါးပတ်တွင် ထည့် ပတ်ထားသော ပိုက်ဆံအိတ်ကြီးနှင့် ဦးလေးကျော်တို့ တစ်ဖွဲ့လုံး ကို စေတနာကောင်းမွန်စွာနှင့် ကျွေးမွေးသွားသည်။

ထမင်းဟင်းများကိုလည်း ခေါင်းရင်းဘက်တွင် ထမင်းချက်တဲကလေးမှ အမျိုးသမီး အလုပ်သမား သုံးဦးက ချက် ပြုတ်ကြော်လှော်ကာ ထမင်းပွဲရှေ့ရောက် ကျွေးကြသည်။ သူတို့ အတွက် ဓာတ်တိုက်ရန် အခန်းကြီးသီးသန့်ထားသည်။ ဘိုဇအမေ

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စောလှမင်းသည် ကိုယ်ပိုင်ရထားလုံးနှင့် လာလည်သည်။

သူက ပြင်ဦးလွင်မှာ နေသည်။ သား၏ဧည့်သည်များ လာတွေ့ခြင်းပါတဲ့ … ရွှေစတီလက်ကောက်တွေ တတောင်ကြီး ဝတ်ထားသည်။ ဦးလေးကျော်နှင့် စတွေ့သည်။

"ဘိုဇမယ်တော်ကြီးနဲ့တူတယ်။ ကြွပါ … ကြွပါ … "

ဟု ဖိတ်ခေါ်သည်။

"ဦးလေးကျော်က မယ်မယ့်ကို မတွေ့ဘူးဘဲ ဘာကြောင့် သိနေရတာလဲ … "

"ခင်ဗျာ … အမလေး သားရုပ်နဲ့ တစ်ပုံစံတည်းကိုဗျ … "

မှန်သည် ဒေါ်စောလှမင်းသည် မျက်လုံးမှေးသည်၊ နှာတန်ကချွန်မြနေသည်၊ အသားညိုသည်။ ရုတ်တရက်ကြည့်သော မျက်နှာပုံစံမောက်နေသည်။

"အဟဲ … ဟဲ … ဒေါ်စောလှမင်းတဲ့ ဓာတ်မင်းသားကြီး အမေရယ်လို့ မပြောရဘူး ရှေးကမိဖုရားကြီးတစ်ပါးနဲ့ တူလို့ပါဗျာ … "

"ဓာတ်ဆရာက ရှေးကမိဖုရားတွေ မြင်ဘူးလို့လားရှင်… "

"အဟဲ … အဟဲ … စာတွေဖတ်ဖူးတာပါဗျာ … "

"ဟဲ့ … ဖိုးဖော် ကာဖီနဲ့ ကန်စွန်းဥပြုတ် ထည့်ခဲ့ပါကွယ်"

"ကန်စွန်းဥပြုတ် … "

ဒေါ်စောလှမင်းက ကလေးကလား ကစွန်းဥပြုတ်စားနေကြသော ဓာတ်အဖွဲ့ကို အံ့ဩဟန်နှင့် ကြည့်နေသည်။



"ကျွန်တော်တို့ကတော့ မကြိုက်ပေါင်ဗျာ … သမီး ကိုယ်ဝန်ရှိတည်းက အဲဒါ နေ့တိုင်းစားတော့ နေ့တိုင်းပြုတ်ရတယ်။ ကျုပ်တို့တွေပါ အဆာပြေ လိုက်လိုက်စားရတာပါခင်ဗျာ … သုံးဆောင်ပါဦး … "

ဒေါ်စောလှမင်း မျက်မှောင်တွန့်သွားသလို …

"သမီးကော နေကောင်းရဲ့လား … "

"ဩော် … သမီးရေ ဆင်းခဲ့ဦးလေ … ဘိုဇတို့မေမေ ရောက်နေတယ် … "

ဦးလေးကျော်က လှမ်းအော်သည်။

"ဟုတ်ကဲ့ပါဖေဖေ … "

မင်းသမီးဆိုတော့လည်း အသံက ထူးခြားသည်ဟူ၍ ဒေါ်စောလှမင်း တွေးနေသည်။ မကြာမီ ကိုယ့်ပြည့်လက်ပြည့်ကြီးနှင့် မင်းသမီးဆင်းလာသည်။ အင်္ကျီပါးပါးပွပွသည်။ ကြားက ဗိုက်သည် ချွန်နေသည်။

"ဗိုက်ကချွန်နေတော့ ယောကျ်ားမေးမွေးမယ် … "

"ဟင်… သမီး ဝမ်းလာလိုက်တာ မယ်မယ်ရယ် … သမီးကလည်း ယောကျ်ားလေးပဲ လိုချင်တာ … "

"ဟော … မောင်ရေ … ဒါ ဘိုဇမယ်မယ် ဒေါ်စောလှမင်းတဲ့ … "

အလွန်အသားဖြူ၍ မျက်ခုံးလှသော ဝေသန်ကို ဒေါ်စောလှမင်း အငေးသားကြည့်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဦးကျော်တို့များ သမက်ချောချောကလေးကို ရထားတာ ကိုးရှင် … "

"ဖူးစာပ … ကျောင်းအမရယ် … "

"မယ်မယ် … ရွှေကန်စွန်းဥစားပါဦး … "

"တော်ပြီကွယ် … ကာဖီပဲသောက်တော့မယ်၊ ငါ့သမီးကလည်း လုံးကြီးပေါက်လှကြီးပါတော်၊ ဒါနဲ့မောင်ဝေသန်က ဘယ်ဇာတိလဲကွဲ့ … "

"ပခုက္ကူကပါ … ခင်ဗျာ … "

ဝေသန်က သူ့အတိတ်ကို (ကာလကာ)တစ်စလေးမှ မလှစ်ဟလိုသူဖြစ်၍ ခပ်တိုတိုပင် ဖြေလိုက်သည်။

"ဖိုးဖော်ကပြောပါတယ် … မြို့ကြီးထဲမှာ စော်ဘွားက ကိုယ်တိုင် စင်မြင့်ပေါ်တက်ပြီး မြလက်စွပ်ကြီး ဆုချတာဆို"

"ဟုတ်ကဲ့ပါ … ခင်ဗျာ ဒါလည်း အစ်ကိုဘိုဇ ကျေးဇူးနဲ့ (ကျင့်ချိန်)လေးရက်နဲ့ စင်ပေါ်တက်ခဲ့ရတာပါ … "

"ကိုယ်က ပါရမီထူးလို့ပေါ့ကွယ် … "

"ဟုတ်ပါ့ဗျာ … ဘိုဇကျေးဇူးတွေကဖြင့် ပြောမကုန်နိုင်အောင်ပါပဲ၊ မနှေ့ညက ဇာတ်တိုက်ကြတယ်လေ … ဖိုးဖော်ကလည်း အနားက ဇာတစ်အုပ်နဲ့ တွင်တွင်မှတ်တယ်ဗျာ"

"အဟဲ … အဟဲ တော်ပြန်ရင် ငှက်ပျောတောမင်းသားကြီး လုပ်မလို့ပါ အဘရဲ့ … "

"ဟော … မြင်းလှည်းပြန်လာပြီး လက်သယ်အဖွားကြီး



သွားခေါ်တာကွဲ့ … "

မကြာမီ အသက်(၆၀)ကျော် သန်သန်မာမာ အဒေါ်ကြီးတစ်ဦး သိုးမွေးတဘက်ကြီး ခြုံ၍ရောက်လာသည်။

"ကြွပါ … အမေမြ … "

"ကဲသမီး အပေါ်ပြန်တက်ကြဦးစို့။ နည်းနည်းပါးပါး စမ်းသပ်ကြည့်ရအောင် … "

ဝေသန့်ရင်ထဲ လှုပ်ရှားသွားရသည်။ သား၊ သမီးဆိုတော့လည်း မမြင်ဖူးခင်ကပင် ရင်ခုန်ကြရစမြဲ မဟုတ်ပါလား … လက်သည်အဖွားကြီးက စမ်းသပ်မည်ဆိုတော့ အပေါ်လည်း မလိုက်ရဲ လိုက်လည်းလိုက်ချင် ဒေါ်စောလှမင်းက ရိပ်မိ၍ …

"သား … အောက်မှာနေခဲ့နော် … "

သားတဲ့ ဝေသန် အမိမဲ့လေး ရင်ထဲ၌ သိမ့်ခနဲ ကြည်နူးသွားရသည်။

မိန်းမကို လှေခါးရင်းအထိ ကရုတစိုက်လိုက်ပို့သည်။

"မကြောက်နဲ့နော် … ဒီက ဒေါ်ဒေါ်က အားလုံးကကောင်းအောင်စီစဉ်ပေးမှာတဲ့ … "

သူ့မိန်းမကို သဲသဲတုန်ချစ်ပုံပါ။ အပေါ်ထပ်သို့ရောက်သော် ရှေးလက်သည်မကြီးများ ထုံးစံအတိုင်း အောက်စိုက်နေသမျှ လှည့်တင်ပေးယင်း …

"အံမယ် … ရှင်စောလှရေ … တော်တို့ ချွေးသည်မိန်း

www.burmeseclassic.com

www.burmeseclassic.com



ကလေး မွေးတော့မှာတော့ ခေါင်းကြီးစိုက်နေပြီ ... ”

“ဟင် ... မွေးတော့မှာ ... ”

သူနှင့် ဝေသန် ရကြသည်မှာ (၅)လကျော်မျှသာ ရှိသေးသည်မဟုတ်ပါလား။ ဟေမာဦးသည် လက်သည်အဒေါ်ကြီး စကားကြောင့် ရင်ထဲ၌ ပြာနှမ်းသွားရသည်။

“ဟုတ်ရဲ့လား? အကြီးရယ် ... ”

“အမယ်လေး ... သားဖွားဆရာမမယ်မြတဲ့တော် ... တစ်ရွာလုံးက ကလေးတွေ ကျုပ်ချည်းမွေးပေးခဲ့တာပါတော် တော့်ဗိုက်က ဘယ်ပုံဘယ်သဏ္ဍာန်ဖြစ်နေတာ မကိုင်ဘဲ မြင်ရုံနဲ့တောင် သိတာပေါ့တော် ... ”

ဟေမာဦး အသက်ရှုလျက်နှင့် မေ့မြောသွားရသကဲ့သို့ ခံစားလိုက်ရပါတော့သတည်း။

✤✤✤✤✤



ထိုညက ဘိုဇသည် မင်းသားချောနှင့် မည်မျှဝင်နေရသည်မသိ သူ့ကိုယ်တိုင် ကွေးနေအောင် ကပြလိုက်သည်။ ဗိုက်က ပူပူ၊ အသားကမည်းမည်း မင်းသားပုံ လုံးဝမလာသော်လည်း ကကွက်တွေက ပညာသားပါလှသည်။ ပညာယူနေသော ဖိုးဇော်သည် ဝါသနာကြီးလှ၍ ယိမ်းထိုးနေသည်။ ဝေသန်ကမူ သူ့အတိုင်း လိုက်ကရသည်။ ဘိုဇသည် မျက်လုံးမှေးမှေး၊ နှာတံမြင့်မြင့်၊ သားမဲမဲ၊ မျက်နှာပုံပန်း မောက်မောက်ကြီးနှင့်လူထူး၊ လူဆန်းကြီး ဖြစ်သော်လည်း မင်းသား (ဇာတ်အကျဆုံးမင်းသား မင်းသေမှင် ကောင်း အကောင်းဆုံး)ဟု နံမည်ကြီးဖိုးစိန်ကို မီအောင်ထားလည်း ထားတတ်ပါပေသည်။ ဝေသန်သည် သူ့ပုံအတိုင်းကြိုးစား၍ ပြလုပ်ရင်းက ...

“ဩော် ... ဘိုဇရယ် တတ်ထားတဲ့ပညာတွေနဲ့ နည်းနည်း ပါးပါးလေးပဲ ချောလိုက်ပါတော့ဗျာ ... ”

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ စိတ်ရင်းကောင်းသူပီပီ ဘိုဇကို အလွန်လှ စေချင်သွားရသည်။

"အပေါ့ဟေး ... အကိုကြီး ဗိုလ်ဇကျေးဇူးနဲ့ ကိုဝေသာန် ကတော့ ပထမတန်းစားမင်းသားဖြစ်မှာပါ။ အဲဒီထဲက ကံ ထူးသူ မောင်ဇော်ကလည်း ဒုတိယတန်း မင်းသားတော့ သေချာပြီဗျို့ သေချာပြီ ... "

ဖိုးဇော်သည် မင်းသားခါးပုံ ကကိုတစ်ချက်လှည့် အကလိုက်တွင် အခန်းဝ၌ပြူးတူးပြာယာနှင့် ဇာတ်ဆရာကြီး ဦး ကျော်ကို တွေ့လိုက်ရသည်။

"ဟဲ ... ဟဲ ... ဝေသာန်ရေ သမီးဗိုက်တွေ အရမ်း နာလာလို့တဲ့ ... လက်သည်အဒေါ်ကြီးကို ခေါ်ချေတော့ ... ခေါ် ချေတော့ ... "

"ဟင် ... ကျွန်တော်မှ အိမ်မသိတာ ... "

"ကဲပါ ... ကျုပ်ပဲခေါ်ပါ့မယ် ... အဒေါ်ကြီးကို မြင်း နဲ့တင်ခေါ်ရမှာ ဒီအချိန် ဘယ်မြင်းလှည်းမှ မရှိတော့ဘူး ဦးလေး ကျော်ရဲ့ ... "

ဘိုဇသည် နားရွက်ကာ ခေါင်းစွပ်ကို စွပ်၍ သူ့ငွေ အိတ်ပါသော ခါးပတ်ကို ပတ်ခါ တခုန်းခုန်း ဆင်းသွားပါတော့၏။ ဟေမာဦးမှာ သားဦးသားဖွားဖြစ်၍ မချိမဆန့် ဗိုက်နာသည် ဒဏ် ကို မခံမရပ်နိုင် ဖြစ်နေရ၍ ဝေသာန့်ခမျာ မျောက်မီးခဲကိုင်ရသလို ထိုင်ချည်၊ ထချည် ဈောက်ယက်ခပ်နေရှာသည်။ မဆီမဆိုင် သူက



ချည်း အိမ်သာဝင်နေတော့သည်။

"အား ... ကျွတ် ... ကျွတ် ... "

ဟေမာဦး၏ အသည်းခိုက်သံနှင့် သည်တစ်ခါအငြိး တွင် ဝေသာန်မခံစားနိုင်တော့သဖြင့် ဟေမာဦးကို ပွေ့ချီထားသည်။ တစ်အိမ်သားလုံး ငိုအားထက် ရယ်အားသန်ကာ ...

"အံမယ်လေး ... ငါ့တူရယ် ... ဟေမာ ပိုပြီးနေရခက်မှာ ပေါ့ကွယ် ဒီကိုယ်ပြည့်လက်ပြည့်ကြီးကို ဘယ်အကြာကြီး ချီထားနိုင်မှာလဲ ... " ဟူ၍ အတင်းအိပ်ရာထဲ အသိပ်ခိုင်း ရသည်။

ဟေမာ ဗိုက်နာပုံက အတော်လေးပြင်းသည်။ သည် တစ်ခါတော့ ဟေမာငိုပါတော့သည်။

"ဟောတော့ ... ကိုဝေသာန်ကြီး လိုက်ငိုနေပြီ။ ဒုက္ခပါပဲ"

"ကျွန်တော့်မိန်းမ ဒီလောက်ဝေဒနာခံစားနေရတာ ကျွန် တော်မကြည့်ရက်ပါဘူးဗျာ ... မကြည့်ရက်ဘူး ... ဟီး ... ဟီး ... "

ဝေသာန်သည် မျက်ရည်အဆိုင်သားနှင့် လိုက်ငိုရင်း လက်သယ်အဒေါ်ကြီးလာမည့် လမ်းကိုပြေးကြည့်လိုက်၊ ပြန်လာ လိုက်၊ သူ့မိန်းမကျောကိုပွတ် ဗိုက်ကိုပွတ်ယင်း သူက ငိုမဆုံးတော့ ပေ။ အနီးစခန်းအိမ်စုကြွကြွတွင် သတင်းများလွင့်၍ လာကြည့်သူ ကြည့်ကြ ကွယ်ရာတွင် တဟားဟား ရယ်သူကရယ်နှင့် ဘုဝုန်းဝုန်း ဖြစ်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော ... ဟော မြင်းခွာသံကြားတယ်။ အမေမြ ... လာပြီ ... လာပြီ ငါတူရယ်။ တိတ်တော့လေ ... တိတ်တော့"

ဗိုက်ကြီးသည်ကို မချော့ရဘဲ ဘိုဇအမေကြီးက ဝေသန့်ကို ချော့နေရသည်။

လက်သည်ကြီးရောက်သောအခါ အခန်းထဲက မထွက်နိုင်ဘဲ ဟော့မာနား နေမယ်ဆို၍ အားလုံးချော့မော့၍ ဆွဲထုတ်ကြရသည်။ ရယ်လည်းရယ်ကြရသည်။ ဘိုဇကြီးကလည်း ချမ်းအေးသော အနီးစခန်းကဲ့သို့သောဒေသတွင် ချွေးဒီးဒီးကျရှာသည်။ မြင်းကို အပြင်းမောင်းနှင်ခဲ့ရသည် မဟုတ်ပါလား။ ဦးကျော်က ကျေးရူးတင်လှစွာ ရေတစ်ခွက်ကို ကိုယ်တိုင်ခပ်တိုက်ရှာသည်။ စောစောက ဝေသန်ဖြစ်ပုံအား သူ့ကိုဖောက်သည်ချနေကြ၍ ဘိုဇပါ တဟားဟား ရယ်ယင်း ...

"(သဘ်းဦးသမီးဦးမိဘရွှး)ဆိုတာ အလကားစကားပုံမဟုတ်ဘူးကွဲ့ ... ဝေသန်ဖြစ်ပုံမျိုးကို စာစပ်ထားကြတာပေါ့ကွယ်"

ဘိုဇက ဓာတ်စာများသာမက ဗဟုသုတလည်း အလွန်ကြွယ်၍ *စကားတွေစုံနေတော့သည်။*

"ကိုယ်ကို မွေးတုန်းကလည်း မန္တလေးဆောင်းတွင်းဗျ... မီးလင်းဖိုနဲ့နေရတာလေ ... အမေက ကျူပ်ကိုမွေးတော့ အဖေက ဝမ်းသာလွန်းလို့တဲ့ သင္ကာလပ်ပုဆိုးကြီး မီးလောင်တာမသိလို့ အားလုံးဝိုင်းငြိမ်းသတ်ကြတာတဲ့ဗျာ ... "



မီးနေစောင့်အုပ်ကြီး တဟားဟားရယ်ကြတော့မှ ဝေသန်သည် သူငိုမိသည်ကို ရှက်စနိုးဖြစ်ရရှာသည်။

"အို ... ဟော့မာ ဝေဒနာခံနေရတာ မကြည့်ရက်လို့ သူ့ဟာသူထွက်လာတဲ့ မျက်ရည် ငါဘယ်တတ်နိုင်ပါ့မလဲ ... "

ခေါင်းလေးငုံထားသော်လည်း မီးနေဆောင်ဘက်သို့ လည်တဆန့်ဆန့် ဖြစ်နေရသည်။

ဒါကတော့ အားလုံးပါပဲ မိန်းမတစ်ယောက်၏ သေမင်းနှင့်နပမ်းလုံးပွဲဟူ၍ပင် ခေါ်လောက်အောင် မီးနေစစ်တလင်းကြီး မဟုတ်ပါလား။

"ကလေးကြီးက ထွားလွန်းလို့ မနည်းလှည့်ထုတ်နေတာတဲ့ ဗျို့ ... "

မီးနေဆောင်မှ လှမ်းပေးလိုက်သောသတင်းကြောင့် ယောကျ်ားအုပ်စု ငြိမ်သွားကြရသည်။ စိုးရိမ်သွားကြရသည်ဆိုက ပိုမှန်ပါလိမ့်မည်။ ကလေးမွန်းသွားနိုင်သည်။ မိခင် အမောဆို့သွားနိုင်သည်။ လက်သည် ပညာပါးဝရန် လိုသည်။

ရှေးခေတ်ကတော့ ပြောလေ့ရှိကြသည်။ ကိုယ်ဝန်ဆောင်သည်များ တစ်နေ့သချိုင်းကို သုံးခါမျက်စောင်းထိုးသတဲ့ ဆိုလည်းဆိုလောက်ပါပေသည်။ ကလေးပေါင်းရာထောင်ချီပြီး မွေးပေးခဲ့ပါသည်ဆိုသော ဒေါ်မြကြီး လုံ့ချည်ဒူးလောက်ဝတ်၍ ကလေးထွက်လာဖို့အရေး မနည်းကြီး ကြိုးပမ်းနေရရှာသည်။

ကလေးက ထွားရုံမက ခေါင်းကလည်းကြီးသတဲ့

www.burmeseclassic.com

www.burmeseclassic.com

သတင်းတွေ ... သတင်းတွေ မီးနေဆောင်မှ လွင့်ထွက်လာသမျှ အသည်းကျွန်းစွာ ခံစားနေရသူကား ဝေသန်ပါတည်း။

"အင်း ... ဖခင်လောင်း အသစ်စက်စက်ကြီးရေ ... စိတ်လျှော့ထား ... လျှော့ထား ... "

"စိတ်အပူလွန်းလို့ ကိုယ့်သားကိုယ်မချီနိုင်ဘဲ နေဦးမယ် ..."

ဖိုးဇော်က ရောစ်ခွက်ယူလာပြီး တိုက်ပြန်သည်။ ဝေသန်လည်း စိတ်တွေမောရလွန်း၍ နီးခွက်ကြီးနှင့် ရေအပြည့် သောက်ပစ်လိုက်သည်။ အိုဇတို့အဖွဲ့ အားနား၍ စကားသံတိတ်သွားရသော်လည်း (ဝါးခနဲ) ကလေးငိုသံထွက်လာရန် အားလုံး မျှော်လင့်နေကြသည်။ ဆုတောင်းကြသည်။ ဦးကျော်ကလည်း မြေဦးသားဦး မှော်တ်လား ...

"အံဂုလိမာလသုတ် ... "

ကို မရပ်မနားရွတ်နေရှာသည်။

ဒေါ်စောလှမင်းက အိမ်မှာရှိသမျှ သေတ္တာတွေ ဗီရိုတွေ ဖွင့်ထားကြရန် လှမ်းပြောနေသည်။ ဒေါ်စောလှမင်းနှင့် အဒေါ်ကြီးတစ်ယောက်ကတော့ ဒေါ်မြကြီးကို ကူကြည့်ကြ၊ တိုင်ပြင်ကြနှင့် ဟေမာဦးသည် ပင်ပန်းလွန်း၍ မြော ... မြောလေး ဖြစ်နေရှာလေပြီ။

"ရှင်လှမင်း ကျူပ်တော့ ကျူပ်ပညာနဲ့ ခွဲချလိုက်ပြီး ..."

"ဝါး ... ဝါး ... ဝါး ... "

ကလေး၏ အသံကြီးကား အောင်မြင်လှသည်။ လှ

ပြည်ကို ဒိုင်ဗင်ထိုး၍ ဆင်းချလိုက်ရသည့် သင်္ကေတကို သူများက လေးတွေကဲ့သို့ တစ်ချက်သာမကဲ့ တဝါးဝါးကြီးသာ အသံပြု၍ နှုတ်ဆက်မင်္ဂလာ ပြုလိုက်ပါတော့သတည်း။

"ဟင် ... "

ကလေးကို သန့်ရှင်းရေးလုပ်ပြီး အနီးနှင့်ထွေးရင်း ဒေါ်မြအသံက ဟိန်းခနဲ ထွက်သွားရသည်။

"အို ... ကလေးက ခြေလက်အင်္ဂါမစုံလို့လားဟင်? "

ဟေမာဦးသည် ပင်ပန်းနွမ်းနယ် မြောနေသည့်ကြား က စိုးရိမ်တကြီး မေးရှာသည်။

"သန်စွမ်းထွားကြိုင်လိုက်တာမှ အလွန်ပါပဲရှင် ... မင်းလှ ဘရန်ဒီ အဲဒီရေနွေးကြမ်းပန်းကန်နဲ့ အပြည့်ထည့်ပြီး သမီးကိုတိုက်စမ်း ... တိုက်စမ်း ... မြန်မြန်လာ ..."

ကလေးကိုလည်း သူရပ်၍ ချီထားရင်း နိုင်းနေသည်။ ဒေါ်စောလှမင်းက ယူနိုင်းသည့် အတိုင်းတိုက်သည်။ ဟေမာ့ရင်ထဲ မီးစတစ်ခုဝင်သွားသလို ပူတွန့်သွားရှာသည်။ ရေမပါ (NEAT)ပေကိုး။

"ကဲ ... လာကြည့်ကြ ... လာကြည့်ကြ ဘယ်သူနဲ့တူသလဲလို့ ... "

ကိုးပေါင်ခန့်ရှိ၍ မွေးကင်စမိနစ်ပိုင်း(သက်တမ်း)သာရှိသေးသော ကလေးကြီးသည် လက်သည်လက်ထဲ၌ အောက်ထည်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... "

"ဟောတော့ ... "

အဖော်မိန်းမကြီးအသံကလည်း မျက်လုံးကြီးပြူး သွားရသည်။ ဘရန်ဒီ အရက်တွေဝင်သွား၍ မှိုးနေသည်သည့် သတ္တိတွေစင်ကာ မျက်လုံးပြူးကြီးနှင့် စိုက်ကြည့်နေသည်။

"ဟဲ့ ... ကလေးက ငါ့သား ဘိုဇမျက်နှာ ငါ့မျက်နှာနဲ့ တပုံတည်းပါလားကွဲ့ ... ပြီးတော့ ဟောမာက ကန်းစွန်းဥ ချဉ်ခြင်းတပ်သတဲ့ ငါ့သားဘိုဇ ကိုယ်ဝန်နဲ့တုန်းကလည်း ကန်စွန်းဥပဲ တစ်နေ့လုံးထိုင်စားနေတာ ... "

ရှင်မင်းလှသည် တုန်လှုပ်စွာနှင့် ပြောလိုက်သည်။ ဟောမာဦးတာ တစ်အား ငိုလိုက်မည့်ပုံစံဖြစ်နေ၍ ...

"ဟော့ ... ဟော့ မွေးလူနာမိန်းကလေးရေ တစ်ချက်မှ မငို ကိုက်နဲ့နော် ... မငိုနဲ့ ... သွေးနုနုနဲ့ဘာမှတ်လဲ ... တစ်ချက် ထဲ ရူးသွားမယ် ... ရူးသွားမယ် ... "

ဟောမာဦး မငိုရဲရှာတော့ပေ။ ထိုအခိုက်တံခါးခေါက်သံများနှင့်အတူ ကလေးအဖေ လက်သစ်ကြီးက ...

"ကြည့်ချင်လှပြီဗျာ့ ... ဘာလေးလဲ ... ဘာလေးလဲ ... "

"ယောက်ျားလေးဟေ့ ... ကိုးပေါင်ကျော်တော်ရှိတယ် ... တစ်ထွေးကြီးဟဲ့ ... "

"ကြည့်ချင်လှပြီတဲ့ဗျာ ... ကိုဝေသန်က သူ့သားကို ကြည့်ချင်လှပြီတဲ့ ... "



"ကလေးက ရေမွှန်းသွားလို့ ညှော်သည်တွေကို ပြန်နိုင်းပါဦး ... "

ဒေါ်မြက အသံမာမာနှင့် လှမ်းပြောလိုက်၍ ခြံထဲမှ ကလေးမွေးပွဲပြီးလို့ လာရောက်စိတ်လှုပ်ရှားနေကြသော လူအုပ်ကို အပြန်နိုင်းလိုက်ရသည်။ ဝေသန့်တွင် သွေးခုန်နှုန်းမြန်ကာ သူ့သားကို ဘွားခနဲ မမြင်ရ၍ စိတ်တိုနေသည်။

"ရှော့ ... တော့ ... မြေးကို ချီထားဦး ... ပြဿနာမတက်အောင် ကျုပ်အရင်ပြောထားတယ် ... "

"တော့မြေ ... "

ကို ဟူသောစကားက ရှင်းနေသည်။ ဒေါ်မြသည် ရပ်ထဲရွာထဲ၌ ပြဿနာမျိုးစုံ ရင်ဆိုင်ခဲ့ဖူးသူ မဟုတ်ပလား ... စနစ်တကျ တားမြစ်လိုက်မှ မရှိလိုက်၍ သူ့လက်ထဲ မှီးနေသည့် နှစ်ယောက်သေဖူးသည်။ အဲဒီတုန်းကတော့ မယားကြီး မယားငယ်ကိစ္စ ယူခုလည်း မျက်နှာတင်းတင်းနှင့် ထွက်လာသည်။ တံခါးကို ပြန်စေ့လိုက်သေးသည်။

"ကျုပ် ကလေးကို ခုခေါ်လာမယ်။ ပြဿနာ ချောချောမောမော ရှိခဲ့ပုံအရဘူးလေ ... ဒါပေမယ့် ရှန်းရင်းဆန်ခတ်ဖြစ်မယ်။ ကျုပ်မွေးလူနာ သေသွားနိုင်တယ်။ ပြင်ဦးလွင်အိမ်တော်မှာ ... အိန္ဒိယပြည်က ဘုရင်ခံရောက်နေတယ်။ အဲဒီလမ်းလုံး စစ်ပါရီတွေ တန်းစီစောင့်နေတယ်။ အဲဒီတော့ တော်တို့ကလေးကို မြင်တာနဲ့ပ အချီအချ ကြုံးစရာရှိရင်

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးနဲ့ ရှင်းကြပါ။ မျက်လုံးနဲ့ စကားပြောကြပါ။ ဒါပဲ စကားတစ်လုံးမှ မပြောဘူးဆိုရင် ကျုပ်ကလေးကို ပြမယ်။ အခြေအတင် ရှင်းကြလင်းကြမယ်ဆိုရင် ကျုပ်ကလေးကို မပြနိုင်ဘူး ... "

ဒေါ်မြလေသံက မြင့်သထက်မြင့်လာရသည်။

ဦးကျော်က မျက်လုံးပြူးကြီးနှင့် ကြည့်ရင်း ...

"ခင်ဗျာလေသံကလည်း ကြောက်စရာကြီးဗျာ ... ကလေး နာခေါင်းမပါလို့လား၊ လက်မပါလို့လား တကတည်းဗျာ"

"အို ... နာခေါင်းက ပါသမှ ချွန်မြလို့နေသေးတယ် ... ဘယ့်နှယ်လဲ စကားတစ်လုံးမှ မပြောဘူးဆိုရင် ကျုပ်ကလေးထုတ်ခဲ့မယ် ဒါပဲ ... "

"ဟာ ... အဆန်းပါလား ... "

ကလေးအဖေလက်သစ် ဝေသာန်ထံမှ ခပ်တိုးတိုး ထွက်သွားရသည်။ သူ့အနားမှ ဖိုးခေါ်လည်း စူးစမ်းချင်သမျှ ပါးစပ် ပိတ်ထားရသည်။ ဦးကျော်နှင့် ဘိုစတို့က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ...

"ကဲ ... အဒေါ်ကြီး ကျုပ်တို့က ကတိတည်တယ်ဗျာ ... ကလေးထုတ်တော့ဗျာ ... "

"အေး ... ကတိတည်ပါစေ ... "

"မီးနေသည်ရှေ့မှာ စကားပြောမှားရင် ကျုပ်ကလည်း အစောင့်စစ်ရဲ ခေါ်အပ်လိုက်မှာတော့ ... "



ဒေါ်မြကြီး မီးနေသည်ခန်းထဲသို့ ပြန်ဝင်သွားပြီး

(မှတ်ချက်။ ရှေးခေတ်က အမျိုးသားများ ဘုန်းနိမ့် တတ်သည်ဟု အယူရှိကာ မီးနေခန်းထဲ မဝင်ကြရပေ။)

"ဟော ... ကလေး ... "

လေးယောက်လုံး အသံထွက်သွားကြ၍ အဒေါ်ကြီး က ပါးစပ်ကိုလက်ညှိုးကပ်၍ ...

"ရှူး ... "

ဟု ၍အသံမထွက်ရန် သတိပေးသည်။

"ကိုဝေသာန် ... အရင်ချီလိုက် ... "

သား ဟူသော ရင်ဝယ်ခ်စားမှုနှင့် တုန်တုန်ယင်ယင် ပွေ့ယူလိုက်သည် နွေးနွေးအိအိတပုံတပင်ကြီးတကား။

"ဟင် ... "

"ဟောဗျာ ... "

"အို ... ဒီလောက်ပြောထားသေးရက်က အသံတွေ ... "

"ဟွန်း ... "

ဒေါ်မြကို ဂရုမစိုက်နိုင်ကြတော့ပေ။ ကလေးကိုသာ အာရုံစိုက်နေကြပေတော့သည်။

အသားမဲလုံးလုံး၊ နှာတံမြင့်မြင့်၊ မျက်လုံးမှေးမှေး မျက်နှာပုံ ရူးချွန်းချွန်းနှင့်ပါ ...

"ဘုရား ... ဘုရား ဟာနုမာန်မျောက်မင်းသားရှေ့ကြီး ဘိုစရုပ်တိုင်း ဟာနုမာန် မျောက်မင်းသား ပေါက်စလေး

www.burmeseclassic.com

www.burmeseclassic.com



ပါတကား။ ငြင်းစရာ စကာမရှိ ရှုံစရာအတိ ... ”

“ခင်ဗျားကြီး ယုတ်မာလှချေလား ... ဒါ ... ဒါ ကျုပ်သား မဟုတ်ဘူး ... ”

ဝေသန်က မအော်ဟစ်မိစေရန် သတိထား၍ မျက်လုံးနှင့် ထိုစကားများကိုပြောရင်းကလေးကို ထိုးပေးလိုက်သည်။ ဘိုဇသည် သူ့ဘဝတွင် လုံးဝမျှော်မှန်းမထားသော သူ့မျက်ခွက် အသေးစားနှင့် သားကို ဝမ်းပန်းတသာဆီးယူ ပွေ့ထွေးထားရင်း စောစောက ဝေသန်မျက်လုံးနှင့် ဂုဏ်ဆောင်ခြင်းကို သူကလည်း မျက်လုံးနှင့် ပြန်ချေယသည်။

“ဟော့ ... ဝေသန် မင်းပါပေမဲ့ ... အလကား ငါကသာ၍ များ ကုသိုလ်ကံများပေတကား ဖေကံကောင်းတဲ့ဗျာ”

ဟု ၍ပင်တည်း။

စေသန်ကလည်း နားလည်လိုက်သည် ဦးကျော် ကိုစူးရှစွာကြည့်ရင်း ...

“ဖက်ခွက်စား ... ဖက်ခွက်စား ... ရက်စက်စွာ ပြောကြ တုန်းက ကျုပ်က ခပ်နာနာမခံချင်လိုက်တာ ခုတော့ဖြင့် ဗျာ လွှမဆန်စွာ ဓာတ်လမ်းပမာဖြင့် မိုက်လုံးတွေကြီး လိုက်ပုံ ကျုပ်နားဖြင့်မယုံ ကိုယ်တွေ့သာ ကြုံလိုက်ရရဲ့”

ပါးစပ်မှ တစ်လုံးချင်းတိုးတိုးကလေးထွက်လို့သွား ရသည်။

ဖိုးဇော်ကလည်း အံ့ဩတုန်လှုပ်ပုံနှင့် ဦးကျော်နှင့်



ဘိုဇကိုကြည့်ရင်း ...

“ယုတ်မာအုပ်စု ဇက်ပုအောင် ဆော်လိုက်ချင်ရဲ့ ... ဖို မိန်းမကြီးကြောက်လို့သာ လာ ... လာ ... ဝေသန် ဒီမှာ တော့ အခြေမဟန် မြန်မြန်လေးသာ ပြန်ကြစို့လေး ဘိုဇ မအေပေး ... ”

အသံမထွက်စတမ်း ဆိုတော့ကလည်း၏ ဘိုဇကို အားပါးတရ စိတ်ထဲမှပင် ဆဲယင်း ဝေသန့်လက်ကိုဆွဲ၍ အပေါ် ထပ်ဆီသို့ တက်ခဲ့ကြပါတော့သတည်း။

အမှန်တော့ ဒေါ်မြကျေးရူးဖြင့် ရောမ ပြဿနာကြီး ကို အသံထိတ်ပုံစံဖြင့် အရေးကြီးလှသော ထိုတစ်ချိန် ပြီးငြိမ်းသွား ရပါတော့၏။

“ဟင် ... ဝေသန်နဲ့ ဖိုးဇော် မရှိတော့ဘူး ... ”

တစ်အိမ်သားလုံး မျက်လုံးဝိုင်းကာ လိုက်ရှာကြ သည်။

“ဟော့ဒီမှာ ... ရုပ်စုံရုပ်တွေထည့်တဲ့ သေတ္တာကြီးက ဟာ လာဟင်းလင်း ဘာမှမရှိတော့ပါလား ... ”

“အင်း ... ဒင်း အသက်လောက်ချစ်တဲ့ပစ္စည်းတွေ ဂုန်နီအိတ် တွေနဲ့ ကဲ့ယူသွားကြတာကိုး ... ”

“အင်း ... အင်း ပေါမာ့မျက်နှာလည်း သူမကြည့်ချင်တာ ဘူးလေ ... ကျုပ်တို့အားကျိုးခန့် ပျိုးထားတဲ့ ခင်းသား သွားပါပြီကွာ ... ”

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် အဘရယ် ... ကျွန်တော်နဲ့ဟောမာ မေတ္တာရှိနေကြတာ ကြာပါပြီခင်ဗျာ၊ သူ့ကို ခေါ်လာဖို့ ဦးချစ်တင်ကြီး အကြံပေးသမျှ လုပ်ခဲ့ရတယ်လေ။ ခုတော့ သူများမကောင်းကြံ သူ့သမီးနဲ့ ဝတ်လိုက်ခွဲသွားတယ်လေ ... ကျွန်တော်လည်း အဘတို့စီးပွားရေးကြည့်ပြီး ကိုကျိုတ်ပြီးဆွေးခဲ့ရပါတယ်။ ဝေသန်နဲ့ရသွားလည်း စီးပွားရေးအရတော့ မဆိုးဘူးလို့ ကျွန်တော် တွက်ပေးခဲ့တာပါ။ ခုတော့ကလေးကလည်း ကျွန်တော်နဲ့ ချွတ်စွတ်တူတော့ သားကြီးမြင်ရတော့ သူလည်းဘယ်ခံနိုင်ပါတော့မလဲဗျာ ... "

"အေး ... အေး သူ့မိန်းကလေး မဒ္ဒီနဲ့ ချောချောမောမော ပြန်တွေ့နိုင်ပါစေလို့ ဆုတောင်းရတော့မှာပဲကွယ် ... ချစ်တင် ... ချစ်တင် ငါတို့ကို ကျောက်ချလိုက်တာ ... "

"စားဝတ်နေရေးတော့ ခုချိန်ကစပြီး ကျွန်တော် တာဝန်ယူပါတယ် အဘရယ် ... "

ဝေသန်အဖြစ်ကို သူတို့ကိုယ်တိုင်ပင် ရင်ထုမနာဖြစ်၍ ကျန်ခဲ့ကြပါတော့၏။

သူတို့တစ်တွေ ဝေသန်ကို လွမ်းနေကြစဉ် ...

ဝေသန် ရောက်ရှိသွားသော နေရာကား ကျောက်ဆည်မြစ်သား အနီးရှိ (ဒရယ်ဂေါင်း)ဟူသော ရွာကြီးတစ်ရွာ ဖြစ်ပါသည်။ ရွာသာဆိုတယ် အိမ်ကြီးခရိုင်များနှင့် လူတွေကလည်း ဘုရားဒကာ၊ ကျောင်းဒကာများ ဖြစ်သဖြင့် ကျက်သရေရှိကြပါပေ



သည်။ ဖိုးဇော်ပြန်လာသည်ဆို၍ ဆွေမျိုးတွေ ဝိုင်းအုံရောက်လာကြသည်။ အမှန်တော့ သူတို့ ရွာထွက်မင်းသား ဖိုးဇော်ကို လာနှုတ်ဆက်ကြခြင်းပါ။ ဖိုးဇော်နှင့်အတူ ငါးချိတ်ပေါင်းနှင့် ပဲပြုတ်များ နှမ်းဆီ(ဆုံဆီ) မွှေးမွှေးနှင့် နှစ်နေအောင် နယ်ထားသော နံနက်ခင်းစားဖို့ ရေနွေးကြမ်းပူပူနှင့် စားနေသော မင်းသားလေး ဝေသန်ကို ဝိုင်းအုံကြည့်နေရတော့သည်။

မင်းသားလေးခမျာ ကံတရားအရ (နွားဇာတ်ခင်းခံရ၍) လူတွေကို မချိပြုံးကလေး ပြုံးကြည့်သည်ကလွဲ၍ စကားမပြောနိုင်ရှာပါ။

ဖိုးဇော်တို့က တဲကြီးနှင့် နေရသော်လည်း ရှေးတောင်သူကြီးများဖြစ်ကြ၍ နောက်ထဲတွင် ဆီစဉ့်အိုးနှင့်အပြည့် စပါးကလည်း ဝိုဒေါင်နှင့်တစ်ဝက် လိုသလောက် လက်ထောင် ကလေးတောင်းကာ တောင်းကာနှင့် ညှို့တစ်ယောက်၊ နှစ်ယောက်တော့ မဖြို့ ဟင်းလျာစုံလင်စွာနှင့် ကျွေးရှာပါသည်။ ဝေသန်ပါတဲ့ သူကလည်းစိတ်ကောင်းရှိသူ၊ လူမှုရေးနားလည်သူဖြစ်၍ ရောက်ရောက်ခြင်း ငွေသုံးရာနှင့် ဖိုးဇော်မိဘများကို ကန်တော့ထားလိုက်သည်။ ဝေသန်ကို ရပ်ကလေးကိုက ချစ်ရသည့်အထဲ သူကလည်း မြန်အလိုက်သိလွန်းမှု၍ တစ်အိမ်သားလုံး ပြာပြာသလဲ ဂရုစိုက်ကြရှာပါသည်။

သူတို့တဲကြီးသည် ရွာကို ဖြတ်သန်းစီးဝင်နေသော စမုံချောင်းကြီးကို မျက်နှာမူထား၍ လွန်စွာ ဆွတ်ပျံ့ကြည်နူးစရာ

www.burmeseclassic.com



ကောင်းလှသည်။ ညနေဘက်တွင် ဝေဿန်သည် သူ့ရင်ထဲလွမ်းနေသည်။ နာနေသည်။ ဒေါသတွေ လှိုင်းဆန်နေသည်။ ထို့ကြောင့် မိုးဖော်အလစ်တွင် စမုံချောင်းကမ်းပါးကြီးအတိုင်း လျှောက်လာသည်။ ရှာတွင် မမြင်ဘူးသော လူဖြူနုနုကို ဟိုကြည့် သည်ကြည့်နှင့် သူတော့သတိမထားနိုင်ပါ။ အဘယ်ကြောင့်ဆိုရသော် စမုံချောင်းထဲတွင် လှေတစ်စင်းပေါ်၌ အလွန်ချောမွေ့လှပသော မိန်းကလေးတစ်ဦး လှေကလေးကို ဖြည်းညှင်းစွာ လှော်ခတ်သွားသည်။

"ဟင် ... ငါ့စိတ်ထဲ စွဲလန်းလို့လား မသိဘူး ... မဒ္ဒီနဲ့ တူသလိုပဲ ..."

သူ အဝေးကနေ အားမလိုအားမရနှင့် ရေဆိပ်ရောက်ရန် ချောင်းကြီးကို တဖြည်းဖြည်းဆင်းလာသည်။ နီးလာလေလေ မဒ္ဒီနှင့်တူလေဖြစ်သော်လည်း လှေငယ်ရှင်က တစ်ဘက်သို့ မျက်နှာမူနေ၍ သူ့ကိုမြင်ပုံမပေါ် ...

"အား ... မဒ္ဒီပဲ ... မဒ္ဒီအစစ်ပဲ ..."

သူသည် ဝမ်းသာလွန်း၍ လက်ဖျောက်တစ်ချက်တီးလိုက်မိသည်။ လှေငယ်ရှင် မိန်းကလေး လှည့်ကြည့်သည်။

"ဟင် ... အစ်ကိုဝေဿန် သူရဲ ... သူရဲလာခြောက်တာလား ..."

ယုံနိုင်စရာကလည်းမရှိ၍ မဒ္ဒီ့စိတ်ထဲ သရဲလာခြောက်သည့်ဟုပင် တကယ်ထင်နေမိရှာသည်။ ရှု့၍လည်းပြော



လိုက်မိသည်။

"သရဲမဟုတ်ပါဘူးကွယ် ... လူ ... လူမှ လူအစစ် ဝေဿန်ပါ ..."

"အို ... လှေလူးနေပြီ ... အသာလှည့် ... အသာလှည့် ဖြည်းဖြည်းလာလေ ..."

"ဒီတစ်ခါတော့ ... မိုးပေါ်က ငှက်ဂျွန်ကြီးလာသုတ်တောင် ဝေဿန်က မြေကြီးမှာကပ်စောင့်နေမယ်။ ဘယ်သူ့အခိုးမှလည်း မခံတော့ဘူး မဒ္ဒီရေ ..."

မဒ္ဒီသည် စိတ်လှုပ်ရှားလွန်း၍ လှေသည် ကမ်းရောက်ခါနီးမှ ယိမ်းထိုးနေသည်။

ဝေဿန်သည် ပုဆိုးခါသွားရပြီး မလှမ်းမကမ်းတွင် ထိုးဝါးကြီးလှမ်းမြင်လိုက်၍ ပြေးယူသည်။ ထိုးဝါးကြီးကို လှမ်းပေးသည်။

"မဒ္ဒီ ... ငြိမ်ငြိမ်လေးကိုင်ထား ... ကိုင်ထား အစ်ကို ကမ်းဘက်ဆွဲယူလိုက်မယ် ..."

သူသည် ယခင်ဝေဿန်မဟုတ်တော့ပါ။ စကားကြွယ်မင်းလေး ဟေမာဦး၏ လင်လည်းဖြစ်ခဲ့ဖူးပြီ။ စင်လည်း တက်ကခဲ့ဘူးပြီ။ ကျေးဇူးရှင် (သဘောက်မသား)ကြီးက ဓာတ်စကားတွေလည်း နှုတ်တိုက်နေ့တိုင်း အသင်ခံခဲ့ရသည်။ ထို့ကြောင့်လည်း မဒ္ဒီ့ကို လှေပေါ်မှ ဆွဲချလိုက်ပုံကပင် ကိန္နရာကနေသည့်ပုံစံများ ဝင်လေမထားမသိ ... သို့သော် မဒ္ဒီက သူ့ကို ပြန်ပြီးမပြုနိုင်ရှာပါ။

www.burmeseclassic.com



စိတ်နာနေသည့် ထင့်မျက်နှာကို ငုံ့ထားသည်။ ပြီးတော့ သူ့အား ဘဝနှင့်ချီ၍ ကယ်ဆယ်သွားသော ကိုစိုးအောင်မျက်နှာကလည်း ပေါ်လာရသည်။

သို့သော် ဝေသနံ့အဖို့ ယောက္ခမကြီးက လက်ဝါး နှစ်ပြင်ဆက်၍ ပေးစားလိုက်သည်ပင် သဘောပေါ်မှ လူအုပ်ကြီး ရှေ့မို့ လက်ကလေးမှ မဆွဲရဲ ဒီကောင့်အသည်းနာရသည်ကတော့ လူကို အရှင်လတ်လတ် အခိုးခံလိုက်ရသေးသည် မဟုတ်ပါလား

ထို့ကြောင့် ဒီတစ်ခါတော့ ကမ္ဘာကြီးပင် ရွေ့စောင်း၍သွားချင်သွားပါစေတော့ ဟူသော စိတ်ထားနှင့် ဒကောက်ကွေးမှ မြှောက်၍ချီထားလိုက်ပါတော့၏။

"ဟင် ... လွှတ် ... လွှတ် မင်းသမီးလင်သားတစ်ယောက် အဖေကြီး ... "

မဒွီသည် ဝေသနံအား အသည်းကွဲမတတ်ချစ်ခဲ့ရသူဖြစ်သော်လည်း မိန်းမပီပီမ (မာန်)ကလေးနှင့် ရုန်းသည်။ ဝေသနံက သဲသောင်တွင် ထိုင်ချလိုက်ရင်း တင်းကြပ်စွာဖက်ပြီး မဒွီ့လက်တစ်ဖက်ကို ကိုင်၍ သူ့ပါးကို တဖြန်းဖြန်း ရိုက်စေသည်။

"ရိုက် ... ရိုက် ... ရိုက် အားရအောင်ရိုက် လွှဲအိုစော်နံတဲ့ ယောကျ်ားသားတစ်ယောက်၊ သားတစ်ယောက် အဖေလောင်းလို့ နာမည်ကြီးခဲ့ရသမျှ ရိုက်လိုက်စမ်းကွာ ... "

"ဖြန်း ... "

"ဖြန်း ... "



"အို ... "

လေးငါးချက်ခန့် ပြင်းထန်စွာ ရိုက်လိုက်ရ၍ သည့်တစ်ခါတော့ မဒွီလက်ကို တောင့်ထားပြီး တအားကြီးငိုချလိုက်ပါတော့သတည်း ...

ဖူးစာမှန် ပြန်တွေ့ချင်တော့လည်း ဒေါ်မြခက်သည် ကိုစိုးအောင် အမှုနှင့်ပတ်သက်၍ မန္တလေးတွင် ဆက်မနေရဲတော့ပါ။ အိမ်ကလေး ရောင်းချခဲ့ပြီး ပထမ ရန်ကုန်သို့ စုန်ရန်ဖြစ်သည်။ သို့သော် ဒေါ်မြခက် အစ်မကြီးဒေါ်လှခက် မမာကြောင်း လူအခေါ်လွှတ်သဖြင့် ...

"ဒို့ ညီအစ်မ စိုးအောင့်ကြောင့် မန္တလေးမှာ မနေရဲတဲ့အတူတူ ရွာကို မကြည့်ရင်း ခဏတစ်ဖြုတ် ကွန်းခိုလိုက်ကြတာပေါ့အေ ... ပြီးရင် ရန်ကုန်ဆင်းမယ် ... "

စလင်းကွင်းလယ်မှာ လူတွေငေးကြည့်ရအောင် လာကြည့်ကြစေမယ်ဟူ၍စဉ်းစားဆုံးဖြတ်ခဲ့ကြသည်။ဒရယ်ကောင်းရောက်စက သူလည်း လူ့တွေလာလာကြည့်ကြသည်။

"လှလိုက်တာတယ် ... ချောလိုက်ပုံများ ရတ်စက်ပ ... သည်မင်းသမီးရတဲ့ ယောကျ်ားတော့ ကံအထူးဆုံးပဲဖြစ်မယ် ... "

ဟု စကားတွေ လွှင့်သူက လွှင့်သွားကြ၍ သူ့က အခန်းထဲဝင်ပြေးရင်း ...

"အမယ်လေး ... အထင်မကြီးကြစမ်းပါနဲ့ရှင် ... ကျွန်မရတဲ့

www.burmeseclassic.com

ယောက်ျားလည်း လှူနိုးခံရတယ် ... ကျွန်မကို ကြိုက်မိခဲ့တဲ့ ကိုစိုးအောင်လည်း ကိုကိုးကျွန်းကို အပို့ခံရတယ် ... လူလှ သလောက် ယောက်ျားကံဆိုးတယ်ရှင် ... ”

“အထင်မကြီးကြစမ်းပါနဲ့ ... အထင်မကြီးကြစမ်းပါနဲ့”

ဟု တစ်ယောက်တည်း ပြောပြောပြီး ငိုရသည်မှာ လည်း အကြိမ်များစွာ ဖြစ်ခဲ့ရပါသည်။

အမှန်တော့ ဝေသန်နှင့် ပြန်တွေ့ရလိမ့်မည်ဟု လုံး ဝမထင်ခဲ့ပါ။ ဤဘဝ ဤမျှသာဟူ၍ နားလည်ထားခဲ့သူပါ။

ယနေ့တော့ဖြင့် မမျှော်မလင့် ဝေသန့်ကို တွေ့ရ သည်။ ဝေသန်က သူ့ကို လေ့ပေါ်မှ ပွေ့ချပေးသည်။ သူမျက်နှာ ညှိုးနေသဖြင့် သူ့လက်ကလေးနှင့် ဝေသန့်ပါးကို တဖြန်းဖြန်းချခဲ့ ရသည်။

ထိုအခိုက် သူမင်းသားပျောက်၍ တစ်ရွာလုံး ရှာပြီး မှ စမုံဆိပ်သို့ ဝမ်းသာအားရ ရောက်ချလာသည်။ သူတို့ ပြန်ပေါင်း ထုပ်ပွဲအတွက် ဖိုးဇော်က လှူမသေဘဲ ဖြစ်ကြောင်းကုန်စင် နတ်သံ နောရတော့သည်။

နောက်ဆုံး အခက်အခဲ၌ ဝေသန်ကား ကလေး အဖေ မဟုတ်ဘဲ ဘိုဇကလေးအဖေဖြစ်နေပုံကို ဖိုးဇော်က ဟား တိုက်ရယ်ရင်း ပြောနေသော်လည်း မဒ္ဒီ မရယ်ရက်၍ပါ။ ရင်နာဟန် လေးနှင့် နားထောင်ရင်း ...

“အစ်ကိုဝေသန်ရယ် ... ဖြစ်မှဖြစ်ရလေရှင် ... ”



ဟု ဆိုရင်း မဒ္ဒီ တသိမ့်သိမ့်ငိုပါတော့သည်။

ဖိုးဇော်လည်း သင်းတို့၏ ချစ်ခြင်းမေတ္တာကို အထင် မသေးရဲတော့ပဲ အားထောင့်အားနာနှင့် အရယ်ရပ်ခါ ဒေါ်မြခက်ထံ ဝင်ကြသည်။

“ဒေါ်ဒေါ်မြခက်ဆိုတာပါလားခင်ဗျာ ... လောလောဆယ် မဒ္ဒီ့ကို ထိန်းသိမ်း စောင့်ရှောက်ထားသူအနေနဲ့ ကျွန်တော် ဦးတော်တင်ပါရဲ့ဗျာ ... ကျွန်တော်နဲ့မဒ္ဒီ့ကို ဖိမ်းနှံ့ခါကျယင် ဒီရွာတစ်ဝိုက်က ဆရာတော်ကြီးတွေ ဆွမ်းကျွေးပြီး မင်္ဂလာ ဆောင်ခွင့်ပြုပါခင်ဗျာ ... ”

“ဟော ... မြန်လှချေလားကွဲ့ ... ”

“အမြန်တကာ့ အမြန်ဆုံး မင်္ဂလာဆောင်ချင်ပါတယ်ခင်ဗျာ တော်တော်ကြာ လေဆင်နှာမောင်းတိုက်ပြီး ကျွန်တော် တို့နှစ်ယောက် ကွဲသွားမှာစိုးလွန်းလို့ပါခင်ဗျာ ...ကျွန်တော် နဲ့မဒ္ဒီ့ကို သူ့အဖေကိုယ်တိုင်က လက်ထပ်ပေးလိုက်တာခင် ဗျာ ... ”

အနားရှိသူများ ဂရုဏာသက်ပြင်းကြီးများ ပြိုင်တူ ချလိုက်ပါတော့သတည်း။

ဝေသန်က ဖိုးဇော်ကို မင်္ဂလာပွဲအတွက် ထမင်းရုံ ဆောက်ရန်၊ ဆရာတော်ကြီးများ ပင့်ဆောင်ရန်၊ လှူရန်များ ဟင်း အိုးများ ငွေတွေထုတ်ထုတ်ပေးနေ၍ ရွာတွင် လူတွင်ကျယ်ကြီး လုပ်လိုလှသော ဖိုးဇော်တစ်ယောက် တဘက်ကလေးပခုံတင်ရင်း

www.burmeseclassic.com



တပျဉ်ခန့်ခန့်ခွေ၍ စာရင်းအင်းမှတ်ရင်း အလွန်ပျော်ရွှင်သွားရပါတော့သတည်း။

ထိုစဉ် ရွာ၏ ညွှသည် မင်းသားဝေဿန်နှင့် မင်းသမီး မဒ္ဒီတို့၏ (ဒ်ရယ်ဂေါင်းရွာတွင်) ထမင်းရုံကြီး လျှံမထွက်မတတ် အားပါးတရ ကျွေးပုံကို ယခုထိပြောမဆုံး သတိရမဆုံး ဖြစ်ခဲ့ရပါတော့၏။

*****



ရက်၊ လ၊ နှစ်များ တဖြည်းဖြည်းနှင့် ကုန်ဆုံးခြင်းတို့ကို တွက်ချက်ကြည့်သောအခါ နောက်အနှစ်ငါးဆယ်ခန့်ကြာသောအခါ (ရက်ပေါင်း တစ်သိန်းရှစ်သောင်း ကျော်မျှကြာသော်)

သုခုမအနုပညာများ ထိန်းသိမ်းခြင်းအနေဖြင့် နိုင်ငံတော်က ဆိုကရေးတီး ပြိုင်ပွဲကြီးများ နှစ်စဉ်ကျင်းပလာခဲ့သည်။ ပဥ္စမအကြိမ် ဆိုကရေးတီး ပြိုင်ပွဲကြီးတွင် ထူးထူးခြားခြား ပြိုင်ပွဲတစ်ခုပါသည်။ ယှဉ်ပြိုင်သူ အမျိုးသားများရှိကြ၍ အမျိုးသမီးလေးတစ်ဦးတည်း ဖြစ်နေ၍ တစ်ကိုယ်တော်ပြပွဲနေနှင့် လက်ခံထားသည်။ ဤမိန်းကလေး၏ အမည်ကား ကျွန်းစံဒွီပါတည်း။

အသက်တွေ ခုနစ်ဆယ်ကျော်ကုန်ပြီဖြစ်သော ဦးဝေဿန်နှင့် ဒေါ်မဒ္ဒီတို့သည် တိုက်ပုံအကျီပါးပါး၊ မာလာသရက်ထည်ဆင်နှင့် ပိုးပုဆိုးထယ်ထယ်နှင့် အဘိုးကြီးဆိုရသော်လည်း လူတွေက နှစ်ခါပြန်လောက်တော့ အနည်းဆုံးကြည့်မိကြသည်။ ဒေါ်မဒ္ဒီကလည်း မင်းသမီးဘဝက ထမီများကို လုံချည်အဖြစ်ဝတ်ထား၍လည်း ရွှေကြည်ထိုးအဆုတ်အပွင့်ကြီးတွေ နှင့်အရောင်တွေ

www.burmeseclassic.com

www.burmeseclassic.com



တဖျပ်ဖျပ် တောက်ပနေရှ၍ အမျိုးသားဇာတ်ရုံကြီးနှင့် လွမ်းစွာ လိုက်ဖက်နေရပေသည်။

"ကြည့်ပါဦး အစ်ကိုရယ် ... ကလေးမလေးနာမည်က ကျွန်းစံဒွီတဲ့ ဆန်းမှဆန်းနော် မျက်နှာလေး ဘယ်မှာတွေ့ဖူး သလိုလို ကြည့်ပါရှင် ... တရုတ်သီချင်း၊ အင်္ဂလိပ်သီချင်း၊ ယိုးဒယားသီချင်းတွေအပြင် မြန်မာအမျိုးသားသီချင်းကို (အနေး-အမှန်-အမြန်) သုံးမျိုးသုံးစားခွဲပြီး တယော ကလေးကို ကျွန်းပျံသွားမတတ်ထိုးတတ်လိုက်တာ မဒွီလေ မဒွီ ဆုချချင်လိုက်တာ အစ်ကိုရယ် ... "

"အလို ... အဲလောက်သဘောကျပုံရရင်တော့ ကျွန်းစံဒွီဆို တော့ မဒွီနာမည်လေးပါလို့နဲ့ တူပါရဲ့ဗျာ ... ဟား ... ဟား ဆုချပါ ချီးမြှင့်လိုက်ပါ၊ ကောင်းတာတော့ ပြိုင်သူမိန်း ကလေးတောင် မရှိဘူးနော် ... နောင်နှစ်တွေဆိုယင် ပေါ် လာတော့မှာပေါ့ဗျာ ... ကဲ ... ကဲ ... ဘယ်လောက်ဆုချ ချင်တာလဲ ... "

"သုံးသောင်း ... "

"ရော် ... "

ဦးဝေသန် အမှန်အံ့ဩသွားရသည်။ မဒွီသည် အသက်ကြီးမှ ပိုနုမြောနေတတ်သည်။ တစ်ဖြားကို နှစ်ပြားခွာနေ သူပါ။ ယခုတော့လည်း စေတနာတွေ ရက်ရောလှချေလား ... သူက တွေးရင်း ကတ္တီပါရှုံကြိုးအိတ်ကလေးထဲမှ ငွေသုံးသောင်း ထုတ်ပေးသည်။



"နေဦး ... နေဦး ဆုချမဲ့အကြောင်း ဆရာမလေးကို ကြေ ညာဖို့ အပြောခိုင်းဦးမယ် ... "

ဦးဝေသန်က ကျွန်းမာကျစ်လျစ်သော အဘိုးကြီးစိ စိ စာလေးရေး၍ ဆရာမလေးကို ပေးလိုက်သည်။ ဆရာမလေးက ဝမ်းသာအားရ ကြေညာသူသို့ သွားပေးသည်။

ကျွန်းစံဒွီကား တယောသံ လွန့်ဆဲ ... ကွန့်ဆဲ ရစ်ဆဲ ... ခွဲဆဲ ... လူတွေကလည်း နားအရည်ပျော်မတတ်အာရုံ တွေ့ဆဲ မဟုတ်ပါလား ...

"လေးစားအပ်ပါသော မင်းပရိတ်သတ်ကြီးရှင့် ... ကျွန်းစံဒွီ တဲ့ နံမည်လေးကလည်းဆန်း၊ တယောပညာကလည်း လျှမ်းလျှမ်းတောက် ကောင်းမွန်လှပါ၍ အနုပညာသည်ကြီး (၂)ဦးဖြစ်တဲ့ ဦးဝေသန်နဲ့ ဒေါ်မဒွီတို့ကနေပြီး ဆုတော်ငွေ သုံးသောင်း ချီးမြှင့်လိုက်ပါတယ်ရှင် ... "

"ဦးဝေသန်နဲ့ဒေါ်မဒွီတို့ စင်မြင့်ပေါ်သို့ ကြွခဲ့စေလိုပါတယ်"

ကွမ်းငုံသံ ကရုဏာသံလေး စွတ်နေသော အဆို တော်ကြီး ဒေါ်တင်တင်မြမှ ကြေညာပေးလိုက်ပါတော့၏။

"လာ ... လာ ... အစ်ကိုတွဲခေါ်မယ် ... ဖြေးဖြေးသွား ဖြေးဖြေးသွား ... "

ဦးဝေသန်က တွဲခေါ်သည်။ တယောဝိဇ္ဇာမလေး ကျွန်းစံဒွီသည် ဝမ်းသာအားရလေး လက်နှစ်ဘက် ရင်ခွင်ယှက်၍ စက္ကူအိတ်ကလေးနှင့် ထည့်ထားသည့် ကျပ်ငွေသုံးသောင်းကို လက်ခံလိုက်ရာ လက်ခုပ်သံများ တိုင်ပင်ထားသကဲ့သို့ ဝေါခနဲ

www.burmeseclassic.com

www.burmeseclassic.com



တစ်သိတည်းအဖြစ်ပေါ် ထွက်လာပါတော့၏။ သူတို့ ဆုတွေပိုင်းချ ကြရာ ကျွန်းစိတ္တံသည် တစ်သိန်းကျော်လောက် တနင့်တပိုးကြီးရှိ သွားပါတော့သတည်း။

"အဟင်း ... ကျောက်စိမ်းလက်ဖွဲ့စွပ်ကြီးနဲ့ ကျောင်းအမလေး များ ... "

လေ့ကားနားတွင် ပိုးပုဆိုးခရမ်းဖျော့ရောင်နှင့် မွန် မွန်ရည်ရည် လူကြီးတစ်ယောက်က ဆီး၍နှုတ်ဆက်သည်။ ဒေါ်မဒ္ဒီ ဆတ်ခနဲကြည့်ရင်း ...

"ဟော့တော့ရှင် ... ကိုစိုးအောင်ကြီးပါလား၊ နေစမ်းပါဦး နေစမ်းပါဦး ဘယ်တုန်းက ပြန်ရောက်လိုက်တာလဲရှင် ... ဝမ်းသာလိုက်တာ ... "

"ဦးဝေသန်နဲ့ မိတ်ဖွဲ့ပေးပါဦးဗျာ ... "

ဒေါ်မဒ္ဒီသည် ယခုမှ သတိဝင်လာကာ ...

"အစ်ကိုဝေသန်ရေ ... ဟောဒါ မဒ္ဒီ ပြောပြောပြတဲ့ ဦးစိုး အောင်ကြီးပါရှင် ... ကျွန်မအတွက် အနစ်နာခံသွားရှာတာ လေ ... "

သူက မိတ်ဆက်ပေးမှ နှစ်ယောက်သား ဝမ်းသာ အားရ ရင်ခွင်းကပ်လိုက်ကြသည်။

"ကဲ ... ကဲ ... လာ ကျွန်မတို့နား ကုလားထိုင်တစ်လုံး လွတ်နေတယ် ထိုင်ပြီး ဝမ်းသာကြရအောင်ပါရှင် ... "

မဒ္ဒီသည် ငယ်စဉ်ကကဲ့သို့ သွက်သေးရုံမက ချက် ချက်ခြာခြာနှင့် အလွန်စီမံခန့်ခွဲတတ်သည့်ပုံပါ။



"ဒါနဲ့ ... ဒါနဲ့ ဟိုက ဘယ်တုန်းက ပြန်ရောက်လာတာလဲ ရှင်? ကျွန်မကတော့ တစ်ခါတစ်ခါ ငှက်ဖျားများများမိသေး သွားမလားလို့ တွေးယင်းငိုမိပါတယ်ရှင် ... "

"လွတ်ဆိုတာဆန်းလှပါတယ်ဗျာ ... ကျွန်တော်က (၁၉၆၉) ခုနှစ်က အောင်ဘာလေမဲနဲ့ လွတ်ငြိမ်းခွင့်ရတယ်လေ"

"အဲ ... အဲ ... အသက်(၆၀)ပြည့်မှ ကိုစိုးလေ ကျွန်းသူ လေးနဲ့ အိမ်ထောင်ကျသဗျာ ... "

"အို ... ဟုတ်ရဲ့လား ... မဒ္ဒီဝမ်းသာပါတယ်။ ဘယ်မှာလဲ ခေါ်ပါဦး ... ခေါ်ပါဦး၊ ကျေးဇူးတင်စကားတွေ ပြောချင် လွန်းလို့ပါ ... "

"ရန်ကုန်ကို လိုက်ရတော့မယ်ဆိုတော့ ဝမ်းသာလုံးဆို့သွား တာလား မသိတော့ပါဘူးဗျာ သမီးလေးနဲ့ ကျူပ်ကိုထားခဲ့ ပြီး အကောင်းပကတိက နှလုံးလေရိုက်သွား ရှာတာပါပဲ ဗျာ ... "

"ခြော် ... ဖြစ်မှဖြစ်ရလေရှင် ... "

"ဒါနဲ့ ဦးဝေသန်တို့ သားသမီးဘယ်နှစ်ယောက် ထွန်းကား ပါလဲ ... "

"သားက ရမ္မးတဲ့မြေးတောင်ရနေပြီဗျ ... ဒီနှစ် ရန်ကုန်တိုင်း ကနေပြီး မင်းသားလက်အကဲဆု ပထမဆုရတယ်လေ ... ဟော ... ဟော စောစောက သူ့သူငယ်ချင်းခေါ်သွားလို့ မုန့်သွားစားကြတာ ပြန်လာပြီ ... လာ ... မြေးလေး ... "

"အို ... ဦးဝေသန်နဲ့ တစ်ပုံထဲပါလားခင်ဗျာ ... "

www.burmeseclassic.com



"ဟုတ်ကဲ့ … ကျွန်တော်နဲ့ ချွတ်စွတ်တူတဲ့ မြေးလေးပါဗျာ၊ အဲ … အဲ နာမည်လေး ပြောလိုက်ပါဦး မြေးရယ် … "

သူ့ အဘိုးဝယ်စဥ်က ပုံသဏ္ဍာန် အသားဖြူဖြူ မျက်ခုံးထူထူနှင့် လူဖျိုကလေးသည် လေးလေးစားစား ကြည့်၍ …

"ကျွန်တော့်နာမည် ဝေသန်စိုး လို့ခေါ်ပါတယ်ခင်ဗျာ"

"ဝေသန်စိုးတဲ့လား … မဒ္ဒီရေ … မေတ္တာရောင်ပြန်ဟပ်တယ်ဆိုတာ ယုံလိုက်ပါတော့ကွယ် … "

"ကျွန်တော့်တစ်ဦးတည်းသမီး အသက်(၆၀)ကျော်မှရတဲ့ ပင်အိုသီးလေးပေါ့၊ တယောဝိဇ္ဇာမလေးနာမည်ကလဲ ကျွန်းစံဒီတဲ့ ခင်ဗျာ … ကိုကိုးကျွန်းမှာ မွေးခဲ့တာကိုးခင်ဗျာ"

"ဟင် … အဲဒါ ကိုစိုးအောင်ကြီးသမီးဟုတ်လား … "

"ခင်ဗျားတို့ ဆုချခဲ့ကြတာ ကျုပ်သမီးလေးဗျ … "

"ဟော … ရှင် … လောကကြီးဟာ တစ်ခါတစ်ရံ ကိုယ့်အတွက် ကြေကွဲစရာ ကောင်းခဲ့သလောက် အတိတ်ကံအိုဓာတာ ကောင်းပြီဆိုတော့လည်း တကယ့်ကို ပျော်စရာကြီးပါလားဗျ … "

"ဒါနဲ့ ကိုစိုးအောင်ကြီး ဘယ်မှာနေလဲဟင် … "

"ရွှေတောင်ကြားလမ်းမှာပါ သမီးကို တယောသင်ပေးတဲ့ တက္ကသိုလ်က ဆရာမကြီးဝိုင်းထဲမှာ အုတ်တိုက်သေးသေး တစ်လုံး ပေးထားရှာပါတယ် … "

"ဩော် … သဘောကောင်းလိုက်ကြတာနော် … "

"သူ့အဖေက ကိုကိုးကျွန်းမှာ ဆရာဝန်ကြီးအဖြစ် နှစ်ပေါင်း



များစွာနေခဲ့တာလေ … သမီးလေးဘွဲ့ရတော့ ပြန်ခေါ်ပြီး ထားတော့ ကျွန်းစံဒီကို မိန်းကလေးအဖော်ပေါ့ကွယ် … ဗိုထားပေးရတာပါ။ သမီးကလည်း သိပ်အလိုက်သိတော့ တယောပညာကို ပညာကုန်ပေးရှာတာပါ။ သူလည်း လာကြည့်ပါတယ်၊ စောစောကပဲ ပြန်သွားပါပြီ။ ကလေးက ဉာဏ်ကောင်းလွန်းလို့ သူ့(ပညာကုန်)ပေးရကျိုးနပ်တယ်တဲ့ အဲ့လွန်ကို ကျေနပ်နေရှာတာပါဗျာ … "

ထိုအခိုက် ကျွန်းစံဒီအဝတ်အစားများလဲပြီး ဆင်းလာရင်း …

"ဖေစိုရေ … မနေ့က ပြိုင်ပွဲမှာ အဲဒီအကိုကြီး ပထမရတာပေါ့ … ကကွက်တွေက သိပ်ဆန်းတာပဲ ဖေစိုးရဲ့ … "

"ဟောဗျာ … ခင်ဗျားလေးတို့နှစ်ယောက်က သိနေလိုက်ကြပလားဗျ … "

ဦးဝေသန်က အံ့ဩတကြီး မေးလိုက်သဖြင့် …

"ဟုတ်ပါတယ် … ဖိုးဖိုးရယ် … သူကလည်း ကျွန်တော့်ကွက်တွေက ဆန်းလွန်းလို့တဲ့ ပထမရတာ ထိုက်ထိုက်တန်တန်ရတာပါတဲ့ … အဲ … ကျွန်တော်ကလည်း သူလိုများ တယောထိုးတတ်ရင် သေပျော်ပါပြီးလို့ ပြောနေမိတာခင်ဗျ … "

"အမယ်လေးလေး အနုပညာသွေးတွေ … အနုပညာသွေးတွေ ရဲရဲနီနေကြပါပေါ့လားဗျို့။ ဒါ … ဒါ … ဒီ(ဆိုကာရေးတီး)ပြိုင်ပွဲကြီးကို ကျုပ်တို့စျေးရှုးတင်ရှာဗျာ … ကျေး

ရှူးတင်ရမှာ ... ”

“ဟုတ်ပါတယ်ရှင် ... ခုလိုပညာသည်စုံစုံနဲ့ ဆိုကာရေးတီး ပြိုင်ပွဲကြီးများမရှိဘူးဆိုရင် ကျွန်မရဲ့ ကျေးရှူးရှင် ကိုစိုးအောင်ကြီးနဲ့ ဘယ်လိုလုပ်တွေ့နိုင်မှာလဲနော် ... ”

“ဟုတ်ပါတယ် ကိုစိုးအောင် ... ကျွန်တော့်ဇနီးက ကိုစိုးအောင်အပေါ် ဘယ်လောက်ကျေးရှူးတင်သလဲဆိုတော့ ကျွန်တော်ကို ဇော်ဘွားကြီးက ဆုချတဲ့ ဟော့ဒီစိန်နဲ့မြ လက်စွပ်ကြီးပေးတာ မယူဘူးခင်ဗျာ ... သူ့ကျောက်စိမ်း လက်စွပ်မှ ... ”

“အဟဲ ... အဟဲ ... မဒ္ဒီရယ် ... ဒီလောက် ကျေးရှူးသိတတ်တာ ကျုပ်ရင်ထဲမှာ ကျေနပ်သွားပါပြီ ... ”

ဦးစိုးအောင်သည် ဝမ်းသာအားရကြီး ပြောလိုက်ခြင်းဖြစ်သော်လည်း အသံကြီးက ငိုသံစွပ်သွားကြောင်း မဒ္ဒီက သူတစ်ယောက်သာ နားလည်သည်ဟု ထင်နေရာသည်။

ဦးဝေသန်က သူ့ဇနီးကို ဖေါင်းတည်းတည်းနှင့် ပြုံးကြည့်သည် အမှန်တော့ မရှိပြုံးမိ။

“မဒ္ဒီနဲ့ ကိုစိုးအောင်ကို ပြောစရာရှိတယ်ဗျ ... အလွန်ခဲခဲယဉ်းယဉ်း ပြန်ဆုံရတဲ့ ကျွန်တော်တို့ သုံးယောက် အနှစ်ငါးဆယ်အတွင်း ခံစားခဲ့ရတာတွေ မှသားတစ်စက်မှမပါဘဲ စကားပြောကြရအောင်ဗျာ ... ”

“အာ ... ကိုဝေသန်ရယ် ဘယ်ကမုသားပါရမှာလဲဗျာ”

“မညာပါနဲ့ဗျာ စောစောကခင်ဗျား ... ဟဲ ... ဟဲ လို့ ရယ်



နေပေမယ့် ခင်ဗျားမျက်လုံးထဲမှာ မျက်ရည်တွေ ငုံနေတယ် ဒါကို မဒ္ဒီ သိတယ်လေ ... ”

“ဟင် ... ”

“အမှန်တော့ ခင်ဗျားတို့နှစ်ယောက်က ဒါကို ကျွန်တော်မသိဘူးလို့ ထင်ကြတယ် အပေါး ... အပေါး ... ကျွန်တော်က သိပ်သိတာပေါ့ဗျာ ... ”

“ဟင် ... ”

“ဟုတ်ပါတယ် ... ကျွန်တော့်ဘဝမှာ မဒ္ဒီလို့မဖြစ်ခင် (သူကလေး)ဘဝထဲက ကျွန်တော့် အသည်းနှလုံးလောက် ချစ်မြတ်နိုးခဲ့ပါတယ်။ ဒါပေမယ့် ... ကျွန်တော့်ကို ရက်ရက်စက်စက်ခိုးသွားကြပြီး ကျွန်တော့်ကို ကိုယ်ဝန်(၄လ) နီးပါးရှိခဲ့တဲ့ ဟေမာဦးနဲ့ ပေးစားကြတယ်။ ဘယ်လောက် ရင်နာစရာ ကောင်းသလဲဗျာ ... ဒါပေမယ့် ကျွန်တော် မုသားမပါတဲ့စကားပြောပါ့မယ် ... ကျွန်တော်ဘဝမှာ အချစ်ဆုံးပါလို့ဆိုတဲ့ မဒ္ဒီနဲ့ ရွှေလက်တွဲပြီး ချစ်ပွဲဝင်နိုင်တဲ့ အချိန်မှာတောင် ကျွန်တော့်စိတ်ထဲမှာ တစ်ခါတစ်ရံ ဟေမာ့ကို လွမ်းလို့ မျက်ရည်ဝဲခဲ့ဘူးပေါင်း အကြိမ်ကြိမ်ပါပဲဗျာ ... ”

“အို ... ”

“ဒါ ... ဒါ မဒ္ဒီအပေါ် အချစ်တွေ လျော့သွားလို့မဟုတ်ဘူးနော် ... မဒ္ဒီကို ငယ်ငယ်တုန်းက ထက်တောင်ပိုချစ်ပါတယ်။ လူ့စိတ်ဟာ ဘယ်လောက် ဆန်းကျယ်တယ်ဆိုတာ ပြောပြတာပါဗျာ ... အဲဒီတော့ ကျွန်တော့်ဇနီးမဒ္ဒီက တို

www.burmeseclassic.com



စိုးအောင်ကြီး … ကိုစိုးအောင်ကြီးနဲ့ ချစ်စနိုးတမ်းတမ်းတ တ ခေါ်လိုက်သံဟာ တကယ်တော့ မဒ္ဒီရဲ့ အသည်းနှလုံးထဲက ထွက်လာတဲ့ အသံခင်ဗျာ့ အသံ … ”

“ဟင် … လူတွေတောင်မရှိတော့ဘူး … ဝေသန်စိုးတို့လဲ ဘယ်ရောက်သွားကြပါလိမ့် … ”

“အဟင်း … မဒ္ဒီ စကားမလွှဲပါနဲ့ကွယ် … စကားဆုံးတော့မှာပါ။ ကိုစိုးအောင် ကျွန်တော်ပြောချင်တာကတော့ ခု ကျွန်တော်တို့ အသက်တွေ ခုနစ်ဆယ်ကျော်ကုန်ကြပြီ။ ဒါပေမယ့် … ခုကျွန်တော်တို့ အမျိုးသားဓာတ်ရုံကြီးထဲမှာ ဝတ်လို့စားလို့ ပျော်ပျော်ရွှင်ရွှင်ကြီး ကြည့်နိုင်တယ်။ မြေးလေးတွေ သမီးလေးတွေရဲ့ အကပညာ၊ အတီးပညာတွေကို အရသာခံစားနိုင်တယ်။ ဆုတွေ တက်ချီနိုင်တယ်။ အဲဗျာ အတိုချုပ်ပြောရယင် လွတ်လပ်စွာ အတိတ်ခရီးဆန့်နိုင်တယ်။ လွတ် လပ်စွာ ဆွေးနိုင်တယ်။ အဲဆိုတွေ အကတွေ အရေးတွေ အတီးအခတ်တွေကို မြိန်မြိန်ယှက်ယှက် အရသာခံစားနိုင် တယ်ဆိုတာ အသက်ရှင်နေခြင်းတွေရဲ့ သင်္ကေတရလာဘ်တွေပဲ မဟုတ်လားဗျာ …, ကိုယ့်ဘဝ သမိုင်းကို သံဝေဂ ယူစရာရှိရင် သားမြေးတွေအတွက် ရင်ထဲမှာ ကျဉ်းကြပ်သိပ်နေရတာတွေ မလုပ်ကြပါနဲ့တော့ဗျာ … ဘာဖြစ် လဲ လွတ်လွတ်လပ်လပ်ရယ် လွတ်လွတ်လပ်လပ် ဆွေး အဲ… ဒါပေမယ့် သွားရမယ့် အချိန်နီးပြီလေ…

BURMESE CLASSIC



ဒါကြောင့် နိဗ္ဗာန်ကို အထောက်အကူပြုမဲ့ လုပ်ငန်းများဖြစ်တဲ့ ဘာဝနာပွားများခြင်း၊ လောဘ ဒေါသ မောဟတွေ လျှော့ခြင်း အလှူဒါနပြုခြင်းစတဲ့ ကိစ္စသုံးမျိုးလောက်ကိုတော့ အချိန် သီးသန့်ယူပြီး လုပ်ပေတော့ဗျ … လုပ်ပေတော့ … ”

“ကျွန်တော်နဲ့ မဒ္ဒီလည်း ဒီလိုနိဗ္ဗာန်ကို အထောက်အကူပြုမယ့် လုပ်ငန်းတွေလုပ်ခဲ့တာ အနှစ်သုံးဆယ် ကျော်ပါပြီဗျာ၊ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်တွေကတော့ ပြည့်စုံနေပြီဗျို့ … အဲ … ဒါပေမယ့် ဒီနေ့အဖို့တော့ မမျှော်မလင့်ဘဲ ငယ်ချစ်ဟောင်းနဲ့ စောင်းအိုရှင် ဆိုတာလို ကိုစိုးအောင်ကြီးကို မြင်လိုက်ရတော့ မဒ္ဒီခမျာ ခင်ပွန်းသည်ရှေ့မှာလည်း ဖြစ်လို့ လည်ချင်တဲ့မျက်ရည်တွေ တန့်ထိန်းပြီးထားရှာတယ်ဗျာ … ကျွန်တော် မဒ္ဒီ့ကို သနားလို့ မဆုံးပါဘူးဗျား … မဒ္ဒီငိုလိုက်စမ်း … ငိုလိုက်စမ်း ပွင့်ပွင့်လင်းလင်းကြီး ငိုချလိုက်စမ်းပါဗျာ … ကိုစိုးအောင် မဒ္ဒီ့အတွက် ကိုကိုးကျွန်းမှာ နှစ်ပေါင်းများစွာ သွားနေခဲ့ရတယ်။ ဒီကျေးဇူးရှင်အတွက် မျက်ရည်တွေ ထွက်ကိုထွက်သင့်တယ်။ လွတ်လွတ်လပ်လပ် ထွက်လိုက်စမ်းပါဗျာ … ”

သူက ခေါင်းကလေးငုံ့ထားသော မဒ္ဒီ့လက်ကလေးကို ဆုတ်၍ လှုပ်၍ပြောလိုက်တော့လည်း မဒ္ဒီသည် မာဖလာလေးနှင့် မျက်နှာကို အုပ်ထားလိုက်ပါတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးစိုးအောင်သည် လူထူးလူ့ဆန်းကြီး ဦးဝေသာနန် ကို လက်ဆွဲနှုတ်ဆက်သည်။ မဒ္ဒီကိုလည်း နှုတ်ဆက်သည်။ ပြီးဖြူဖွေး လှသမီးကလေး ကျွန်းစံ့နှီလာခေါ်ရာသို့ လိုက်ပါသွားပါတော့၏။ တစ်လှမ်းနှစ်လှမ်းသွားပြီးမှ ဦးဝေသာနန်ရဲ့ လမ်းညွှန် အဖိုးတန် စကားများကြောင့် ...

"သာဓု ... သာဓု ... သာဓုပါဗျာ အားလုံးကျင့်ကြံ အား ထုတ်ပါ့မယ် ခင်ဗျား ... "

ဟူ၍ ခါးညွှတ်ရင်းပြောကြားသွားပါ့တော့သတည်း။

BURMESE CLASSIC

**ယုဝတီခင်မိန့်လှိုင်**

www.burmeseclassic.com